# ရွှေကြာပင်တိုက်နန်းက မန္တလေးအကျွမ်း

မန္တလေးသီးသန့်ဝတ္ထုတိုများ စုစည်းမှု



ကျော်ရင်မြင့်၊ နေဝင်းမြင့်၊ ညီပုလေး၊ ဆူးငှက်၊ ဝင်းစည်သူ၊ မောင်သာပို၊ ယဉ်ယဉ်နု(မန္တလေး)၊
ဂျူး၊ ရဲသျှမ်း၊ ခင်ခင်ထူး၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ သိုက်ထွန်းသက်၊ မောင်ကိုကို(အမရပူရ)၊
နှင်းဆီအောင်၊ မဝင့်(မြစ်ငယ်)၊ ကျော်စွာထက်၊ မြို့သာ မရာထို၊ ဂျူဇော်၊ စိုးလှိုင်တင့်၊ နေမျိုး

စာအုပ်အမှတ် - ၂၂

# ရွှေကြာယံတိုက်သစ်က မန္တလေးဝတ္ထုများ

(မန္တလေးသီးသန့်ဝတ္ထုတိုများ စုစည်းမှု)


စာပေခရီးသွားများ

စာပေခရီးသွားများ စာအုပ်တိုက်



အမှတ် - ၀၀၁ ၊ တိုက် - C ၊ ကန်ရိပ်မွန်အိမ်ရာ၊ ကန်လမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

E-mail: literarytravellerpublishing@gmail.com

| | | |
|---|---|---|
| စီစဉ်ဖန်တီး | - | ခင်မို့မို့နီ |
| ထုတ်ဝေသူ | - | ဒေါ်ခင်မို့မို့နီ (ယာယီမှတ်ပုံတင်အမှတ်-၁၈၀၂) **စာပေခရီးသွားများစာအုပ်တိုက်** **အမှတ်-၀၀၁၊ တိုက်(C)၊ ကန်ရိပ်မွန်အိမ်ရာ၊** **ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။** |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလ |
| အုပ်ရေ | - | ၁၀၀၀ |
| စာပြင် | - | ဆရာကြိုင် |
| မျက်နှာဖုံးပန်းချီ | - | အောင်သန်းညို (မန္တလေး) |
| အတွင်းဖလင် | - | AZ |
| အတွင်းပုံနှိပ် | - | ဦးဝင်းလွင် (၀၅၃၆၆-မြဲ)၊ ရွှေဟသာစာပေ၊ အမှတ်-၃၁၊ ဦးရွှေဝွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် |
| မျက်နှာဖုံးပုံနှိပ် | - | STARS |
| စာအုပ်ချုပ် | - | ကိုမြင့် |
| ဖြန့်ချိရေး | - | စာပေခရီးသွားများ ဖုန်း- ၀၉ ၅၄၀ ၃၃၆၉၊ ၀၉ ၅၄၁ ၅၃၀၉ |
| တန်ဖိုး | - | **၂၂၀၀ ကျပ်** |

မန္တလေးစာရေးဆရာများ

ရွှေကြာပင်တိုက်ခန်းက မန္တလေးအလွမ်း / မန္တလေးစာရေးဆရာများ
--- ရန်ကုန်၊ စာပေခရီးသွားများစာပေ၊ ပထမအကြိမ်၊ ၂၀၁၃။
- စာ ၂၀၅ ၊ အလျား - ၁၃.၅ စင်တီမီတာ × အနံ - ၂၁ စင်တီမီတာ။
(၁) ရွှေကြာပင်တိုက်ခန်းက မန္တလေးအလွမ်း

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | မန္တလေးမှာ ဈေးဝယ်ခြင်း | ဂျူး | ၅ |
| ၂။ | ခြေထောက်တစ်ဖက် | ကျော်ရင်မြင့် | ၂၀ |
| ၃။ | ဆရာတို့ဆီကို ပေါ်ဦးသက်လာသလား | မောင်ကိုကို(အမရပူရ) | ၂၆ |
| ၄။ | လောက် | မဝင့်(မြစ်ငယ်) | ၃၂ |
| ၅။ | အေးမြချမ်းသာ | ယဉ်ယဉ်နု(မန္တလေး) | ၄၁ |
| ၆။ | နာရေး | ကျော်စွာထက် | ၄၈ |
| ၇။ | ရောဂါနံပါတ် (၉၇) | ဝင်းစည်သူ | ၅၉ |
| ၈။ | အညတရအနုပညာရှင်တစ်ဦး၏ စာပေလက်ရာများ | နေမျိုး | ၆၈ |
| ၉။ | တောင်သမန်လှိုင်းက မူးတယ် | ဆူးငှက် | ၇၉ |
| ၁၀။ | မန္တလေးရဲ့ကြေးမုံ | မြို့သာ မရာထို | ၉၀ |
| ၁၁။ | ဆူးများ | ရဲသျှမ်း | ၉၉ |
| ၁၂။ | ကုန်းပေါ်ကငါးများ | နှင်းဆီအောင် | ၁၀၇ |
| ၁၃။ | သီတင်းကျွတ်တဲ့ည | ညီပုလေး | ၁၁၇ |
| ၁၄။ | ရင်တွင်းဖြစ်ဝေဒနာသစ် | စိုးလှိုင်တင့် | ၁၂၉ |
| ၁၅။ | တစ်ခုခုပေါ့ဟယ် | ဝင်းဝင်းမြင့်(နန်းတော်ရှေ့) | ၁၃၅ |
| ၁၆။ | ဈေးချိုသူ | သိုက်ထွန်းသက် | ၁၅၆ |
| ၁၇။ | ရွှေကြာပင်တိုက်ခန်းက မန္တလေးအလွမ်း | မောင်သာပို | ၁၆၅ |
| ၁၈။ | နေရာ | နေဝင်းမြင့် | ၁၇၂ |
| ၁၉။ | ရွှေမင်းဂံ | ဂျိုဇော် | ၁၈၀ |
| ၂၀။ | မွေးနေ့ကိတ် | ခင်ခင်ထူး | ၁၉၁ |

# "ကျေးဇူးစကား"

**ချစ်ခင်လေးစားသော စာပေချစ်မိတ်ဆွေများနှင့်**

**မန္တလေးစာရေးဆရာများသို့...**

ဝါ၊ သမ္ဘာရင့်သော ဆရာ၊ ဆရာမများရဲ့ ရှေ့ကကြိုပြီး ကျွန်မ စကားမပြောဘူးလို့ ရည်ရွယ်ထားခဲ့ပါတယ်။ ကျွန်မကို အကူအညီများစွာ ပေးသော ဆရာ ကိုရဲသျှမ်း ကိုပင် ဒီအတိုင်းပဲ ကျေးဇူးစကားပြောလိုက်တော့မယ်လို့ ရည်ရွယ်ခဲ့တာပါ။ ဝမ်းသာစရာ တိုက်ဆိုင်မှုတစ်ခုက ကျွန်မ ချစ်သော၊ လေးစားသော ဆရာမ ဂျူးက နောက်ကျခြင်းကို အားနာစွာနဲ့ မန္တလေးနဲ့ပတ်သက်တဲ့ ဝတ္ထုစာမူ ရှာဖို့ အဆင်မပြေတာကြောင့် အသစ်ရေးပြီး ပေးလိုက်ပါတယ်လို့ E-mail ပို့လာပါတယ်။ အဲဒီအတွက် ကျွန်မတို့ သားအမိ ပျော်ရွှင်ဝမ်းမြောက်ခဲ့ရပါတယ်။

မန္တလေးကိုချစ်သော ကျွန်မအတွက် ဒုတိယခြေလှမ်းဖြစ်တဲ့ 'မန္တလေး သီးသန့်စာစု' ကို စီစဉ်ဖြစ်လိုက်ပါပြီ။ (ပထမခြေလှမ်းကတော့ စွယ်စုံရမင်းသားကြီး ဦးဝင်းဦးရဲ့ 'ဆယ်စုခေတ်တစ်နှစ်စွန်း မန်းသကြန်' စာအုပ်ပါ။) အခုစာစုအတွက် ဖော်ပြပြီး ဝတ္ထုတိုများအား ရှာဖွေပေးပို့ကြတဲ့ ဆရာ၊ ဆရာမများ အားလုံးကိုလည်း လေးစားစွာဖြင့် ကျေးဇူးတင်ပါကြောင်းနှင့် အထူးသဖြင့် ဆရာကိုရဲသျှမ်းနှင့် မျက်နှာဖုံးပန်းချီရေးဆွဲပေးသော ဆရာ အောင်သန်းညိုကိုလည်း လေးစားစွာ ကျေးဇူးတင်မိပါကြောင်း ပြောကြားပါရစေရှင်။

**'ဒုတိယ မန္တလေးသီးသန့်' စာစုကိုလည်း ကျွန်မ ဆက်လက်စီစဉ် ဖြစ်ပါဦးမယ်။**

**'အသစ်စက်စက်ဝတ္ထုတိုများဖြစ်သည်' လို့ ကျွန်မ ပြောနိုင်မယ် ထင်ပါတယ်ရှင်။**

မန္တလေးကိုချစ်သောသူများ၊ စာဖတ်ပရိသတ်များအားလုံး ကျေနပ်နှစ်သက်ကြလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**လေးစားစွာဖြင့်**
**ခင်မို့မို့နီ**
**(စာပေခရီးသွားများ)**

# မန္တလေးမှာ ဈေးဝယ်ခြင်း

ဂျူး

ကလေးမလေး၏ တောင်းထဲမှာ စိမ်းနေသော ပုစွန်အကောင်ကြီးတွေ။ တစ်ကောင်ကို တစ်ဆယ်သားတောင် မကလောက်ဘူးဟု ကျွန်မ ထင်သည်။ အနားမှာ ငါးထည့်ထားသည့် ဒန်လင်ပန်းတွေ ချလျက်ထိုင်နေသော ဈေးသည်လေးတွေ သုံးလေးယောက်၊ ဈေးသည်လေးတွေ၏ နောက်ဘက်မှာ ကြီးမားသော လက်ပံပင်ကြီးရှိသည်။ ထိုလက်ပံပင်ကြီး၏ နောက်ဘက်လွန်သည့်အခါမှာတော့ ခြောက်သွေ့စပြုနေသည့် လယ်ကွက်များ။

"အခုမှ မိလာတဲ့ မြစ်ပုစွန်တွေ အစ်မ၊ ယူပါ အလေးပြည့်ပြည့်ရမယ်"

တကယ်တော့ ကျွန်မ လက်ပံပွင့်ကောက်ဖို့ ဒီနေရာလေးသို့ လာခဲ့ခြင်းပါ။ လက်ပံပွင့်ကို ဘာလုပ်မလဲဟု မေးလျှင် ဘာမှမလုပ်ပါဘူးဟုပဲ ဖြေမိလိမ့်မည်။ ဟုတ်တယ်လေ။ ကျွန်မ လက်ပံခေါင်းချဉ်ရည်ဆိုတာကို သူများချက်ကျွေးလို့ စားဖူးသလားဟုတောင် မမှတ်မိပါ။ လက်ပံခေါင်းချဉ်ရည်ဟင်း၏ အရသာကို ဘယ်လိုမှန်းလည်း ကျွန်မ မသိပါ။ သို့သော် ကျွန်မ လက်ပံပွင့်ကောက်ချင်သည်။ လက်ပံပွင့်ချိန် မန္တလေးသို့ရောက်တိုင်း ညီမယောက်ျားကိုဖြစ်စေ၊ ညီမ၏မတ်ကိုဖြစ်စေ လိုက်ပို့ခိုင်းပြီး ယောဒီနေရာ

ကို ရောက်အောင်လာချင်သည်။ လက်ပံပွင့်ကြွေတွေကို ကောက်ချင်သည်။ လက်ပံပင်အကြီးကြီးတွေကို တမျှော်တခေါ်မော့ကြည့်ကာ ကြည်နူးချင်သည်။ တူမလေးနှင့် တူလေးကို လက်ပံပင်ကြီးတွေ၏ ကြီးမားသောပင်စည်နောက်ခံဖြင့် ဓာတ်ပုံရိုက်ပေးချင်သည်။ လူနှစ်ယောက် လက်နှစ်ဖက်ဖြင့် ဆန့်တန်းကာ ပွေ့ဖက်သည့်တိုင်အောင် လက်ချင်းမထိသည့် ပင်စည်ကြီးတွေ။

"အေးအေး၊ ငါးဆယ်သားလောက် ချိန်လိုက်ပါအေ"

"အစ်မ၊ ပုစွန်တွေ ဝယ်ဦးမလို့လား"

ညီမက ကျွန်မဈေးဝယ်မှာကို စိုးရိမ်တတ်သည်။

"အေးလေ မြစ်ပုစွန်က ရခဲပါဘိခြင်း။ တို့ရေနံချောင်းမှာ တစ်ခါတရံမှ ရတာမျိုး၊ ရန်ကုန်မှာလည်း မွေးမြူရေးပုစွန်တွေ"

"ညပြန်ရောက်ရင် ချက်ဖို့ အချိန်ရမှာလည်း မဟုတ်ဘဲနဲ့"

"နင့်မီးက လာဦးမှကိုး"

'ဒီကောင်မလေးက အပျက်ချည်းပဲ မြင်နေတော့တာပဲ။ နင်တို့မန္တလေးက ငါတို့ရန်ကုန်ထက် မီးမှန်နေပြီ မဟုတ်လား။ သည်နားမှာ လက်ပံပွင့်ကောက်သည့် ညနေချိန်ဆို ဈေးတန်းလေးတစ်ခု ဖြစ်နေသည်။ ပိုက်ကမိလာသည့် ငါးတွေ၊ ချောင်းထဲ မြောင်းထဲက နှိုက်လာသည့် ငါးတွေ၊ မြစ်ထဲကနေ တစ်နိုင်တစ်ပိုင်ရလာသည့် ပုစွန်တွေကို ချရောင်းသည့်ဈေးလေး ဖြစ်သည်။

နေက ညိုနေပြီ။ ဈေးသည်လေးတွေ ပြန်ချင်ရှာမည်။ ကျွန်မကို မော့ကြည့်နေသည့် ဈေးသည်လေး၏မျက်လုံးကို ကျွန်မ မှန်းကြည့်သည်။ ဝယ်မလားလို့ မျှော်လင့်နေသည့် မျက်လုံးလေးတွေလား။ ထိုမျက်လုံးတို့၏ အဓိပ္ပာယ်ကို ကျွန်မ သိသည်။ ထိုမျက်လုံးလေးတွေ၏စကားကို ကျွန်မ မငြင်းဆန်ရက်ပါ။ ဘာကြောင့်ပါလိမ့်။ တစ်ခါတုန်းက ကျွန်မလည်း ဈေးရောင်းခဲ့ဖူးလို့များလား။ ဟင့်အင်း။ ကျွန်မ ဈေးရောင်းတာက မေမေ့ဈေးဆိုင်ကို ထိုင်ပေးခဲ့ရုံပါ။ ကလေးဘဝအရွယ် ကျောင်းအားသည့်တစ်ရက်မှာ မေမေ ဆိုင်ကနေ အိမ်ခဏပြန်ခိုက်လားမသိ။ ကျွန်မ ခဏထိုင်ပေးပြီး ရောင်းခဲ့တာ။ မှတ်မှတ်ရရ ငရုတ်သီးခြောက်ပေါ့။ ငရုတ်သီးက တစ်ဆယ်

သားဆိုလျှင်ကို အများကြီး ထည့်ချိန်ပေးရတာပဲ။ ကျွန်မက ချိန်ခွင်လျှာကို တအားထွက် နေအောင် ပိုပိုသာသာ မချိန်ဘဲ ကွက်တိစွန်းသည် ဆိုရုံလေးပဲ စွန်းထွက်အောင် ချိန်ပေးတော့ ဈေးဝယ်သူက သိပ်မကျေနပ်တာကို ကျွန်မ မှတ်မိသည်။ အံမာလေးလေး‥ မငြိမ်းသမီးက တော်တော်ဆိုးတာပဲ ဟု ရေရွတ်သလား ဘာလား။ တစ်ခုခုတော့ ပြောသည်။ မေမေ့ကို ပြန်တိုင်တာ တော့ ကျွန်မ သိသည်။ မငြိမ်း ညည်းသမီးကို ဈေးမရောင်းခိုင်းနဲ့ တဲ့။ ဒါပါပဲ။ နောက်လည်း မေမေက မရောင်းခိုင်းပါဘူး။ ကျွန်မ ဈေးသည် မဖြစ်ခဲ့ရပါဘူး။

အင်း မဟုတ်သေးပါဘူး။ ကျွန်မ ရောင်းခဲ့တယ်လေ။ မြတ်လေး ပန်းတွေ ပန်းကုံးဖြစ်အောင်ကုံးပြီး ဈေးထဲမှာ လည်ရောင်းခဲ့တယ်လေ။

အို အဲဒါကလည်း ဝယ်နေကျဆိုင်တွေကို လိုက်ပေးတာမျိုးပါပဲ။ ဖောက်သည်ဖြစ်အောင် လမ်းထွင်ပြီး ရောင်းပေးခဲ့သူက ကျွန်မ ညီမ နှစ်ယောက်ပါ။ ကျွန်မက ဆေးတက္ကသိုလ်က ကျောင်းပိတ်လို့ အိမ်အပြန်မှာ ညီမတွေကို လိုက်ကူပေးတာ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ပန်းကုံးကို လှမ်းကြည့်နေ တဲ့ တစ်ယောက်ယောက်ကို ဝယ်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့တော့ ကြည့်ခဲ့ မယ် ထင်တာပါပဲ။ ကျွန်မတို့ကို ပုစွန်ရောင်းပြီးလျှင် ကလေးမလေးသည် အဝေးဆီသို့ ပြန်ရမည်ဟု ကျွန်မ သိနေသည်။ မန္တလေးမှာ နေနေကြသော မြန်မာအများစုသည် မြို့ပြင်တော်တော်ဝေးဝေးမှာ နေကြရသည်။ ကျွန်မ ညီမမိသားစုကိုပဲ ကြည့်။ မြို့သစ်မှာ နေထိုင်ကြသည်။ အခုအခါ မြို့ထဲ ဝန်းကျင်မှာနေသူတွေအနက် စီးပွားရေးလုပ်ငန်းကောင်းသော မြန်မာများက နည်းလာပြီ။ အဝေးကရောက်လာသည့် လူမျိုးခြား သို့မဟုတ် လူမျိုးခြားသွေး နှောသည့် မြန်မာများက ပိုများသည်ဟု ဆိုကြသည်။

ဟုတ်များ ဟုတ်သလား မသိ။ တစ်ခါတစ်ခါမှ ကျွန်မ အခုလို လာဖြစ်သော်လည်း မန္တလေးသည် ကျွန်မသိသည့် မန္တလေးနှင့် မတူတော့ တာကိုတော့ သတိထားမိပါသည်။

**မရောက်ဖူးခင်က မန္တလေး**

မရောက်ဖူးခင်က မန္တလေးကို ရွှေမန်းဆီသို့ သီချင်းဖြင့် ကျွန်မ

မှန်းဆမြင်ယောင်ကြည့်မိသည်။ မစိမ်းစိမ်း၏ ရွှေမန်းဆီသို့ သီချင်းသည် ကျွန်မတို့ငယ်စဉ်က ဓာတ်စက်ဖွင့်ပြီး ပါဝင်လေ့ရှိသည့် သီချင်းတစ်ပုဒ်ဖြစ်သည်။ မစိမ်းစိမ်းအသံက ကြည်လင်ပြီး ညက်ညောသည်။ ရင်ထဲကလာသည့်အသံ၊ အိန္ဒြေရှိသောအသံ။ သီချင်း၏အဓိပ္ပာယ်နှင့် အလွန်လိုက်ဖက်ပါသည်။

"ကျူးတော်ပတ်လည် မြမြို့ရိုး ပြအိုးပစ္စင်၊ ကာရံကာအတည် မြန်မာစံဌာနီ သာယာပါပေသည်"

ရှေးခေတ်က နန်းတော်တွေကို ပတ်ပတ်လည်ကာရံထားတတ်သည့် ကျူးဆိုသည်ကို သီချင်းထဲကနေ မြင်ယောင်ကြည့်ရတာ တော်တော်ခမ်းနားတာပဲ။ ရန်သူတွေ နန်းတွင်းသို့ အလွယ်တကူဝင်မရအောင် အဝင်ရခက်ခဲအောင် ရေပတ်လည်ဝိုင်းနေအောင် လုပ်ထားတာပဲ ထင်ပါရဲ့။ နိုင်ငံခြားဓာတ်ကားတွေမှာ ဥရောပနိုင်ငံတွေ၏ ရှေးခေတ်ရဲတိုက်တွေနှင့် တိုက်ပွဲမြင်ကွင်းတွေကိုမြင်ရတာ သိပ်ကိုကြီးကျယ်ခမ်းနားတာကိုး။ မြစ်ချောင်းကဲ့သို့ နက်ရှိုင်းကျယ်ဝန်းသည့် ရေပြင်ကို ဖြတ်ဖို့ တံတားတွေထားရပြီး တချို့တံတားတွေက တံတားအရှင်တွေဖြစ်သည်။ လိုအပ်လျှင် တံတားချခင်းပြီး တံတားမလိုချင်လျှင် ပြန်ရုပ်သိမ်းလို့ရသည်။ ရန်သူတွေလာလျှင်တော့ တံတားကို ပြန်သိမ်းထားတာပေါ့။ ရန်သူတွေက ရဲတိုက်ပတ်လည်က ကျူးကို လှေဖြင့် ဖြတ်မလား၊ တံတိုင်း ပြအိုး တစ်နေရာရာကို ကြိုးတန်းပစ်ပြီး ကြိုးဖြင့် ဖြတ်ကူးလာမလား။ မန္တလေးလည်း ဒီလိုပဲပေါ့။ မြို့ရိုးတံတိုင်းအပေါ်ကနေ နန်းစောင့်တပ်သားများသည် မြားဖြင့်ပစ်ပြီး ရန်သူတွေကို ပြန်လည်ခုခံတိုက်ခိုက်ကြမှာပေါ့။

ကိုယ်မမြင်ဖူးသေးသည့် ကျူးတော်ကြီး၊ ရေရိပ်ရေအောက်ဆီမှာ နေခြည်ဖြင့် ပနံရလှပတင့်တယ်နေသည့် ကျူးတော်ကြီးကို စိတ်ကူးထဲမှာ မြင်ယောင်ကြည့်ရတာ ရင်ခုန်စရာကောင်းသည်။

ယောဓာတ်ပုံတွေမြင်ရတော့ ပိုတောင်ရင်ခုန်ရသေး။ မန္တလေးကျူး၏အတွင်းမှာ နန်းတွင်းမြို့ရိုးတံတိုင်းတွေက သိပ်လှတာပါပဲလား။ မြို့ရိုး၏ ထောင့်နေရာတွေမှာ စုလစ်မွန်းချွန်တက်ထားသည့် ပြသာဒ်အမြင့်တွေက

ရှိသေးသည်။ ကျုံးရေတွင် ပေါ်နေသည့် မြို့ရိုးအရိပ်တို့ သစ်ပင်သစ်ကိုင်း အရိပ်တို့ကလည်း ကျုံးကို ပိုလှအောင် ဖန်တီးပေးနေသည်။ "ရေရိပ် ရေအောက်ဆီ" ဆိုသည့်စကားလုံးကို ပြန်ကြားယောင်မိပြန်သည်။ ကျုံး တစ်ခုသည် ဟိုဘက်ဒီဘက် အနားတွေ ကျယ်လေ၊ ရှုသူကို ပိုကာကွယ်နိုင် လေ တဲ့။ မန္တလေးကျုံးက ရေဘယ်လောက်နက်ပါလိမ့်။ ဟိုဘက်ဒီဘက် ကမ်းကရော ဘယ်လောက်ကျယ်ပါလိမ့်။

ဘာသီချင်းမှန်းမသိသည့် သီချင်းတစ်ပုဒ်မှာတော့ ပိုပြီးတိကျသည့် အချက်အလက်တွေ ပါဝင်သည်။

ပစ္စင် ပြအိုး မြို့ရိုး ကျုံး ပတ်လည် မှတ်သားစရာ တံခါး ဆယ့် နှစ်ရပ် လေးဆယ့်ရှစ် ပြသာဒ်ရံညီ တဲ့။ ဒါဖြင့် ပြသာဒ်လေးဆယ့်ရှစ်ခုတောင် ရှိတာလား။ ကျွန်မ တစ်ခါမှ ရေတွက်မကြည့်ဖူးသလို စာထဲမှာလည်း တစ်ခါမှ ရှာဖွေဖတ်ရှုမကြည့်ဖူးပါ။

ဆယ်တန်းအောင်တော့ ဆေးတက္ကသိုလ်ကို တက်ခွင့်ရတာ ကံကောင်းတာပေါ့။ ပထမတော့ ရန်ကုန်ဆေးတက္ကသိုလ်သို့ မတက်ရတော့ ရန်ကုန်ရောက်သွားသည့် သူငယ်ချင်းတွေကို မနာလိုဖြစ်ချင်ချင်။ ရန်ကုန်ဆို တာ မြို့တော်ကြီးမဟုတ်လား။ နောက်တော့ မန္တလေးကို ရောက်သည့်အခါ မန္တလေးမှာ နေပျော်သည့်အချက်တွေ အများကြီးရှိမှန်း သိလာရပါသည်။

**ပထမဆုံးမန္တလေးအတွေ့အကြုံ**

မန္တလေးသို့ ရောက်သည့်အချိန်က ညနေ နေဝင်ချိန်၊ တကယ်တော့ ရေနံချောင်းကနေ ညနေထွက်လာတာမို့ မန္တလေးသို့ နံနက်ခင်းမှာ ဆိုက် ရောက်ရမည့် ကားပါ။ လမ်းမှာ ကားပျက်နေတာက အကြာကြီး။ တမေ့ တမော။ ညကို ရပ်ထားသည့်၊ ပြင်ဖို့ ကြိုးစားနေသည့် ကားပေါ်မှာ အချိန်ကုန်လွန်ခဲ့ရသည်။ ထို့ကြောင့် ညနေစောင်းမှ ခြင်ဆေးတွေ ထွန်းသည့် အချိန်ကျမှ မြို့ထဲဝင်တော့သည်။ ထိုအခါ ရောက်ရောက်ချင်း ပထမဆုံး ကျွန်မ သတိထားမိသည်က ဆန္ဒင်းတက်ကို မီးရှို့ရာမှရသည့် ဆန္ဒင်းနံ့ ဖြစ်လေသည်။ အိုး.. ဘာပြောကောင်းမလဲ။ နှာခေါင်းထဲသို့ ရူးရူးရှရှ တိုးဝင်လာလိုက်တာ။ မန္တလေးဟာ ခြင်အလွန်ပေါသတဲ့။ ဖွဲနှင့်ဆုပ်ကိုင်ပြီး

ပက်လိုက်သလိုပဲတဲ့။ ကြားဖူးနေသည့်စကားတို့ကို မှန်လိုက်လေခြင်းဟု ရေရွတ်မိသည်။ ဟုတ်ပါရဲ့။ ခြင် များလိုက်တာ။ ကျွန်မတို့ ရေနံချောင်းမှာ ခြင်တော်တော်နည်းသည်။ မြို့က ကုန်းမြင့်ကုန်းဆင်းတွေနှင့် သဲလွှမ်းသောမြေကြီးမှာ ရေသည် ဘယ်တော့မှ အိုင်ထွန်းမနေခဲ့ပေ။ သည်တော့ ခြင်အောင်းစရာနေရာ ရှားခဲ့မှာပေါ့။

အို မန္တလေးရဲ့ ဆန္ဒင်းနံ့က ဆိုးရွားလှပါလား။ ကျွန်မက ဆန္ဒင်းနံ့ကို မခံနိုင်လောက်အောင် ဆိုးရွားသည့်အနံ့ပဲဟု သတ်မှတ်ကာ အလွန်စိတ်ပျက်သွားတော့သည်။ ပထမဆုံးညမှာ အဆောင်ရမရလည်း မသိ၊ ကျောင်းကိုလည်း မမြင်ဖူးသေး။ တည်းခိုစရာအိမ်က ဖေဖေ့မိတ်ဆွေ ဒေါ်သိန်းရင်၏အိမ် ဖြစ်သည်။ မလွန်ရပ်ကွက်မှာ ရှိသည်။ အစ်ကိုက မန္တလေးဆေးတက္ကသိုလ်မှာ နေလာခဲ့ဖူးသူမို့ ဒေါ်သိန်းရင်အိမ်ကို ..နေတော့ တော်ပါသေးရဲ့။ အစ်ကို ကျောင်းတက်တုန်းကတော့ ဖေဖေ လိုက်ပို့ထားခဲ့သည်ထင်ပါရဲ့။ ခြင်ထောင်မထောင်ဘဲ အိပ်လို့မရတာ အသာထားပါဦး။ စကားပြောနေတုန်း ပါးစပ်ထဲသို့ ခြင်ဝင်တိုးတာက ဆိုးလှသည်။ စိတ်ညစ်လိုက်တာနော်။ ဒီမန္တလေးမှာ ကျွန်မ ခုနစ်နှစ်ကြီးများတောင် ကျောင်းတက်ရမှာပါကလား။ ကျွန်မရောက်ချိန်က ဖေဖော်ဝါရီလဆန်းနှင့် တူပါရဲ့။ ချမ်းနေသေးသည်။ နံနက်၊ ညတွေမှာ အနွေးထည်ဝတ်ရသည်။ နေ့ခင်းမှာတော့ ပူအိုက်သည်။

"မန္တလေး၊ ကျွန်တော်တို့ ရွှေမန္တလေး၊ ချမ်းအေးပူအိုက် အောက်သူတွေ လိုက်ခဲ့ရမယ် မောင်တင်မဆို"

နန်းတော်ရှေ့ဆရာတင်က မန္တလေးကို ဖွဲ့ထားတာ။ ချမ်းလျှင်လည်း အလွန် ချမ်း၊ အိုက်လျှင်လည်း သူမတူအောင် ပူအိုက်။ ဒါကြောင့် အောက်ပြည်အောက်ရွာက ရန်ကုန်သူတို့ မော်လမြိုင်သူတို့ကို လိုက်ခဲ့ရမယ်လို့ မခေါ်ပါ တဲ့။ ဟုတ်မှာပဲ။ ခေါ်လည်း မန္တလေးအကြောင်းသိသွားလို့ကတော့ ဘယ်သူမှ လိုက်မှာမဟုတ်ဘူး။ တွေးပြီး ပြုံးမိသည်။

သို့သော် ကုန်းတက်ကုန်းဆင်းမရှိ တစ်ပြေးညီ ညီညာသော မြေမျက်နှာပြင်မှာ လမ်းလျှောက်ရတာလည်း တစ်မျိုးတော့ စိတ်ဝင်စားဖို့

ကောင်းသား။ တစ်ခုတော့ ရှိတာပေါ့။ သူတို့ မန္တလေးအခေါ် တစ်ပြဲဆိုတာ ကတော့ ခရီးဝေးလွန်းတော့ တစ်ပြဲဆိုလျှင် လျှောက်လိုက်ရတာ မသက်သာ ဘူးလေ။ ဆေးတက္ကသိုလ်သို့ရောက်၊ ကျောင်းအပ်၊ အဆောင်ငှား။ သူငယ် ချင်းက မရှိ။ အစ်ကိုက ဟိုဟိုဒီဒီ လိုက်ပို့ပေးသည်။ မန္တလေးကျုံးနဲ့ နန်းတော်ကို ကြည့်ချင်နေတာ ကြာပြီမို့ မြင်ဖူးလိုက်သည့်အခါ အံ့သြစွာ သဘောကျသွားသည်။ အို-ဓာတ်ပုံထဲကထက်တောင် လှနေပါလား။ ကျုံးဆို တာ ဒီလိုပါလား။ ကျုံးဘေးမှာ လမ်းလျှောက်ရတော့ ဆောင်းနှောင်းသစ်ရွက် ကြွေတို့၏ ရနံ့တွင် ရေ၏ရနံ့ရောလျက် စိုစွတ်စွတ် အေးမြမြလိုလို ဘာလိုလို။

ကျုံးသည် လေးဘက်လေးတန်မြို့ရိုးကြီးကို လေးထောင့်ကျကျပင် ပတ်လည်ဝိုက်နေသည်။ ကျုံးရေပြင်ကို အပြင်ကနေ လှမ်းကြည့်လျှင် သိပ်မကျယ်ဘူး ထင်ရသော်လည်း အကျယ် ပေနှစ်ရာကျော်သည်ဟု ဆိုသည်။ ဟုတ်တာပေါ့။ ဒါကြောင့် ကျုံးဖြတ်တံတားတွေပေါ်လျှောက်လျှင် လမ်းလျှောက်ရတာ အနေတော်ပဲ။

ကျွန်မ အများဆုံး ရောက်ဖြစ်သည့် တံတားကတော့ နန်းတော်၏ တောင်ဘက်တံခါးမှာရှိသည့် မင်္ဂလာတံတားပါပဲ။ ဆေးကျောင်းကနေ ညနေ အတန်းအပြီးမှာ နန်းတွင်းထဲက ရုပ်ရှင်ရုံသို့ အပြေးအလွှား သွားကြည့်ကြ တာလေ။ မင်္ဂလာလမ်းပေါ်မှာပြေးသည့် ဘတ်စ်ကားမှ မရှိဘဲ။ ကိုယ်က သူများလို စက်ဘီးလည်း မစီးတတ်။ စက်ဘီးလည်း မရှိ။ ခပ်သုတ်သုတ် လမ်းလျှောက်ရတာ။ ဘယ်နှဘလောက်ပါလိမ့်။ အေးလေ ဘယ်နှပြပါလိမ့်။ လမ်းသုံးဆယ်ကနေ ၂၆ ဘီလမ်း ဆိုတော့ ၄ ပြပေါ့။ ပြီးလျှင် ကျုံးကို ဖြတ်ဆောက်ထားသည့် မင်္ဂလာတံတားပေါ် လျှောက်။ ကျုံးရေပြင်ကို ငုံ့ကြည့်တော့ အနက်ကြီး။ ရေက ဆယ့်ငါးပေခန့် နက်သတဲ့။ ဥရောပ အလယ်ခေတ်က ရဲတိုက်တွေ ပတ်လည်က ကျုံးတွေမှာ တချို့ ပေ ၃၀ တောင် နက်သည်ဟု သိရသည်။ အင်းလေ၊ ၁၅ ပေဆိုတာလည်း လူနှစ်ရပ်မှ မကဘဲ။ ရန်သူတွေကိုကာကွယ်ဖို့ ထိရောက်သည့် ရေအနက်ပါပဲ။ နန်းတွင်း ထဲဝင်၊ နန်းတွင်းထဲရောက်တော့ ရုပ်ရှင်ရုံက နည်းနည်းလှမ်းသေးသည်။ ဘုတ်တလုပ်ကန်ရှိသည်။ ကျောင်းအားရက်မှာ နန်းတွင်းထဲ လျှောက်လည်

ကြဖူးသည်။

အရှေ့ဘက်မှာရှိသည့် တံတားပေါ်တော့ သိပ်မရောက်ဖြစ်ပေ။ အရှေ့တံတားပေါ်ကနေပဲကြည့်ကြည့် အရှေ့ကျုံးထိပ်ကပဲကြည့်ကြည့် မလှမ်းမကမ်းမှာ မန္တလေးတောင်ကို ကျုံးနှင့်အတူ ကျုံး၏တစ်ဖက်ထိပ်မှာ မြင်နေရသည်။ လှလိုက်တာ။ ဘာကိုလွမ်းရမှန်းမသိပေမယ့် လွမ်းစရာကောင်းနေသည်။

ကျွန်မ မသွားဖြစ်သည့် တံတားကတော့ အာဋ္ဌဝီတံတားဟု ခေါ်သည့် အနောက်တည့်တည့် ဂိတ်ပေါက်က တံတားပါ။ စာတိုက်ကြီးရှိရာနေရာနှင့် တည့်တည့်လောက်မှာ ရှိသည်။ စာတိုက်ကြီးသို့သွားလျှင် လှမ်းလှမ်းမြင်ရသည်။ ထိုအခါမျိုးတွင် စိန်ပါတီလား သီဆိုသော ပါတော်မူသီချင်းထဲက 'ကမ္ဘာအလီလီ တအားယုတ်စေဖို့ အာဋ္ဌဝီတံခါးက ထုတ်လို့ ရာဇာသမုတ်ကိုဆောင်သည်' ဆိုသည့် စကားလုံးကို သတိရသည်။ အာဋ္ဌဝီတံခါးသည် အမင်္ဂလာတံခါးဟု ပြောသံကြားဖူးသည်။ အသုဘတို့ ဘာတို့ကို ထိုတံခါးကနေ ထုတ်တာဆိုလား။ အင်္ဂလိပ်က သီပေါမင်းနှင့် မိဖုရားကို နန်းအပြင်ထုတ်ပြီး သင်္ဘောဆိပ်သို့ ခေါ်သွားတော့ ထိုအမင်္ဂလာတံခါးကနေ ထုတ်သွားလို့ ပြည်သူအများ မျက်ရည်မဆည်နိုင် အံတကြိတ်ကြိတ်နှင့် နာကျင်ကြရသည်ဟု ပြောသည်။

သွားလေရာတွင် ရှောင်ရတိမ်းရသည့် စက်ဘီးတွေ စက်ဘီးတွေ အများကြီး။ ကျွန်မကို အစ်ကိုက ကိုးတန်းစာမေးပွဲဖြေပြီး နွေရာသီကျောင်းပိတ်ရက်တွင် စက်ဘီးစီးသင်ပေးပေမယ့် ကျွန်မကြောက်တတ်သဖြင့် မစီးတတ်ခဲ့။ သူများတွေ စက်ဘီးစီးတာကြည့်ပြီး အားကျလိုက်တာ။ ကျွန်မညီမငယ်ကတော့ မန္တလေးသားနှင့် အိမ်ထောင်ကျဖြစ်မည်ကို ကြိုသိနေသလိုပင်။ သူ ငါးတန်းအရွယ်ကတည်းက ဘယ်သူကမှ သင်မပေးဘဲနှင့် သူ့ဟာသူ မနိုင့်တနိုင်၊ မမှီတမှီ ထောက်ပြီး နင်းရင်း စီးတတ်သွားခဲ့သည်။ အခုဖြင့် ညီမသည် စက်ဘီးသာမက ဆိုင်ကယ်ကိုလည်း ကျွမ်းကျင်စွာ စီးနိုင်နေပေပြီ။ ညီမ၏သားနှင့်သမီးလည်း စက်ဘီးကို စီးတတ်နေပြီ။

ယခုအခါ မန္တလေးမြို့ပြင်လမ်းတွေမှာ နံနက်ခင်းနှင့် ညနေခင်းမှာ

စက်ဘီးဖြင့် အလုပ်သွား အလုပ်ပြန်သူတွေကို အံ့လိုက် များစွာတွေ့ရပေမယ့် မြို့ထဲတွင်တော့ စက်ဘီးထက် ဆိုင်ကယ်က ပိုများနေပြီ။ ဆိုင်ကယ်သံတွေ ဟွန်းတီးသံတွေဖြင့် ဆူညံပွက်လောရိုက်နေသည့် မန္တလေးသည် ကျွန်မသိခဲ့သည့် မန္တလေးနှင့် မတူတော့ပါ။ ထိုင်ခုံဖြင့်ထိုင်ပြီး ခြေထောက်ချစီးရသည့် မန္တလေးမြင်းလှည်းတွေကို ယခုအခါ မမြင်ရတော့။ ကျွန်မတို့ ရေနံချောင်းမှာ မြင်းလှည်းသည် အပြန့်ကျယ် ကြမ်းခင်းတစ်ခုပေါ်မှာသာ ကျုံ့ကျုံ့ထိုင်ရသည့် အမျိုးအစားဖြစ်သည်။ အောက်ပိုင်းကတော့ ဘုံပြတ်ဟု ခေါ်သတဲ့။ ကျွန်မတို့ကတော့ မြင်းလှည်းကို ရထားဟု ခေါ်ပါသည်။ တစ်နေရာကနေ တစ်နေရာသို့သွားလျှင် ကုန်းတက်ကုန်းဆင်းမို့ ရထားစီးသွားပါလား ဟု ပြောကြသည်။ မန္တလေးရောက်ပြီး တစ်နှစ်၊ နှစ်နှစ် ကြာလာသောအခါ ရထားဟူသော အသုံးအနှုန်းကနေ မြင်းလှည်းဟူသော အသုံးအနှုန်းသို့ အလိုလို ပြောင်းလဲသုံးနှုန်းဖြစ်သွား၏။

စက်ဘီးစီးတတ်သည့် သူငယ်ချင်းတစ်ယောက်ကို ရင်းနှီးချစ်ခင်လာသည့်အခါ ကျွန်မအား နောက်ထိုင်ခုံမှာတင်ပြီး မန္တလေးအနှံ့ လျှောက်သွားကြသည်။ ဆေးကျောင်းကနေ ဟိုး မန္တလေးတောင်ခြေမှာ ဖွင့်သည့် ဟသ်ာတမုန့်ဟင်းခါးဆိုင်သို့ သွားပြီး မုန့်ဟင်းခါးစားကြသတဲ့လေ။ အဲဒီတုန်းက မိုးရွာလည်း ရေလျှံတာတွေဘာတွေ သိပ်မရှိ။ ရေနုတ်မြောင်းစနစ်က သိပ်မဆိုးသေး။ ဆိုးရွားတာကတော့ ကျုံးရေကို သောက်သုံးရေအဖြစ် သုံးစွဲကြရင်းက အသဲရောင်အသားဝါရောဂါတွေ ကူးစက်ပြန့်ပွားတာမျိုး မကြာခဏ ဖြစ်ပေါ်တတ်ခြင်းပေတည်း။ ကျွန်မနှင့်အတန်းတူ သူငယ်ချင်းတချို့ အသဲရောင်အသားဝါရောဂါဖြင့် ဆေးရုံတက်ရတာတွေ ရှိဖူးသည်။ ရေဆိုးစွန့်ပစ်စနစ်မကောင်းလျှင် သောက်သုံးရေမသန့်လျှင် ရေမှတစ်ဆင့် ကူးစက်သည့် ရောဂါတို့ ပြန့်ပွားမှာပဲလေ။ ဆေးကျောင်းသားတွေကရော ဘာသားနှင့်ထုထားတာမို့ ချမ်းသာခွင့်ရမလဲ။

စည်မျက်နှာကဲ့သို့ ညီညာသော မြေပြင်ရှိသဖြင့် မင်းတုန်းမင်းက နန်းတည်ရာမြို့အဖြစ် ရွေးချယ်ခဲ့သော မန္တလေးမြို့၊ မြစ်လေးသွယ်ဝန်းရံလျက်ရှိသော မန္တလေးမြို့သည် မိုးရွာသည့်အခါ ရေတွေလျှံသည့်မြို့ဖြစ်နေပြီ။

လမ်းတွေချဲ့၊ အဆောက်အအုံကြီးကြီးတွေ ချဲ့ဖို့ သစ်ပင်တွေကို ခုတ်ပစ်တာ များလွန်းသဖြင့် နေ့ရာသီမှာလည်း ပူအိုက်လွန်းသည့်မြို့ ဖြစ်နေပေပြီ။ တော်ပါသေးရဲ့။ အခုလို လက်ပံပင်ကြီးတွေကိုတော့ မခုတ်ဘဲ ချန်ထားကြပေလို့။ အေလမ်းဟု ခေါ်သော ၃၅ လမ်းက မန်ကျည်းပင်ကြီးတွေကတော့ ကုန်သွားတာ ကြာလှပေါ့။ ကျွန်မကိုပဲ မန္တလေး၏သစ်ပင်ကြီးတွေကို မီလိုက်သေးသည်။ အရိပ်အာဝါသကောင်းကောင်းနှင့် မော့ကြည့်လျှင် အကိုင်းတွေ မြင့်မြင့်ဝေဝေဆာဆာ အရွက်တွေဖားဖားနှင့် ကုက္ကိုပင်ကြီးများ၊ မန်ကျည်းပင်ကြီးများနေရာတွင် ကွန်ကရစ်တွေဖြစ်ကုန်ပြီ။

ကျွန်မတို့ကားသည် ပုစွန်တွေကိုလည်း သယ်၊ လက်ပံပွင့်တွေလည်း သယ်၊ လွမ်းစရာအတိတ်တွေကိုလည်း သယ်ဆောင်လျက် မြို့သစ်သို့ ပြန်မောင်းလာခဲ့ကြသည်။

× × ×

ညီမတို့အိမ်သည် ပေလေးဆယ်ခြံဝိုင်းကို ပေသုံးဆယ်ပတ်လည် အုတ်ညှပ်ဆောက်ထားသည့် အိမ်ဖြစ်သည်။ ယနေ့ခေတ် မန္တလေးအိမ်တော်တော်များများ ထုံးစံအတိုင်း ခြံဝန်းထဲက အိမ်ရှေ့ကွက်လပ်ကို ကွန်ကရစ်ခင်းထား၏။ ဘေးမှာ သုံးလေးပေစာ ချန်ထားသည့် မြေကြီးတွင် ကောင်းနိုးရာရာ အပင်တွေကို ပွနေအောင် စိုက်ပျိုးထားသည်။

ကျွန်မတို့သည် အိမ်ရှိလူ အကုန်ထွက်ကြတာဖြစ်သဖြင့် အိမ်ရောက်မှ ညစာကို ချက်ရပါမည်။

"ဆာတယ် ဆာတယ်" ဟု သမီးက အော်နေပြီ။

"ခဏစောင့်သမီး။ အဆာပြေ မုန့်လေးတွေ စားထားနှင့်"

မတ်ဖြစ်သူက မြန်အောင် ခေါက်ဆွဲကြော်သွားဝယ်မယ် ဟု ဟန်ပြင်နေသည်။ ညီမက အပြင်စာတွေကို စားလို့မရသူဖြစ်တော့ သူ့သားသမီးတွေကိုလည်း တတ်နိုင်သမျှ အပြင်စာ မကျွေးလိုပေ။

"ထမင်းပဲ စားကြတာပေါ့ဗျာ။ မြန်ပါတယ်။ ဒီမှာ ချက်ပြီဗျို့။ ခဏစောင့်"

ဖိုးသားကတော့ ပေါင်မုန့်ကို ထမင်းထက် ပိုမက်မောသူမို့ ပေါင်မုန့်

စားမယ်ဟု ဆိုသည်။ ညီမက လျှပ်စစ်ပေါင်းအိုးထဲ ဆန်ထည့်တုန်း မီးက ပြတ်သွားလေသည်။ ယောတော်။ အဲဒါ မန္တလေးပဲဟု ညီမက ကျွန်မအား လှမ်းပြောသည်။ အံမာလေး‥ ငါတို့ရန်ကုန်လည်း မီးပြတ်တာပဲ။ အဲဒါ မြန်မာပြည်လို့ ပြောရမှာဟဲ့။

"ဟုတ်လား ခဏခဏ ပြတ်တာပဲလား"

"ပြတ်ပါ့။ ခဏခဏ ပြတ်လား မပြတ်လား နွယ်နွယ် ရေချိုးခါနီး တိုင်း ဖယောင်းတိုင်ထွန်းတယ်"

"ဟင် ရေချိုးတာနဲ့ ဖယောင်းတိုင် ဘာဆိုင်လို့လဲ"

"အို သူရေချိုးနေတုန်း မီးပြတ်ရင် ရေချိုးခန်းထဲမှာ မှောင်လို့ပေါ့"

ကျွန်မတို့ ရယ်မောဖြစ်ကြသည်။ ကျွန်မကတော့ ရေချိုးခန်းထဲ ရေချိုးရင်း မီးပြတ်တာ ကြုံဖူးပါရဲ့။ ဒါပေမယ့် မှောင်ထဲမှာ ကျင့်သားရသည့် မျက်လုံးတို့ဖြင့် မှန်းပြီး ချိုးလိုက်တာချည်းပါပဲ။ ကျွန်မညီမလတ်က အမှောင်ကို ကျွန်မထက် ပိုကြောက်၏။

"မီးစက်က ဘယ်ရောက်သွားလို့လဲ"

ညီမက မေးတော့ ပျက်နေလို့ ပြင်ဆိုင်ပို့ထားတယ်ဟု ကျွန်မ ဖြေလိုက်ရသည်။ ကျွန်မတို့အိမ်မှာ အင်ဗာတာ မရှိပါ။ ညီမအိမ်ကတော့ မီးစက်ရော အင်ဗာတာရော နှစ်မျိုးထားသည်မို့ ဖယောင်းတိုင်ထွန်းတာ မတွေ့ရပေ။

ခေါက်ဆွဲကြော်ဖက်က အနိုင်ရအောင် မီးက ကူညီလိုက်သဖြင့် မတ်ဖြစ်သူက ဆိုင်ကယ်ယူလျက် ပျော်ရွှင်စွာ ချီတက်လေသည်။ ကျွန်မ ကတော့ အဆာပြေ ရေကိုပဲ သောက်မည်ဟု သောက်ရေအိုးဖုံးကို ကိုင်လိုက် သည်။

"အစ်မ အဲဒီရေက မကျိုရသေးဘူး။ ကိုထွန်းထွန်း ရေစစ်နဲ့စစ်ပြီး ဒီအတိုင်း လောင်းထည့်ထားတာ။ အနယ်ထိုင်အောင် လုပ်ထားတဲ့သဘောပဲ။ ရေခဲသေတ္တာထဲက ရေပုလင်းထဲကနေသောက်။ ငါ ကျိုပြီး အအေးခံထားတဲ့ ရေကျက်အေး"

"အို ရပါတယ်။ ဒီအတိုင်းပဲ သောက်မယ်"

**"မသောက်နဲ့။ နင်က ရောဂါထူလွန်းလို့"**

**"အလို"**

ညီမတို့အိမ်မှာ စည်ပင်သာယာကပေးသည့် ရေပိုက်နှင့် ရေစက်ငုတ် ရှိသော်လည်း အလုပ်မဖြစ်သဖြင့် အဝီစိတွင်းကရေကို စုပ်တင်ပြီး သုံးရသည်။ အဝီစိရေက အရည်အသွေးမကောင်းဟု ဆိုသည်။ ရေသွက်မဟုတ်ဘဲ အနည်းငယ် စေးပုံရပါရဲ့။ ထို့ကြောင့် ညီမတို့သည် ယောက္ခမအိမ်က စည်ပင်ရေကို ရေဘူးတွေဖြင့် သယ်လာပြီး ထမင်းဟင်းချက်၊ ရေနွေးကျိုဖို့ သုံးကြသည်။

"အဲဒါ ကျုံးရေလား" ဟု တစ်ခါက မေးကြည့်ဖူးသည်။ မယုံနိုင်စရာကောင်းသည့် အဖြေကို ရခဲ့၏။ မသိဘူးတဲ့။

"ဟယ်တော် ကိုယ်သုံးနေတဲ့ရေကို ဘယ်ကလာတဲ့ရေမှန်း မသိဘူးလား။ တော်တော်ညံ့တာပဲ"

"မြစ်ရေလည်း ဖြစ်နိုင်တယ်၊ ကျုံးရေလည်း ဖြစ်နိုင်တယ်" ဟု ပြန်ဖြေသည်။ ပြီးတော့ ရေကို ကလိုရင်းနဲ့ဘာနဲ့ ဖြတ်ထားလားလည်း ငါမသိဘူး။ ဒါကြောင့် ငါက သောက်ရေကို ကျိုပြီးသောက်တာ ဟု ဆက်ပြောသည်။

မန္တလေး၏ ရေဖြန့်ဖြူးသည့်စနစ်မှာ အရင်ကထက် ပိုတိုးတက်လာခဲ့သည်ဟု ပြောလို့ရပါ၏။ သို့သော် ရေကို ကျန်းမာရေးနှင့် ညီညွတ်အောင် အန္တရာယ်ကင်းသည့် သောက်ရေဖြစ်အောင် ကုသသည့်အဆင့်ရော ရှိရဲ့လား။ ကျွန်မဖတ်ဖူးသည့် ရေပညာရှင်တစ်ဦး၏ ၂၀၀၄ မှတ်တမ်းတစ်ခုအရတော့ ရေကို ကလိုရင်းဖြင့် ဖြတ်သည့်စနစ် မရှိဘူးဆိုပဲ။ မန္တလေးတောင်ခြေတွင်ရှိသည့် ရေသိုလှောင်ကန်ကနေ မြို့နေသူလူထုကို ဖြန့်ဖြူးသည့်ရေမှာ အဓိက ကျုံးရေဖြစ်သတဲ့။ ကျုံးရေက ဘယ်လောက်များ သန့်လို့လဲ ဟု မေးစရာရှိသည်။ ရေနီမြောင်းကနေ ကျုံးထဲကို ဝင်သည့်အခါ ရေက နောက်ပြီး နီနေသော်လည်း ကျုံးရေဖြစ်သည့်အခါ မှန်ကဲ့သို့ ကြည်လင်သွားသည်ဟု ရှေးဟောင်းစာတွေ၊ မှတ်တမ်းတွေထဲမှာ ဖတ်ရဖူးတာကို သတိရသည်။ ဘယ်လိုများ ကုသလိုက်ပါလိမ့်ဟု ကျွန်မ စိတ်ဝင်စားခဲ့သည်။ မင်းတုန်းမင်း

ခေတ်ကတော့ ကလိုရင်းဖြတ်တာတို့ ဘာတို့ ရှိမှာမဟုတ်။ အပင်တွေထဲ ဖြတ်ခိုင်းသလား မသိပါ။ သို့သော် ဟိုတုန်းက လူဦးရေနှင့် အခုလူဦးရေက ကွာခြားလှသည်။ ဟိုတုန်းက ကျုံးထဲမဝင်ခင် စီးလာသည့် ရေနီမြောင်း၏ သန့်စင်မှုနှင့် အခုအခြေအနေ တူမှာမဟုတ်။ ရေနီမြောင်းတစ်လျှောက် အဝတ်လျှော်သူ၊ ရေချိုးသူ၊ အညစ်အကြေးစွန့်သူ၊ အို… ကျွန်မ အနည်းငယ် ပခုံးတွန့်လိုက်မိသည်။

ရေခဲသေတ္တာထဲက ရေပုလင်းကို ယူသောက်လိုက်စဉ်မှာ မန္တလေးက စာရေးဆရာတစ်ဦးပြောသည့်စကားကို သတိရသွားပြန်၏။ သကြန်ဆို မဏ္ဍပ်တွေကို ကျုံးဘေးမှာ တန်းစီပြီးဆောက်၊ အိမ်သာတွေလည်း ဆောက်၊ အညစ်အကြေးတွေ ကျုံးထဲရောက် တဲ့။ ဟယ်··တာကယ်လား။ အေးလေ ကျွန်မတို့ရန်ကုန်မှာ သောက်သုံးနေသည့် ရေတွေကရော ဘယ်လောက် သန့်လို့ မန္တလေးရေကို ထိတ်လန့်နေရတာတုန်း။ သောက်လိုက်စမ်းပါ။ အားရပါးရ။ ဒီလိုရေကြည်ကြည်လင်လင်တောင် သောက်ခွင့်မရတဲ့ မြို့သူမြို့သားတွေ မန္တလေးမှာ လေးဆယ်ရာခိုင်နှုန်းလောက် ရှိသတဲ့။ ကဲ…။

ရေသောက်ပြီးတော့ ပုစွန်ငါးဆယ်သားကို ပလတ်စတစ်အထုပ်အတိုင်း ရေခဲသေတ္တာအပေါ်ဆုံးလွှာထဲ ထည့်လိုက်သည်။ အိမ်ရှိလူကုန်ထွက်ကြသည်မို့ လျှပ်စစ်မီတာ မိန်းဆွစ်ချ်ကို ချပစ်ခဲ့သည်ဆိုတော့ အခုရေခဲသေတ္တာတွင် အအေးဓာတ် လုံးဝမရှိပေ။ မီးမှ အချိန်မီ ပြန်လာပါ့မလား။ ငါ့ပုစွန်လေးတွေ မနက်ရောက်တော့ ကောင်းမှကောင်းပါတော့မလား။ မီးကိုစောင့်နေမယ့်အစား ပျင်းမနေဘဲ ဒီညဘဲ မီးမွှေးပြီး ချက်ထားလိုက်ရင် ဆွမ်းလောင်းလို့ရတာပေါ့။ ဒါမှမဟုတ် မီးလာတဲ့အထိ စောင့်ရမလား။

"မီးက တစ်ခါပျက်ရင် ဘယ်လောက်ကြာလဲ"

ညီမကို မေးမိတော့ ညီမက အင်ဟု ရေရွတ်ကာ ပျက်ချိန်တွေကို ပြန်စဉ်းစားဆဲ သားက ရယ်သည်။

'ခဏလေးနဲ့ ပြန်လာချင်လည်း လာမယ်။ တစ်ညလုံး ပျက်ချင်လည်း ပျက်မယ်' တဲ့။ ကျွန်မ ရယ်မိသည်။ ဟုတ်ပါတယ်။ မေးမိတဲ့ ကျွန်မရဲ့ အမှားပေါ့။

ကဲ..စောင့်တော့ စောင့်လိုက်ပါဦးမယ်။ နာရီဝက် တစ်နာရီနဲ့တော့ ပုစွန်လေးတွေ ပုပ်မကုန်လောက်သေးပါဘူး။

ခေါက်ဆွဲကြော်စောင့်နေခိုက် ဆာနေသည့် ကိုယ့်စိတ်ကိုဖြေရန် မနက်မှာ စားမည့်အစားအစာတွေအကြောင်း တွေးမိသည်။ မန္တလေး၏ မြီးရှည်နှင့် ဆန်ပြားအရသာမျိုးကို ရန်ကုန်မှာ ကျွန်မ မရလေတော့ မန္တလေး ရောက်တိုင်း အစားအသောက်ကိုပဲ ဦးစားပေးပြီး စီစဉ်မိသည်။ ကျွန်မ မန္တလေးရောက်တိုင်း မဖြစ်ဖြစ်အောင် သွားလေ့ရှိသည့် ကိုင်းတန်းဈေးက တော့ မရှိတော့ပြီ။ တောင်လိုပုံနေသော အသီးအရွက်တွေကို မမြင်ရတာ ကြာလေပြီ။ ဟိုတုန်းကများ ကိုင်းတန်းဈေးကိုသွားရတာ မြင်ကွင်းတွေက စိတ်ဝင်စားစရာတွေ။ ပွဲရုံတွေ၊ အထမ်းသမားတွေ၊ ဈေးသည်တွေ၊ ဈေးဝယ် တွေနှင့် စည်ကားနေလိုက်တာ။ အေးလေ ကိုင်းတန်းဈေးမသွားရလည်း မြို့သစ်ဈေးပေါ့။ အသီးအရွက်တွေ စုံစုံဖြင့် ပုံပြီးရောင်းနေကြတာလည်း အားရစရာကြီးပါပဲ။ ချိန်ခွင်ဖြင့် ချိန်ရောင်းနေကြသည့် ဈေးသည်တွေနှင့် ဆွဲခြင်းဖြင့် ဝယ်နေကြသော ဈေးဝယ်တို့၏ မြင်ကွင်းက ကြည့်လို့ကောင်း နေဆဲပါ။ ဆူပါမားကတ်တွေမှာ ဈေးဝယ်သည့်အလေ့အထက မန္တလေးမှာ ရန်ကုန်လောက် ခေတ်မစားသေးဟု မြင်မိသည်။

အော် ဒါနဲ့.. မနက်ဖြန် မြို့သစ်ဈေးကိုသွားလျှင် ခြင်ဆေးထွန်းဖို့ ဆန္ဒင်းတက်လေးတွေ ဝယ်ဦးမှ။ ဟိုတုန်းက မန္တလေးရောက်ရောက်ချင်း နံခဲ့သည့် ဆန္ဒင်းတက်ခြင်ဆေးနံ့သည် ကျန်းမာရေးထိခိုက်စေသည့် အခြား သော ပိုးသတ်ဆေးများသည့် ခြင်ဆေးတို့၏ အနံ့ထက်တော့ တော်သေး သည်ဟု ယခုအခါ ကျွန်မ လက်ခံလိုက်ရပြီ။ အဆုတ်ထဲရှူသွင်းရသည့် အငွေ့ထဲမှာ ကင်ဆာဖြစ်စေနိုင်သည့်ဓာတ်တွေ နည်းလေကောင်းလေပေါ့။ မီးခိုးမှိုင်းလောက်ကတော့ အလွန်ဆုံး အန္တရာယ်ပေးလျှင် အသက်ရှူကြပ်သည့် အဆုတ်ရောဂါလောက်ပဲ ဖြစ်မှာပါ။

ဘာမဆို ကန့်ကွက်တတ်သည့် ညီမကို ပြောမနေဘဲ ကြိတ်ဝယ်ရ မည်။ ပြီးတော့ ရန်ကုန်သို့ သယ်သွားမည်။ ရပ်ကွက်ဈေးထဲ ချရောင်းတာ ချင်းအတူတူ ရန်ကုန်မှာဝယ်မိသည့် ခြင်နှိမ်နင်းသည့် ဆန္ဒင်းတက်လေးတွေ

က ဆန္ဒင်းတက်ချည်း မဟုတ်ဘဲ ရွှံ့ခဲတွေ ရောနေသည်။ လွှင့်ပစ်ရတာက များများ၊ အသုံးပြုလို့ရတာက နည်းနည်း။ မန္တလေးက ဆန္ဒင်းတက်လေးတွေက ပေါ့ပေါ့ပါးပါး၊ ခြောက်ခြောက်သွေ့သွေ့၊ တကယ့်ဆန္ဒင်းတက်လေးတွေ။

မန္တလေးမှာ ကျွန်မချစ်ရတာတွေ အများကြီးရှိပါသေးကလား။

# ခြေထောက်တစ်ဖက်

ငေ ဒ်ရင်မြင့်

မန္တလေးနန်းမြို့ရိုး မြောက်ဘက်မျက်နှာ လေးသိန်းတံခါးအထွက် ကျုံးကူးတံတားရဲ့ အနောက်ဘက် မလှမ်းမကမ်းမှာ ကျုံးရေစစ်ကန်ကြီးတစ်ခု ရှိတယ်။ ရေစစ်ကန်ကြီးက ကျုံးမြောက်ဘက် ကမ်းခြေမြေနဲ့ တစ်ဆက်တည်းဖြစ်ပြီး ကျုံးရေပြင်ပေါ်မှာ တမင်ထိုင်ဖို့ လုပ်ပေးထားတဲ့ အုပ်သမံတလင်းခုံနဲ့ တူနေတယ်။

ဒီရေစစ်ကန်ပေါ်မှာ အဘိုးကြီးလေးယောက် ညတိုင်းလိုလို လာထိုင်လေ့ရှိပါတယ်။ အရင်နှစ်တုန်းကတော့ အဘိုးကြီးငါးယောက်ပါ။ မနှစ်က နတ်တော်လမှာ ဦးအောင်ဘတစ်ယောက် ဘဝတပါးပြောင်းသွားလို့ အခု လေးယောက်ပဲ ကျန်တော့တာ။

အဘိုးကြီးအရွယ်ရောက်လာပြီဆိုတော့ စကားပြောဖော်က လိုတယ် မဟုတ်လား။ အိမ်မှာဆိုရင် သားတွေ မြေးတွေနဲ့ လေပေါက်မတည့်တော့ဘူး။ လူငယ်တွေက လူကြီးတွေ လေကြောရှည်တာကို အချိန်ကုန်ခံပြီး နားမထောင်ချင်ကြတော့ဘူး။ စိတ်လည်းမဝင်စားဘူးလေ။

ရေစစ်ကန် အဘိုးကြီးဝိုင်းကလေးကတော့ ရွယ်တူတန်းတူချင်းမို့ စကားပြောလို့ ပိုပြီး အဆင်ပြေတယ်။ ပြောဖော်ပြောဖက်နဲ့ နားထောင်ဖော်ရသူ ရှိတယ်ပေါ့။ ဒီလိုသာ ဖြစ်ကြတာ၊ အယူအဆချင်းတော့ ထပ်ထူကျနေကြ

တယ်တော့ မဟုတ်ဘူး။ တစ်ခါတလေ အကျောက်အကန် ငြင်းကြခဲ့ကြတာ လည်း ရှိတာပါပဲ။ အခြေအတင် ခဏခဏ ထိပ်တိုက်ဆုံကြရတာကတော့ အမျိုးသားကျောင်း ပင်စင်စား ဆရာကြီးဦးမြ နဲ့ သံချိုင်းထောက် ဦးဘရှင် တို့ပါ။

ဆရာကြီးဦးမြက တိုင်းပြည်ထူထောင်ရေးမှာ နှလုံးရည်က အဓိက ကျတယ်လို့ ယူဆပြီး သံချိုင်းထောက်ဦးဘရှင်ကတော့ လက်ရုံးရည်က အရေးကြီးတယ်လို့ ယုံကြည်သူပါ။

ကျုံးရေပြင်ကတော့ လဆုတ်ရက် လရောင်ကြောင့် တဖိတ်ဖိတ် တလက်လက် တောက်ပနေတယ်။ တောင်ဘက်ကမ်းခြေ ချုံစတွေဆီက တင်ကျီး၊ ရေကြက်၊ ရေဘဲ··· ဘာရယ်လို့ ကွဲကွဲပြားပြား ခွဲမပြောနိုင်တဲ့ ရေပျော်ငှက်အော်သံ ကျုံးရေပြင်မှာ ငါးကလေးတွေ ပွက်တဲ့အသံကိုလည်း ကြားရတယ်။ ကျုံးရေပြင်ကို ဖြတ်တိုက်လာတဲ့ လေပြည်ညင်းထဲမှာ ကြာ သင်းနံ့ကလေးတွေ ပါလာလေ့ရှိတယ်။ အဘိုးကြီးတွေက သဘာဝရဲ့ ဒီလို ချမ်းမြေ့တဲ့သုခကို ခံစားရင်း ရေစစ်ကန်ပေါ်မှာ လာထိုင်ကြတာပါ။

နှလုံးရည်နှင့် လက်ရုံးရည် စကားအခြေအတင် ဆိုဖြစ်ခဲ့ကြတဲ့ ညဦးတုန်းက သံချိုင်းထောက် ဦးဘရှင် ဒေါသမထိန်းနိုင်ဘူး။ ဒူးဆစ်ရဲ့ အောက်မှာ ငုံးတိတိပြတ်နေတဲ့ သူ့ဘယ်ဘက်ခြေထောက်နေရာကို သူ့ချိုင်း ထောက်ကြီးနဲ့ တဂျောင်းဂျောင်း ခေါက်ပြရင်း···

"ကျုပ်တို့သာ ဟောဒီခြေ၊ ဟောဒီလက်တွေကို မစွန့်လွှတ်ခဲ့ဘူးဆို ရင် ခင်ဗျားတို့အားလုံးဟာ ဂျပန်ကျွန်ဖြစ်နေမလား၊ ကုလားကျွန်ဖြစ်နေ မလား၊ မစဉ်းစားရဲ့ဘူး။ ကျုပ်တော့ ခင်ဗျားတို့လို လူနုမဟုတ်ဘူး။ လူကြမ်း ပဲ၊ ခြေတစ်ဖက်တင်မကဘူး၊ နောက်ထပ်တစ်ဖက်ဆုံးရှုံးရင် ဆုံးရှုံးပါစေ။ သေချင်လည်းသေပါစေ။ အသေခံနိုင်တယ်။ ကျုပ်သား···မင်းနိုင်·· ခင်ဗျား တပည့်လေ·· နှလုံးရည်သမား၊ ကျောင်းဆရာ၊ လူနု။ အခု··· အိုးဘိုမှာ ···အိပ်လိုက်စားလိုက်နဲ့ အချိန်ကုန်နေတယ်။ ဘာမှအသုံးမကျဘူး။ ဒီကြားထဲ ဘူးလေးရာ ဖရုံဆင့်···"

ဦးဘရှင်ကြီး အတော်စိတ်တိုနေပုံရတယ်။ သူ့ခမျာ အခုတလော

သောကတွေလည်း ဖိစီးခံရတယ်။

သံချိုင်းထောက် ဦးဘရှင်ဆိုတဲ့ နာမည်ကို သူက နှစ်နှစ်လိုလို ခံယူထားတာပါ။ ခြေတစ်ဖက်ပြတ် ငုံးတိတိကြီးကို ခြေတုမတပ်ဘဲ ချိုင်းထောက်ကြီးနဲ့ တခေါက်ခေါက် လျှောက်သွားနေတဲ့လူပါ။ ခြေတုတပ်ဖို့ ဝိုင်းပြောကြတော့…

‘ ငါက…ဒီခြေတစ်ဖက်ပြတ်နေတာကို ဂုဏ်ပြုဆုတံဆိပ်တစ်ခုလို့ သတ်မှတ်ထားတာကွ။ ခြေတုတပ်လိုက်ရင် ဒီခြေတစ်ဖက်ပြတ်နေတာ မသိသာတော့ဘူး။ ဖုံးကွယ်လိုက်သလိုဖြစ်သွားမယ်။ ဂုဏ်မယူသလို ဖြစ်သွားမယ်။ ဒီခြေတစ်ဖက်ပြတ်နေတာဘာမှ ရှက်စရာမရှိဘူး။ ကမြင်းကြော ထပြီး ရထားပေါ်ကချော်ကျလို့ ပြတ်တာမဟုတ်ဘူး။ ရှေ့ငြေ်း မိုင်းကို ရဲရဲနင်းလို့ ငါ့မြေငါ့ရေအတွက် ပြတ်ခဲ့တာ ’လို့ ရှည်ရှည်လျားလျား ပြောပြီး ငြင်းခဲ့သူဖြစ်ပါတယ်။

စိတ်ဆောင်လို့ မာန်တင်းနေရပေမယ့် ဦးဘရှင်ခမျာ အရွယ်က ကျပါပြီ။ တစ်ဦးတည်းသောသားဖြစ်တဲ့ ကိုမင်းနိုင်ကလည်း ဦးဘရှင်နဲ့ အတူနေတဲ့အခြေအနေမဟုတ်။ ကိုမင်းနိုင်ရဲ့ ဇနီးသည်ဖြစ်သူ ချွေးမနဲ့ သမီး မိန်းကလေးနှစ်ယောက်သာ ဦးဘရှင်နဲ့ အတူနေပါတယ်။ တစ်အိမ်လုံးမှာ မိန်းကလေးတွေချည်းဖြစ်ပြီး ထီးထီးမားမား ယောကျ်ားသားရယ်လို့ ဦးဘရှင်ပဲ ရှိတာပါ။ မိသားစုတစ်စု ထမင်းစားဖို့တော့ ချွေးမက ဈေးရောင်းတယ်။ မြေးမလေးတွေကလည်း အဝေးသင်တက္ကသိုလ်တက်ရင်း သူတို့အမေကို ဈေးကူရောင်းကြရတယ်။

ဒီအကြောင်းကို ရေစစ်ကန်စကားဝိုင်းကလေးမှာ ဦးဘရှင်က သူ့အဖော် အဘိုးကြီးသုံးယောက်ကို ပြန်ပြောပြတယ်။

“ခင်ဗျားတို့ စဉ်းစားကြည့်စမ်းပါဗျာ၊ ကျုပ်မြေး အပျိုမလေးတွေကို နိုင်ငံခြားသားကောင်တွေက သူ့အခန်းထဲခေါ်ပြီး တံမြက်စည်းလှည်းခိုင်းမယ်၊ အိမ်သာကြွေခွက်တွေ ဆေးခိုင်းမယ်၊ အောက်ခြေသိမ်းအလုပ်တွေ အကုန်လုပ်ခိုင်းမယ်ဗျာ…”

“ဒါတွေကို ကျုပ်ချွေးမကရော…ကျုပ်မြေးမလေးတွေကပါ

မမြင်ဘူး။ ဒါနဲ့ …သံချိုင်းထောက် ဘရှင်တဲ့ကွ။ ထမင်းကို ဆားနဲ့ပဲစားမယ်။ သူများကျွန်တော့ မခံရဘူးလို့ ခပ်ကြမ်းကြမ်းပြောလိုက်မှ ကိစ္စပြတ်သွားတယ်" လို့ ပြောတယ်။

ဆရာကြီးဦးမြကတော့ "ကလေးတွေခမျာ…ပိုင်ရှင်ကိုလည်း ကြောက်ရ၊ ဧည့်သည်ကိုလည်းကြို့ရနဲ့ စိတ်မာတတ်တွေအညွှန့်ကျိုးသွားမှာ စိုးတယ်ဗျာ၊ ခင်ဗျားဆုံးဖြတ်တာ မှန်ပါတယ်" လို့ တွေးတွေးဆဆ ပြောတယ်။

ဒီစကားဝိုင်းလေးမှာ တစ်ဦးကိုတစ်ဦး ရင်ဖွင့်ရ၊ အားပေးကြနဲ့ဆိုတော့ ဒါဟာ အဘိုးကြီးတွေအတွက် အသက်ရှည်ဆေးပါပဲ။

ဦးဘရှင်အိမ်က ကျုံးမြောက်ဘက် လမ်းမကြီးရဲ့ဘေးမှာပါ။ ကျုံးလေးဘက်မှာ ခြောက်လမ်းသွားလမ်းမကြီးလုပ်တော့ ဦးဘရှင်ရဲ့အိမ်ဝင်းက ၂၇ ပေလောက် နောက်ဆုတ်ရပါတယ်။ အဲဒီရက်က သတ်မှတ်ချိန်မီအောင် သူ့အိမ်ကို ဖျက်ရသိမ်းရနဲ့မို့ ရေစစ်ကန်စကားဝိုင်းကို သံချိုင်းထောက်ကြီး မလာနိုင်ပါဘူး။ ဒီတော့ ကျန်တဲ့အဘိုးကြီးသုံးယောက်ကပဲ အုတ်ပုံပျဉ်စကြားက ဦးဘရှင်ရဲ့ တစ်ခြမ်းပဲ့အိမ်ကလေးကို ညစဉ်လာပြီး အားပေးကြတယ်။

"ခြောက်လမ်းသွားလမ်းမကြီး ပြီးသွားရင် ခင်ဗျားတို့မြေကွက်က အဆမတန် တန်ဖိုးတက်သွားမှာ" လို့ သူ့ကိုအားပေးတယ်။ တကယ်လည်း တန်ဖိုးတက်လာပါတယ်။ ဖျက်ဆဲ၊ သိမ်းဆဲမှာကိုပဲ ငွေထုပ်ပိုက်ပြီး လာမေးသူတွေက အများကြီးပါ။

ကျုံးနံဘေးပတ်လည်က အိမ်ရှင်တွေကို သက်ဆိုင်ရာက ဖိတ်ခေါ်ပြီး အိမ်တွေပြန်ဆောက်တဲ့အခါ မြို့ပြအဆင့်မီ ဘယ်လိုပုံစံမျိုးတွေ ဆောက်ဖို့ဆိုတာ ရှင်းပြပါတယ်။ ကျုံးနံဘေးလမ်းဆိုတာ နိုင်ငံခြားသားဧည့်သည်တွေ အရေးကြီးပုဂ္ဂိုလ်တွေ သွားတဲ့လမ်းမို့ အဆင့်ရှိရှိ ဆောက်ဖို့လည်း မှာတယ်။ ဆောက်လုပ်ရေးပစ္စည်းတွေလည်း ပါမစ်ပေးမယ်လို့ ဆိုတယ်။

အဲဒီညက ရေစစ်ကန်စကားဝိုင်းကို ဦးဘရှင် နောက်ကျပြီးမှ ရောက်လာပါတယ်။ သူလာနေတဲ့အသံကို အဝေးကြီးကတည်းက ကြားရပါ

တယ်။ ပလက်ဖောင်းပေါ်မှာ သူချိုင်းထောက်ကြီးကို "ဒေါက်"ဒေါက်"နဲ့ လေးလေးဖင့်ဖင့် ထောက်လှမ်းရင်း ဦးဘရှင် ရောက်လာတယ်။

"အဆင်ပြေရဲ့လား" လို့ ဝိုင်းမေးကြတော့ သံချိုင်းထောက်ကြီးက "ကျုပ်…ခြေတောက်တစ်ဖက် ပြန်ပေါက်ချင်လာတယ်ဗျာ" ဆိုပြီး ပြန်ဖြေတယ်။ အဘိုးကြီးတွေက သူ့စကားကို နားလည်သလိုလိုရှိပေမယ့် အဟုတ်နားလည်တာတော့လည်း ဟုတ်ချင်မှ ဟုတ်မယ်။

သင်္ကြန်ရက်တွေက နီးလာပြီမို့ ကျုံးဘေးက တစ်ခြမ်းပဲ့အိမ်တွေဟာ မျက်နှာစာလှအောင် ပြန်ပြင်နေကြပါပြီ။ ဦးဘရှင်ရဲ့အိမ်ကတော့ အခုထိ အမြင်မကောင်းသေးပါဘူး။ ဒီရက်ပိုင်းအတွင်းမှာ မြေပွဲစားက ခဏခဏ လာပြီး ဒီမြေကွက်ကို ရောင်းပစ်ဖို့ ပြောပါတယ်။

"အဘ တစ်သက်စားမကုန်ဘူး" လို့ မြေပွဲစားက ပြောတော့ "ငါ့မြေးတွေတစ်သက်အထိ စားလောက်သလား"လို့ ဦးဘရှင်က ပြန်မေးပါတယ်။

မြေပွဲစားကတော့ ကျုံးဘေးလမ်းဆိုတာ အချက်အချာကျတာမို့ တိုက်အိမ်ကြီးတွေ ဆောက်ခိုင်းမှာဖြစ်တဲ့အကြောင်း၊ အဘအနေနဲ့ ဒီလို ဆောက်လုပ်ဖို့ တတ်နိုင်မှာ မဟုတ်တဲ့အကြောင်း၊ ကျုံးဘေးက ဒီမြေကွက် ကျဉ်းကျဉ်းလေးကို ဈေးကောင်းကောင်းနဲ့ ရောင်းပြီး မြို့သစ်ဘက်မှာ ဝင်းကျယ်ကျယ်နဲ့ ပြောင်းနေဖို့သင့်ကြောင်း "လှန့်လုံးတွေ ဆွယ်စကားတွေ" နဲ့ ပြောပါတယ်။

သူ့စကားထဲမှာ ဟုတ်တာတွေလည်း ပါသလောက်ပါတာမို့ နောက်ဆုံးမှာ ရောင်းမယ်လို့ ဦးဘရှင်က ခေါင်းညိတ်လိုက်တော့တယ်။

အိမ်မြေအရောင်းအဝယ်ဖြစ်ပြီး မြေစာရင်းဌာန ကျောက်စာတိုက်က မြေပုံမှာ ဦးဘရှင်က ဦးကျင်ဝမ်းလို့ အမည်ပြောင်းဖို့ သဘောတူ လက်မှတ် ထိုးပေးခဲ့တဲ့ ညကလည်း သံချိုင်းထောက်ကြီး ရေစစ်ကန်ကို အလာ နောက်ကျတာပါပဲ။

အဘိုးကြီးသုံးယောက်က သူတို့ရဲ့ဘော်ကြီး ဦးဘရှင်ကို မျှော်နေကြ တယ်။ ဦးဘရှင်တစ်ယောက် မြောက်ပြင်ကျုံးဘေးကနေ အောင်ပင်လယ်

ကန်ရိုးက မြို့သစ်ဘက်ကို မကြာခင် ပြောင်းသွားတော့မှာမို့ ခွဲခွာကြရမယ့်အတွက် စိတ်မကောင်းဖြစ်နေကြပါတယ်။

"မနှစ်က နတ်တော်လမှာ ကိုအောင်ဘ လျှော့သွားတယ်။ ဒီနှစ်တန်ခူးလမှာ ဦးဘရှင် လျှော့ပြန်ပြီ…၊ နောက်နှစ် နှစ်သစ်ကူးတဲ့ တန်ခူးလမှာကော…တို့သုံးယောက် အခုလို စုံစုံညီညီမှ ရှိပါတော့မလား…" လို့ အဘိုးကြီးတစ်ယောက်က ပူပူပန်ပန်ပြောတော့ ဆရာကြီးဦးမြက…

"ဘာဖြစ်လို့…အနိစ္စတရားတွေကို နှိစ္စဖြစ်ချင်ရတာလဲ…။ ကျုပ်တို့သုံးယောက် စုံစုံညီညီ ရှိချင်လည်း ရှိမယ်၊ ရှိချင်မှလည်း ရှိမယ်။ ကျုပ်တို့အခုထိုင်နေကြတဲ့ ရေစစ်ကန် ကလေးတောင်မှ …နောင်နှစ်မှာ ရှိနေဦးမယ်လို့ ခင်ဗျား အတပ်ပြောနိုင်လို့လား"

အဘိုးကြီးတွေလည်း တွေသွားတယ်။ ဒီအချိန်မှာ‥ 'ဒေါက်' 'ဒေါက်' 'ဒေါက်'နဲ့ ဦးဘရှင်ရဲ ချိုင်းထောက်ခြေသံ ခပ်လေးလေးဟာ ရေစစ်ကန်ကလေးဆီ တရွေ့ရွေ့ရောက်လာတယ်။

ချိုင်းထောက်ကြီးနဲ့ ဦးဘရှင် ရေစစ်ကန်ပေါ်မှာ ထိုင်မိတဲ့အထိ ဘယ်အဘိုးကြီးကမှ စကား စ မပြောမိဘူး။ အားလုံး ငြိမ်လို့၊ တိတ်လို့။ ဦးဘရှင်ကလည်း အဆက်အစပ်မရှိတဲ့စကားကို ပြောလိုက်တယ်။

"မြေစာရင်းမြေပုံထဲမှာ ကျုပ်မြေကို ဘရှင်က ကျင်ဝမ်းလို့ ပြောင်းပေးလိုက်ပြီ။ ကျုပ်…ကျုပ်ခြေတောက်တစ်ဖက်ကိုပဲ နှမြောလှသဗျာ…" တဲ့။

**ကျော်ရင်မြင့်**

အမျိုးသားနေ့ စိန်ရတုအထိမ်းအမှတ် မဂ္ဂဇင်း မွန်လေး။ (၁၉၉၆ ခုနှစ်)

စာပေဝင်းသွားရှား

# ဆရာတို့ဆီကို ပေါ်ဦးသက်လာသလား

မောင်ကိုကို (အမရပူရ)

**မန္တလေးပန်းချီ** အနုပညာသင်ကျောင်းမှာ ပန်းချီသင်ဖို့ရောက်လာတဲ့ ကျောင်းသားသစ်လေး ကျွန်တော်ဟာ မန္တလေးမြေကို ခြေချတာနဲ့ ပန်းချီ ဆရာ ပေါ်ဦးသက်နဲ့ တွေ့လိုစိတ်ပြင်းထန်နေပါရဲ့။

ပေါ်ဦးသက်ဟာ မျက်နှာကြီးရှည်တယ်။ သွားကြီးတွေက အကြီး ကြီးတွေ။ သူ့ကိုယ်သူ မြင်းကြီးနဲ့တူတယ်လို့ သူကိုယ်တိုင်ပြောတတ်သတဲ့။ ပေါ်ဦးသက်ဟာ သဘောကောင်းတယ်။ စကားကို အေးအေးဆေးဆေး ပြောတတ်တယ်။ သူသဘောကျတဲ့ ဟာသနဲ့များတွေ့ရင် တစ်ကိုယ်လုံးလှုပ် ပြီး တခွိခွိရယ်တော့တာပဲတဲ့။ အဲဒီပန်းချီဆရာရဲ့ လူပုဂ္ဂိုလ်ဘဝကို ကျွန်တော် အရမ်းတွေ့ချင်တယ်။

ပေါ်ဦးသက်ဟာ တကယ် မြင်းကြီးနဲ့ တူသလား။ ဝတ်ရုံဖြူကြီးနဲ့ သူရဲ့ Self potrait ပန်းချီကားကို စာအုပ်ထဲမှာ တွေ့ဖူးတယ်။ ကျွန်တော် အရမ်းခိုက်တယ်။ ဒေါ်ဝင်းဝင်းမြင့်ပုံတူပန်းချီကားကို ကျွန်တော်ကြိုက်တယ်။ ခင်ခင်ဆွေထွန်း ပုံတူပန်းချီကားကို ကျွန်တော်ကြိုက်တယ်။ Expecting Mother ဆီဆေးပန်းချီကားကို ကျွန်တော်ကြိုက်တယ်။ ကျွန်တော် ပန်းချီ ဆရာဖြစ်တဲ့တစ်နေ့မှာ ပေါ်ဦးသက်ရဲ့ Portrait ကို ဆွဲမယ်။

ကျွန်တော်တို့ ကျောင်းအုပ်ဆရာကြီး ပန်းချီ ဦးခင်မောင်စန်းအိမ်ကို ကျွန်တော် သွားတယ်။

"ပေါ်ဦးသက်ကို မြင်ဖူးချင်တယ်။ မန္တလေးရောက်ရင် သူ့ကို ကျွန်တော် ပထမဆုံးတွေ့ရမှ ကျွန်တော့်အတွက် အဓိပ္ပာယ်ရှိမယ်။ ပန်းချီဆွဲချင်တဲ့လူငယ်ဟာ သူကြိုက်တဲ့ဆရာကို သူကိုယ်တိုင် မြင်ဖူးတွေ့ဖူး ခံစားဖူးရမယ်။ အဲဒီလို ကျွန်တော် ယုံကြည်လို့ပါ ဆရာ"

ပန်းချီကျောင်းအုပ်ကြီး ဦးခင်မောင်စန်းဟာ သူ့အိမ်နဲ့တွဲထားတဲ့ စတူဒီယိုလေးထဲမှာ ရေဆေးပန်းချီကားဆွဲနေရင်းက ပြုံးတယ်။

"ငါ့တပည့်ရာ။ မင်း ပန်းချီဆရာ ပေါ်ဦးသက်ကို တစ်နေ့မှာ တွေ့လာရမှာပါ။ ဆရာတို့ ပန်းချီအနုပညာကျောင်းက ပန်းချီနည်းပြဆရာတွေအပြင် ပြင်ပက ပန်းချီပညာရှင်တွေကိုလည်း ဖိတ်ခေါ်လျှော့ရှိပါတယ်။ သူတို့က မင်းတို့ကို ဟောပြောပို့ချရဦးမှာပါ။ ပန်းချီဆရာပေါ်ဦးသက်ရဲ့ ဆရာတွေက ဦးဘသက်နဲ့ ဦးခင်မောင်(ဘဏ်)ကွ။ ဦးခင်မောင်က မော်ဒန်ကွ။ ဒါ့ပြင် အမေရိကန်ပြည်ထောင်စုက **Famous Aritist School** မှာလည်း ပန်းချီပညာကို စာပေးစာယူသင်လာခဲ့သေးတာ"

ကျွန်တော် ဆရာဦးခင်မောင်စန်းရဲ့စကားကို ကျွန်တော် ရိုရိုသေသေ နားထောင်နေပါတယ်။ ဒါပေမယ့် ကျွန်တော် နားမထောင်ရင်လည်း ခွင့်လွှတ်ပါဆရာ။ ကျွန်တော်က ပေါ်ဦးသက်ကို တစ်နေ့လာနိုး၊ တစ်နေ့လာနိုးနဲ့ မစောင့်နိုင်တော့ဘူး။ ပန်းချီဆရာဖြစ်ချင်တဲ့ ကျွန်တော်ဟာ ပေါ်ဦးသက်ကိုမှမတွေ့ရင် သေရပါတော့မယ်။ ပေါ်ဦးသက်လက်ညှိုးလေးနဲ့ တို့ထိတာခံလိုက်ရရင် ကျွန်တော်ဟာ ချက်ချင်း ပန်းချီဆရာဝိညာဉ်ကို အသွင်းခံရမလို ခံစားနေရတယ်။

မန္တလေးမြို့၊ ၅၇-လမ်းက ဓာတ်ပုံဆရာကြီး အန်ကယ် ဦးချစ်ဝိန်ထံ ကျွန်တော် ပြေးပါတယ်။

"အန်ကယ်ကြီးဆီ ပန်းချီဆရာပေါ်ဦးသက် လာပါသလား"

ဦးချစ်ဝိန်ရဲ့မျက်နှာဟာ ကင်မရာရဲ့ Flash လို ဝင်းလက်သွားတယ်။

"အန်ကယ်ဆီ သူလာတာ မဟုတ်ဘူးကွ။ အန်ကယ်ရဲ့ပုံတူ သူ ဆွဲတုန်းက အန်ကယ်က သူ့အိမ်မှာ သွားသွားထိုင်ပေးရတာ။ အန်ကယ် လာတာ စောင့်စောင့်ပြီး သူ ဆွဲရတာ"

ကျွန်တော်က ပေါ်ဦးသက်ဆွဲပေးထားတဲ့ ဦးချစ်ဝိန်ပုံတူ ပန်းချီကားကြီးကို ငေးမောနေမိတယ်။ အရမ်းအသက်ဝင်တာပဲ။ အန်ကယ်ဦးချစ်ဝိန်ရဲ့ အမျိုးသမီးက ကျွန်တော့်ရှေ့မှာ စတော်ဘယ်ရီရောင် ဖျော်ရေအေးတစ်ခွက် လာချပေးပါတယ်။ ကျွန်တော် ဖျော်ရည်ကိုသောက်ပြီး အန်ကယ်ဦးချစ်ဝိန်ကို နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။ ကျွန်တော် ပေါ်ဦးသက်ကို တွေ့ချင်တယ်။ ပေါ်ဦးသက်ကို ကျွန်တော် တွေ့ရမှဖြစ်မယ်။ ဘာလို့ဆိုတော့ သူ့ကိုတွေ့ရမှ ကျွန်တော် နေသာထိုင်သာရှိသွားမှာမို့ပါ။ သူ့ကိုတွေ့ဖူးမှ ပန်းချီဆရာဖြစ်ဖို့ အင်အားတွေ ပိုရှိမှာမို့ပါ။

စိတ်ပညာပါရဂူဘွဲ့ရ ပန်းချီဆရာ ဒေါက်တာကိုကိုကြီးထိုင်တဲ့ အင်းဝလက်ဖက်ရည်ဆိုင်ကို ကျွန်တော် ပြေးတယ်။ မန္တလေးဘုရားကြီး နယ်မြေ ဒေသပါ။

"ပေါ်ဦးသက်ဟာ မန္တလေးသားစစ်စစ်ကြီးနော် ဆရာ"

ကျွန်တော်က ပြောပါတယ်။

"ပေါ်ဦးသက်ဟာ မန္တလေးကတို့၊ ရန်ကုန်ကတို့၊ ပြောနေဖို့ မလိုအပ်တော့ပါဘူး။ ပေါ်ဦးသက်ဟာ အင်တာနေရှင်နယ်ပါ"

"ပေါ်ဦးသက်ကို ကျွန်တော် တွေ့ဖူးချင်တယ် ဆရာ။ ပေါ်ဦးသက် ကိုအားကျလို့ ကျွန်တော် ပန်းချီကျောင်းကိုတက်ဖို့ လာခဲ့တာပါ"

"ကိုယ်နဲ့က ရန်ကုန်မှာပဲ အတူတူရှိခဲ့ဖူးကြတာ။ မန္တလေးမှာ ကျတော့ မဆုံဖြစ်ဘူး။ တမ္ပဝတီဦးဝင်းမောင်ကို သွားမေးပါလား"

ကျွန်တော် တမ္ပဝတီရပ်ကို ပြေးရပါတယ်။ မန္တလေးမြို့နဲ့ အမရပူရ မြို့ ကြားထဲမှာပါ။ အဲဒီမှာ သစ်သားပန်းပုတွေ ထုလုပ်တယ်။ ကြေးသွန်း ဘုရားကြီးတွေလည်း ပြုလုပ်ပါတယ်။

တမ္ပဝတီ ဦးဝင်းမောင်ဟာ အလုပ်များနေပုံပဲ။ လူငယ် တစ်ယောက်ကိုတော့ အရေးအရာပြုပါတယ်။

"ကျွန်တော် ပေါ်ဦးသက်ကို တွေ့ချင်လို့ပါ ဆရာ။ ပေါ်ဦးသက် ဘယ်မှာရှိနိုင်မှာလဲလို့"

တမ္ပဝတီ ဦးဝင်းမောင်က သူ့မျက်မှန်ကိုင်းကို ပင့်တင်ပါသည်။

"ဟိုတလောကတော့ စစ်ကိုင်းကနေ ပေါ်ဦးသက်နဲ့ အတူတူပြန်ခဲ့ကြတာပဲ။ ညနေစောင်း တံတားဖြူမှာ ကားဖျက်တယ်။ ပေါ်ဦးသက်က ဂမ္ဘီရဆန်တယ်ကွ။ အကြားအမြင်ရနေသလားပဲ။ ဒီကားဖျက်တဲ့နေရာမှာ သူ့ကိုနှောက်ယှက်မယ့်ပုဂ္ဂိုလ်တွေရှိတာ သူမြင်ရတယ်ဆိုပြီး ကားကြုံနဲ့ လစ်တော့တာပဲ။ အဲဒီတုန်းက သူက ဦးထုပ်ဖြူလေး ဆောင်းလို့ကွ။ ပေါ်ဦးသက်က နိုင်ငံခြားတော့ မသွားဘူးကွ။ သူက နိုင်ငံခြားရောဂါ ကပ်ခံရသူတော့ မဟုတ်ဘူး။ ပေါ်ဦးသက်က ရန်ကုန်ကိုတော့ ချစ်တယ်ကွ။ နန်းတော်ရှေ့ ပဒုမ္မာရိပ်မွန်ကနေ ရုတ်တရက် ရန်ကုန်ကို ထွက်ချင်ထွက်သွားတာ။ ဟိုမှာ ဦးခင်မောင်ရင်တို့၊ ကိုဖေညွန့်ဝေတို့နဲ့အတူ ရှိနေမလား။ လောကနတ်ဂယ်လာရီပေါ် ရှိနေမလားပဲ။ မင်း ရန်ကုန်ကို လိုက်သွားကြည့်ပါလား"

ကျွန်တော်ဟာ မန္တလေးပန်းချီကျောင်းကြီးကို ခေတ္တပစ်ထားခဲ့တယ်။ မီးရထားလက်မှတ်အမြန်ဝယ်ပြီး ရန်ကုန်ကို ဒိုးတော့တာပဲ။

ကျွန်တော် ပန်းချီဆရာမောင်ဒီထံ ပထမဆုံး သွားပါတယ်။

"ဆရာဒီ ကျွန်တော် ပေါ်ဦးသက်နဲ့ တွေ့ချင်လို့ပါ။ ဆရာဆီများ ပေါ်ဦးသက်လာသလားလို့"

"ပေါ်ဦးသက်ဟာ တကယ်ပဲ မြင်းကြီးတစ်ကောင်နဲ့ တူပါတယ်ကွာ။ သူက ခေတ်ဟောင်းရုပ်ရှင်မင်းသမီးတွေရဲ့ မျက်ခုံးမွှေးလို သုံးရက်လမျက်ခုံးမွှေးသေးသေးလေးလည်း ပိုင်ဆိုင်သေးတာကွ။ သူဟာ ပန်းချီဆွဲရင်း မြို့မငြိမ်းသီချင်းတွေကို ဆိုဆိုနေတတ်တာ။ တစ်ခါတလေတော့ ပန်းချီဆွဲနေရာက လေမှုတ်နေတတ်ပြန်တယ်။ သူ့ရဲ့တူရိယာမှုတ်သံက ဝမ်းနည်းကြေကွဲစရာတွေ၊ အလွမ်းတွေ၊ အဆွေးတွေကို ကြဲချပေးတယ်။ သူ့ရဲ့မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ဝဲနေတတ်တယ်။ လေမှုတ်တူရိယာမှုတ်နေချိန်မှာပေါ့။ သူ့ပန်းချီဆရာဘဝကို ကြည်ညိုလေးစားမိသလို သူ့ပန်းချီကားတွေကို

လည်း ငါ သိပ်ချစ်တယ်။ ဒါပေမဲ့ သူနဲ့ လူချင်းမတွေ့တာ ကြာပြီကွာ။ ဒီလောကကြီးထဲမှာ ပေါ်ဦးသက်ရှိပါတယ်ကွာ။ မင်း ဦးခင်မောင်ရင်ဆီ သွားမေးပါလား''

ပန်းချီဆရာမောင်ဒီက ကျွန်တော်ကို ဆေးလိပ်ဖွာရင်း ပြောပါတယ်။ သူက ကျွန်တော်ကို ပြောနေသလိုနဲ့လည်း မတူဘူး။ သူ့တစ်ကိုယ်တည်း ပြောနေသလို။ လေထဲလွင့်မျောလာတဲ့ ဝိညာဉ်နဲ့ စကားပြောနေသလိုပဲ။ ဒါနဲ့ ကျွန်တော်လည်း မြောက်ဥက္ကလာ၊ သန္တာလမ်းကို ဦးတည်ထွက်လာပါတော့တယ်။

ကျွန်တော် ဦးခင်မောင်ရင်ဆီရောက်တော့ ဦးခင်မောင်ရင်က သူ့ပန်းချီကားတွေ ကြားထဲက မြို့မငြိမ်းရဲ့ 'လူချွန်လူကောင်း' သီချင်းကို နားထောင်နေပါတယ်။ ကျွန်တော် ဦးခင်မောင်ရင်ကို နည်းနည်းတော့ ရှိန်းတိန်းဖိန်းတိန်း ဖြစ်နေမိပါတယ်။ သူ ဘုတောလိုက်မှာလား။ ဘာပဲဖြစ်ဖြစ်လေ ဒီကိုရောက်အောင်လာပြီးမှတော့ ကျွန်တော် တဲ့တိုးပဲ မေးချလိုက်တယ်။

''ဆရာ ကျွန်တော် ပေါ်ဦးသက်ကို တွေ့ချင်လို့ပါ။ ဆရာ့ဆီ ပေါ်ဦးသက် လာတယ်ဆိုလို့''

''အေးကွ…လာတယ်။ ခုနစ်ညလောက် ဆက်တိုက်လာဖူးတယ်။ ပေါ်ဦးသက်ကို ဘီယာတိုက်တယ်။ ကွမ်းယာကျွေးတယ်။ ဆေးပေါလိပ်တိုက်ရသေးတယ်။ ဘီသိုဗင်ရဲ့ တီးလုံးတီးကွက်တွေကိုလည်း သူကြိုက်မှန်းသိလို့ ဖွင့်ပြရတယ်။ ရှိုးပန်း နားထောင်ချင်တယ် ဆိုပြန်ရင်လည်း ငါ့မှာ ဖွင့်ပြရပြန်ရော။ သူက အာရုံမှ ငါ့ဆီလာတာပါကွာ။ အဲလို ခုနစ်ည ဆက်တိုက်လာပြီး သူမလာပြန်ဘူးကွ။ မင်း ဒီလိုလုပ်ကွာ။ ကာတွန်း အော်ပီကျယ်တို့၊ ပန်းချီဖေညွန့်ဝေတို့ဆီ သွားကြည့်ပေါ့။ မင်းကံ ကောင်းရင် ပေါ်ဦးသက်နဲ့ တွေ့ဆုံခွင့်ရမှာပါ''

ဦးခင်မောင်ရင်က ဘီယာဘူးကို ဖောက်သောက်နေတယ်။ သူ ကျွန်တော်ကို စကားဆက်ပြောမှာ မဟုတ်တော့ဘူးဆိုတာ ကျွန်တော် နားလည်လိုက်တယ်။ ကျွန်တော် ၃၇-လမ်းကို သွားမယ်။ ၃၈-လမ်းကို သွားမယ်။ နောက် လောကနတ်ဂယ်လာရီကိုလည်း သွားမယ်။ တာမွေတို့၊

ကျောက်မြောင်းတို့ကို သွားမယ်။ ဦးဖေညွန့်ဝေကို မေးမယ်။ ဦးအော်ပီကျယ်ကို မေးမယ်။

''ဆရာတို့ဆီကို ပေါ်ဦးသက် လာသလား'' လို့။

တစ်နေရာရာမှာ **တစ်ချိန်ချိန်မှာ** ပေါ်ဦးသက်ကို တွေ့ကိုတွေ့မယ်လို့ ကျွန်တော် ယုံကြည်မျှော်လင့်**တယ်။**

**မောင်ကိုကို(အမရပူရ)**

**မြန်မာတိုင်းမ်ဂျာနယ် (နိုဝင်ဘာ ၂၃-၂၉၊ ၂၀၀၇)**

# လောက်

မဝင့် (မြစ်ငယ်)

ကျုပ်အသက် ခြောက်ဆယ်ရှိပြီ။ ဖြတ်သန်းခဲ့တဲ့ဘဝကို လည်ပြန်ကြည့်ရင် နွမ်းပါးပေမယ့် သိက္ခာရှိရှိ ရုန်းကန်ခဲ့တာမို့ ကျေနပ်မိတာ အမှန်ပဲ။

ဒါပေမယ့် ရှေ့ဆက်ပြီး ရှင်သန်ရဦးမယ့်အချိန်အတွက် စိုးရိမ်မကင်းဖြစ်နေမိတယ်။ အဲသလိုပြောမှ ပြည့်စုံမယ်။

ကျုပ်မှာက ကျုပ်မိန်းမ မသီနဲ့ သမီးချည်း လေးယောက်ရှိတယ်။ ကျုပ်သမီးလေးတွေက သိပ်ရိုးသားလိမ္မာကြတာ။ ပြီးတော့ ကျောင်းစာလည်း ဖြစ်ထွန်းကြတယ်။ ကျုပ်နဲ့ မသီတို့က ရှစ်တန်းတောင်မှ မအောင်ပေမယ့် သမီးလေးတွေက ဆယ်တန်းအောင်ကြ၊ ဘွဲ့ရကြနဲ့ ဂုဏ်ယူနေရတယ်။ သည်တော့ သမီးတွေရဲ့ဘဝဟာ ကျုပ်ဘဝ၊ သမီးတွေရဲ့ မျှော်လင့်ချက်ဟာလည်း ကျုပ်ရဲ့မျှော်လင့်ချက်ပါ။

ကျုပ်ရင်ထဲ တုန်လှုပ်လေးလံမိတယ်ဆိုတာကလည်း ကျုပ်သမီးလေးတွေနဲ့ သက်ဆိုင်မယ်။ ပြောရရင် ရှက်တယ်။ ပြီးတော့ အော့နှလုံးနာလှတယ်။

တတ်နိုင်ပါဘူး။ **ကိုယ့်ဘဝကိုယ့်အကြောင်း** ကိုယ့်ပေါင်ကိုယ် လှန်ထောင်းလိုက်တော့မယ်။ **ဒါပေမယ့် ကျုပ်မှာ စေတနာတစ်ခု၊** တာဝန်သိမှု တစ်ခုနဲ့ ပြောတယ်ဆိုတာ **တွေးမိကြမှာပါ။**

မန္တလေးဟာ ဟိုတုန်း**ကမန္တလေး မဟုတ်**တာ သတိထားမိကြရဲ့ လား။ မန္တလေးသားတွေ **တအိအိနဲ့ ပြုဆင်းအန်ထွက်လာ**တော့ ကျုပ်တို့လည်း ဇနပုဒ်သားဘဝကာ **အလိုလိုနေရင်း ဆင်ခြေဖုံးသားတွေ** ဖြစ်လာကြတယ်။ တစ်ပိုင်းတစ်စ **မန္တလေးဖြစ်လာပေမယ့် လူသစ်တွေသိပ်မရောသေး**တဲ့ ကျုပ်တို့အရပ်မှာ **သူ ဘာကောင်လဲ၊ ငါ ဘာကောင်လဲဆိုတာ** အချင်းချင်း သိပြီးသား။

ပြီးတော့ ကျုပ်က မီးရထားဌာနမှာ **ကားဒရိုင်ဘာလုပ်ရင်း** ပင်စင်ယူတော့မယ့်လူ။ ဗဟုသုတမရှိလို့ ကျုပ်ရင်ဘတ် **ဘယ်ဘက်ခြမ်းမှာ** ကျုပ်နှလုံးသားရှိတယ်ဆိုတာကို မသိရင်ရှိမယ်။ မန္တလေး **ဘယ်ရပ်ကွက်မှာ** ဘယ်အမျိုးအစား တည်းခိုခန်းရှိတယ်ဆိုတာကအစ၊ ဘယ်လမ်းမှာ **ဘယ်လို** ပွဲစားရှိတယ်ဆိုတာ အလယ်၊ ဘယ်နေရာမှာ ဘယ်ဈေးပေးရတဲ့ **ဖြူတီပါလာ** ရှိတယ်ဆိုတာအဆုံး အကုန်သိ၊ အကုန်နှံ့တယ်။

သိဆို ကျုပ်တို့မီးရထားဆိုတာက ဌာနကြီးတစ်ခု မဟုတ်လား။ ဝါသနာပေါင်းစုံရှိတဲ့ အရာရှိပေါင်းစုံရဲ့ လိုရာလိုက်ပို့ပေးနေရတဲ့ ဒရိုင်ဘာ လေ။ သောက်စားမူးယစ်ကြရင်း ကြည့်ကြတဲ့ ကာရာအိုကေသီချင်းကပွဲတွေ မှာ နှစ်ရာတန်ဆုတော်ငွေ ပန်းကုန်းတွေ တဂျိန်းဂျိန်းချနေတဲ့ ခပ်ရမ်းရမ်း အရာရှိတွေနဲ့လည်း အတူလိုက်ကြည့်ဖူးရဲ့။ ဘယ်နှယ့်ဗျာ။ သို့ပေမယ့် ကျုပ်က ကားဒရိုင်ဘာအဘိုးကြီး မဟုတ်လား။ မသိနားမလည်တဲ့ သတ္တဝါ တစ်ကောင်လို နေလိုက်တယ်။

တစ်ခါတစ်ရံတော့ အဲဒီလိုနေရာမျိုးမှာ ကျုပ်ရဲ့ငယ်သူငယ်ချင်းတွေ နဲ့ တွေ့တတ်တယ်။ မသိနဲ့အကြောင်းမပါခင် ဟိုးလွန်ခဲ့တဲ့ သုံးဆယ့်ငါး**နှစ်** လောက်က ကျုပ်က အင်္ဂလိပ်လက်ဇော့ကစားသမားပေါ့။ ဟိုတုန်းက **ရေတပ်** ကကစားတဲ့ ကျွဲကြီးဆိုတာ ကျုပ်ပါပဲ။ သူငယ်ချင်းတွေက **တွေ့လိုက်ရင်** ဘာလုပ်နေသလဲ၊ အဆင်ပြေရဲ့လားနဲ့ မေးရင် အူယားဖားယား **နှုတ်ဆက်ကြ**

တယ်။ သူတို့မှာတော့ စီပွားရေးသမားကြီးတွေဖြစ်တဲ့သူဖြစ်၊ နေရာရတဲ့သူက ရနဲ့။ တောက်တောက်ပပ ဖြစ်နေကြပေမယ့် ခပ်နွမ်းနွမ်းဖြစ်နေတဲ့ ကျုပ်ကို ရင်းနှီးနွေးထွေးကြဆဲမို့ သိမ်ငယ်စိတ်တွေကြားက ပီတိဖြစ်မိပါရဲ့။

ဘာပဲဖြစ်ဖြစ်ပေါ့။ ကိုယ်ဘဝကို ပြန်တွေးလိုက်တော့လည်း ကျေနပ်မိသား။ ကျုပ်မိန်းမ မသီက မီးရထားအလုပ်သမားတန်းလျားမှာ နေရတဲ့ ကျုပ်တို့အိမ်လေးမှာပဲ အဖီလေးထိုးပြီး လက်ဖက်ရည်ဆိုင် ဖွင့်ထား တယ်။ သမီးတွေက ကျောင်းအားချိန်တွေမှာ သူတို့အမေဆိုင်ကို လက်ချ ညီညီနဲ့ ဝိုင်းကူကြတယ်။ သူ့ဝင်ငွေနဲ့သူ မပိုလျှံပေမယ့် အကြွေးကင်းတယ်။ သမီးတွေကို ကျောင်းထားနိုင်တယ်။ သမီးတွေကလည်း စကားနားထောင် ကြတော့ စိတ်ချမ်းသာရတယ်။ ကျုပ်တစ်သက် သမီးတွေကို ရိုက်နှက်ဆုံးမဖို့ မဆိုထားနဲ့၊ အသံမာမာနဲ့တောင် အော်ငေါက်ဖူးဘူး။

တစ်ခုတော့ရှိရဲ့။ တက္ကသိုလ် ဒုတိယနှစ်တက်နေတဲ့ အေးရီဝင်း ဆိုတဲ့ နို့ညှာမကတော့ နည်းနည်းဆန်းတယ်။ သည်ကောင်မလေးက သမီး တွေထဲမှာ ရုပ်ရည်အပြေပြစ်ဆုံး။ ပြီးတော့ သီချင်းဆိုဝါသနာပါလိုက်တာ လည်း လွန်ရော။ ကျုပ်တို့အရပ်မှာလုပ်တဲ့ ကထိန်ပွဲတို့၊ သင်္ကြန်ပွဲတို့ဆိုရင် အေးရီဝင်းက အဆိုတော်ပေါ့။ သည်လောက်ဝါသနာကြီးရတဲ့အထဲ သူ့အမ ဝမ်းကွဲ ကျုပ်တူမ ခင်ကြည်ထွေးက မြှောက်ပင့်ပေးတော့ ပိုဆိုးတာပေါ့။ ခင်ကြည်ထွေးက မဂ္ဂဇင်းတွေမှာ စာတိုပေစလေးတွေလည်း ရေးတယ်။ ဟိုစပ်စပ်သည်စပ်စပ်လည်း ပါတတ်ရဲ့။ ကျုပ်ကတော့ ကျုပ်တူမကို ငထွေး လို့ခေါ်တယ်။ ငထွေးက ယောကျ်ားလေးတစ်ယောက်လို အားလည်းကိုးရ တယ်။

ငထွေးက ပြောတယ်။ သူ့ညီမလေး အေးရီဝင်းရဲ့အသံက အဆို တော် ကော်နီရဲ့အသံထက်တောင် ချောသေးသတဲ့။ သက်သက်မြှောက်တာ။ သည်တော့ အေးရီဝင်းက ရောဂါမတက် ခံနိုင်ရိုးလား။ ဒါပေမယ့် ကျုပ်သမီး အကြောင်း ကျုပ် ကောင်းကောင်းသိတယ်။ အနုပညာဝါသနာကြီးတာက လွဲလို့ လောကအကြောင်း ဘာမှနားမလည်ရှာသေးတာ မဟုတ်ဘူး။

ကျုပ်သမီးမှ မဟုတ်ပါဘူး။ ကျုပ်သူငယ်ချင်း သိန်းမောင်ကြီးရဲ့

သမီးလေး 'ကြီးမ'လေးလည်း ဒီအတိုင်းပဲ။ လောကအကြောင်း နားမလည် ပါးမလည်နဲ့ ရေတိမ်နစ်ရှာတယ်။

သည်အကြောင်း ပြန်တွေးမိတိုင်း နာလှပါရဲ့။

* * *

သိန်းမောင်ကြီးက ကျုပ်လိုပဲ မီးရထားစက်ရုံက အလုပ်သမား၊ ပြီးတော့ သူက ကလေးငါးယောက်အဖေ၊ မုဆိုးဖို။ သိန်းမောင်မိန်းမဆုံးခဲ့တာ ငါးနှစ်လောက်ရှိရောမယ်။ ကြီးမက သမီးအကြီးဆုံးဆိုတော့ မိသားစု စားရေးသောက်ရေး ကိစ္စမှန်သမျှ သူ့တာဝန်ချည်းပဲ။ အရွယ်နဲ့မမျှ လုပ်ရ ရှာတယ်။ သည်ကြားထဲ သိန်းမောင်က အလုပ်မှန်မှန် မဆင်းနိုင်ဘူး။ ကျန်းမာရေးမကောင်းတော့ ဆေးရုံနဲ့အိမ် ကူးချည်သန်းချည်၊ သည်တော့ လခလေးက ဘယ်မှာလာပြီး အပြည့်အဝပါလာတော့မလဲ။ မိသားစု ထမင်း လုတ်အတွက် ကြီးမတစ်ယောက် ရှာရဖွေရရော။

အစကတော့ ကျုပ်တို့ အရပ်ထွက်သီးနှံတွေ ဖောက်သည်ယူပြီး တရုတ်တန်းဈေးလိုက်ရောင်းတယ်ဆိုပြီး သွားလာနေတာ တွေ့ရတယ်။

နောက်တော့ မန္တလေးက မုန့်တိုက်တစ်ခုမှာ မုန့်ထုပ်ထုပ်တဲ့အလုပ် ရသလိုလို ပြောသံကြားရဲ့။ အလုပ်မှာ အဆင်ပြေလို့နဲ့ တူတယ်။ သပ်သပ် ရပ်ရပ် ဝတ်စားသွားလာနေတာ တွေ့ရတယ်။ မှတ်မှတ်ရရ တစ်ကြိမ်တော့ ကျုပ်တို့ အရပ်သား ခင်မောင်ရင်ဆိုတဲ့ ခပ်လည်လည်ကောင်ရဲ့ ဆိုင်ကယ် နောက်မှာ ထိုင်လိုက်သွားတာ တွေ့မိရဲ့။

တစ်ခါတစ်ရံ အလုပ်ကိစ္စနဲ့ မန္တလေးသွားရတဲ့အခါ လမ်းပေါ်မှာ ကားစောင့်နေတဲ့ ကြီးမကိုတွေ့ရင် ကျုပ်လည်း ကျုပ်ကားနဲ့ တင်ခေါ်ခဲ့တာ ပါပဲ။ သူ့အလုပ်က မန္တလေးအဝင် လူချမ်းသာတွေနေတဲ့ နာမည်ကြီး ရပ်ကွက်သစ်နားမှာ ရှိလို့နဲ့တူပါရဲ့။ မြို့အဝင်သံလမ်းဆိုရင် သူဆင်းသွား လေ့ရှိတယ်။

တပို့တွဲလရဲ့ နေ့တစ်နေ့မှာပေါ့။ ဆောင်းတွင်းမှာ ချွေးသီးချွေး ပေါက်ကျတဲ့အထိ ခံစားထိခိုက်ခဲ့ရတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်ပြီး ကြီးပွားနေတဲ့ ကျုပ်သူငယ်ချင်းတစ်ယောက်က ကျေးချင်မွေးချင်လှချည်ရဲ့

ဆိုပြီး ခေါ်လို့ အတူလိုက်သွားရာက စတာပါပဲ။ အဆင့်အတန်းမြင့်လှတဲ့ အဲဒီစားပွဲရှုံရဲ့ အမည်နဲ့ နေရာကို မပြောတော့ပါဘူး။

ကျုပ်ထိုင်နေတဲ့နေရာရဲ့ ဟိုဘက်စားပွဲမှာ ကြီးမကို အံ့အားသင့်စွာ လှမ်းမြင်လိုက်ရတယ်။ ရှိုးတောင့်တောင့် ထိပ်ပြောင်ပြောင် လူတစ်ယောက် ထိုင်လို့ အာလူးကြော်ခွဲကျွေးနေလေရဲ့။ ရိသဲ့သဲ့ ပြည်တည်တည် အသံတွေနဲ့ အတူ ဘောက်ဆူးချ ဈေးခေါ်သံတွေလည်း ကြားရရဲ့။ ကျုပ်မျက်လုံး မမှားဘူး၊ အကြိမ်ကြိမ်ပွတ်သပ်ပြီး ကြည့်မိတယ်။ ကျုပ်လည်ချောင်းထဲမှာ စားခါစ ခေါက်ဆွဲကြော်တစ်မျှင်နှစ်မျှင်က နင်လိုက်တာလေ။

ဟိုဘက်စားပွဲကို ကြည့်ပြီး မျက်ပြူးဆန်ပြာဖြစ်နေတဲ့ ကျုပ်အမူ အရာကို သူငယ်ချင်းက သတိထားမိတယ်။ စားပွဲထိုးလေးပါကွာတဲ့။ ကောင်မလေးကို စိတ်ဝင်စားသလား။ ငါခေါ်ပေးမယ်လေတဲ့။ ပြောပြော ဆိုဆို သမီးရေ…အန်ကယ်တို့ဘက်လည်း ဂရုစိုက်ပါဦးတဲ့၊ လှမ်းခေါ်တယ်။ ခဏနေတော့ ကြီးမ ကျုပ်တို့စားပွဲဘက် ကူးလာတယ်။ အလို မြတ်စွာ ဘုရား။ ကျုပ်ရင်တွေတုန်လိုက်တာ။

'အ' လိုက်တဲ့ ကြီးမ။ ကျုပ်အနားရောက်ခါမှ ကျုပ်ကိုမြင်ပြီး ပါးစပ်အဟောင်းသားနဲ့ ငိုင်ကျသွားတယ်။ မသိတဲ့သူတွေလို ခပ်တည်တည် နေလိုက်ပါတယ်။

"ဘကြီးက သမီးကို ခေါက်ဆွဲကြော် ကျွေးချင်လို့ပါ။ ဒီမှာထိုင် အေးအေးဆေးဆေး စားပါ။"

ကြီးမ ဘာမှမပြောနိုင်ဘူး။ ခေါင်းငုံ့ပြီး ခေါက်ဆွဲတွေ တစ်ဇွန်းပြီး တစ်ဇွန်း ပါးစပ်ထဲထည့်တယ်။ ပြီးတော့ ဝါးစားဖို့ သတိမရတော့ဘဲ ဇွတ် အတင်း မျိုချနေလေရဲ့။ သူ့ခင်မျာ ခေါက်ဆွဲတွေနဲ့အတူ သူ့ရဲ့အရှက် အကြောက်တရားတွေကိုပါ မျိုချနေရရှာတာပါ။ အနက်ရောင်ချယ်သထားတဲ့ သူ့မျက်ဝန်းမှာ မျက်ရည်တွေနဲ့စိုစွတ်နေတာ ကျုပ်မြင်နေရတယ်။ ခုချိန်မှာ တော့ မငိုမိအောင် ထိန်းထားလိုက်ပါဦး သမီးရယ်လို့ ရင်ထဲက ပြောမိတယ်။ ယောက်ျားတန်မဲ့ မျက်ရည်မကျပေမယ့် အသည်းထဲမှာ ကျဉ်နေအောင် ခံစားနာကျင်နေမိတယ်။

အိမ်ပြန်ရောက်တဲ့အထိ တနုံ့နုံ့ စိတ်မကောင်းဖြစ်လို့နေတယ်။ သည်အကြောင်း သမီးတွေလည်း မပြောဘူး။ မသီကိုလည်း မပြောဘူး။ မနေနိုင်တာနဲ့ စပ်စပ်စုစုရှိလှတဲ့ ကျုပ်တူမ ငထွေးကိုတော့ ခေါ်မေးမိ၊ ပြောမိတယ်။ ငထွေးက ကျုပ်ပြောသမျှ အထူးအဆန်းမဟုတ်တော့သလို ခပ်အေးအေး နားထောင်တယ်။

"ဦးလေး ခုမှသိသလား၊ ဒီကိစ္စမှာ ကြီးမ မှားပါဘူး ဦးလေးရာ။ ကာလပေါ်က သရုပ်မှန်ပုံပြင်တစ်ပုဒ်လို့ သဘောထားတာပေါ့။ ဒါပေမယ့် ဒီလိုရုပ်ပျက်ဆင်းပျက် ဇာတ်ထုပ်ပေါင်းများစွာကို ဒေါသဖြစ်စေတဲ့ ဒေါသ ဖြစ်ရမယ့်လူတွေ ရှိတယ်။ စက်ရုံထဲကထွက်သွားတဲ့ ခင်မောင်ရင်ဆိုတဲ့သူကို ဦးလေး သိတယ်ဟုတ်လား။ သူက ကြီးမတို့လို ရိုးရိုးအအနဲ့ ငွေတွင်းနက်နေ ရှာတဲ့ ကလေးမလေးတွေကို ရှာဖွေစုဆောင်းပေးနေတဲ့ လူပွဲစားလေ"

ငထွေကို ငေးကြည့်နေမိတယ်။ ငထွေးက အောက်နှုတ်ခမ်းကို သွားနဲ့ တစ်ချက်ဖိကိုက်လိုက်တယ်။

ငထွေးက ခြောက်ကပ်ကပ် ရယ်ရင်း ထွက်သွားတယ်။ ကျုပ် ဘာထပ်ပြောရမလဲ။ ငေးနေမိတယ်။ ကျုပ် ဘာမှထပ်ပြောဖို့ မကောင်း တော့ဘူး။

* * *

ပြောရရင် ခံပြင်းစရာ ကောင်းတယ်။ တစ်နေ့မှာတော့ ခင်မောင်ရင် ဆိုတဲ့ကောင်နဲ့အတူ လူတစ်ယောက်၊ ကျုပ် လက်ဖက်ရည်ဆိုင်ထဲကို ယာမဟာဆိုင်ကယ်ကြီး အခန့်သားစီးလို့ ရောက်လာတယ်။ အချိန်က မနက် ဆယ်နာရီလောက်ဆိုတော့ ဆိုင်ထဲမှာ လူရှင်းနေတယ်။ အဲဒီနေ့က ငထွေး လည်း သူ့အတွက် စာအုပ်စင်လေးရိုက်ချင်လို့ဆိုပြီး သစ်သားချောင်းတွေ တပွေ့ကြီးနဲ့ ရောက်လာတယ်။ မသီက ဆေးပေါ့လိပ် သောက်လို့။ အငယ် ဆုံးမ နို့ညှာမ အေးရီဝင်းက ငွေကောင်တာမှာ ထိုင်လို့။

ပထမတော့ ဒီကောင်တွေ ကျုပ်ဆိုင်ကို လက်ဖက်ရည်လာ သောက်ကြတာပဲ ထင်တာ။ ဒါပေမယ့် မဟုတ်ဘူး။ ကိုယ်တော်ချောတွေက ကျုပ်နဲ့တွေ့ချင်လို့ဆိုပြီး ကျုပ်ရှေ့ လာထိုင်တယ်။ ပြောပါ ဘာကိစ္စလဲပေါ့။

ကျုပ်မှာ လူမှုရေးမည့်ပါဘူး။ လက်ဖက်ရည်နဲ့တောင်မှ ဧည့်ခံလိုက်သေးရဲ့။ ခင်မောင်ရင်က ပြောတယ်။

ဦးလေးသမီး အေးရီဝင်းလေး သီချင်းဆိုကောင်းတာ ကျွန်တော် သိထားတယ်လေတဲ့။ ကိုယ့်အရပ်သားချင်းဆိုတော့ သူ့ဝါသနာလေး မြေတောင်မြှောက်ပေးချင်ပါသတဲ့ ဦးလေးတို့လည်း စီးပွားရေးအဆင်ပြေ သွားစေချင်သတဲ့။ ကျွန်တော်နဲ့အတူပါလာတဲ့ ကိုကျော်ကျော်လွင်ရဲ့ တည်းခိုခန်းက ကာရာအိုကေသီချင်းကပွဲမှာ ဦးလေးသမီးကို အဆိုတော် ခန့်ချင်လို့ ပါတဲ့။

''ဟာ…မဖြစ်ပါဘူး။ ငါ့သမီးကို မခိုင်းပါဘူး''

ကျုပ်ချက်ချင်း ပြန်ပြောလိုက်တယ်။ ကျုပ်မျက်နှာ တင်းခနဲ ဖြစ်သွားပြီ။ ကျုပ်တူမ ငထွေးကတော့ သစ်သားချောင်းတွေဘေးမှာ ထိုင်ရင်း မျက်မှောင်ကုပ်ပြီး လှမ်းကြည့်တယ်။ ကျုပ်သမီး အေးရီဝင်းကတော့ မျှော်လင့်ချက်တစ်ခုကို လှစ်ခနဲ တွေ့လိုက်ရသလို သူ့ရဲ့မျက်လုံးရွဲကြီးတွေနဲ့ ကျုပ်ကို တောင်းပန်သလိုကြည့်ကာ သတိထားမိတယ်။ ခင်မောင်ဆိုတဲ့ အကောင်က တက်တက်ကြွကြွ ထပ်ပြောနေပြန်ပြီ။

လခချည်း နှစ်ထောင်နဲ့ စပေးမှာပါတဲ့။ ပွဲကြည့်ပရိသတ်က သဘောကျလို့ ဘောက်ဆူးချရင်လည်း ငါးဆယ်ရာခိုင်နှုန်း ခံစားခွင့်ပြုမှာ ပါတဲ့။ သူ အောင်မြင်ရင် အောင်မြင်သလို တိုးပေးပါမယ်တဲ့။

''ငါ့တူတို့.. ဦးလေးဧည့်ခံတဲ့ လက်ဖက်ရည်ကိုသောက်ပြီး ပြန်ကြရင် ကောင်းမယ်ကွာ။ ငါ့သမီးကို လုံးဝမခိုင်းဘူး။ ဦးလေး ဒါပဲ ပြောမယ်''

ကျုပ် စိတ်တိုလာပြီ။ သစ်သားပုံနားထိုင်နေတဲ့ ငထွေးတစ်ယောက် နှစ်တစ်လက်မ အသားတစ်ချောင်းကိုင်ပြီး ကျုပ်နား လာရပ်တယ်။

''ဦးလေးက သမီးကို စိတ်မချလို့နဲ့တူတယ်။ ဒီခေတ်မှာ ဒီအလုပ်မျိုးလုပ်ကိုင်နေကြတဲ့ မိကောင်းဖခင် သားသမီးတွေ အများကြီးပါ။ ပြီးတော့ ကျွန်တော်တို့လည်း ရှိနေတာပဲ စိတ်ချပါ''

''ဟေ့ကောင်တွေ။ မင်းတို့ ခုချက်ချင်း ထွက်သွားကြ။ ကြာရင် ကျွဲကြီးလက်သီးစာ မိတော့မယ်''

ကျုပ် ဝုန်းကနဲ ထရပ်လိုက်တယ်။ ငနဲနှစ်ကောင် ကုပ်ထနဲ့ လစ်ပြေးလိုက်ကြတာများ စက်ကုန်ဖွင့်ပြီး မောင်းထွက်သွားတဲ့ ဆိုင်ကယ်သံ ဝေးလွင့်သွားမှ ကုလားထိုင်ပေါ် ပြန်ထိုင်မိတယ်။ ငထွေးက သစ်သား ချောင်းကို စားပွဲပေါ်ပစ်ချရင်း နဖူးက ချွေးတွေ လက်နဲ့ သပ်ချနေလေရဲ့။ အေးရီဝင်း ငိုနေတယ်။

ခုချိန်ထိ နားမလည်ရှာသေးတဲ့ မသီကတော့ ကျုပ်ကို အလကား နေရင်း ဒေါသကြီးနေတာတဲ့။ ကောင်းကောင်းမွန်မွန် ပြောလွှတ်လိုက်ရင် လည်း ဖြစ်ရဲ့သားနဲ့။ ညှို့သည်တွေကို အားနာဖို့ ကောင်းလိုက်တာလေ။ ရိုးပါ့ မသီရာ၊ ကျုပ်စိတ်ထဲ ရေရွတ်မိတယ်။ သူ့အမေက ပြောခါမှ အေးရီဝင်းက သံယောင်လိုက်ပြီး ပြောတယ်။

"ဟုတ်သားပဲ၊ အဖေကလည်း မန္တလေးမှာ ခေတ်မီနေပြီ အဖေရဲ့။ သမီး အဲဒီအလုပ်ကို လုပ်ကြည့်ချင်တယ် အဖေ"

မြတ်စွာဘုရား‥ ခေါက်ဆွဲတွေ အတင်းမျိုချနေတဲ့ ကြီးမလေးကို ကျုပ် ဖြတ်ခနဲ သတိရသွားတယ်။ ကျုပ်မျက်စိအစုံမှာတော့ မီးဟုန်းဟုန်း တောက်နေသလိုပဲ။

"အရှူးမ။ နင် ဂီတရှူးထချင်တာကလွဲပြီး ဘာမှမသိဘူး။ ကဲ-ရှူးချင်ဦးဟာ"

စားပွဲပေါ်ချထားတဲ့ ငထွေးရဲ့ သစ်သားချောင်းနဲ့ တစ်ချက် ရိုက်ချ လိုက်မိတယ်။ ကျုပ်သမီးရဲ့ခေါင်းမှာ သွေးချင်းချင်းနီလို့။ ငထွေးနဲ့ မသီက ကျုပ်ကို ဝိုင်းဆွဲကြတယ်။

မိုက်လိုက်တဲ့ သမီးလေး။ သွေးစက်တွေကြားက ကျုပ်ကို ပြော ဖြစ်အောင် ပြောလိုက်သေးတယ်။

"သမီး အရူးထပြီး ပြောတာ မဟုတ်ပါဘူး အဖေ။ ရှေ့လဆိုရင် အဖေက ပင်စင်ယူတော့မှာ မိသားစုအတွက် ငွေလိုတယ် အဖေ"

ညီမလေးရယ်တဲ့။ ငထွေး ဆို့ဆို့နင့်နင့်ပြောရင်း သူ့ညီမ သူဖက်ပြီး မျက်ရည်လည်နေတယ်။ မသီဆိုတာကတော့ တက်မတတ် ချက်မတတ် ငိုပါရော။

ကဲ…ဘာလုပ်ရမလဲ။ ကျုပ်သမီး ကျေနပ်အောင် ကျုပ် ဘာပြန်ပြောရမလဲ။

တစ်လကြာလောက်ကြာသွားပြီး ကျုပ်သမီး ခေါင်းပေါ်မှာ ကျန်ရစ်မယ့် အမာရွတ်ကလေးကိုတော့ မကြည့်ရက်လို့ သည်နေ့အထိ မကြည့်ဖြစ်ဘူး။ ဒါပေမယ့် ကျုပ်တို့အရပ်ထဲမှာ ဆိုင်ကယ်တစ်လှည့်၊ ကားနဲ့တစ်ခါ သွားလာကြီးပွားနေတဲ့ ခင်မောင်ရင်ကို မြင်တွေ့နေရတယ်။ တစ်နေ့တော့ ကျုပ်နဲ့ ငထွေး တူဝရီးနှစ်ယောက် ဆိုင်ရှေ့မှာ ထိုင်နေတုန်း အဖြူရောင်ကားတစ်စီးပေါ်မှာ အေးရိုင်းအရွယ် ကောင်မလေးတစ်ယောက်ကို တင်လို့။ ဟိုလူတွေနဲ့ ကားပေါ်မှာ စွင့်နေအောင်လိုက်သွားတဲ့ ခင်မောင်ရင်ကို မြင်လိုက်ရတယ်။ ငထွေးကတော့ ငယ်ရွယ်သူမဟုတ်လား။

ထို့…။ ရွံလိုက်တာတဲ့။ ပျစ်ပျစ်နှစ်နှစ် ဆဲတယ်။ ကျုပ်ရင်ထဲ ပြောချင်နေတဲ့ စကားတစ်ခွန်း ငထွေးကို ပြောလိုက်မိတယ်။

"ရွံစရာကောင်းတာကတော့ ခင်မောင်ရင်လိုလူတွေ မဟုတ်ဘူး။ ဟိုလူတွေချည်းလည်း မဟုတ်သေးဘူး။ သူတို့ထက်ကြောက်စရာကောင်းတဲ့ အသားထဲကလောက်တွေ ရှိသေးတယ်။ ငထွေး နင်တွေးတတ်ရင် သိမယ်"

ကျုပ် ဒါပဲ ပြောလိုက်တယ်။ ငထွေး မကျေမနပ်နဲ့ မဲ့ပြတယ်။ ကျုပ်တူမ ငထွေးပဲ။ သိတာပေါ့။ ငထွေးမှ မဟုတ်ပါဘူးလေ။ တွေးတတ်တဲ့သူအားလုံး သိနေကြမှာပါ။

ကျုပ်ပြောချင်နေတာလည်း ဒါပါပဲ။ ကိုယ့်အကြောင်းကိုယ် မရှက်မကြောက် ပြောလိုက်ရပေမယ့် ကျုပ်မှာ ရည်ရွယ်တစ်ခု စေတနာတစ်ခုနဲ့ ဆိုတာလည်း အားလုံးသိနေကြတယ် မဟုတ်လား။

မဝင့်(မြစ်ငယ်)

**ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း** (အမှတ် ၅၉၊ စက်တင်ဘာလ၊ ၁၉၉၄ ခုနှစ်)

## အေးမြချမ်းသာ

**ယဉ်ယဉ်နု (မန္တလေး)**

''အံမယ်လေး စိတ်ရှုပ်လိုက်တာ မပြောပါနဲ့တော့။ လူတွေက သိန်းတစ်ထောင် အမွေရတာပဲမြင်ပြီး ငါ့ကို ကံကောင်းတယ် ပြောနေကြတာ တကယ်တမ်းက အုတ်ဈေး၊ အိမ်ဆောက်ပစ္စည်းဈေးတွေ တက်နေတာကို သတိမထားမိဘဲ ပန်းရန်တွေ၊ လက်သမားတွေ၊ အင်ဂျင်နီယာတွေ၊ ပိုက်ဆံ လိုချင်နေတာကိုမသိဘဲ၊ သူတို့ကိုအလိုလိုက်ပြီး ဆောက်မိတာ၊ လုံးလုံးကြီးကို မှားတာပဲ။ အခု သိန်းသုံးရာငါးဆယ် ကျော်သွားပြီ၊ သိန်းသုံးရာနဲ့ ဒီတိုက်ပြီး မယ်ဆိုပြီး အခုထိ မပြီးဘူး၊ ငါစိတ်ရှုပ်လှပြီ။ ငါ့အမ အဝေးပြေးကားလုပ်ငန်း ထဲ သိန်းသုံးရာရှယ်ယာဝင်ထားတာလည်း တစ်လကို ခြောက်သိန်းပဲပေး တယ်။ နှစ်ကျပ်တိုးပဲ ရတယ်။ ကောင်းကြသေးရဲ့လား။ ကားတွေကလည်း ဈေးမြောက်လိုက်တာ၊ အိမ်စီးကားလေးတစ်စီး ဝယ်ချင်တာတောင် စားစရာ မရှိမှာစိုးလို့ မဝယ်ရဲတဲ့ဘဝ။ အရပ်ထဲကလူတွေက တွေ့တိုင်း၊ မမေသူ သိန်းတစ်ထောင် အမွေရတယ်ဆို၊ ဘယ်နဲ့ ကားတစ်စီးတောင် မစီးနိုင်ပါလား ဆိုရင် ငါရှက်တာနဲ့ သေတော့မယ်။ အခု စားစရာကိုမရှိဘူး''

တောက်လျှောက် ညည်းချင်းအရှည်ကြီးပြောသွားသော မေသူကို မဌေးဖြင့် မေပူလို့သာ အမည်ပေးလိုက်ချင်တော့သည်။ အမွေမရခင်က မေသူမှာ ဆံပင်အဖွာအကောက်နှင့် ပါတိတ်ဝမ်းဆက်နှင့်၊ သူငယ်ချင်းတွေကြားတွင် တင့်တယ်လှပသူဖြစ်သည်။ မဌေးတို့အိမ်ထောင်သည် ကျောင်းနေဘက်သူငယ်ချင်းတွေ လေးဆယ်ကျော်တန်းတွင် ပြောစမတ်ပြုရအောင် လှပဆဲဖြစ်သည်။ အခုတော့ ဆံပင်စုတ်ဖွား မျက်နှာအဆီပြန်နှင့် နထင်နရင်းတွေလည်း ချောင်လို့၊ မျက်တွင်းဟောက်ပက်နှင့် အတော်စိတ်ဆင်းရဲနေပုံပေါ်နေသည်။ မဌေးကိုယ့်ဟာကိုယ် ရယ်ချင်လာသည်။ သိန်းတစ်ထောင်ရလို့ မေသူတော့ ခုန်ပေါက်နေအောင် ပျော်မှာပဲလို့ မဌေး ထင်ခဲ့သည်။ အခုတော့ လက်တွေ့နှင့် အထင် တခြားစီပါလား။

"ငါလေ အမွေမရရင် ကောင်းမှာ သိလား"

"ဟဲ့-ကြားသားမိုးကြိုးပဟယ်၊ သူများတွေကြားရင် ရယ်နေပါ့မယ်"

"မဌေး ငါအဟုတ်ပြောတာ အမွေမခွဲခင် အမွေဆိုင်အိမ်ကြီးပေါ်မှာ မောင်နှစ်မတွေ စုစုဝေးဝေးနေတယ်။ ငါ့ယောက်ျားကလည်း ယောက်ဖတွေ ခယ်မတွေနဲ့ တည့်တယ်။ ဘာပြဿနာမှမရှိဘူး။ နေမကောင်းရင် မောင်နှမတွေ ဝိုင်းဝိုင်းလည်လို့ အခု သိန်းတစ်ထောင်ရတာသာသိတာ၊ ငါ့မှာ တစ်ယောက်တည်း ငါတင်မဟုတ်ဘူး။ သူတို့လည်း ညည်းလိုက်ကြတာ ချူသံပါလို့"

"ငါက နင် ပျော်နေမယ်မှတ်တာ"

"အောင်မယ်လေး မပျော်ဘူး"

မဌေး သက်ပြင်းတစ်ချက်သာ ချမိသည်။ လူတကာပြောကြသည့် ငွေဆိုတာ ဒုတိယဘုရားသခင်ဆိုသည့် အဆိုအမိန့်သည် မေသူအတွက် ဘယ်မှာမှန်လို့လဲ။ သက်ပြင်းတစ်ချက် ထပ်ချမိပြန်သည်။ မဌေးက အင်ဂျင်နီယာဘွဲ့ရထားတဲ့သမီး စင်ကာပူမှာ အလုပ်သွားလုပ်မှာမို့ လိုအပ်သည့် ငွေကြေးပမာဏက လုံလောက်ပေမယ့် လိုသုံးလိုမယ် လေးငါးဆယ်သိန်း အပိုကိုင်ထားချင်လို့ ငွေလှည့်ရန် သူငယ်ချင်းမေသူဆီ လာခဲ့ခြင်းဖြစ်သည်။ ဒီရောက်တော့ စားစရာတောင်မရှိဘူး ညည်းနေသည်။ သိန်း

တစ်ထောင်ရှင်ကို သူကတောင် ထမင်းချက်ကျွေးရမည့်ပုံစံမျိုး။ ဘာမှ မတတ်နိုင်ဘဲ မငွေး အိမ်ပြန်လာခဲ့ရသည်။ အိမ်ကိုပြန်ရောက်တော့ လိပ်ပြာမ လေးတစ်ကောင်လို တောင်ပံခတ်၍ ပျံတော့မတတ် မြူးကြွသွက်လက်နေ သည့် သမီးဖြစ်သူကို အလိုလို ကြည့်မရဖြစ်လာသည်။

''သမီးလေးတစ်ယောက် ရှိပါတယ်။ လူတကာ နိုင်ငံခြား နိုင်ငံ ခြား အော်နေတာနဲ့ အဖေနဲ့အမေနဲ့က သိန်းငါးဆယ်လောက် အကုန်ခံပြီး ကြိုးစားပေးရတယ်။ သွားတော့မယ်ဆိုတော့ အမေ ခံစားရတယ်'' သမီးက အမေကြည့်ပြီး၊ ''အမေတို့ပဲ အချိန်ရှိခိုက် လုံ့လစိုက်ဆို၊ မိုးရွာတုန်း ရေခံဆို၊ အမေ ခုလို မျက်စိမျက်နှာပျက်နေရင် သမီးဖြင့် နိုင်ငံခြားသွားဖို့တောင် မကြိုးစားဘူး''

''ဒါတောင် ပေါ··သမီးအဖေကြည့်၊ တစ်သက်လုံး အရာရှိလုပ် လာတာ ဘာများ စုမိဆောင်းမိသလဲ။ အစိုးရတိုက်ခန်းက အပိုင်မဟုတ်ဘူး။ ပင်စင်ယူရင် ဖယ်ပေးရမှာ။ သူများတွေ မိုက်ကရိုဝေ့ဖ်မီးဖိုတွေနဲ့ ဂတ်တ်စ်အိုး နဲ့။ အမေမှာ မီးသွေးမီးဖို ချွေးတလုံးလုံးနဲ့ အခုထိမွေးရတုန်း။ ကိုယ်ပိုင်ခြံ ကလေးနဲ့ နေချင်တယ်။ ကိုယ်ပိုင်ကား စီးချင်တယ်။ အဲဒီတော့ သမီးလေးကို လွှတ်ရတော့တာပေါ့။ ရင်အနာခံပြီး မျက်စိစုံမှိတ် ကြိုးစားရတော့တာအေ''

သမီးလုပ်သူက အမေအသံတုန်လာတော့ သူလည်း မျက်နှာ မကောင်း။ အလိုလောဘမရှိပါဘူးလို့ ဘယ်လိုပဲပြောပြော မငွေး လူတန်းစေ့ တော့ နေချင်သည်။ ဒါကြောင့် သမီး နိုင်ငံခြားသွားဖို့အရေး အတင်းအဓမ္မ လှုပ်ရှားရုံးကန်ခဲ့ရသည့်ရက်တွေကို ပြန်မြင်ယောင်လာသည်။ အဲဒီတုန်းက မောလိုက်တာ မပြောပါနဲ့တော့။ ငွေကြေးလုံလောက်ဖို့ အတိုးနှင့် ချေးငှား ပေးပြီးတော့လည်း လူလိမ်မိမည်စိုး၍ ရင်တထိတ်ထိတ်ခုန်ခဲ့ရသောရက်များ။ နောက်ဆုံး အလုပ်ခန့်စာရတော့ လက်မှတ်ဗီဇာ၊ ပတ်စပို့၊ ရန်ကုန်ကို အခေါက်ခေါက်ဆင်း။ မောလိုက်တာ။

''သမီးလေး ဟိုရောက်ရင် လိမ်လိမ်မာမာနေနော်။ ဆံပင်အရှည် ကြီးမထားနဲ့။ သမီးဆံပင်က အရှည်မြန်တယ်'' ရှေ့မှ စင်ကာပူသွားထား သော အင်ဂျင်နီယာမလေးတစ်ယောက်က ဆံပင်အရှည်ကြီးနဲ့ဆိုပဲ။ သွားရင်

လာရင် စကတ်ဝတ်ပေမယ့် ဒီဆံပင်အရှည်ကို အမြင်ထူးဆန်းနေသည့် ဟိုနိုင်ငံသားတွေက တမင်တကာလိုက်ကြည့်ကြ၍ ကောင်မလေးမှာ စိတ်အနှောင့်အယှက်ဖြစ်ကာ အခက်အခဲဖြစ်လာ၍ ဆံပင်ဖြတ်ပစ်လိုက်ရသတဲ့။ မဌေးမှာ ကြားဖူးနားဝနှင့် ဟိုနိုင်ငံမှာ သမီး လူကြည့်ခံရမှာ တိုထွာနေပြန်သည်။ တကယ်တော့ သဘာဝမကျလှပေ။ လေယာဉ်ပျံထွက်သွားပြီဆိုကတည်းက ကိုယ့်သမီးကို ရင်ခွင်ထဲထည့် မျက်စိအောက်ထားချင်လို့ မရတော့။ စားရေး၊ အိပ်ရေး၊ ဝတ်ရေး၊ နေရေး၊ အလုံးစုံက မျက်ကွယ်မှာဖြစ်သွားပြီ။ သမီးလိမ္မာပါမှ မဌေး စိတ်အေးရမှာ။ တွေးတွေးရင်း ရင်ထဲတင်းကြပ်လာ၍ မျက်စိစုံမှိတ်ပြီး နားနေတုန်း သမီးက သူ့လက်နှစ်ဖက်နှင့်အမေလက်တွေကို အုပ်ကိုင်လိုက်လို့၊ မျက်စိဖွင့်ကြည့်မိတော့ သမီးက မဌေးကို စူးစူးစမ်းစမ်း စိုက်ကြည့်နေသည်။ ပြီးတော့ ပြုံးသည်။

"သမီး ပထမဆုံးရတဲ့လခကို အမေ အကြွေးဆပ်မပြစ်နဲ့ဦးနော်၊ အလှူလုပ်လိုက်ဦး"

"အေးပါတော်၊ အေးပါတော်၊ သမီးလခနဲ့ အမေကောင်းကောင်းကို လှူလိုက်ဦးမယ်"

"ထင်းရှူးဆီ ယူဦးမလား အန်တီ"

"အေး ယူဦးမယ်။ ထင်းရှူးဆီကုန်နေပြီ လာဦး" သမီးအခန်းထဲဝင်သွားတုန်း မဌေးက ထင်းရှူးဆီဝယ်ဖို့ အိမ်ပေါက်ဝကို ထွက်လာခဲ့သည်။ ဆယ့်သုံးနှစ်လောက်ရှိသည့် ထင်းရှူးဆီသည်ကောင်လေးက BMX စက်ဘီးဟောင်းလေးကို ဒေါက်ထောက်ပြီး ထင်းရှူးဆီတောင်းလေးမ၍ အိမ်ထဲဝင်လာသည်။

"အန်တီ ခါတိုင်းလို တစ်ထောင်ဖိုးပဲ ယူမှာမဟုတ်လား"

"အေး..အေး" မဌေးက ထင်းရှူးဆီ အစည်းသေးလေးတွေ စုစည်းထားသည့် တစ်ရာတန်လက်ဆုပ်စည်း ဆယ်စည်းရွေးတော့ ကောင်လေးက "အန်တီ အဲဒါ ငါးရာဖိုးပဲယူ၊ ဒီအတုံးကြီးက ကြီးလည်းကြီးတယ်၊ အဆီလဲပိုများတယ်။ ဒါယူ အန်တီ"

"ဟဲ့ ငါက မခုတ်နိုင်ဘူးဟဲ့"

"ကျွန်တော် ခုတ်ပေးခဲ့မယ် အန်တီ"

" သြော် အေး အေး " မဌေးချပေးသည့် စဉ့်နီတုံးနှင့် ဓားနဲ့ ကောင်လေးက ထင်းရှူးတုံးကို ကျွမ်းကျွမ်းကျင်ကျင် ခုတ်နေစဉ် မဌေးက ကောင်လေးကို ငေးကြည့်နေမိသည်။ ဆံမရှိသည့် ဆံပင်နီကြောင်ကြောင် ကလေးနှင့် လေဘောစပို့ရှပ်ဖားဖားကြီးနှင့် ကောင်ကလေးသည် မဌေးတို့ ဒီရပ်ကွက်ရောက်ခါစက သမီး ဇူတန်းကျောင်းသူဘဝတုန်းကတည်းက ထင်းရှူးဆီရောင်းခဲ့တာပါ။ ငါးနှစ်သားကလေးသာဖြစ်သည်။ သူနှင့် ဆက်ဆံတာ ရှစ်နှစ်လောက်ရှိပြီ။ ဒီရှစ်နှစ်အတွင်း သမီးသာ အင်ဂျင်နီယာဖြစ် သွားပြီ။ အခု နိုင်ငံခြားတောင် သွားတော့မည်။ ကောင်လေးကတော့ ဒီဘဝမှမတက်။ ထင်းရှူးဆီ တစ်နေကုန်လည်ရောင်းနေတာပဲ တွေ့ရတော့၊ ကျောင်းလည်းနေရပုံမပေါ်၊ တိုးတက်ကြီးပွားဖို့ ကြံစည်ကြိုးစားရမယ်ဆိုတာ လည်း အသိညဏ်ရှိပုံမပေါ်၊ တစ်နေ့လုပ်မှ တစ်နေ့ မနည်းရှာဖွေစားသောက် ရတော့ လူ့ရေးတန်းရေး၊ သံသရာအရေးလည်း ဘယ်သိပ့်ါမလဲ။ မဌေးရင်ထဲ သနားဂရုဏာတွေ ဖြစ်ထွန်းလာသည်။ အင်း‥စကားတော့ ပြောကြည့်ဦးမှပဲ။ သမီးနဲ့နိုင်းယှဉ်ပြီး သားသမီးချင်း ကိုယ်ချင်းစာပါတယ်။ သမီးက တိုးတက် ကြီးပွားရေးလမ်းပေါ်ရောက်နေပြီ။ ကောင်လေးကို သနားလိုက်တာ။

"ကလေး တစ်နေ့တစ်နေ့ ဘယ်လောက်မြတ်လဲကွဲ့"

ထင်းရှူးဆီ တဒေါက်ဒေါက်ခုတ်နေတဲ့ ကောင်လေးက မော့ကြည့် သည်။

"နည်းနည်းပါးပါးပါ၊ အန်တီ"

"သား ဒါပဲလုပ်တတ်တာလား။ တခြားပြောင်းလုပ်ဖို့ မစဉ်းစားဘူး လား"

"မစဉ်းစားပါဘူး အန်တီ၊ ဒီထင်းရှူးဆီရောင်းတဲ့အလုပ်က တအားကို ကောင်းတဲ့အလုပ် အန်တီရဲ့"

အောင်မယ်လေးတော်လို့ မဌေး အော်မိတော့မလို့ နည်းနည်းပဲလို တော့တယ်။

သနားလိုက်တာဟယ်။ တကယ့်ကို နွားခြေရာခွက်ထဲက ဖား

သူငယ်လေးပါလား။

"မင်းဘယ်မှလည်း မရောက်ဖူးဘူးမဟုတ်လား။ သွားရင်း၊ မျက်စိဖွင့်နားစွင့်ထားရတယ်ကွ။ ဒီအလုပ်ထက်ကောင်းတဲ့အလုပ်တွေ အများကြီး။ အရောင်းအဝယ်လုပ်မလား။ ကျောက်ဝိုင်းဆင်းမလား။ ချမ်းသာတိုးတက်ကြီးပွားဖို့ စဉ်းစားရတာပေါ့"

ကောင်လေးက မော့ကြည့်သည်။ "အန်တီရယ် ကျွန်တော် ပွဲရုံကို ထင်းရှူးဆီသွားယူရင် အလုပ်လုပ်နေတဲ့သူတွေ တွေ့ပါတယ်။ အားလုံး အေးအေးဆေးဆေးမရှိဘဲ ပြေးလွှားလုပ်ကိုင်နေကြတာ။ ကျွန်တော်တို့အလုပ်က ပွဲရုံကထင်းရှူးဆီကို ပိုက်ဆံပေးစရာမလိုဘဲ ထုတ်ယူရတာ။ အိမ်ရောက်ရင် အမေရော မောင်နှမတစ်တွေ အကုန်လုံးဝိုင်းပြီး စိတ်ကြတာ... အစည်းစည်းတယ်။ အစ်မနှစ်ယောက်ရော ကျွန်တော်ရော ရောင်းကြတယ်။ ထင်းရှူးဆီစည်းတဲ့အချိန်ဆိုရင် ပျော်စရာကောင်းလိုက်တာ။ အမေက ပဲမြစ်တွေ ပြုတ်ပေးထားတယ်။ လက်ဖက်သုပ်ပေးတယ်။ ရောင်းပြီးရင် အမြတ်ကို ချက်ပြုတ်စား။ အရင်းပြန်သွင်း။ နောက်တစ်နေ့အတွက် ထပ်ယူ။ ကဲ- ဒီအလုပ်ထက်ကောင်းတာ ဘာရှိတုံး။ ကျွန်တော်တို့ရောင်းရတဲ့ ပိုက်ဆံနဲ့ အမေက ဟင်းချက်ပေးတယ်။ ဒီနေ့ဆို ကျွန်းခရမ်းသီးကြီးတွေ နှပ်တယ်။ ချဉ်ပေါင်ဟင်း၊ ငရုပ်သီးထောင်းတယ်။ တအားစားကောင်းတာပဲ။ ဘာလိုသေးလဲ အန်တီ"

ကောင်လေး အလုပ်ပြီးသွားပြီဖြစ်၍ ခုတ်ထားသော ထင်းရှူးဆီပြားများကို ကြွပ်ကြွပ်အိပ်ထဲစုထည့်၍ သေသေသပ်သပ် ချည်နှောင်ကာ မငွေးကို ပေးသည်။ မငွေးက တောင်းထဲက လက်ဆုပ်စည်းငါးစည်းကို ယူပြီး တစ်ထောင် ထုတ်ပေးသည်။ တစ်စည်း တစ်ဆယ်တန်အစည်းသေးဆယ့်သုံးစည်းကို လက်ဆုပ်စည်း တစ်စည်းစည်းထား၍ တစ်ရာတန်စည်းဝယ်လျှင် သုံးစည်းပိုရပြီးဖြစ်သည်။ ဒါပေမယ့် မငွေးက "ဟဲ့- ငါက တစ်ထောင်ဖိုးတောင်ဝယ်တာ...အပိုပေးခဲ့ဦးဟဲ့" လို့တောင်းတော့ ကောင်လေးက နောက်ထပ်ငါးစည်း အပိုပေးသည်။

"အန်တီက ဘာဖြစ်လို့ အလုပ်ပြောင်းစေချင်တာလဲဟင်"

စက်ဘီးလေးကို တွန်းထုတ်ရင်း ကောင်လေးက လှည့်မေးသည်။ မဒွေးက "သြော်..ကလေးရယ်..လူဆိုတာ တိုးတက်ကြီးပွားဖို့ စဉ်းစားရတယ်လေ။ မင်း ပိုကောင်းတဲ့အလုပ်လုပ်တော့ မင်းအမေ လှူနိုင်၊ တန်းနိုင်တာပေါ့ ကွယ်။ လောကြီးမှာ စားဖို့နဲ့ မပြီးသေးဘူး ကလေးရဲ့။ တို့ ဗုဒ္ဓဘာသာ အယူအဆအရ သံသရာဆိုတာ ရှိတယ်။ သံသရာမှာချမ်းသာအောင် လှူရ တန်းရဦးမယ်လေ" စက်ဘီးပေါ်ရောက်သွားသည့် ကောင်လေးက ခြေထောက်ရပ်ရင်း "ဟုတ်ကဲ့၊ အဲဒါလည်း အမေက ပြောပါတယ်။ ငါ့သား ဖြောစည်တီးပြီးလှူမှ အလှူမဟုတ်ဘူး။ မလှူနိုင် ဈေးရောင်းတဲ့ စကားပုံ ရှိတယ်လို့ ဆုံးမပါတယ်။ အခုကိုပဲ အန်တီကို ကျွန်တော် ထင်းရှူးဆီ ငါးစည်းလှူပြီးပြီလေ အန်တီရယ်။ သွားမယ်နော် အန်တီ" စက်ဘီးနင်းပြီး ကောင်လေးထွက်သွားတော့ မဒွေး ကြက်သေသေပြီး ကျန်ခဲ့သည်။

ကောင်လေးက သနားစရာကောင်းတာလား၊ မိမိတို့က သနားစရာ ကောင်းတာလား၊ သေသေချာချာ စဉ်းစားရတော့မှာဖြစ်သည်။

ယဉ်ယဉ်နု (မန္တလေး)
ဘာသာထိပ်တင်မဂ္ဂဇင်း (သစ္စာဝေဒဂူ ၁၀-နှစ်ပြည့်)

စာပေခရီးသွားဈေး

# နာရေး

ကျော်စွာထက်

“ကျွီ…ဝုန်း”

“ဟာ..ကားတိုက်ပြီ”

“ဒေါ်စံမယ်ကြီးဟဲ့..ဒေါ်စံမယ်ကြီး”

“ကားသမားဘယ်မှာလဲ..မပြေးစေနဲ့၊ ဖမ်းထားကြ”

ဖြုန်းကနဲ ဆူညံသွားတယ်။ စောစောက ကျုပ်ဆိုင်မှာထိုင်ပြီး စကားပြောနေ ကြတဲ့ လူတွေအားလုံး ကားတိုက်တဲ့ဆီ ပြေးသွားကြတယ်။ ကျုပ်နားမှာထိုင်ပြီး ကွမ်းသီးစိတ်နေတဲ့ ကျုပ်မိန်းမတောင် ဘယ်တုန်းက ထသွားလိုက်လဲမသိဘူး။ ခုကြည့်လိုက်တော့ ကျုပ်နားမှာ မရှိတော့ဘူး။

ကားနားမှာတော့ လူတွေဝိုင်းအုံနေပြီး တစ်ယောက်တစ်ပေါက် ပြောကြဆိုကြပဲ။ လမ်းဘေးအိမ်တွေကလည်း လူတွေပြေးထွက်လာကြတယ်။ လမ်းပေါ်မှာသွားနေတဲ့ လူတွေကလည်း ကားဆီကို ဝိုင်းအုံလာပြီး ရပ်ကြည့်ကြသည်။ အဲဒီလိုနဲ့ ကားတိုက်တဲ့နေရာမှာ လူအုပ်ကြီးဖြစ်လာတယ်။ လူတွေက ဝိုင်းအုံကြည့်ပြီး တစ်ယောက်တစ်ပေါက် ပြောကြဆိုကြပဲ။ ခပ်ရမ်းရမ်းလူငယ်တစ်စုကကတော့ ကားသမားကို ရိုက်မယ် နှက်မယ် တကဲကဲ လုပ်နေလို့ အနားကလူကြီးတွေက ဆွဲထားရတယ်။ နို့မို့ဆိုရင်တော့ ကားသမား မလွယ်ဘူး။ အဲဒီနေရာတင် ပွဲချင်းပြီးသွားနိုင်တယ်။

တိုက်တဲ့ကားသမားက ဆိုးတော့မဆိုးရှာပါဘူး။ တိုက်တယ်ဆိုတာနဲ့ ကားကိုရပ်ပေးတယ်။ သူများကားသမားတွေဆို ဘယ်ဒီလိုရပ်ပေးလိမ့်မလဲ။ နောက်မှ ဖြစ်ချင်ရာဖြစ်။ မောင်းပြေးမှာပေါ့။

ကားတိုက်ခံရတဲ့ ဒေါ်စံမယ်ကို လူတွေဝိုင်းပွေ့ပြီး ကားပေါ်တင်လိုက်ကြတာ မြင်ရတယ်။ နောက်လူလေးငါးယောက်လောက် ကားပေါ်တက်လိုက်ပြီး ကားထွက်သွားတယ်။ ဆေးရုံပို့တာနေမှာပေါ့။

အဲဒီနောက် ကားတိုက်တဲ့နေရာမှာ လူစုကွဲသွားတယ်။ အိမ်ထဲက ထွက်လာကြသူတွေလည်း အိမ်ထဲပြန်ဝင်သွားတယ်။ လမ်းသွားရင်းက ရပ်ကြည့်တဲ့လူတွေလည်း ကိုယ့်ခရီးကိုယ် ဆက်သွားကြတယ်။ ကျုပ်ဆိုင်ရှေ့ခုံတန်းက ထသွားတဲ့လူတွေလည်း ကျုပ်ဆိုင်ကို ပြန်လာကြတယ်။ အားလုံးကျွတ်စီကျွတ်စီပဲ။

"ဆေးရုံတော့ ခေါ်သွားကြလေရဲ့။ ကျုပ်တော့ သိပ်မထင်ပါဘူးတော်။ သုံးတန်ကားကြီးနဲ့ ခါးဖြတ်တိုက်တာပဲဥစ္စာ"

မျက်မြင်ကိုယ်တွေ့ကြည့်ခဲ့တဲ့ ကျုပ်မိန်းမက ရောက်ရောက်ချင်းဖောက်သည်ချလိုက်တယ်။

"သေမှာပါဗျာ။ သွေးတွေရဲနေတဲ့ဥစ္စာ။ နောက်ပြီး အသက်အရွယ်ကလည်း ကြီးပြီဆိုတော့ ပိုဆိုးတာပေါ့"

ကျုပ်ဆိုင်က မီးရှို့ထားတဲ့ အုန်းဆန်ကြိုးကနေ ဆေးလိပ်မီးတို့နေတဲ့ ဆိုက္ကားသမားကိုဖိုးအောင်က ပြောလိုက်တယ်။

"သနားတော့သနားပါတယ်။ အနေဆင်းရဲ၊ အသေဆင်းရဲဆိုတာ ဒါမျိုးနေမှာပဲ။ အင်းပေါ့လေ၊ ဝဋ်တော့ကျွတ်သွားတာပေါ့" ကျုပ်မိန်းမ စုတ်သပ်ပြီး ကောက်ချက်ချလိုက်တယ်။

စောစောက ကျုပ်ဆိုင်ရှေ့က ထိုင်ခုံရှည်မှာ ထိုင်နေတဲ့ ကောင်လေးတွေ ပြန်ရောက်လာကြပြီး စောစောတုန်းကလိုပဲ စကားဝိုင်းဖွဲ့ကြပြန်တယ်။ စောစောတုန်းကတော့ ရောက်တတ်ရာရာ ပြောကြဆိုကြ၊ ကျောင်းကပြန်လာတဲ့ ကောင်မလေးတွေကို ပေါးလားဝါးလားနဲ့ နောက်ကြပြောင်ကြလုပ်ကြပေမယ့် ခုတော့ ဒေါ်စံမယ်ကြီးကားတိုက်တဲ့အကြောင်းပဲ ပြောတာကြားရ

တော့တယ်။

အားလုံးလိုလိုကတော့ ဒေါ်စံမယ်ကြီးကို သနားကြတာပါပဲ။ ကျုပ်လည်း ဘယ်စိတ်ကောင်းပါ့မလဲ။ ကျုပ်တင်မဟုတ်ပါဘူး။ ဒေါ်စံမယ်ကြီးအကြောင်းကို သိတဲ့သူတိုင်း သူ့ကို သနားကြမှာပါပဲ။

တကယ်တော့ ဒေါ်စံမယ်ကြီးဘဝက သနားစရာပါ။ ဘယ်သူကမှကျွေးမယ့်မွေးမယ့်လူမရှိလို့ ရပ်ကွက်ထဲမှာ တောင်းရမ်းစားသောက်နေရတယ်။ အစကတော့ ဒီရပ်ကွက်ထဲက ကိုသိန်းတိုးဆိုတဲ့လူအိမ်မှာ နေတယ်။ ကိုသိန်းတိုးက ကျွေးမွေးထားတယ်ဆိုပါတော့။ ကိုသိန်းတိုးနဲ့ ဒေါ်စံမယ်က တူဝရီးတစ်ဝမ်းကွဲတော်သေးတယ်လို့ ပြောကြတယ်။

ကိုသိန်းတိုးတို့လင်မယားက တရုတ်တန်းဈေးမှာ အဝတ်စတွေ၊ အထည်တွေ ရောင်းတဲ့သူပါ။ ဆိုင်က သိပ်ကြီးကြီးကျယ်ကျယ်မဟုတ်လို့ ပိုပိုလျှံလျှံကြီးမရှိလှပေမယ့် စားနိုင်သောက်နိုင်သူတွေပါပဲ။ ဒေါ်စံမယ်ကြီးကို သနားလို့ ကျွေးထားမယ်ဆိုရင် တင်ကျွေးထားနိုင်တဲ့သူတွေပေါ့။

ဒါပေမမယ့် ကိုသိန်းတိုးမိန်းမ မစိန်ငွေးက အစကတည်းက သိပ်ကြည်ဖြူတာ မဟုတ်ဘူး။ အဘွားကြီးကို ဝတ်ကြီးဝတ်ငယ်ပြုစုရတာ စူအောင့်စူအောင့်နဲ့။ မစိန်ငွေးလိုမိန်းမမျိုးက ယောက္ခမအရင်းတောင် မဖြစ်စေ့ရင်သာပြုရမှာ။ ခုလို ကိုသိန်းတိုးနဲ့ တူအရီးတစ်ဝမ်းကွဲလောက်ကိုတော့ ဘယ်ဂရုစိုက်လိမ့်မလဲ။ ဒီအထဲက အဘွားကြီးက အသက်ကလေးနဲ့နဲ့ရလာပြီး သူငယ်ပြန်သလိုလိုဖြစ်လာတော့ ပိုဆိုးတယ်။ အဲဒီလိုနဲ့ အဘွားကြီးလည်း နောက်တော့ ရပ်ကွက်ထဲမှာပဲ သူ့ဘာသူ ဆင်းဆင်းရဲရဲ တောင်းရမ်းစားရတယ်။ အိပ်တော့ ရပ်ကွက်မွှော်ရုံထဲမှာပဲ။

ဒီဒုက္ခတွေကိုသိလို့ ကျုပ်မိန်းမက…

"သေသွားလည်း ဝဋ်ကျွတ်သွားတာပေါ့လေ" လို့ ပြောခဲ့တာနေမှာပါ။

ဒါပေမယ့် ကျုပ်ကတော့ မသေစေချင်ပါဘူး။ ဝဋ်ဆိုတာ မကျွတ်တာနောက်ထား။ သေရမှာတော့ လူတိုင်း ကြောက်ကြတာချည်းပဲ။ မဟုတ်

ဘူးလား။

(၂)

ကနေ့မနက် ဆိုင်ဖွင့်ဖို့ ကျုပ်အိမ်ကထွက်ခဲ့တော့ လမ်းမှာ ကိုသိန်းတိုးတို့လင်မယားကို ဆိုက္ကားနဲ့ တွေ့လိုက်တယ်။ ဒေါ်စံမယ်ကြီးကိုပြုစုဖို့ ဆေးရုံသွားကြတာနေမှာပဲလို့ တွေးမိတယ်။ ကျုပ်ဆေးရုံကို မရောက်ဖြစ်သေးလို့ လူနာအခြေအနေ မေးရဦးမယ်လို့ စိတ်ကူးမိလိုက်တယ်။

ဒါပေမယ့် သူတို့ကြည့်ရတာ ဆေးရုံကိုသွားတဲ့ပုံမျိုး မဟုတ်ဘူး။ ကိုသိန်းတိုးရော သူ့မိန်းမရော ဝတ်စားထားတာ ကြော့မော့နေတာပဲ။ သူ့မိန်းမ မစိန်ငွေမျက်နှာမှာ လိမ်းထားလိုက်တဲ့ သနပ်ခါးကလည်း ဖွေးလို့၊ သူတို့ ဘာသာသူတို့ ဆိုင်ဖွင့်ဖို့ သွားကြတာဖြစ်မယ်။ ဆိုက္ကားပေါ်မှာလည်း အတိုအိတ်စတွေထည့်ထားတဲ့ အထုပ်တွေနဲ့။

ဟုတ်ပါပြီ။ သေချာပါတယ်။ သူတို့ ဆိုင်ဖွင့်ဖို့ သွားတာပဲ။

ကြည့်စမ်း...ဘယ်လောက်စွံမုန်းစရာကောင်းလိုက်သလဲ။

သူတို့မှာ မေတ္တာတရား၊ အကြင်နာတရားဆိုတာ ရှိမှရှိသေးရဲ့လားလို့လည်း တွေးမိတယ်။ ဒီလောက် ကရုဏာတရားခေါင်းပါးပြီး လူမဆန်တဲ့သူတွေကို ကျုပ်မတွေ့ဖူးသေးဘူး။

သူတို့က ဆိုက္ကားနဲ့၊ ကျုပ်ကခြေကျင်။ မျက်နှာချင်းဆိုင်တွေ့ကြပေမယ့် နှုတ်မဆက်ချင်တော့တာနဲ့ ကျုပ်လည်း နှုတ်မဆက်တော့ပါဘူး။ အစကတော့ "လူနာအခြေအနေဘယ့်နှယ်လဲ၊ ဘယ်လိုနေသေးသလဲ" လို့ မေးမလို့ပါ။ ဒါပေမယ့် သူတို့ကိုယ်တိုင်က ဆေးရုံကို ရောက်ဖို့နေနေသာ ဒေါ်စံမယ်ကြီးကားတိုက်တဲ့ကိစ္စ သူတို့ခေါင်းထဲ လုံးဝမရှိတဲ့ပုံဆိုတော့ မေးနေလည်းအပိုပဲ။

တမင်တွေးနေတာ မဟုတ်ပေမယ့် တစ်လမ်းလုံး ကျုပ်ခေါင်းထဲမှာ သူတို့အကြောင်းပဲ ရှိနေတယ်။ ကိုယ့်အဒေါ်တစ်ယောက်လုံး နေ့သေမလား ညသေမလားဖြစ်ပြီး ဒဏ်ရာကြီးနဲ့လဲနေတဲ့အချိန်မှာတောင် ဒီလောက် ရက်ရက်စက်စက် လျစ်လျူရှုထားနိုင်တာကို ကျုပ်ဖြင့် အံ့ဩလို့မဆုံးဘူး။ ဒေါ်စံမယ်ကြီးကို သနားတာနဲ့အမျှ ကိုသိန်တိုးတို့ လင်မယားအပေါ် ဒေါသ

ဖြစ်လာမိတယ်။

ကျုပ်ဆိုင်မှာလည်း ဒီအကြောင်းပဲ ပြောနေကြတာပဲ။ ကျုပ်ဆိုင်က ကွမ်းယာဆိုင်ဆိုတော့ လူစုံတယ်။ အရပ်ထဲက လူတော်တော်များများဟာ အားနေရင် ကျုပ်ဆိုင်ရှေ့က ခုံတန်းမှာ လာထိုင်ပြီး စပ်မိစပ်ရာတွေ ပြောကြတယ်။ မနက်ပိုင်းနဲ့ ညနေပိုင်းဆိုရင် လူငယ်လူရွယ်တွေ အလာများပြီး နေ့လည်နေ့ခင်းဆိုရင် လူကြီးတွေ လာထိုင်ကြတယ်။

ကျုပ်ဆိုင်က လမ်းထိပ်မှာ ဖွင့်ထားတာဆိုတော့ ဆိုက္ကားဂိတ်လည်း ဟုတ်တယ်။ ဒါကြောင့် ကျုပ်ဆိုင်မှာ လူစုံသလို စကားလည်းစုံတယ်။ ရပ်ကွက်ထဲမှာ တစ်ခုခုမဖြစ်လိုက်နဲ့ ဖြစ်လိုက်ပြီဆိုတာနဲ့ သတင်းက ရောက်လာပြီ။ သတင်းကလည်း အစုံပဲ။ ရပ်ကွက်ထဲမှာ ဘယ်အိမ်က ဘုရားပွဲကြေးမထည့်တာက အစ၊ ဘယ်သူ့သမီး လင်နောက်လိုက်ပြေးတာ အလယ်၊ ဘယ်သူ့မိန်းမ ဘယ်အဝတ်နဲ့ ဖောက်ပြန်နေတယ်ဆိုတာ အဆုံး။ မကြားချင်အဆုံးပဲ။

ကနေ့တော့ အားလုံး ဒေါ်စံမယ်ကြီး ကားတိုက်တဲ့အကြောင်းကိုပဲ ပြောနေသံကြားရတယ်။ အားလုံးလိုလိုကတော့ ဒေါ်စံမယ်ကြီးကို သနားတာနဲ့အမျှ ကိုသိန်းတိုးတို့လင်မယားကို စက်ဆုပ်ရွံရှာကြတာပါပဲ။ လူနာရှင် ကိုသိန်းတိုးတို့ကသာ ဆေးရုံကိုမရောက်ပေမယ့် ဒေါ်စံမယ်ကြီးကို သနားတာနဲ့ ရပ်ကွက်ထဲက လူအချို့ကတော့ ဆေးရုံရောက်ကြတယ်။ ဒေါ်စံမယ်ကြီး အခြေအနေကတော့ မကောင်းလှဘူးတဲ့။ သတိပြန်မလည်သေးဘူးဆိုပဲ။

ညနေမှာပဲ ဒေါ်စံမယ်ကြီး ဆုံးပြီဆိုတဲ့ သတင်းကို ကြားရတယ်။

ဒီသတင်းကို မျှော်လင့်ထားပြီးဖြစ်ပေမယ့် တကယ်တမ်း ကြားရပြီဆိုတော့ ကြားရတဲ့သူတိုင်း စုတ်တသပ်သပ်နဲ့ ဒေါ်စံမယ်ကြီးအတွက် စိတ်မကောင်းကြဘူး။ မသေခင်ကလည်း ဆင်းဆင်းရဲရဲ၊ သေတော့လည်း ဆင်းဆင်းရဲရဲမို့ သနားကြတယ်။ လူမဆန်တဲ့ ကိုသိန်းတိုးတို့လင်မယားကိုပဲ အကြင်နာတရားခေါင်းပါးလွန်းလှတယ်ဆိုပြီး အပြစ်တင်ကြ၊ နှာခေါင်းရှုံ့ကြတယ်။

ကျုပ်မိန်းမကတော့ မနေ့က သူပြောခဲ့တဲ့အတိုင်းပဲ ကနေ့လည်း

ပြန်ပြီး ကောက်ချက်ချတယ်။

"အင်းလေ…ကြီးတောင့်ကြီးခါမှ အစားဆင်းရဲ၊ အနေဆင်းရဲနဲ့ ဒုက္ခခံနေရတာနဲ့စာရင် သေသွားတာက ဝဋ်ကျွတ်သွားတာပေါ့"

(၃)

မနေ့ညနေက ဒေါ်စံမယ်ကြီးဆုံးတယ်ဆိုတဲ့ သတင်းကြားရပေမယ့် ယနေ့ညနေအထိ အလောင်းကို ဆေးရုံကပြန်သယ်လာတာ မတွေ့သေးဘူး။ ဒေါ်စံမယ်ကြီးကို သနားလို့ အသုဘရှုသွားချင်တဲ့သူတွေ၊ သတင်းမေးချင်တဲ့ သူတွေတောင် ဘယ်သွားလို့ သွားရမယ်၊ ဘယ်မေးလို့ မေးရမယ် မသိဘူး။ ကိုသိန်းတိုးတို့လင်မယားကြည့်တော့လည်း ဘာသိဘာသာပဲ။ အလုပ်မပျက်၊ အကိုင်မပျက်။

ကျုပ်အနေနဲ့လည်း အသုဘလောက်တော့ လိုက်ပို့ချင်ပါသေးတယ်။ ဒေါ်စံမယ်ကြီး ကားတိုက်မခံရခင်ကဆို ကျုပ်ကွမ်းယာဆိုင်ကို နေ့လယ်တိုင်း ပိုက်ဆံတောင်းနေကျ။ ကျုပ်လည်း ကျုပ်တတ်နိုင်သလောက် ဆယ်ပြား၊ တစ်မတ် ထည့်လိုက်တာပဲ။ နေ့တိုင်းတွေ့မြင်နေကျမို့ ကျုပ်လည်း သူ့အတွက် ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။ နောက်ပြီး အသုဘပို့တယ်ဆိုတာ ကျန်ရစ်သူတွေက သေတဲ့သူအတွက် နောက်ဆုံး ပို့ဆောင်နှုတ်ဆက်ရတဲ့အလုပ် မဟုတ်လား။

ဒါပေမယ့် တစ်ညနေကုန်လို့ ဒီနေ့မနက်သာ ရောက်လာတယ်။ ဘာသတင်းမှ ထူးမကြားရဘူး။ အရပ်ထဲက တခြားသူတွေ အသုဘလို အသုဘရှုဖိတ်စာဆိုတာကတော့ ဝေးပါသေးတယ်။

"ကွမ်းယာနှစ်ယာလောက်ဗျာ…"

တွေးနေတုန်း ဆရာလေးကိုအေးဖေ ကျောင်းသွားရင်း ကွမ်းယာဝင် ဝယ်တာနဲ့ ကျုပ်အတွေးစ ပြတ်သွားတယ်။ ဆရာလေးကိုအေးဖေဆိုတာ ကျုပ်တို့အရပ်ထဲကပါပဲ။ မူလတန်းပြဆရာပါ။ ကွမ်းကြိုက်တတ်လို့ ကျုပ်ဆိုင်ကနေ နေ့တိုင်းကွမ်းယာဝယ်စားနေတဲ့ ကျုပ်ဖောက်သည်တစ်ယောက် ဆိုပါတော့။ ရပ်ရေးရွာရေးစိတ်ဝင်စားပြီး ဦးဆောင်ဦးရွက်ပြုတတ်တဲ့သူပါ။

"အလောင်းက ရင်ခွဲရုံမှာ ထားလို့နေမှာပေါ့တော်။ တချို့လည်း အိမ်ပြန်သယ်မနေဘဲ အဲဒီကနေ သင်္ချိုင်းတန်းချကြတာပဲ မဟုတ်လား။ လိုက်ပို့ချင်တဲ့သူတွေ အဲဒီကနေ လိုက်ပို့ပေါ့"

ဆရာလေးကိုအေးဖေကို ကွမ်းယာယာပေးနေတုန်း ဆိုင်ကို ဆေးလိပ်လာဝယ်နေတဲ့ မိန်းကလေးတစ်ယောက်နဲ့ ကျုပ်မိန်းမတို့ ပြောနေတာကို ကြားရတယ်။

"ဘာလဲဗျ၊ ဒေါ်စံမယ်ကြီးလား"

ကျုပ်ကမ်းပေးလိုက်တဲ့ ကွမ်းယာယူရင်း ဆရာလေးကိုအေးဖေက ကျုပ်မိန်းမဘက် မေးဆက်ပြီး မေးလိုက်တယ်။

"သူ့အလောင်းက တာဝန်ယူပြီးချမယ့် ပိုင်ရှင်မရှိလို့ ဆေးရုံကနေ တစ်ဆင့် ဆေးကျောင်းကို လွှဲပေးလိုက်တယ်ဗျ။ ဆေးကျောင်းသားတွေ ခွဲစိတ်လေ့လာဖို့ပေါ့ဗျာ။ အဘွားကြီးအလောင်းက ပိုင်ရှင်ကို မရှိဘူး။ ကိုသိန်းတိုးကလည်း တာဝန်မယူဘူးလေ"

"ဆရာလေးကိုအေးဖေက ပြောလိုက်တယ်။ သူကတော့ ကျောင်းဆရာဆိုတော့ မျက်စိကျယ်၊ နားကျယ်တယ် မဟုတ်လား။ ကျုပ်တို့ထက် အကြားအမြင်ဗဟုသုတများတာပေါ့"

"ဟင်… အဲဒီလိုဆို သရဏဂုံလေးဘာလေးတောင် မတင်ရတော့ဘူးပေါ့။ ကိုယ့်တူသားတစ်ယောက်လုံးရှိပါရက်နဲ့ သေတာတောင်မှ လူလို မသေရဘဲ ခွေးသေဝက်သေ သေရသေးတယ်နော်"

ဆေးလိပ်လာဝယ်တဲ့ မိန်းမကြီးက စုတ်တသပ်သပ်နဲ့ ပြောတယ်။

"အေးပေါ့ဗျာ၊ လောဘမောဟတွေ ပိတ်ဖုံးနေတော့လည်း လူတွေမှာ အကြင်နာတရားတို့၊ ကရုဏာတရားတို့ မရှိကြတော့ဘူးပေါ့။ ဒီလောက်ထိမြင်နေဖို့တော့ မကောင်းဘူးပေါ့ဗျာ။ ကိုယ့်အဒေါ်တစ်ယောက်လုံးပဲဥစ္စာ၊ အသုဘကိစ္စလောက်ကတော့ မသာအိမ်ဖဲဝိုင်းထောင်တာနဲ့ ရပါတယ်"

ဆရာလေးကိုအေးဖေ ထွက်သွားပြီးအထိ ကျုပ်တို့ ဒီအကြောင်းပဲ ဆက်ပြောဖြစ်ကြတယ်။ ကိုသိန်းတိုးတို့ လင်မယားကို တစ်ရပ်ကွက်လုံးက အော့နှလုံးနာနေကြတယ်။

"မသကာဗျာ၊ အသုဘစရိတ်ကုန်မှာမို့ သူမချချင်တောင် အလောင်းပိုင်ရှင်အမည်ခံပြီး ဆေးကျောင်းလှူလိုက်ရင် ဖြစ်တဲ့ဥစ္စာ ။ ဒါဆို ဘယ်သူက ကဲ့ရဲ့မှာလဲ။ အဲလိုလှူလိုက်ရင် သတင်းစာထဲတောင် ပါချင် ပါဦးမှာ။ ခုဟာက အလောင်းပိုင်ရှင်အမည်တောင် မခံဘူး။ ဒီလူက တကယ့်ကို အတ္တသမားဗျ။ သူ့အတွက်အကျိုးမရှိရင် ဘာမှမလုပ်ဘူး"

ကျုပ်ဆိုင်ဘေး ဗာဒံပင်ရိပ်မှာ ဆိုက္ကားထိုးထားတဲ့ ဆိုက္ကားဆရာ ကိုဖိုးအောင်က ပြောလိုက်တယ်။ ဟုတ်တယ်။ တကယ်လည်း ကိုသိန်းတိုးတို့ လုပ်ပုံ လူမှမဆန်ဘဲ။

(၄)

ပြန်မထတာကြာပြီဖြစ်တဲ့ လေနာရောဂါပြန်ထလို့ ညကမအိပ်ရဘူး။ ဘယ်လူးညာလိမ့်နဲ့ တစ်ညလုံး လိမ့်အော်နေရတယ်။ ဂျဲလမက် ဆေးပြားနှစ်ပြားသောက်လိုက်မှ တစ်ဖြည်းဖြည်းသက်သာလာပြီး နေသာ ထိုင်သာရှိလာတယ်။ လမ်းထိပ်ကင်းတဲဆီက မနက်သုံးနာရီသံချောင်းခေါက် ပြီးမှ မှေးကနဲ အိပ်ပျော်သွားတယ်။ ဒါကြောင့် ဒီနေ့မနက် ကျုပ်နိုးတော့ ဆယ်နာရီတောင် ထိုးပြီးနေပြီ။ နေလည်း ခပ်ကျဲကျဲပူနေပြီ။ ကျုပ်မိန်းမ တောင် ဆိုင်သွားဖွင့်ပြီမို့ မရှိတော့ဘူး။ ဒါကြောင့် ကျုပ်လည်း ခပ်သုတ်သုတ် မျက်နှာသစ်ပြီး ဆိုင်ဘက်ထွက်လာခဲ့တယ်။

ကျုပ်လမ်းပေါ်ရောက်တော့ ကိုသိန်းတိုးတို့အိမ်မှာ လူတွေ ရုတ်ရုတ် သဲသဲနဲ့ ဆူညံနေတာ တွေ့ရတယ်။ အိမ်ရှေ့မှာလည်း အလောင်းကို ခုတင် တစ်လုံးနဲ့ ပြင်လို့။ အရပ်ထဲက လူငယ်တစ်ချို့က မဏ္ဍပ်ထိုးဖို့ တိုင်စိုက်ရ အောင် အိမ်ရှေ့မှာ ကျင်းတူးနေကြတယ်။

"ရုတ်တရက် ကျုပ်မျက်စိကိုတောင် ကျုပ် မယုံသလိုဖြစ်ပြီး ပွတ်ကြည့်မိတယ်။ ကျုပ် ကိုသိန်းတိုးတို့ အိမ်ရှေ့အရောက် အောင်မလေး… အရီးရဲ့… ကျုပ်တို့ကို ပစ်သွားပြီလား… အရီး ဆင်းဆင်းရဲရဲ သေသွားရတာ ကျုပ်တို့ကြောင့်…ဟောဒီအမိုက်မကြောင့်…ဟီး…ဟီး" ဆိုတဲ့ အော်ငိုသံကို ကြားလိုက်ရတယ်။ ကိုသိန်းတိုးမိန်းမ မစိန်ငွေးရဲ့အသံပါ။

ရုတ်တရက် ကျုပ် နားမလည်နိုင်အောင် ဖြစ်သွားတယ်။ အဖြစ်အပျက် အပြောင်းအလဲတွေက မြန်ဆန်လွန်းလှတော့ ဘယ်လိုလုပ်ပြီး ကျုပ်နားလည်တော့မှာလဲ။ မနေ့ကမှ သူတို့က တာဝန်မယူနိုင်ဘူးဆိုလို့ ဆေးရုံကဆေးကျောင်းကို လွှဲပြောင်းပေးလိုက်ရတယ်လို့ ဆရာလေးကိုအေးဖေကပြောသွားတယ်မဟုတ်လား။

"ဒေါ်စံမယ်ကြီးအလောင်း ပြန်သယ်လာပြီလေ… တွေ့ခဲ့တယ်မဟုတ်လား"

ဆိုင်ရောက်ရောက်ချင်းပဲ ကျုပ်မိန်းမက ဆီးမေးတယ်။ ကျုပ်သိချင်တာတွေ မေးမယ်အလုပ်မှာ ကျုပ်မိန်းမက ဆက်ပြောလိုက်တယ်။

"ဆေးကျောင်းကို လွှဲပေးပြီးလို့ ဟိုက ပြန်ယူခွင့် မပေးဘူးတဲ့။ အဲဒါ မနည်းတောင်းပန်ပြီး ယူခဲ့ရတယ်လို့ ပြောတယ်"

"နေပါဦး။ အစတုန်းက သူတို့ပဲ တာဝန်မယူလို့ ဆေးကျောင်းကို ပို့လိုက်ရတာ မဟုတ်လား။ ခုမှ ဘယ်လိုဖြစ်တာလဲ"

ကျုပ်အသိချင်ဆုံးမေးခွန်းကို မေးလိုက်တယ်။ ကျုပ်နားမလည်နိုင်တာက ဒါပဲ။ ဟိုတုန်းကတော့ လုံးဝပစ်ထားပြီးမှ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲသွားတာကို အံ့ဩမိလို့ပါ။

"သူတို့လဲ စိတ်ပြောင်းသွားလို့နေမှာပေါ့တော်…။ ဘေးပတ်ဝန်းကျင်က အားလုံး ဝိုင်းကဲ့ရဲ့ကြတော့လည်း သူသူကိုယ်ကိုယ် ဘယ်နေသာပါတော့မလဲ။ လူမြင်ကောင်းအောင်တော့ လုပ်တော့တာပေါ့။ သူတို့ကိုကလိုလို့ပါတော်။ ဒီအသုဘစရိတ်ကလေးကို မြင်နေလို့။ ဆရာလေးကိုအေးဖေမနေ့ကပြောသလို အသုဘစရိတ်လောက်ကတော့ မသာအိမ်ဖဲဝိုင်းထောင်ရုံနဲ့ရပါတယ်"

ဒေါ်စံမယ်အသုဘကို နှစ်ရက်ထားတယ်။ အများမျှော်လင့်ထားသလို ဖဲဝိုင်းမခံပါဘူး။ အရပ်ထဲက တချို့တလေက အသုဘစရိတ်ရအောင်ဖဲဝိုင်းခံဖို့ ကိုသိန်းတိုးကို ဝိုင်းတိုက်တွန်းကြတာတောင် ကိုသိန်းတိုးကငြင်းလိုက်တယ်လို့ ကြားရတယ်။ "ဖဲဝိုင်းခံလို့ရတဲ့ငွေနဲ့တော့ကျုပ်အရီးလေးကို မသင်္ဂြိုဟ်ချင်ပါဘူးဗျာ" လို့တောင် ပြောတယ်ဆိုပဲ။

ဖဲဝါသနာပါတဲ့လူတစ်ချို့ကိုတောင် ကိုသိန်းတိုးက ဝိုင်းမဖွဲ့ဖြစ်အောင် တောင်းပန်ထားတယ်တဲ့။ အကူမခံဘူးလုပ်နေလို့တောင် ဒီလောက်တော့ လက်ခံပါလို့ ဝိုင်းပြောကြတယ်ဆိုပဲ။

အပြောင်းလဲကြီးပြောင်းလဲသွားတဲ့ ကိုသိန်းတိုးကို အားလုံးက ဝိုင်းပြီးချီးမွမ်းကြတယ်။ အသုဘလာမေးကြတဲ့ မိန်းမအချင်းချင်းတောင် လက်တို့ပြီး "ဒီလိုဆိုတော့လည်း မဆိုးရှာပါဘူးအေ" လို့ ပြောယူရတယ်တဲ့။

အသုဘချတော့လည်း စည်စည်ကားကားပါပဲ။ တစ်ရပ်ကွက်လုံးက ဒေါ်စံမယ်ကြီးကို သနားနေကြတာဆိုတော့ တော်တော်များများ လိုက်ပို့ကြတယ်။ ကားတန်းကြီးကို အရှည်ကြီးပဲ။ ကျုပ်တို့တောင် အဲဒီနေ့က ညနေပိုင်းဆိုင်ပိတ်ပြီး လင်ရောမယားရော လိုက်ပို့ဖြစ်ကြတယ်။ ဒေါ်စံမယ်ကြီးရဲ့ နောက်ဆုံးခရီးလည်းဖြစ်၊ 'မသာတစ်ခေါက် ကျောင်းဆယ်ခေါက်' ဆိုသလို တရားသံဝေဂလေးလည်း ယူရင်းဆိုပါတော့။

## (၅)

ခုတော့လည်း ဒေါ်စံမယ်ကြီးဆုံးတာ ရှစ်လကျော်ပါပြီ။

"ဗမာဆေးနဲ့ ကွမ်းနှစ်ယာလောက်ဗျာ"

ဆရာလေးကိုအေးဖေ ကျောင်းကအပြန် ကွမ်းယာဝယ်တာနဲ့ ယာပေးနေတုန်း ကျုပ်ဆိုင်ရှေ့က လူတစ်ယောက် ဆိုင်ကယ် တဘုတ်ဘုတ်စီးသွားတာနဲ့ လှမ်းကြည့်မိတယ်။ ကျုပ်တို့လို ဆင်ခြေဖုံးရပ်ကွက်မှာ ဆိုင်ကယ်စီးတဲ့လူက ရှားတာကိုး။ နောက်ပြီး ခုဆိုင်ကယ်က တော်တော်သစ်သေးတဲ့ 'ဟွန်ဒါ' အရောင်ခပ်လတ်လတ်ရှိသေးတယ်။ စီးသွားတဲ့လူကို မြင်လိုက်တော့ ကျုပ် ပိုအံ့သြသွားတယ်။

"ဆိုင်ကယ်သံကြားလို့ ဘယ်သူများလဲလို့ အောက်မေ့တယ်။ ကိုသိန်းတိုးကိုး ဆရာ ရဲ့။ ဒီလူ့အထည်ဆိုင်လေးက ကြည့်တော့သာ ဘာမှမဟုတ်တယ်၊ ဆိုင်ကယ်တွေ ဘာတွေတောင် စီးလို့ပါလား"

ကျုပ် တအံ့တသြ ပြောလိုက်မိတယ်။

ကျုပ်ကသာ တအံ့တသြပြောလိုက်ပေမယ့် ဆရာလေးကိုအေးဖေကတော့ အံ့သြတဲ့ပုံမရှိပါဘူး။ သူပြန်ပြောလိုက်တဲ့ စကားကြောင့်သာ ကျုပ်ပါးစပ်အဟောင်းသားနဲ့ 'ဟင်' ခနဲ ဖြစ်သွားရတယ်။

"ဆိုင်ကယ်နဲ့ဘာနဲ့ ဖြစ်မှာပေါ့ဗျာ။ ဒေါ်စံမယ်ကြီးကားတိုက်လို့ ဆုံးသွားတာနဲ့ပတ်သက်ပြီး အစိုးရဆီက အသက်အာမခံကြေး တစ်သောင်း ရလိုက်တယ်လေ။ တိုက်တဲ့ကားသမားဆီကလည်း လျော်ကြေးငွေ ရှစ်ထောင် ရလိုက်သေးတယ်။ ဒီလူက ဒါတွေမြင်လို့ ဆေးကျောင်းရောက်ပြီးမှ ဒေါ်စံမယ်ကြီးအလောင်းကို အတင်းပြန်ယူပြီး အသုဘပိုင်ရှင်လုပ်လိုက်တာဗျ။ နို့မို့ဖြင့် ဝေးပါသေး"

**ကျော်စွာထက်**
**သဘင်မဂ္ဂဇင်း (၁၉၈၅၊ ဧပြီလ)**

# ရောဂါနံပါတ် (၉၇)

**ဝင်းစည်သူ**

"ကျော်ဝင်း နေမကောင်းလို့တဲ့"

အပြောပြခံလိုက်ရတဲ့ ကျုပ်မျက်နှာဟာ ချက်ချင်းဆိုသလို အိုသွားမိတယ်။ စိတ်ထဲမှာလည်း အအိုက်ကြီး အိုက်သွားမိတယ်။

ကြည့်စမ်းပါဦး။ ကိုရွှေအောင်တို့များ သူနဲ့မဆိုင်တဲ့အတိုင်းပဲ။ သူ့မှာ အပူအပင်မရှိတဲ့အတိုင်းပဲ။ ဒါများ ဇာတ်ဆရာတဲ့။ ဇာတ်ပိုင်ရှင်တဲ့။

ပျက်ခဏမျက်နှာနဲ့ လှည့်ထွက်သွားပြီ။ ကျုပ်အပေါ် တာဝန်လုံးလုံးလျားလျား ပုံချသွားပါပြီ။ "ဆရာသမားဘာသာဆရာသမား မဖြစ်ဖြစ်အောင် ကြည့်ကျက် စီစဉ်လိုက်တော့ဗျာ" ဆိုတဲ့ သဘောတဲ့လား။

ကျုပ် ဘယ်ဖြောင့်တော့မှာလဲ။ ရေးလက်စ ဇာတ်ညွှန်းသစ် စာအုပ်ကလေး ခေါင်းအုံးအောက် ထိုးထားလိုက်ရတာပေါ့။ တကယ်ပဲ စိတ်ကူးစိတ်သန်း ပျက်လိုက်တာ။ အလုပ်မတွင်လိုက်တာ။ ပြီးရင် သူ့ကိုပဲ "ဇာတ်ထုပ်သစ်မတင်နိုင်သေးဘူးလား အာစရိ" လို့ အကြိမ်ကြိမ်အခါခါ နားပူနားဆာ တိုက်ကြဦးမယ်။

ကျော်ဝင်းဆိုတဲ့ အကောင်ကလည်း ငတ်ကြီးက ကျမှကျ။ ကိုယ့်မှာ အစာအိမ်ရောဂါရှိတယ်ဆိုတာ သိလျက်သားနဲ့ အစားအသောက်ကို ဆင်ခြင်

တာမဟုတ်ဘူး။ သေချာတယ်။ ဒါ ပရစ်ကိုက်တာပဲ ဖြစ်ကိုဖြစ်ရမယ်။

မနေ့ညက **နှစ်ပါးသွားထွက်နေတဲ့**အချိန်မှာ ပရစ်တွေ တအားကျတယ်လေ။ **ဇာတ်ရုံနောက်ဖေး** မီးချောင်းတွေအောက်မှာဆို ခဲလို့ မဲလို့။ ပရစ်ကောက်တဲ့ **အုပ်စုထဲမှာ** ကျော်ဝင်းက ခေါင်းဆောင်။ ကောက်ရင်းနဲ့ ဟေးလားဝါးလား **အသံတွေဆိုတာ**လည်း ဆူမှဆူ၊ ပူမှပူ။ ဇာတ်ခွင်ပေါ်က နှစ်ပါးသွားထဲ**အထိ လွှမ်းပြီး** အနောက်အယှက်ဖြစ်မှာစိုးလို့ ကျုပ်တောင် အိပ်ယာထဲက **လူးလဲထပြီး** ငေါက်ရသေးတယ်။

**ပရစ်ကြော်စရာ** ဒယ်အိုး ဘယ်ကရမယ်၊ ထင်း ဘယ်ကရမယ်၊ ဆီ ဘယ်က **ရမယ်ဆိုတာသာ** မသိရှိရမယ်၊ နေမကောင်းလို့ဆိုတဲ့အသံကို ကြားရပြီဆိုတာ**နဲ့ တစ်ပြိုင်နက် ဒါ အစာအိမ်**ရောဂါ ထပြန်တာပဲလို့တော့ ကျုပ် **အတတ်သိပြီ။ ဒါဆို ဒီကောင် အိပ်ယာထဲမှာ** လိမ့်နေအောင် ခံပေဦးတော့။ ဆိုဒါမင့်တွေ ဘာတွေ မရရအောင် ရှာပေဦးတော့။ ဆရာဝန်မပင့်ရကံကောင်း။

တကယ်ပဲဗျာ၊ ထွက်ပြီးပြေးချင်လောက်အောင် စိတ်များ ညစ်ပါရဲ့။ ခုပဲ ညနေ ၃နာရီခွဲနေပြီ။ ကျုပ် ဘာလုပ်ရမှာလဲ။ ဘယ်လိုစီစဉ်ရမှာလဲ

ဒီနေ့ည တင်ဆက်ကပြမယ့် ပြဇာတ်က 'ဖာတစ်လုံး ခေါင်းကျ...'။ ညက နှစ်ပါးသွားကရင်းနဲ့ မင်းသားကိုယ်တိုင်လည်း ပရိသတ်ကို ကြော်ငြာလိုက်ပြီ။ တစ်နေကုန် မြို့ထဲမှာ ကြော်ငြာကားလှည့်တော့လည်း ဟွန်းတိုဟွန်းရှည်တွေနဲ့ အော်ဟစ်ပြီးပြီ။ ဒီတော့ ဇာတ်ထုပ်ပြောင်းဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ ချည်မိချုပ်မိနေပြီ။ ထုပ်မိနှောင်မိနေပြီ။

မျက်စိမှိတ်ပြီး ဇွတ်ပြောင်းကြည့်ပါလား။ ဒီဇာတ်အဖွဲ့ ခွေးလုံးလုံးဖြစ်တော့မယ်။ ဒီပြဇာတ်မှ ဒီပြဇာတ်ကြည့်မယ်ဆိုပြီး ကြိုတင်လက်မှတ်တွေဖျာတွေ ဝယ်ထားတဲ့ ပရိသတ်ရဲ့ အဆဲခံရမှာ။ ခဲအပေါက်ခံရမှာ။ ဩဘာပေးခံရမှာက နောက်။ ကန်ထရိုက်နဲ့ ဖိုက်တင်ပေးရမှာက အရင်။

ကျုပ်မှာ မင်းသား ပူဆာလွန်းလို့သာ 'ဖာတစ်လုံး ခေါင်းကျား' ကို ကိုင်မိပါတယ်။ မဟာဒုက္ခတွင်းဆုံးကျဆိုတာ ဒီပြဇာတ်နဲ့ကျမှ ထိပ်တိုက်လာတိုးတော့တာပဲ။ ရှာပြီးကြည့်လိုက်ရတဲ့ ခင်မောင်၊ မေရီမြင့်တို့ရဲ့

ဖာတစ်လုံးခေါင်းကျား ရုပ်ရှင်ဆိုတာလည်း အထပ်ထပ်။ ဖတ်လိုက်ရတဲ့ ဦးဘိုးသင်းရဲ့ ဖာတစ်လုံးခေါင်းကျား ဝတ္ထုဆိုတာလည်း အခေါက်ခေါက်။

ဇာတ်ညွှန်းရေးရတော့လည်း ရုပ်ရှင်နဲ့ တစ်ဘာသာကွဲရအောင်၊ ဝတ္ထုသားနဲ့ အံမချော်ရအောင် အင်မတိအင်မတန် သတိထားရတယ်။ ဇာတ်တိုက်ရတော့လည်း ခါတိုင်းပြဇာတ်တွေလို ဆယ်ရက်၊ ဆယ့်ငါးရက်နဲ့ ပြီးတာမဟုတ်ဘူး။ တစ်လကိုးသီတင်း။

ဇာတ်လမ်းထဲမှာ တက္ကသိုလ်ပြည်လည်းပါ၊ သက်သာပြည်လည်း ပါ၊ သလ္လာဝတီပြည်လည်းပါ။ စမွာနဂိုရ်ပြည်လည်းပါဆိုတော့ ရွေးလိုက်ရတဲ့ ဘုရင်တွေ၊ မိဖုရားတွေ၊ မင်းညီမင်းသားတွေ၊ မှူးတော်မတ်တော်တွေ၊ စစ်သည်ဗိုလ်ပါတွေ၊ မောင်းမမိဿတွေ၊ ခြွေရံသင်းပင်းတွေ၊ ဒီကြားထဲ ကလန်လို၊ သံပျင်လို ပုဂ္ဂိုလ်တွေလည်း ပါဆိုတော့ ဇာတ်ထဲမှာ ရှိရှိသမျှ မိတ်ကပ်လိုင်းက လူ ၆၀ ကျော်၊ ကားဆွဲမီးထိုးထဲက လူတွေကို ရှိရိုးဦးတင် တောင်းတောင်းပန်ပန်နဲ့ ပွဲထုတ်ရတဲ့အထိ။

ကျော်ဝင်းနေရာကလည်း သေးသေးကွေးကွေး မဟုတ်ဘူး။ မိန်းမှမိန်း…။

ရုပ်ရှင်ဇာတ်ကား ကြည့်ဖူးကြတယ် မဟုတ်လား။ မှတ်မိကြတယ် မဟုတ်လား။ သက်သာပြည်ရှင် ဘုရင်မင်းမြတ်ရဲ့ သားတော်ကြီး မျိုးညွန့်ရှိန်ဟာ အဋ္ဌာရသ ၁၈ ရပ် သင်ယူပြီးလို့ သုံးနှစ်သုံးမိုးပြည့်တာနဲ့ တက္ကသိုလ်ပြည်က ပြန်လာတယ်လေ။ သူ လမ်းခရီးမှာရှိတုန်း သူ့ခမည်းတော် နက်ရှာစံတော်မူတယ်။ ညီတော် မျိုးထွတ်တင်ဟာ နောင်တော် မျိုးညွန့်ရှိန် လာရာလမ်း တောတွေတောင်တွေထဲအထိ ထွက်ပြီး ဆီးကြိုတယ်။ တကယ်တော့ မေတ္တာနဲ့မဟုတ်ဘူး။ သွေးရိုးသားရိုး မဟုတ်ဘူး။ မောပန်းဆာလောင်လာမယ့် နောင်တော်ကို ကျွေးမွေးပြုစုမှာက အဆိပ်ပါတဲ့ ပွဲတော်တစ်အုပ်နဲ့။ ဘုရင်ဖြစ်ချင်တာကိုး။

ညီနောင်ချင်း မဆုံခင်မှာ မျိုးညွန့်ရှိန်က ဒွန်းစဏ္ဍားနဲ့ စတွေ့တယ်။ ရေအိုးစင်ကလေးရဲ့အနား၊ သစ်ပင်ရိပ်ကလေးတစ်ခုရဲ့အောက်။

ရေကြည်တော် ပြတ်လာတဲ့ မျိုးညွန့်ရှိန်က ရေကို အသင့်ရှိနေတဲ့

မှုတ်နဲ့ ခပ်တယ်။ အရင်ရောက်နှင့်တဲ့ ဒွန်းစဏ္ဍားလည်း ဒီမှုတ်နဲ့ သောက်ထားမှာပဲ။ ရွံပေမယ့် မတတ်နိုင်တော့ဘူး။ ဒါပေမယ့် နှုတ်ခမ်းရာချင်း မထိအောင်ဆိုတဲ့သဘောနဲ့ အမျှားတကာ သောက်လေ့သောက်ထမရှိတဲ့ မှုတ်ရိုးဘက်ကနေပြီး ပြောင်းပြန်သောက်တယ်။ ဒါကို မြင်တော့ ဒွန်းစဏ္ဍားက ရယ်သွမ်းသွေးပါလေရော။ တုတ်တစ်ပြက် ဓားတစ်ပြက်နဲ့ ခုတ်ကြထစ်ကြတာပေါ့။

ဓားခုတ်လှံထိုး ပညာတွေကို သင်လာခဲ့တဲ့ တက္ကသိုလ်ပြန် မျိုးညွန့်ရှိန်ဟာ မနိုင်ဘူး။ ရှုံးတယ်။ တစ်ဖက်က ညှာလိုက်လို့သာ သူမသေတာ။ ဒွန်းစဏ္ဍားက သူ့ထက်ပိုပြီး ပညာသာနေတာကို တွေ့တော့ သူ အံ့ဩတယ်။ 'ဘယ်က တတ်မြောက်ခဲ့တာလဲ' လို့ မေးတဲ့အခါ 'လောကဆိုတဲ့ကျောင်းတော်ကြီးထဲက' တဲ့။ လောကကြီးရဲ့ဆန်းကြယ်ပုံကို မျိုးညွန့်ရှိန်အဖို့ ပထမဦးဆုံး သတိပြုမိလိုက်ခြင်းပဲ။ ဒီမှာတင် သူတို့နှစ်ယောက် မိတ်ဆွေဖြစ်သွားတော့ကြတယ်။

အဲဒါနဲ့ မရှေးမနှောင်းမှာ ပွဲတော်အုပ်ပိုက်ပြီး မျိုးထွတ်တင် ရောက်လာတယ်။ သူ့နောင်တော်ကို ပွဲတော်စာတည်စေမယ့်အလုပ်၊ ဒွန်းစဏ္ဍားက မသုံးဆောင်ဖို့ ဟန့်တားလိုက်တယ်။ အဆိပ်ပါတယ်လို့လည်း အခိုင်အမာပြောတယ်။ ယုံကြည်အောင်ဆိုပြီး လက်တစ်ဆုပ်စာလောက် နှိုက်ပြီး ကြဲပြလိုက်တော့ စားမိတဲ့ ငှက်ကလေးခမျာ ချက်ချင်းပဲ သေပါလေရောလား။

မျိုးထွတ်တင်က သူ့အကြံအစည်ကို ဖျက်ရစကောင်းလားဆိုပြီး ဒွန်းစဏ္ဍားကို စတင်တိုက်ခိုက်တော့တယ်။ တစ်ပြိုင်နက်တည်းမှာပဲ အစာနဲ့ မသေရင် လက်နက်နဲ့ သေစေရမယ်ဆိုပြီး နောင်တော်ကိုလည်း တိုက်ခိုက်တယ်။ နောက်ဆုံးတော့ မျိုးထွတ်တင် ရှုံးပြီး လက်လွတ်ထွက်ပြေးသွားရတာပေါ့။ ဒီမှာတင် သူတို့နှစ်ယောက် ပိုပြီးရင်းနှီးသွားကြပြန်တယ်။

မျိုးညွန့်ရှိန်က "ဒီလောကထဲမှာ တစ်အူတုံဆင်းပေမယ့် ညီတုညီယောင်တွေလည်း ရှိတတ်ပါလား။ ခုမှတွေ့တဲ့ တစ်စိမ်းတစ်ရံဆန်ပေမယ့် ညီအရင်းထက် ကောင်းသူတွေလည်း ရှိတတ်ပါလား" လို့ သိသွားတယ်။

ဒါ့အပြင် လောကကြီးထဲမှာ ဘယ်လိုသင်ခန်းစာယူစရာတွေ ရှိသေးသလဲ ဆိုတာကို သိပ်သိချင်စိတ် ပြင်းပြလာတယ်။ ဒါကြောင့် တိုင်းတော်ပြည်တော် ပြန်အရောက်မှာ ဖခင်အရိုက်အရာကို မခံယူဘဲ လောကသစ္စာတွေ ရှာဖွေဖို့ အတွက် (ယုံကြည်စိတ်ချရတဲ့) (အသက်သခင်ကျေးဇူးရှင်ဖြစ်တဲ့) ဒွန်းစဏ္ဍားကို ခေတ္တခဏ ထီးနန်းလွှဲအပ်ထားခဲ့ပြီး ထွက်တော်မူ၊ နန်းကခွာတော့တယ်။ အဲဒီမှာတင် ဒွန်းစဏ္ဍားဟာ နေမျိုးနွယ်ဆိုတဲ့ အမည်နာမနဲ့ ဘုရင်ဖြစ်လာ တော့တာလေ။

ကဲ…အဲဒီဇာတ်ရုပ် ဘယ်လောက်အရေးပါသလဲ။ စကားပြော တတ်ရုံတတ်နဲ့လည်း မလုံလောက်ဘူး။ ဓားရေးလှံရေးတွေအတွက် သိုင်း ပညာ၊ ကျိုင်းပညာလည်း ပရိသတ်ကြည့်ပျော်ရှုပျော်ဖြစ်အောင် မတောက် တခေါက် တတ်ထားဦးမှ။ ဒါမှမဟုတ် လေ့ကျင့်ထားဦးမှ။

ကိုင်း… စဉ်းစားစမ်း။ အဲဒီ ဒွန်းစဏ္ဍားရုပ် ကိုင်ထားတဲ့ ကျော်ဝင်း နေရာ အစားထိုးဖို့လူ ဘယ်မှာလဲ၊ ဘယ်သူလဲ။ သီချင်းတစ်ပုဒ်ထဲကလို 'တကယ်တွေးဆတော့ကွယ် မလွယ်ရေးချမလွယ်' ဆိုတာ အခုမှ ကျူပ် အဖြစ်။ ဟင်း…ဟင်း သေချင်စော်နံအောင် မောဟိုက်ရပြီပေါ့။

မိတ်ကပ်လိုင်းထဲက ဘယ်သူ့ကို ပြောင်းပြီး ကခိုင်းရရင် ဖြစ်နိုင် မလဲ။ မင်းသားလတ် ကိုသာမောင်။ ဒွန်းစဏ္ဍားရဲ့ စကားပြောတွေကို ခုညတွင်းချင်း 'နုတ်'ပေးပြီး ကျက်ခိုင်းရင် နီးစပ်မယ်ထင်ပါရဲ့။ စာလုံးစေ့ မပြောနိုင်တောင် လိုရင်းအဓိပ္ပာယ်ရောက်အောင် သူ့သမ္မာနဲ့ဆို ပြောနိုင် လောက်ပါရဲ့။

ဓားခုတ် လှံထိုး။

ဒါလဲ မင်းသားနဲ့ ညှိပြီး နည်းနည်းပါးပါး လေ့ကျင့်လိုက်ရင် အဆင်ပြေသွားမှာပါ။ သူလဲ နောက်ပိုင်း ဇာတ်တော်ကြီးတွေထဲမှာ မင်းညီ မင်းသားနေရာက လိုက်လိုလိုက်ရ၊ သူပုန်သူကန်နေရာက ပါလိုပါရဆိုတော့ ခုတ်ဟယ်ထစ်ဟယ်နဲ့ အတော်အသင့် ယဉ်ပါးနေပြီပဲ။

ဒါပေမယ့်၊ ဒါပေမယ့် လက်ရှိ သူ့ဇာတ်ရုပ်က ဖာတစ်လုံးခေါင်း ကျား ဘဝပြောင်းသွားတဲ့ မျိုးညွန့်ရှိန်အပေါ် သစ္စာကြီးစွာ လိုက်ပါ

စောင့်ရှောက်လိုပါလျက်နဲ့ စည်းသုံးတန် အတားခံရလို့ နေရစ်ခဲ့ရတဲ့ စစ်သူကြီး၊ သူ့ဓာတ်ဝင်ခန်းမှာ လွမ်းအောင်လည်း လုပ်ရတယ်။ မလွယ်ဘူး။

ကဲ…ကဲ…ဒွန်းစဏ္ဍားနေရာ သူ့ကိုထားရင် သူ့နေရာကျတော့ ဘယ်သူ့ကို အစားထိုးမလဲ၊ တစ်သမားနေရာမှာ နှစ်ကို အစားထိုးရင် နှစ်သမားနေရာမှာ သုံးကို အစားထိုးရတော့မယ်။ သုံးသမားနေရာမှာ လေး။ လေးသမားနေရာမှာ ငါး။ ငါးသမား နေရာမှာ ခြောက်။ အို…အစားထိုးရင်း ထိုးရင်းထိုးရင်းနဲ့ ဓာတ်ထုပ်လည်း သပွတ်အူပေါက်ပြီး အဖတ်ဆယ်မရအောင် ပျက်တော့ ရေထဲမျှောပစ်လိုက်ဖို့ပဲ ရှိတော့မယ်။

ကျုပ်ကလည်း ဖျင်းပါပေ့။ ညံ့ ညံ့ပါပေ့။

ဓာတ်ညွှန်းသာ ရေးတတ်တာ။ ညွှန်ရုံသာ ညွှန်ပြတတ်တာ။ ကိုယ်တိုင်ကိုယ်ကျတော့ ဝင်မကတတ်။ ပရိသတ်ရှေ့ ရုပ်လုံးပြရဖို့ နေနေသာသာ ဓာတ်ခုံရဲ့ ဒီဘက်ထိပ်ကနေ ဟိုဘက်ထိပ်ရောက်အောင်တောင်မှ ဖြတ်လျှောက်ရဲတာမဟုတ်ဘူး။

မတောင်းကောင်းတဲ့ ဆုကိုသာ တောင်းလိုက်ချင်တော့တာရဲ့။

ပွဲတော်မှာ ဝမ်းဖြစ်လို့ ကျန်းမာရေးနဲ့ မညီညွတ်လို့၊ ဘာညာလို့ဆိုပြီး သက်ဆိုင်ရာက ဒီည ပွဲမိန့်ပိတ်လိုက်ရင် အကောင်းဆုံး။

* * *

ဒီအကွက်တော့ ဒီအကွက်ပါပဲ။

ဒါပေမယ့် မျိုးညွှန့်ရှိန်နဲ့ တိုက်တဲ့ခိုက်တဲ့နေရာမှာ ဒီအကောင် ငထူးကတောင်မှ ကျော်ဝင်းထက် 'ဟန်' ပိုကောင်းနေသေးတယ်။ ရှောင်ပုံတိမ်းပုံ၊ ထိုးပုံနှက်ပုံတွေက ပိုလှနေသေးတယ်။ အလိုက်တသင့် ဖြီးတတ်ဖြန်းတတ်နေသေးတယ်။

စကားပြောတွေကျတော့လား။

နောက်ကနေ တစ်လုံးချင်း ထောက်ပေးရတာပေါ့။ ဘယ်မထောက်လို့ဖြစ်မလဲ။ စာကျက်လို့ရနိုင်လောက်အောင် ဉာဏ်မှမထက်တာ။ စာမှမပြေးတာ။ မပြေးဆို ငထူး တတ်လှမှ သုံးလေးတန်းပေါ့။ ပြီး စာနဲ့ပေနဲ့ ဝေးခဲ့တာ ဘယ်လောက်ကြာမှန်းမှမသိဘဲ။ စာလုံးတောင် ပေါင်းဖတ်တတ်

တော့မယ် မထင်ဘူး။

နောက်ကနေ ထောက်ပေးတဲ့ အပိုင်းကျတော့ တစ်လုံးမှ **မမှားစေ** ရဘူး။ မျက်နှာပိုးသေသေကြီးနဲ့ တသွေမတိမ်း ပြောချပစ်လိုက်**တာပဲ။** ပရိသတ်ကလည်း ပါးသမှ လှုပ်လို့။ ဘယ်နှစ်ပွဲဆက်ခဲ့ကြပြီ **မသိဘူး။** ရိုပ်မိဟန်တူပါရဲ့။ ပြုံးကြတယ်။ ရယ်ကြတယ်။ သူ ဘယ်လိုပဲ ခပ်တည် တည်ကြီး ပြောနေပြောနေ ရယ်စရာမဟုတ်တဲ့ဟာနဲ့ကို ပတ်တုတ်လို့မရနိုင် လောက်အောင် ပွဲကျကြတာ။

အဲဒီ ငထူးကို ကျုပ် ဘယ်က **ရတာယ် မှတ်သလဲ။ ဒီဇာတ်ထဲ** ကပါပဲ။ ဒါပေမယ့် မီးဘက်ကလည်း **မဟုတ်ဘူး။ ဆက်တင်ဘက်ကလည်း** မဟုတ်ဘူး။ ဆိုင်းဘက်ကလည်း မဟုတ်ဘူး။ **တီးဝိုင်းဘက်ကလည်း** မဟုတ်ဘူး။

မီးဖိုချောင်မှာ ရေခပ်၊ ထင်းခွဲ၊ မီးထိုးဖို့ **ခေါ်ထားတဲ့ ကောင်** ကလေး။ အသက်မှ ခပ်ငယ်ငယ်ပဲ ရှိသေးတယ်။ အလုပ်ကြမ်းလို့ **လူပုံ** ရင့်နေတာ။

ဇာတ်မှာ ထမင်းချက်ချိန်ဆိုတာ မနက်နဲ့ ညနေ နှစ်ချိန်တည်းပဲ ရှိတာကိုး။ ချက်ရေးပြုတ်ရေး တာဝန်ပြီးပြီဆိုရင် သူ အားပြီ။ သူ့အတွက် အချိန်တွေ ပိုနေပြီ။ အဲဒီအခါမှာ ဟိုလူ့အိပ်ရာလည်း သူ ရောက်တာပဲ။ ဒီလူ့အိပ်ရာလည်း သူ ရောက်တာပဲ။ လူတကာကို နှိပ်ပေးဖို့ နင်းပေးဖို့။

ဆေးလိပ်ဝယ်၊ ကွမ်းယာဝယ်၊ လက်ဖက်ရည်ဝယ်၊ မုန့်ဝယ်၊ ခိုင်းချင်တဲ့သူခိုင်း။ ဖင်ပေါ့တယ်။ ပေးတာယူ၊ ကျွေးတာစား၊ တစ်ဇာတ်လုံးရဲ့ ခိုင်းဖတ်။

အဲ···သိုင်းကလေး၊ ကျိုင်းကလေးတော့ တကယ့်ကို **တတ်ပါ့။** လူကလည်း လက်ရုံးအားကိုးနဲ့ မိုက်တိမိုက်ကန်း၊ ရုံနောက်ဖေး**ကနေ** မင်းသမီးတွေ၊ ယိမ်းသမတွေကို ထိကပါးယိကပါးနဲ့ လာစတဲ့သူ**တွေကို** သူတစ်ယောက်တည်းနဲ့ ခံချခဲ့တာဆို နှစ်ကြိမ်၊ သုံးကြိမ်လောက် **ရှိပြီ။** သူ မရှုံးဘူး။ နိုင်တယ်။ သူများကိုများ ရိုက်ရ၊ နှက်ရမယ်ဆိုရင် **အင်မတန်** သူရဲမရဲစီးတဲ့ကောင်။

ကျုပ် နှစ်ခါတောင်မှ မပြောလိုက်ရပါဘူး။ ''ဟော့ ငထူး၊ ဒီည ကျော်ဝင်းနေရာမှာ မင်း ဝင်လုပ်ရဲလား'' ဆိုတော့ ''လုပ်ရဲတယ်' တဲ့။ ''စင်ပေါ်တက်ပြီး ခဏခဏ ကြည့်ထားလို့ မှတ်မိနေပြီ'' လို့တောင်မှ အထွန့်တက်လိုက်သေး။

''မင်း မိတ်ကပ်လိမ်းတတ်လား'' ဆိုတော့ ''မလိမ်းတတ်ဘူး'' တဲ့။ ဒါနဲ့ ကျုပ်လည်း သူ့ကို စိတ်ရှည်လက်ရှည် လိမ်းပေး၊ ဝတ်ပေး၊ ဆင်ပေးတတ်မယ့် လူရွှင်တော်ငပေါ့ဆီကို လွှတ်လိုက်ရတယ်။ သစ်မှမရှိတော့ ဝါးပဲပေါင်းကွပ်ရတော့မှာပေါ့လေ။

အံမယ် ကြည့်စမ်း၊ ကြည့်စမ်း။

မျိုးညွန့်ရှိန်က ထီးနန်းလွှဲခဲ့ပြီး နေမျိုးနွယ်အမည် ခံယူလိုက်ပြီ။ ဘုရင်ဖြစ်သွားပြီ။ ခေါင်းပေါင်းဖြူ ဖော့လုံးနဲ့၊ စလွယ်နဲ့၊ ထိုင်မသိမ်းနဲ့၊ ဘော်ကြယ်ဖိတ်ဖိတ်တောက် တောင်ရှည်နဲ့၊ သံလျက်နဲ့။ ဘာနဲ့ညာနဲ့။ လက်နှစ်ဖက်ပိုက်ထားတဲ့ပြီး ခေါင်းကြီးတဆတ်ဆတ်နဲ့ ဂိုက်ဖန်းနေလိုက်တာမှ တယ်မိ။ နောက်ခံတီးလုံးကလည်း''ကျွန်း ကျွန်း ပိုင်သ'' ဘုန်းတော်ဘွဲ့နဲ့ စည်တော်ရွှမ်းပြီး ပို့ပေးနေတာဆိုတော့ သူ့အတွက် အမူအရာလုပ်ဖို့၊ အိုက်တင်ခံဖို့ အကွက်ကောင်းကို ဆိုက်နေတော့တာပဲ။

သူ့ရှေ့တော်မှောက် အခြွေအရံတွေဆိုတာလည်း ခေါင်းမမော်စတမ်း ဝပ်ပြီးခစားနေကြတာဆိုတော့ (ဇာတ်ညွှန်းအရ ဘယ်သူမှ မော်ကြည့်ခွင့်ရှိတာ မဟုတ်တော့) သူ့စိတ်ထဲထင်တဲ့အတိုင်း ဆိုက်အမျိုးမျိုးနဲ့ အစွမ်းကုန် ကြဲနေတော့တာပေါ့။

အဲဒါ တိုင်ဖုံးကြားက ရင်တမမနဲ့ ချောင်းကြည့်နေတဲ့ ဇာတ်ဆရာ ကိုရွှေအောင်ရဲ့အသံ။

အဲဒီည ပြဇာတ်အပြီးမှာ ငတူးဟာ မိတ်ကပ်တောင်မှ မဖျက်သေးဘူးဆိုပဲ။ ပွဲဈေးတန်းထဲ အခေါက်ခေါက် လျှောက်သွားနေသတဲ့။

ပြန်ရောက်တော့လည်း မအိပ်ဘူး။ တော်ကြာနေ မင်းသမီးတွေရှေ့ ရောက်သွားလိုက်၊ တော်ကြာနေ ယိမ်းသမတွေရှေ့ ရောက်သွားလိုက်နဲ့ လတ်လျားလတ်လျား လုပ်နေသတဲ့။

လူရှင်တော်တွေက "ငတူးတို့များ သက်သာပြည်ရဲ့ အုပ်ကြီး လုပ်တာ သိပ်မှည့်တယ် မောင်" လို့များ မြှောက်ပေးလိုက်ရင် မျက်စိကို မဖွင့်တော့ဘူးတဲ့။

နှစ်ပါးသွားမထွက်ခင် မင်းသားဆီ ပန်းလာပေးကြ၊ မုန့်လာပို့ကြတဲ့ ဧည့်သည်တွေကိုလည်း သူနဲ့ သိလည်းမသိဘဲနဲ့ "ဘယ်နဲ့လဲ၊ ကျွန်တော် ဘုရင်ကြီးလုပ်တာ ကောင်းရဲ့လား" လို့ လိုက်လိုက်ပြီး မေးသေးသတဲ့။

ထားပါ။ အဲဒါ သူ့ကိစ္စပါ။

လူတစ်ယောက်မှာ လွတ်လပ်စွာ တည်ခွင့်ကြည့်ခွင့်ရှိသလို၊ လွတ်လပ်စွာ ရူးခွင့်ပေါခွင့်လည်း ရှိတယ်လို့ ကျုပ် သဘောပေါက်ပြီးသားပါ။

ခက်တာက။

သိပ်ကို ခက်တာက။

ဘယ်ရုံပဲရောက်ရောက် 'ယနေ့ည ဖာတစ်လုံးခေါင်းကျားပြဇာတ် တင်ဆက်ကပြပါမည်" လို့များ မကြေညာလိုက်နဲ့၊ အဲဒီနေ့ နေ့ခင်းသို့မဟုတ် ညနေခင်းမှာ ငတူးတစ်ယောက် ကျုပ်ရှေ့ကို ရစ်သီရစ်သီနဲ့ ရောက်လာပြီး မယောင်မလည်နဲ့ ဝင်ထိုင်ပြီ။ သူ့ပြောတာလိုလို ကိုယ့်ပြောတာလိုလိုနဲ့ မဟာတဟာ ပွင့်ပြီ။ နားငြီးအောင်လုပ်ပြီ။

"ကိုကျော်ဝင်းကြီးတစ်ယောက် နေမှကောင်းရဲ့လား မသိဘူးနော်" တဲ့။

**ဝင်းစည်သူ**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း (အမှတ် ၁၁၊ ဩဂုတ်လ၊ ၁၉၉၀)**

# အညတရ အနုပညာရှင်တစ်ဦး၏ စာပေလက်ရာများ

**နေမျိုး**

(အမြဲရှင်သန်နေတဲ့ ဝတ္ထုတိုရေးသမားကောင်းတစ်ယောက် ဖြစ်ချင်ရင် ဒီလေ့ကျင့်ခန်းကိုလုပ်၊ အဘိဓာန်စာအုပ်တစ်အုပ်ကို လှန်လိုက်၊ ကျလာတဲ့ စာမျက်နှာကိုဖတ်၊ စကားလုံးတစ်လုံးကိုယူပြီးတော့ ဝတ္ထုဖြစ်အောင် ရေးပေတော့တဲ့။ ဒါနဲ့ပဲ ကျုပ် အဘိဓာန်စာအုပ်ကို လှန်ရလေတော့တယ်။ လေးလံပြီး သိက္ခာကြီးမားလွန်းလှတဲ့ အဘိဓာန်စာအုပ်ကြီးကို ကျုပ် မထိမဲ့မြင်လှန်ပြီး ရေးပြလိုက်ပါပေရဲ့။

* * *

**Postoffice**

**ပို့စ်အော့ဖစ်(စ်) စာတိုက်။**

အဝေးမြို့မှ ပေးပို့လိုက်ကြသော အက္ခရာဝါကျများကို တင်ဆောင်လာသည့် စာဝေကားနီနီသည် စာတိုက်ရှေ့သို့ နံနက်(၁၀)နာရီတွင် ရောက်ရှိလာမြဲဖြစ်သည်။ စာဝေကားနီနီသည် စာတိုက်၏ ရှေ့မျက်နှာစာတွင်ရှိသော မြေကွက်လပ်သို့ရောက်သောအခါ စက်သံတစ်ဟွတ်နှစ်ဟွတ်ပေး၍ ကျိုခနဲ ရပ်လိုက်လေသည်။ ၄င်းစာဝေကားနီနီ ရပ်သွားသည်နှင့် ကားစက်ခေါင်းခန်းတွင်းမှ ကားမောင်းသူက ပိန်ချိုင့်ချိုင့်ကားတံခါးကို ဂျစ်ဂျစ်ဂျောက်ဂျောက်

မြည်အောင် တွန်းဖွင့်ကာ ဖုတ်ခနဲ ခုန်ဆင်းလာတတ်သည်။ ဆောင်းထားသော မွဲပြာပြာ အဝတ်ဦးထုပ်ပျော့ကို ဆွဲချွတ်ကာ လက်ဝါးတစ်ဖက်သို့ ဖျတ်ခနဲ ရိုက်လိုက်ပြီး စာတိုက်ထဲသို့ ဝင်ချသွားတတ်မြဲဖြစ်သည်။ စာဝေကား နိနိနှင့်အတူ နောက်ထပ်ပါလာသူတစ်ဦးက အရောင်လွင့်ပြယ်စ ပြုနေပြီဖြစ်သော ဝတ်စုံပြာပြာပေါ်မှ ဖုန်မှုန့်များကို ခါထုတ်ရင်း အလုံပိတ်ကား နောက်တံခါးကို ဂျိုင်းကနဲ ဆွဲဖွင့်လိုက်သည်။ ညည်းညူနေသော အက္ခရာဝါကျများ၊ ဖျားနေသော အက္ခရာဝါကျများ၊ လွမ်းဆွတ်နေသော အက္ခရာဝါကျများ၊ ရယ်မောနေသော အက္ခရာဝါကျများ၊ ပြီးတော့ ဆာလောင်နေသော အက္ခရာဝါကျများရောပေါ့၊ အားလုံးကို အဝတ်အိပ်ပြာပြာကြီးများဖြင့် ထုပ်ပိုးကာ စာတိုက်ထဲသို့ ယူဆောင်လာခဲ့တော့သည်။ ဝါကျင်ကျင် စာတိုက်ကလေးက တော့ တိုးတိတ်ငြိမ်သက်စွာ။ ငါ့ကို သတိရသေးရဲ့လား။ ကိုကြီး ငွေမြန်မြန်ပို့ပါ။ ဒီနှစ် မိုးကောင်းတော့ မဆိုးဘူးလို့ ပြောရမှာဘဲ။ နွားပြာကြီး ပိုးထိလို့ သေသွားပြီ။ မမပို့လိုက်တဲ့ တီရှပ်ပြာက အော်စလို ဂျင်းဘောင်းဘီနဲ့ သိစ်လိုက်မှာပဲ။ ဖေဖေ ဆေးတံဖြတ်လိုက်ပြီ။ ဘလူးစတားတွေ မပို့နဲ့တော့။ သမီးလေးက ဖေဖေကြီး ဘယ်တော့ ပြန်လာမှာလဲတဲ့ ကို။ ဒကာကြီး ဝိသုဒ္ဓိမဂ် နောက်တစ်အုပ် ပို့လိုက်ဦး။ ကိုဝိုင်းချို လိပ်ခေါင်းသွေးပါ ပျောက်သွားပြီ။ အယ်ဒီတာခင်ဗျာ။ မရွေးချယ်လျှင် ပြန်ပို့ပေးပါ။ ဒါပဲနော်။ သူပြောတဲ့စကားတွေ သူ မမေ့ရဘူး။ လောလောဆယ် ငါတို့ အိမ်ဂရန် ပေါင်ထားတယ်။ (၁၀) တိုး။ အဆင်ပြေပါတယ်။ စာတွေ ခဏခဏမရေးနဲ့။ နင်ပြောမှာတွေ ငါသိပြီးသားပဲ။ ဝါကျတွေ အမယ်စုံသည်။ ဘာတွေပါလိမ့်မည်။ ခံစားမှုတွေပါလိမ့်မည်။ မျှော်လင့်ချက်တွေ ပါလိမ့်မည်။ ဒဏ်ရာတွေလည်း (နည်းနည်းတော့ပါလိမ့်မည်။ မန်ကျည်းပင်ကြီး၏ ငုံ့ကိုင်းဖြာဝေနေသော အရိပ်အေးအောက်မှာ စာတိုက်ကလေးဟာ အမှန်ပင် တိုးတိတ်ငြိမ်သက်စွာ၊ နီညိုညိုဆေးသုတ်ထားသော တံခါးရွက်များက လေးတိုးလျှင် သဲ့သဲ့ယဲ့ယဲ့။ သံချေးစွဲနေသော ပန်ကာလက်များက မျက်နှာကြက်မှာ တဒီးဒီးလည်လို့။ မြို့နယ်စာတိုက်ကလေးရဲ့ စာတိုက်မှူးကြီးက စားပွဲမှာ ထိုင်ကာ ရောက်ရှိလာသော မန်နီအော်ဒါများကို ရေတွက်ကြည့်လို့နေသည်။

အားလုံး စုစုပေါင်း(၇)စောင်၊ ငွေပမာဏကတော့ သိပ်မများ။ မျက်မှန်ကို ကောက်ကိုင်ကာ ပေးပို့ရမည့် လိပ်စာများကို ဖတ်ကြည့်လိုက်ပြန်သည်။ ကိုသံခဲ၊ ထွန်းလင်းကျော်ကဖေး၊ ချော်လမ်း၊ ဘောဘီအာတီစီကွင်း အရှေ့ဘက်လမ်းသစ်။ ဦးတိက္ခ၊ သံတောင်ကျောင်း၊ မိုးတားတိုက် ဈေးလမ်းထိပ်၊ စာတိုက်မှူးကြီးသည် ပေးပို့ရမည့် လိပ်စာများကိုယ်စား ဦးဦးဖျားဖျား ကျေနပ်ပီတိဖြစ်နေမိလေသည်။ မန်နီအော်ဒါတွေ များများရောက်လာသော နေ့မျိုးဆိုလျှင် သူ့အလိုလို ပျော်ရွှင်နေတတ်သည်။ ပျော်စရာမကောင်းဘူး လားဟေ့။ သူ၏ စာတိုက်မှူးသက်တမ်းတလျှောက် ပျော်ရွှင်ဖွယ်ကောင်း သော အချိန်ကလေးများ ရှိခဲ့ပါသည်ဆိုခြင်းမှာ ထိုကဲ့သို့သော နေ့မျိုးများတွင် ဖြစ်လိမ့်မည်။ "ကိုဘဒင် ဆုံးပြီ အမြန်လာ" ဆိုတဲ့ သံကြိုးစာမျိုးတွေလည်း အဲဒီလိုနေ့မှာ မရောက်လာခဲ့ရင်ပေါ့။ တစ်ချက်တစ်ချက် မှတ်ပုံတင်စာ ကောင်တာပေါက်မှ ဒုံးခနဲဒုံးခနဲ တံဆိပ်တုံးထုသံမှအပ စာတိုက်ကလေးသည် အသံဗလံများ ဆူညံရှုပ်ထွေးခြင်းမရှိ။ ဗဟိုစာတိုက်ကြီးမှ စာဝေကားနီနီသည် ခပ်စောစောကပင် ပြန်လည်ထွက်ခွာသွားခဲ့ပြီ။ စာတိုက်အတွင်းသို့ ငွေပို့လွှာ ပေးပို့ရန် အမျိုးသမီးတစ်ယောက် ဝင်လာသည်။ ယခင်ကမူ သူမသည် တစ်လလျှင် တစ်ကြိမ်ခန့်သာ လာရောက်၍ သူမ ပို့နေကျလိပ်စာကိုမူကာ ငွေများပေးပို့လေ့ရှိပါသည်။ ပေးပို့သောငွေမှာလည်း သိပ်များများစားစား မဟုတ်ပါ။ ယခုမူ သူမသည် တစ်လလျှင် သုံးကြိမ်မြောက် ရောက်ရှိလာ သော ငွေပို့လွှာကောင်တာပေါက်ရှေ့တွင် ငွေပို့ရန် အဆင်သင့်ဖြစ်နေပေပြီ။ သူမ၏ ပုံမှုဟန်သွင်မှာလည်း ဟိုအရင်ခေါက်များကထက် ပိုမိုထူးခြားလာ သည်။ စာတိုက်အတွင်းသို့ သူမ ဝင်ရောက်လာသည်နှင့် အမျိုးအမည်မသိ သော တိမ်မှူးဖွယ် မွှေးရနံ့တစ်ခုက ပျံ့လွင့်လာခဲ့သည်။ နက်မှောင်ပျော့အိ သော သူမ၏ဆံစများမှ မဟူရာအရောင် ဖိတ်ဖိတ်လက်နေသည့် အနက် ရောင်စလင်းဘက်ကို ပခုံးထက်ချိတ်၍ စာတိုက်အတွင်းသို့ သူမ လှမ်းဝင်လာ ပုံမှာ သားကောင်ကို တစ်လှမ်းချင်း ချောင်းမြောင်းဖွေရှာနေသော ကျားသစ် တစ်ကောင်ကို မြင်ယောင်စေနိုင်သည်။ သူမ၏အသားအရေမှာ အေးသလော သို့မဟုတ် နွေးသလော ယခုအချိန်တွင် အတိအကျပြောရန် ခက်ခဲပေလိမ့်

မည်။ သို့ရာတွင် သူမ၏စကားသံများက အေးစက်စက်နိုင်လှကြောင်းတို့ကို ယခုပင် သေချာစွာ ပြောပြနိုင်ပေလိမ့်မည်။ "ကျွန်မ ငွေပို့ဦးမယ်"

ငွေပို့လွှာကောင်တာနောက်မှ စာတိုက်ဝန်ထမ်း လူငယ်ကလေးက အရောင်တောက်သော မျက်လုံးများဖြင့် သူမကို မော့ကြည့်လိုက်သည်။ သူမက မပြုံးပါ။ အညိုရင့်ရင့် နှုတ်ခမ်းဆိုးဆေးများ ခြယ်သထားသော နှုတ်ခမ်းနှစ်လွှာက ပိပိရိရိ။ ဒါဟာ အတတ်ပညာတစ်ခုလား၊ အလှအပတစ်ခုလား။ စာတိုက်ဝန်ထမ်း လူငယ်ကလေးက ဤသို့ တွေးကောင်းတွေးလိမ့်မည်။ သူမသည် စလင်းဘက်ကိုဖွင့်၍ ငွေစက္ကူများကို နှိုက်ယူလိုက်သည်။ ဤတစ်ကြိမ်၌ မိမိကိုယ်ခန္ဓာတွင် စိုက်ဝင်နေသော ဓားမြှောင်တစ်ချောင်းကို နုတ်ယူလိုက်သလိုမျိုးဟု စာတိုက်ဝန်ထမ်းလူငယ်ကလေးက တွေးလိုက်မိသည်။ ဒါပေမယ့် ခဏပါပဲ။ ငွေစက္ကူများကို လျှင်မြန်စွာ ရေတွက်လိုက်ပြီး-

"ဒီငွေတွေ အကုန်ပို့မယ်ဆိုရင် မန်နီအော်ဒါ သုံးစောင်ရေးရမယ် ခင်ဗျ"

"ကောင်းပြီလေ···ကျွန်မကို ရေးပေးပါ"

အဲဒီနောက် စာတိုက်ဝန်ထမ်း လူငယ်ကလေးက သူမလာရောက်ပေးပို့သည့် အခါတိုင်း ရည်ညွှန်းနေကျ အပူပိုင်းဒေသမြို့ကလေးတစ်မြို့ရဲ့ လိပ်စာကို ရေးသားတပ်ဆင်ပေးလိုက်ပါသည်။ ငွေပို့သူသည် မိမိရေးသားလိုသော အကြောင်းအရာကို အောက်တွင် ရေးသားနိုင်သည်ဟူသောနေရာတွင် သူမသည် မည်သည့်အကြောင်းအရာကိုမျှ ရေးသားလေ့မရှိခဲ့ပါ။ နေ့လယ်ခင်းအပူရှိန်သည် အနည်းငယ် မြင့်တက်လာသည်။ စောစောက စာတိုက်အတွင်းမှာ ပျံ့ဝဲနေခဲ့သော တိမ်မှူးဖွယ်မွှေးရနံ့မှာ မရှိတော့ပြီ။ စာတိုက်စာရေးလေးက မဂ္ဂဇင်းတစ်စောင်တွင် ဖော်ပြထားသော "စာတိုက်" ဟူသည့် ဝတ္ထုကို ဖတ်ရှုနေလေသည်။

စာတိုက်အတွင်းသို့ ဦးပဉ္စင်းတစ်ပါး ဝင်ရောက်လာသည်။ ထိုဦးပဉ္စင်းသည် တစ်လလျှင် တစ်ကြိမ် မှန်မှန် စာတိုက်သို့ ရောက်ရှိလာပြီးနောက် သူ၏ဇာတိမြို့ရှိ မိခင်အိုကြီးထံ ငွေမှန်မှန်ပို့လေ့ရှိပါသည်။ ဦးပဉ္စင်းသည် ငွေပို့လွှာကောင်တာဝယ် ရပ်တန့်ပြီး "ဒကာကြီး··· ကျုပ် ဝတ္ထု

ပို့ဦးမယ်'' ဟု ဆိုလိုက်သည်။ စာတိုက်ဝန်ထမ်း လူငယ်လေးက ''တင့်ပါ ဘုရား၊ ဝတ္ထုငွေဘယ်လောက်ပို့မယ်ဆိုတာ အမိန့်ရှိပါ'' ဟု ဆိုလိုက်လေသည်။ ဦးပဉ္ဇင်းကလေးက ကေသီကိုလှပ်၍ အတွင်းရှိ လွယ်အိတ်ငယ်ကလေးအတွင်းမှ ငွေစက္ကူအချို့ကို ထုတ်ယူလိုက်သည်။ ဘယ်လောက်များများလဲ။ စာတိုက်ဝန်ထမ်း လူငယ်လေးက ရေတွက်ကြည့်လိုက်သည်။ နှစ်ထောင့်ခွန်နှစ်ရာငါးဆယ်တိတိ။ စာတိုက်ဝန်ထမ်း လူငယ်လေးက မန်နီအော်ဒါစာရွက်ပေါ်တွင် အက္ခရာများ၊ ကိန်းဂဏန်းများ ရေးနေချိန်ဝယ် ဦးပဉ္ဇင်းလေးက ငွေစက္ကူများကို လက်တစ်ဖက်ဖြင့်ကိုင်ကာ မေတ္တာပို့ဆုတောင်းဂါထာတစ်ခုကို တိုးတိုးညင်းညင်း ရွတ်ဆိုနေလေသည်။ အေးချမ်းငြိမ်သက်နေသော စာတိုက်ကလေးအတွင်းသို့ ညှင်းသိုးသိုးရနံ့တစ်ခု ဝဲလွင့်လာခဲ့သည်။ ချဉ်စုတ်စုတ် ညှင်းသိုးသိုးရနံ့က စာတိုက်ခန်းကလေးထဲက မင်နံ့ကို ဖြတ်ကျော်သွားခဲ့သည်။ ငွေပို့လွှာကောင်တာနောက်တွင် နောက်ထပ်လူတစ်ယောက်။ ရှည်လျားသော ဆံပင်တွေက ခပ်ရိုင်းရိုင်း ဝဲကျနေသည်။ မဖြီးမသင်ဘဲထားခဲ့သည်မှာ ကာလအတော်ကြာခဲ့ဟန်ရှိသည်။ ဆံပင်များမှာ အမြှောင်းလိုက်ထနေသည်။ အရောင်အဆင်းမွဲညှိုးနေသော အင်္ကျီဖားဖားကြီးကို ဝတ်ဆင်ထား၏။ အင်္ကျီမှာ စာတိုက်ခန်းကလေးအတွင်းသို့ တိုးဝှေ့ဝင်လာသော လေထဲ၌ တဘတ်ဘတ်။ သူ၏အင်္ကျီပွကြီးက မူလက အဖြူရောင် သို့မဟုတ် အဝါရောင် သို့မဟုတ် အပြာရောင် တစ်ခုခုပေါ့။ ခုတော့ မူလအရောင်တွေ ပြယ်လွင့်သွားကြပါပြီ။ နှုတ်ခမ်းမွေးများအောက်မှ ပိရိသေသပ်သော နှုတ်ခမ်းအစုံမှာ သွေ့ခြောက်နေသည်။ စာတိုက်ဝန်ထမ်း လူငယ်လေးက သွေ့ခြောက်သော်လည်း ထိုပိရိသေသပ်သော နှုတ်ခမ်းများကို မုသားမဲ့နှုတ်ခမ်းများဟု အတွေးနယ်ချဲ့လိုက်သည်။ သူ့အတွေးမှန်မမှန်ကိုတော့ သူကိုယ်တိုင် မဆုံးဖြတ်နိုင်သေး။ အတွေးသည် အတွေးသာဖြစ်သည်။ ညှင်းသိုးသိုးနိုင်သော ထိုသူသည် အိတ်ထောင်အတွင်းမှ ဆေးပေါ့လိပ်အတိုကလေးကို ထုတ်ယူကာ ပိရိသေသပ်သော နှုတ်ခမ်းတွင် တပ်ဆင်လိုက်သည်။ ဆေးပေါ့လိပ်ဟာ သူချမ်းသာကြွယ်ဝသမျှ အကုန်ပါပဲလို့ သိပ်မကြာခင်မှာ စာတိုက်ဝန်ထမ်းကလေး သိခွင့်ရခဲ့

သည်။

"ဒီမှာခင်ဗျာ ကျွန်တော် အိမ်ကို ငွေပို့ချင်လို့"

"ခုလောက်ဆို ကျွန်တော့်ဇနီးက ကျွန်တော်ပို့မယ့်ငွေကို မျှော်နေရောပေါ့။ အင်း ခုမှမဟုတ်ပါဘူး။ ဟိုလွန်ခဲ့တဲ့ နှစ်တွေကလည်း သူမျှော်နေမှာပါ။ ကျွန်တော် ငွေပို့ချင်တယ်ဗျာ။ ကျွန်တော့်ဇနီး ခုလောက်ဆို…"

"ငွေဘယ်လောက်ပို့မှာလဲ"

စာတိုက်ဝန်ထမ်း လူငယ်လေးက အတိုဆုံးနှင့် အရှင်းဆုံးမေးခွန်း တစ်ခု မေးလိုက်သည်။

"ငွေဘယ်လောက်ပို့မှာလဲလို့ ခု ကျွန်တော်မပြောနိုင်သေးပါဘူး။ လူကြီးမင်းတို့ တစ်ဆိတ်လောက် ကျွန်တော့်ကို ဖောင်တိန်တစ်ချောင်း ငှားပါလား။ ကျွန်တော် ကဗျာတစ်ပုဒ် ရေးပြချင်လို့ပါ။ ကျွန်တော့်ရဲ့ မွဲတေမှုတွေကို ရေးဖွဲ့ပြချင်ပေမယ့် ကျွန်တော့်မှာ ဖောင်တိန်မရှိတာ ကြာပါပြီ။ ကျွန်တော်ဟာ တစ်ချိန်က ကဗျာဆရာတစ်ယောက် ဖြစ်ခဲ့ဖူးသူပါ။ ဝွတ်ဒ်ဖော်နတ်သဲင်းဂ်ဆိုတဲ့ စာတစ်ပုဒ်ကို ကျွန်တော် ရေးခဲ့ဖူးပါတယ်။ ခု ကျွန်တော် ကဗျာတစ်ပုဒ်ရေးပြချင်တယ်။ လူကြီးမင်းတို့ ဖတ်ကြည့်ကြပါ။ ကြိုက်နှစ်သက်တယ်ဆိုရင် ကျွန်တော် အဲဒီကဗျာလေးကို ရောင်းခဲ့မယ်လေ။ လူကြီးမင်းတို့အထဲမှာ အယ်ဒီတာတွေများ ပါမလားမသိဘူး။ ရသရှေ့ပေါ့ဗျာ။ အဲဒီငွေစလေးများ ရခဲ့ရင်တော့ ကျွန်တော့်ဇနီးဆီ ငွေလှမ်းပို့ချင်ပါတယ်ဗျာ"

စာတိုက်မှူးကြီးသည် စာတိုက်ဝန်ထမ်း လူငယ်ကလေးအနီးသို့ ရောက်လာ၏။ ထို့နောက် တအံ့တဩဖြစ်နေသော စာတိုက်ဝန်ထမ်း လူငယ်ကလေး၏ ပခုံးကို အသာအယာပုတ်ကာ

"နှစ်ပေါင်း (၈၀)အကြာမှာ ဒါမျိုးတွေဟာ တစ်ကြိမ် ပြန်တွေ့ဆုံရစမြဲပါ လူကလေး" ဟု ပြောလိုက်လေသည်။

* * *

**Note**

**နုတ်ထိ**

**မှတ်သားချက်**

ဖောင်တိန်၊ မေမေ၊ ဒိုဒို၊ ပင်နယ်စလင်ဆေးဝါးများ၊ မြွေဟောက်တံဆိပ် ဆေးပေါ့လိပ်၊ အောက်တိုဘာလ၊ နည်းလွန်းသူ ဖေဖော်ဝါရီလ၊ ကွေ့ကောက်သော ဖယောင်းတိုင်များ၊ တောကျိုးကန်းများ အော်မြည်ခြင်း၊ ဖောင်တိန်၊ ဖောင်တိန်၊ ဖောင်တိန်၊ ဖောင်တိန်ထဲမှာ မြို့တစ်မြို့၊ မြို့ထဲမှာ လူသူတစ်ယောက်မျှမရှိ၊ တောကျိုးကန်းများ၊ အော်မြည်ခြင်း၊ ခြကောင်များ တရွရွ၊ ပုလင်းခွံများရဲ့ လဲလျောင်းမှု၊ သစ်တော်သီးများ၊ ကြွပ်ရွပြန့်ကားသော အညိုရောင် မုန့်လေပွေများ၊ မြို့တစ်မြို့ရဲ့ည၊ ငိုနေတဲ့ကြယ်၊ တုန်ချည့်ချည့်နာရီစက်သွားသံ၊ ဆာလောင်နေတဲ့ အိမ်မြှောင်တစ်ကောင်၊ အင်းဆက်ပိုးမွှားများ၊ တိတ်ဆိတ်သော တနင်္ဂနွေ၊ သွပ်နန်းကြိုးများရဲ့ သွယ်တန်းမှု၊ အဝေးမြင်ရှုမျှော်ခင်းများ၊ လေငြိမ်သောနေ့တစ်နေ့၊ ရပ်နေတဲ့ပန်ကာ၊ သတ္တုအပိုင်းအစများ၊ သော့ပွင့်နေတဲ့ တိရစ္ဆာန်ရုံများ၊ အလိုအလျောက် ရွေ့လျားနေသော လူနာတွန်းလှည်းများ၊ ဖောင်တိန်တစ်ချောင်းကိုတင်ဆောင်လို့၊ ဖောင်တိန်၊ ဖောင်တိန်၊ ဖောင်တိန်၊ ဖောင်တိန်ထဲမှာ မြို့တစ်မြို့၊ မြို့ထဲမှာ ရုပ်ဝတ္ထုတို့ကပြတဲ့ ပြဇာတ်များ (ကြည့်ရှုသူတစ်ယောက်မျှမရှိ)၊ အော်မြည်ပြေးလွှားနေသော စက်ကိရိယာများ၊ သတ္တုခေါင်းလောင်းတီးသံများ (မြည်လို့)၊ မီးသင့်ဝါယာကြိုးများ၊ နောက်တစ်ကြိမ် ပြန်လာမည်ဟု အဓိပ္ပာယ်ရသော ဝါကျများ (မည်သူ့မျှ မဖတ်ရှုကြ)၊ တယ်လီဖုန်းမြည်သံများ (ကိုင်သူမရှိ)၊ ကွေးညွတ်နေသော စားပွဲများ၊ ရုပ်ရှင်ပိုစတာများ၊ တစ်ခါတုန်းက ရိုးဖြောင့်စင်ကြယ်မှုများ၊ ရောက်ရှိမလာသေးသော ငွေကြေးများ၊ အံစာတုံးများ၊ လေတိုက်ခတ်ပုံအကြောင်း ရိုက်ကူးထားသော ဖလင်လိပ်တစ်လိပ်၊ သံချေးအထပ်ထပ် ရက်စွဲတစ်ခု၊ ပိုးမွှားတို့ရဲ့ ပျော်ရွှင်မှု၊ ပပ်ကြားအက်နေသောအိပ်ယာ၊ ပိုးစုန်ကြူးတစ်ကောင်၊ တစ်ကိုယ်ရည်စာလမ်းကလေး၊ ဖောင်တိန်၊ ဖောင်တိန်၊ ဖောင်တိန်။

* * *

**Good for nothing**

**ဗွတ်ဒ်ဖော်နင်းနက်သင်းဂ်**

**အသုံးမကျသူ။**

ခွေးအကြီးကို လှည်းနင်းသောနေ့က သူ့ကို မွေးဖွားခဲ့သည်။ သူသည် စနေသား (သို့မဟုတ်) တနင်္ဂနွေသား ဖြစ်နိုင်သည်။ တနင်္လာသား လည်း ဖြစ်နိုင်သေးသည်။ တိကျသေချာသော မှတ်တမ်းတစ်စုံတစ်ရာမရှိ။ သူ၏မိခင်မှာ သူ့ကိုမွေးဖွားပြီး (၃)ရက်အကြာတွင် ကွယ်လွန်ခဲ့သည်။ ပျော့ရှင်ခြင်းသုခဟူ၍ မူးလို့မှ ရှူစရာမရှိသော မိသားစုတွင် သူ ဆက်လက် ကြီးပြင်းခဲ့ရသည်။ သူ့ဖခင်မှာ နေ့နေ့ညည ဘိန်းရှူနေသူဖြစ်သည်။ သူ ငယ်စဉ်က သူ၏ဖခင် မည်သူမည်ဝါဖြစ်သည်ဟူ၍ပင် ကောင်းစွာ မှတ်မိ နိုင်ခြင်း မရှိခဲ့။ ခွေးဝဲစားများ အမှိုက်များ၊ ကြွက်စုတ်များ၊ ပင့်ကူအိမ်များ၊ ပိုးလောက်လန်းများ၊ ပိုးဟပ်များနှင့် ရှည်မျောမျော မျက်နှာများကြားတွင် သူ၏ ရင်ခွင်ပိုက်ကလေးဘဝကို ရှင်သန်ကြီးပြင်းခဲ့ရသည်။ လမ်းထိပ်ရှိ ထမင်းဆိုင်မှ စွန့်ပစ္စည်းဖြစ်သော ထမင်းရည်များကို တောင်းရမ်း၍ သူ့ကို ကျွေးမွေးခဲ့ရသည်။ သူ၏ကလေးဘဝတွင် နေ့လယ်ခင်းချိန်များ၌ အိပ်စက်နေ တတ်ပြီး ညအချိန်များတွင် နိုးနေတတ်သည်မှာ သူ၏ ထူးခြားမှုတစ်ခုကို စတင်တွေ့ရှိရခြင်းပင်ဖြစ်သည်။ လူအဖြစ်၌ ငြီးငွေ့ခြင်း သင်ခန်းစာများကို သူသည် (၄)နှစ်သားအရွယ်ကပင် စတင်သင်ကြားခြင်း ခံခဲ့ရသည်။ နောင် အခါ၌ ထိုဘာသာရပ်ကို သူသည် ထွန်းပေါက်အောင်မြင်အောင် ကျွမ်းကျင် တတ်မြောက်ခဲ့သည်။ ငတ်မွတ်ခြင်းနှင့် ပေါင်မုန့်၏ တစ်ပြန်တစ်လှည့်စီ စောင့်ရှာက်မှုများကို ကျေနပ်စွာ ခံယူခဲ့သည်။ သူသည် နောင်အခါတွင် ငိုကြွေးရန် မေ့လျော့နေသူတစ်ဦးဖြစ်လာခဲ့ပြီး ထိုအတွက် အခြေခံကျသော အချက်အလက်နှင့် တန်ဖိုးများကို အလျှံအပယ်ရရှိခဲ့သည်။ (၉)နှစ်သား အရွယ်ရောက်သည်အထိ "မေမေရေ" ဟု အော်ဟစ်ငိုယိုခြင်းကို သူ မပြုလုပ်တတ်ခဲ့ပေ။ ဝဲစားနေသော ခွေးအိုကြီး၏အသွင်မှာ သူ့အတွက် သားချော့တေးတစ်ပုဒ် ဖြစ်ခဲ့ပါသည်။ သိုးနေသော ပေါင်မုန့်များနှင့် ပူပြင်း သော နေ့ရက်များ အကြိမ်ကြိမ်ရောက်ရှိလာခဲ့ပြီးနောက်တွင် သူသည် သူ၏ ကိုယ်ခန္ဓာမှာလည်းကောင်း၊ သူ၏ ဝိညာဉ်မှာလည်းကောင်း၊ အိုင်းအနာတွေ ပေါက်နေသော လူငယ်လေးတစ်ယောက် ဖြစ်လာပါတော့သည်။ သူ၏

ခန္ဓာကိုယ်တွင် ပေါက်ရောက်နေကြသော အိုင်းအနာများက ဆောင်းကာလ မြူနှင်းတဖွဲဖွဲကျလာချိန်တွင် တဖြည်းဖြည်းနှင့် ပျောက်ကင်းသွားကြသော်လည်း သူ၏ဝိညာဉ်တွင် ပေါက်နေသော အိုင်းအနာကြီးမှာ ရေခဲမတတ် အေးစက်သော ဆောင်းရက်များသို့သာ တိုင်ခဲ့သည်။ ပျောက်ကင်းသွားခြင်း မရှိပါ။ သူသည် အသက်(၂၀) အရွယ်တွင် လောကမျိုးစုံကို ကျင်လည်တတ် နေခဲ့ပြီဖြစ်သည်။ ပြည့်တန်ဆာအိမ်နှင့် အရက်ဆိုင်ခန်းများတွင် သူ့အကြောင်း ကို ပြောဆိုလာခဲ့ကြသည်။ ဘယ်သူတွေက ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ ကျွန်တော်ဖြစ်တယ်ဟု သူပြောလေ့ရှိသော စကားက သူ့ပတ်ဝန်းကျင်တွင် အမြဲတစေ တုန်ခါနေခဲ့သည်။ သူသည် ကဗျာများကို စတင်ရေးသားလာခဲ့ပြီ ဖြစ်သည်။ သို့ရာတွင် သူ၏ကဗျာများကို သူ၏မြို့တွင် မည်သူကမျှ နားမလည်ကြ၊ မခံစားတတ်ကြ။ ထိုကိစ္စအတွက် သူကိုယ်တိုင်လည်း မည်သို့မျှမတတ်နိုင်ခဲ့။ ဖြေရှင်းရန်လည်း မကြိုးစားခဲ့။ အလကား နားမလည်ခြင်း ကိရိယာတွေ… ဟု ဆဲရေးသံတစ်ခုသာ သူ ရေရွတ်နိုင်ခဲ့သည်။ သို့သော်လည်း သူ၏ "ကောင်းကင်ဘုံက ရိုက်လိုက်တဲ့သံကြိုးစာ" ဟူသော ကဗျာတစ်ပုဒ်။ စာပေမဂ္ဂဇင်းတစ်စောင်တွင် တခမ်းတနား ပါလာသောအခါ သူ၏မြို့က သူကို အထိတ်တလန့် တအံ့တဩ ဖြစ်ခဲ့ရလေသည်။ ထိုကဗျာ စာပေမဂ္ဂဇင်းတစ်စောင်တွင် ပါလာပြီးနောက်တွင် သူ၏စိတ်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့သည်။ ကပ်မ်ကာဟာမက်ဘရေ့ကို အကူအညီတောင်းပြီး ဆောက်ရွက်ခဲ့ရာမှာ မအောင်မြင်ခဲ့တဲ့ ကိစ္စတစ်ခုကို ကျွန်တော်အောင်မြင် အောင် ဆောင်ရွက်လိုက်ပြီဟုဆိုတာ သူ၏ရေးသားထားခဲ့သော ကဗျာများကို မီးရှို့ပစ်ခဲ့လေသည်။ "မည်းနက်သောကြယ်" အပါအဝင် ကဗျာအများ အပြားကို သူ၏မြို့သူမြို့သားများ ဖတ်ခွင့်မရတော့ပေ။ ထိုကိစ္စအတွက် မြို့၏မီးသတ်တပ်ဖွဲ့က တရားစွဲသဖြင့် သူသည် အချုပ်ခန်းထဲတွင် ရက် အတန်ကြာ နေထိုင်လိုက်ရသေးသည်။ ထိုနောက်တွင် မြို့ကြီး၏ သမိုင်းနှင့် သူ၏ ကိုယ်ရေးကိုယ်တာများ အရောရော အနှောနှော ဖြစ်နေသည်ဟု ထင်မှတ်လာခဲ့သည်။ သူ၏ ထင်မြင်ယူဆချက် ခိုင်မာလာစေရန်အတွက် သူဟာ မြို့ကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်ဟူ၍ မကြာခဏ ထုတ်ဖော်

ပြောကြားခဲ့သည်။ နှစ်ပေါင်း (၈၀)အတွင်း တစ်ကြိမ်ပြန်လည် ကြုံတွေ့ရသော တစ်မြို့လုံးရေခဲသည့် အေးစက်သော ဆောင်းရာသီတစ်ခုတွင် သူသည် ကဗျာများကို ပြန်လည်ရေးသားလာခဲ့သည်။ မီးလင်းဖိုကြီးကို (၂၄)နာရီဖို၊ ဝိုင်အရက်များကို (၂၄)နာရီသောက်ကာ ကဗျာများကို နာရီပေါင်းများစွာ ရေးသားလာခဲ့သည်။ ဂျာမနီပြည်သား ကဗျာဆရာ အက်ဇင်ဘာဂျာက ရေထဲကငါးများကို တရားဟောရန် ကြိုးစားခဲ့သလို သူကလည်း တခြားကမ္ဘာမှ ဂြိုဟ်သားများကို ကဗျာရွတ်ဆိုရန် ကြိုးစားခဲ့သည်။ ထိုအတွက် ကဗျာကို အသံလှိုင်းများအဖြစ် ကူးပြောင်းရာတွင် အခြေခံကျသော မူလတန်ဖိုးများကို သတ်မှတ်နိုင်ခဲ့သည်။ တစ်မြို့လုံး ရေခဲသည့် အေးစက်သော ဆောင်းရာသီ ပျော်ကျကုန်သွားသောအခါ သူသည် မြို့အသီးသီးသို့ ခရီးလှည့်လည်လေသည်။ သူရောက်လေရာ မြို့တိုင်းတွင် ဖောင်တိန်များ သိသိသာသာ ရောင်းကောင်းလေ့ရှိသည်။ သူသည် ရောက်လေရာမြို့၏ တည်းခိုခန်းတွင်နေထိုင်၍ မှန်ပြောင်းတစ်လက်ဖြင့် မြို့ကိုကြည့်ရှုကာ အခန်းတံခါးပိတ်၍ စာများ ရေးလေ့ရှိသည်။ (အချို့ကမူ အခန်းတံခါးပိတ်၍ မူးယစ်ဆေးများ အလွန်အကျွံ သုံးစွဲခြင်းသာ ဖြစ်သည်ဟု ဆိုကြသည်) မည်သို့ပင်ဆိုစေကာမူ သူသွားလေရာတွင် ထူထဲများပြားသော စာမူဖိုင်ကြီး ဆောင်ယူသွားတတ်သည်ကို တွေ့မြင်ကြရသည်။ သို့ရာတွင် ထိုစာမူဖိုင်ကြီးကို သတ္တမမြို့ကြီးတစ်မြို့တွင် လျှို့ဝှက်စွာ ပျောက်ဆုံးသွားသည်။ သူ့ကို အရူးအမူး စွဲလမ်းနေသော တတိယမြို့မှ မိန်းမတစ်ဦးက စာမူဖိုင်ကြီးကို မနာလိုဝန်တိုစိတ်ဖြင့် ခိုးယူဖျောက်ဖျက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ငါနေထိုင်တဲ့မြို့ကြီးကို ဝယ်ယူပြီး မင်းကို လက်ဆောင်ပေးမယ် အချစ်ကလေး အစချီ စာမူတစ်ပုဒ်သာ ကျန်ရစ်ခဲ့ပါသည်။ သူ့အသက်(၃၀)ကျော်သောအခါ သူ့ဝိညာဉ်တွင် ပေါက်နေသော အိုင်းအနာကြီးက ပို၍ကြီးထွားရင့်မှည့်လာခဲ့သည်။ သူသည် ထိုအိုင်းအနာကြီးကို ခွဲစိတ်ပစ်ရန်အတွက် သူသွားလေရာတွင် အသစ်စက်စက် သင်တုန်းဓား အလက်(၃၀)ကို ဆောင်ယူသွားလေ့ရှိသည်။ ဤသို့ဖြင့် တစ်ခုသော တနင်္ဂနွေနေ့တွင် သူသည် တည်းခိုရာအခန်းတစ်ခုထဲမှ ရုတ်တရက် ပျောက်ဆုံးသွားခဲ့သည်။ သွေးစွန်း

နေသော သင်တုန်းဓား အလက်(၃၀)၊ (အချို့က ခရမ်းချဉ်သီးဆော့များ စွန်းထင်းနေခြင်းဟု ဆိုကြသည်) နှင့် ငါ စဉ်းစားကြည့်တယ်။ "အားလုံး ဟာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ" ဟူသော စာတစ်စောင်သာ ကျန်ရစ်ခဲ့သည်။

* * *

**Zero**

**ဇီးရိုး**

**ဘာမျှမရှိခြင်း။**

**ကျွန်တော့်တည်းခိုခန်းက အခန်းနံပါတ်"၃၆" မှာ တစ်လစာငွေ ကြိုသွင်းပြီး လာတည်းခိုတဲ့သူဟာ (၃)ရက်ရှိပြီ၊ အခန်းကို ပြန်မရောက်လာ ဘူး။ ကျွန်တော့်မှာ တာဝန်ရှိတာကြောင့် အခန်းနံပါတ်"၃၆" ကို ဖွင့်ကြည့် တဲ့ အခါ Dictionary တစ်အုပ်နဲ့အတူ အဲဒီစာတွေကို တွေ့ရတာပါပဲဗျာ။**

**နေမျိုး**

**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၀၀ ပြည့်နှစ်)**

## တောင်သမန်လှိုင်းက မူးတယ်

**ဆူးငှက်**

သည်အချိန် 'တောင်သမန်'ကို သွားဖို့ကိစ္စ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးတာ သေချာပါသည်။ တကယ်တော့ 'တောင်သမန်'သည် ကျွန်တော့်အတွက် တံခါးမရှိ ဓားမရှိ၊ စားအိမ်သောက်အိမ်။ သို့သော် သည်အချိန်မှာတော့ တောင်သမန်ကို မရောက်ဖူး။ ကျွန်တော်ကလည်း ကျွန်တော် ဤမျှ ရင်းနှီးကျွမ်းဝင်ရပါသော တောင်သမန်ကို ထိတွေ့ဖို့ကိစ္စတွင် အလွန်ဇီဇာကြောင်သည်။ ကျွန်တော်က ဟန်ဆောင်လွန်းသော တောင်သမန်ကို မုန်းသည်။ လျှပ်ပေါ်လော်လီသော တောင်သမန်ကို မျက်နှာပူသည်။ တောင်သမန်ဆိုလျှင် မယ်ဇယ်ပင်တန်းအောက် လှည်းလမ်းမှာ ဖုန်တထောင်းထောင်းထလျှက် ထင်းလှည်းတစ်စီး ဖြတ်သွားစေချင်သည်။ လှည်းလမ်းဟိုဘက် ပြောင်းဖူးခင်းထဲက 'ဟေး'ကနဲ အော်ဟစ်မည့် ရွာသူမလေးတွေအသံ ကြားချင်သည်။ ပြောင်းဖူးခင်းကြား ရေကွက်ကွက်ကလေးထဲမှာ ငါးမျှားလှေတစ်စင်း ချောင်ခိုနေစေချင်သည်။ ခပ်လှမ်းလှမ်း ကိုင်းတဲလေးတစ်တဲက မီးခိုးလူလူလေးလည်း လွင့်နေစေချင်သည်။ ထိုအခါ ဇရပ်မှာ အရိပ်ခိုအပန်းဖြေမည့် စက်ဘီးနောက်မှာ ဘက်ထရီအိုးတွေ အများကြီး

ချိတ်ထားသော ဈေးသည်နှင့်လည်း စကားစမြည် ပြောချင်သည်။

ပြီးလျှင် တံတား၏ အရှေ့ဖက်ထိပ်ထိ သွားမည်။ ကျောက်တော်ကြီးဘုရားဆီ မရောက်မီ တံထားထိပ် ထန်းလက်တဲလေးထဲက လက်ဖက်ရည် ချိုရဲရဲတစ်ခွက် သောက်ဦးမည်။ ပြီးတော့ 'မေဃဝတီ'ကျောင်းတိုက် ဟောင်းကြီးဘေး သစ်ပင်အရိပ်တွေအောက်က မူလတန်းကျောင်းကလေးမှာ ငေးမောချင်သေးသည်။ မန်ကျည်းပင်ကြီးတွေအောက်က ထန်းရွက်မိုး ဝါးကပ်ကာ စာသင်တဲလေး။

ကျောင်းသားတွေက မနည်းမများ သည်ကျောင်းလေးကို ဘယ်ပညာအုပ်မှ တဒီးဒီးလာမှာမဟုတ်။ သည်ကျောင်းလေးမှာ ဘာဖွင့်ပွဲမှ လုပ်မှာမဟုတ်။ သည်ကျောင်းလေးမှာ ဘယ်ပန်းပွားအကမှ သင်ရမှာ မဟုတ်။ ထို့အတူ ဘင်ခရာလည်း တီးတတ်စရာ လိုမှာမဟုတ်။ ဟောသည် ကျောင်းကလေးကတော့ စိတ်လိုလက်ရရှိစွာ ကျောင်းဆရာလုပ်ဖို့ ကောင်းသေးတော့။ ထိုအခါ သင်ရိုးညွှန်းတမ်းသည် ကလေးတွေကို သမိုင်းဘာသာ ရပ်အား ပုံပြင်ကဲ့သို့ အဆင်ပြေသလို ပြောပြဖို့ပဲ ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဖတ်ဖူးသော ဝတ္ထုတွေထဲက 'ဇာတ်ကောင်'တွေအကြောင်းလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ အရပ်ထဲက လူတွေအကြောင်း 'အတင်းအဖျင်း' လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ တစ်ခါတစ်ရံ စာမသင်ဘဲ ကလေးတွေကို ကွင်းပြင်တွင် လွတ်လွတ်လပ်လပ် ကစားစေမည်။ ကျောင်းဆရာလေးကတော့ တစ်ယောက်ယောက်နှင့် အေးအေးဆေးဆေး စကားပြောချင်ပြောမည်။

ထိုတစ်ယောက်ယောက်သည် တကူးတကန့် ရောက်လာသော သူငယ်ချင်းလည်း ဖြစ်ချင်ဖြစ်မည်။ ရင်ထဲပြည့်ကျပ်နေသော ပြောပြချင်သည့် ဝေဖန်ရေးဆရာလည်း ဖြစ်ချင်ဖြစ်မည်။ ရည်းစားနဲ့ အဆင်မပြေဖြစ်နေမည့် ဝတ္ထုတိုဆရာလေးလည်း ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် ကျောင်းဆရာလေးက တစ်ဖက်သတ်ချစ်နေပြီး ဖွင့်မပြောရဲသည့် နွားနို့ဟင်းသည်လေးလည်း ဖြစ်ချင်ဖြစ်မည်။

ကျွန်တော်သည် တောင်သမန်မူလတန်းကျောင်းလေးဘေး ရောက်တိုင်း ကျောင်းဆရာလေးတစ်ယောက်တော့ ဖြစ်ချင်သေးတော့။ ထိုစိတ်ကူး

ဆန္ဒများ ဖြစ်လာရသည်ကလည်း တောင်သမန်သို့ရောက်လေတိုင်း ကျွန်တော့် ဘေးမှာ စကားတွေကို ရင်တဖိုဖို စိတ်လှုပ်ရှားစွာပြောရမည့် 'ချစ်ရပါသော သူကလေး' မပါလို့ဘဲ စိတ်လေလွင့်တာ ဖြစ်ချင်ဖြစ်မှာပေါ့။ ဤသို့ဖြင့် ကျွန်တော် ဦးတည်ရာသည် တောင်သမန်ကျောက်တော်ဘုရားဝင်းဆီသို့ အဆုံး သတ်ရသည်ချည်း ဖြစ်ပါသည်။ ကျောက်တော်ကြီး တောင်ဘက်မုခ်ပေါက် အဝင် စကြံလမ်းဘေးက အုတ်ခုံလေးပေါ် ထိုင်မည်။ နောက် ထနောင်းပင်ရိပ် သစ်သားရေအိုးစင်ကလေးမှာ အုန်းမှုတ်ခွက်နှင့် ရေဝဝသောက်မည်။ ဘုရား ကန္ဒကုဋီတိုက်ကြီးအတွင်း နံရံဆေးရေးပန်းချီတွေကို ငေးမောမည်။

ဘုရားလှူကြီးဘေး မြေခရားအိုးလေးထဲက ရေနွေးကြမ်း အေးစက် စက်ကို စိန်ပြေနပြေ ငုံရင်း မျှချနေမည်။ ပြီးတော့ ဖျာကြမ်းကြီးပေါ် သစ်သားခေါင်းအုံးတုံးလေးနှင့် အိပ်ချင်အိပ်မှာပေါ့။ ဒါပေမယ့် မအိပ်ဖြစ်တာ များပါသည်။ ရှေ့မုခ်ကထွက်ပြီး စိန်ပန်းပင်အောက်က သစ်သားခုံလေးမှာ တော့ လဲလျောင်းမိပါသည်။ ဒါပေမယ့် ကြာကြာမဟုတ်။ ဂဏှာမငြိမ် သောစိတ်က မြောက်ဘက်မုခ်ဆီ တွန်းပို့ပြန်နေပေါ့။ မြောက်ဘက်မုခ် ကထွက် ယာခင်းမြေလမ်းလေးအတိုင်း ထွက်လာပြီး ကန်သင်းပေါင် သစ်ပင်ရိပ်ကနေ ရွှေလင်းပင်ဘုရားဆီ၊ ပုထိုးတော်ကြီးဆီ၊ ရွှေဂူကြီးဆီ၊ မဟာဂန္ဓာရုံဆီ လှမ်းမျှော်ကြည့်ပါမည်။

သို့သော် ဘာကိုမှ သဲသဲကွဲကွဲမပြု။ တံလျှပ်တွေ တရှိန်ရှိန်ထနေ သဖြင့် ပုံရိပ်တွေက လှုပ်နေသည်။ တံတားဘက် အုတ်ဖိုဆီကတော့ မီးခိုး တန်းလေး လွင့်နေ၏။ ပဲခင်းအစပ် လှည်းလမ်းဆီက လေပွေနှင့်အတူ ဖုန်လုံးတွေ ဝေ့နေသည်။

ကျွန်တော်ကတော့ တောင်သမန်၏ အညာပီသသော စုတ်ချက် များကို နှစ်နှစ်သက်သက် ခံစားရလေတိုင်း ကျွန်တော်၏ အဓိပ္ပာယ်မရှိသော တောင်စဉ်ရေမရ စကားတွေကို နားထောင်မည့်သူတစ်ဦး မျှော်လင့်နေမိ သည်။ ကျောက်တော်ကြီးမြောက်ဘက်မုခ် လယ်ကန်သင်းဘေး သစ်ပင်ရိပ် မှာ ထိုင်ရင်း. . .

"ဟို-က လှမ်းမြင်ရတာ ရွှေလင်းပင်လေ"

"ဟုတ်လား၊ အဝေးကြီးလားဟင်"

"မဟုတ်ဘူး၊ အင်းစောင်းလမ်းအတိုင်း သွားရင် ရောက်တယ်"

"အေး-တော့ မသွားချင်ပါဘူး"

" ဒီမှာပဲ ထိုင်နေချင်တာလား"

"ပျင်းစရာကြီး"

"ရေကူးတတ်လားဟင်"

"သင်တန်းတက်ဖူးတယ်"

သို့သော် ထိုစကားများသည် ကျွန်တော်၏ စိတ်ကူးယဉ်မှုချည်းများပင်ဖြစ်သည်။ ဘယ်တော့မှ အကောင်အထည်မပေါ်။ ဘယ်တော့မှလည်း မဖြစ်။

လေတစ်ချက် ဝှေ့လာ၏။ ကွင်းပြင်မှလေဖြစ်သဖြင့် ရိုးပြတ်နံ့သင်းနေသည်။ မျက်နှာတွင် ဖုန်မှုန့်တို့ ပွတ်တိုက်သွား၏။

* * *

ရေပြင်ကျယ်ကို ဖြတ်တိုက်လာသောလေမို့ မိုးရနံ့သင်းသည်။ တစ်ခါတစ်ရံ ရေစက်တချို့ မျက်နှာစင်၏။ ကောင်းကင်က မပွင့်လင်း။ ကျွန်တော်ကတော့ ရေကို ကြောက်သလို ခံစားနေရသည်။

"ရေမကူးတတ်ဘူးလား"

ကျွန်တော်က အသားတန်းတစ်ခုကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း 'ဟင့်အင်း' ဟု ခပ်သွက်သွက်ဖြေ၏။ အရှက်ပြေ သံဘူးလေးကို ကောက်ကိုင်ရသည်။ တစ်ဝက်မကျိုးသေး။

"မော်-တို့က ရေကူးတတ်တယ်။ လှေလည်း လှော်တတ်တယ်။ ရွာမှာဆို ကိုယ်တိုင်လှော်တာပဲ"

"ဒီရောက်တာ ကြာပြီလား"

"အင်းလေ၊ ကြာပြီပဲဥစ္စာ၊ ငါးနှစ်တောင်ကျော်တယ်"

"ရွာကနေ မန္တလေး တစ်ခါတည်း တက်လာတာလား"

"ဟင့်အင်း၊ ရန်ကုန်မှာ နှစ်လလောက် ကြာသေးတယ်"

"ဘာလုပ်တာလဲ"

သူမကတော့ အနားက သံဘူးတစ်ဘူးကို ကျွမ်းကျင်စွာ ဖောင်းခနဲ ဖွင့်လိုက်သည်။ အမြှုပ်တို့ ဆူဝေလာ၏။

"ဒီလိုပါပဲလေ"

သူမသည် သံဘူးကို ခပ်သွက်သွက် မော့လိုက်သည်။ ထို့နောက် စက္ကူလက်သုတ်ပဝါလေးနှင့် နှုတ်ခမ်းအောက် သုတ်လိုက်၏။ ထို့နောက် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေတာ အတန်ကြာသည်။ ပြီးမှ နှုတ်ခမ်းလေးတစ်ဖက်တွန့်ရုံ ပြုံးလိုက်သည်။

"ဝတ္ထုရေးဦးမလို့လား"

"ဆိုပါတော့"

"ဘာလဲ…ဆိုပါတော့ဆိုတာ၊ စာရေးဆရာဆိုရင် ပွင့်ပွင့်လင်းလင်း ပေါ့ရှင်၊ ရေးချင်ရေးမယ်၊ မရေးချင်ရင် မရေးဘူးပေါ့၊ လူပုံက မတုန်မလှုပ်နဲ့"

ကျွန်တော်က သူ့ကိုပြုံးကြည့်ပြီး သံဘူးကို ကောက်ကိုင်ဖြစ်သည်။ သို့သော် သောက်ချင်စိတ်မရှိ။ ပြန်ချလိုက်ရ၏။

"ရေးသင့်ရင် ရေးရမှာပေါ့"

"ဘာရယ် ရေးသင့်ရင်ဟုတ်လား၊ အင်း··ရေးသင့်လို့ရေးရင် ကောင်းပါတယ် မရေးသင့်ဘဲ ရေးရင်ကော…"

"မရေးသင့်ဘဲ မရေးပါဘူးဗျာ"

"သိပ်ကာကွယ်မနေနဲ့ဆရာ၊ ရေးချင်ရင် သေချာမေး၊ သေချာရေး ဟုတ်လား"

"ဒီလိုပါပဲဗျ"

"မဟုတ်သေးဘူးလေ"

"ဟုတ်ပါတယ်"

"ဘာဟုတ်တာလဲ ပြော"

"ပြောရရင် အရှည်ကြီး၊ ဒါပေမယ့် ပြောချင်တယ်၊ မော်တို့ဘက်က မှားချင်မှားမယ်၊ ဒါပေမယ့် ရှင်လည်း စဉ်းစားကြည့်"

"ကဲ ပြောပါ"

မိုးတွေ မှိုင်းညို့တတ်လာသည်။ မိုးမလာမီ လေက ရှေ့ပြေးထွက်လာ၏။

ကျွန်တော့်ကိုယ်က မြောက်တက်နေသည်။ ကျွန်တော် စေ့စေ့ကြည့်နေမိသော သူ့မျက်နှာသည် ကျွန်တော်နှင့် တူရူမဖြစ်။ ကျွန်တော့်အကြည့်တွင် သူ့မျက်နှာက အထက်အောက် နိမ့်ချည်မြင့်ချည်၊ ကျွန်တော်ကြောက်နေမည်ကိုကြည့်ပြီး သူက တခစ်ခစ်ရယ်နေ၏။ ဒီလောက်လှုပ်ရှားနေသည့်ကြားထဲ သူ့လက်ထဲက သံဘူးကို နောက်ဆုံးပိတ် မော့ချလိုက်သည်။ ကျွန်တော့်လက်ထဲက သံဘူးကို မေးငေါ့ပြီး "ကုန်အောင် သောက်လိုက်လေ" ဟု ပြော၏။ ကျွန်တော် မသောက်နိုင်။

ကဲပါ ပြောမှာပြောစမ်းပါ" ဟုပဲ ကျွန်တော် ပြောနိုင်သည်။ သူက တစ်ဆင့်လျှောထိုင်သည်။ အသားတန်းလေးပေါ် လက်ထောက်၏။

"မော်တို့ ရန်ကုန်က မန္တလေးရောက်ချိန်မှာ မန္တလေးက စားပွဲထိုးတွေ ခေတ်ကောင်းချိန်ပေါ့။ မှတ်မိတယ်နော်။

"ဟုတ်တယ်လေ ကာရာအိုကေတောင် မပေါ်သေးဘူး"

"ဟာ-ကာရာအိုကေက ဒီဘက်မှ…"

"အင်း…အင်း"

"မော်တို့ဆိုရင် တစ်နေ့တစ်နေ့ ရတဲ့ငွေဆိုတာ အကန့်အသတ်တောင်ရှိတာ မဟုတ်ဘူး။ ဒါပေမယ့် စားပွဲထိုးဆိုပြီး စော်ကားခံရတာက များလာတယ်။ ပိုင်ရှင်ကရော ဧည့်သည်ကရော"

ကျွန်တော် သူပြောပြသောစကားများတွင် မျောပါသွားသည်ဟုပဲ ဆိုကြပါစို့။

မော်မော်ဆိုသော မိန်းကလေးသည် တကယ်တော့ မန္တလေးရောက်လာသည်မှာ အစ်မဝမ်းကွဲတော်သူနှင့် ပတ်သက်သည်။ အစ်မဝမ်းကွဲက မန္တလေးမှာ စားပွဲထိုးလုပ်ငန်းနှင့် အဆင်ပြေနေတော့ မော်မော့်ကို လှမ်းခေါ်သည်။ သူတို့ မန္တလေးအနောက်ပိုင်းက မြစ်ဆိပ်သို့သွားသည့်လမ်းဘေးရှိ စားသောက်ဆိုင်ကြီးမှာ စားပွဲထိုးလုပ်ကြသည်။ နေတော့ ဆေးရုံကြီးနားက ဘော်ဒါမှာ။

နောက်တော့ မန္တလေးမှာ စားပွဲထိုးလုပ်ငန်းတွေ ပိတ်ပင်လိုက်၏။

"အဲဒီအချိန်ရောက်တော့ မော်တို့ခေါင်းထဲမှာ အသိတစ်ခုဝင်လာပြီလေ။ ငါတို့ စားပွဲရုံပိုင်ရှင်ဖြစ်မှပဲ ဣန္ဒြေရရ နေရာတစ်နေရာ ရမှာဆိုတာ ခေါင်းထဲစွဲနေပြီ။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ငွေရအောင်ရှာမယ်၊ စုမယ်၊ ဆောင်းမယ်၊ ဒါပဲလေ။ ငွေလည်း ရပါတယ်။ ရတဲ့နည်းကတော့ အစုံပေါ့ ရှင်။ စားပွဲထိုးဘဝမှာ လုပ်အားခအပြင် ပေးတာကမ်းတာနဲ့တင် စုံစုံပိုပို့ရပြီး စုနိုင်ဆောင်းနိုင်ခဲ့တာပါ။ အခု စားပွဲထိုးမလုပ်ရတော့ဘူးဆိုတော့ ဘာလုပ်လို့ ရမလဲ။ မော်တို့ကို စားပွဲထိုးလို့ သိနေကြပြီလေ။ ကောင်းရောင်းကောင်းဝယ် နေရာမှာ အဝင်မခံကြတော့ဘူး။ ဒီတော့ စားပွဲထိုးထက် အဆင့်နိမ့်တဲ့နေရာ ရောက်တာ ဆန်းသလား။ ဒါပေမယ့် လမ်းဘေးတော့ အရောက်မခံဘူးနော်။ ဘာလို့လည်း သိလား။ မော်တို့ခေါင်းထဲမှာ စားသောက်ဆိုင်ပိုင်ရှင် ဖြစ်ရမယ်ဆိုတာ စွဲထားပြီလေ"

ဒီလိုနှင့် မော်တို့ညီအစ်မအပြင် စားပွဲထိုးပြုတ် ဘဝတူလေးတွေ ကာလတစ်ခုကို ရေစုံမျောဖြတ်ကြရပြန်၏။ မျောရင်း၊ ကူးရင်းနှင့် ကမ်းတစ်ခုကို သူတို့ကပ်နားချင်ကြသည်။ ဤသို့ဖြင့် လက်ထဲမှာ ငွေလေး အတော်အတန်အသင့်စုမိတော့ စားပွဲရုံလုပ်ငန်းအတွက် ပြင်ဆင်ကြ၏။ သို့သော် ပြောင်းလဲလာသော မန္တလေးအနေအထားကြောင့် ကိုယ်ပိုင်အခန်းလေးတစ်ခန်းရအောင် မဖန်တီးနိုင်သေး။ သည်အချိန်မှာ ဆံပင်ညှပ် ခေါင်းလျှော်လုပ်ငန်းတွေ ခေတ်ထလာပြန်သည်။ တက္ကသိုလ်သွားသည့် လမ်းမကြီးဘေးက အခန်းလေးတစ်ခန်းကိုငှားပြီး ဆံပင်ညှပ်၊ ခေါင်းလျှော်လုပ်ငန်း လုပ်ကြပြန်သည်။ သူတို့ညီအမနှစ်ယောက် ဦးစီးသည်။ သူတို့လို ဘဝတူ မဒိုးလည်း စပ်တူရှယ်ယာထည့်သည်။ သည်အလုပ်က မော်မော် ရန်ကုန်မှာ လပိုင်းလောက်သင်ခဲ့ဖူးလို့ အခက်အခဲမရှိ။ မဒိုးကလည်း ကျွမ်းကျင်သည်။ ဘာပဲပြောပြော စားပွဲထိုးအောက် တစ်ဆင့်လျှော့လုပ်ကိုင်စားရတာထက်တော့ သိက္ခာရှိသည်။ ရေနစ်လုလုဆဲဆဲ ဝါးလုံးလေးတစ်လုံး ဖက်တွယ်လိုက်ရသလိုဖြစ်၏။ မော်မော်တို့သုံးယောက်ကတော့ အခုလို သိက္ခာရှိပြီး ဣန္ဒြေရှိရှိ လုပ်ငန်းလေးအဆင်ပြေလာတော့ ဝမ်းသာနေကြသည်။

သူတို့ ဒီလုပ်ငန်းကရတဲ့ ငွေကြေးကို စုဆောင်း၊ ပြီးတော့ စားသောက်ဆိုင်ဖွင့်ရေးပဲ ဖြစ်သည်။ စားသောက်ဆိုင်တွေမှာ ကျင်လည်ခဲ့တော့ စားသောက်ဆိုင်လုပ်ငန်း ဘယ်လောက်အမြတ်အစွန်းရတယ်ဆိုတာ သိနေကြသည်။ သက်သာသည်၊ ခိုင်မြဲသည်၊ အမြတ်အစွန်းများသည်။ ပြီးတော့ သူတို့ ကျွမ်းကျင်သည်။ ဤသို့ဖြင့် ဆံပင်ညှပ်၊ ခေါင်းလျှော်လုပ်ငန်းလေး သန့်သန့်ရှင်းရှင်း အရှိန်ရလာ၏။ ထို့အတူ မန္တလေးမှာ မှိုလိုပေါက်လာသော ဆံပင်ညှပ်၊ ခေါင်းလျှော်လုပ်ငန်းမှာလည်း စုန်းပြူးလေးတွေ ရောပါလာသည်။ အသံဗလံတွေ နည်းနည်းကြားလာရသည်၊ စုန်းပြူးတစ်ချို့အတွက် ဒေါသဖြစ်ရပြန်သည်။

ထိုကာလမှာပင် အစာအိမ်ရောဂါဖြင့် မော်မော် ဆေးရုံတက်ရပြန်တော့သည်။

* * *

ကျွန်တော်ကား ကြောက်စိတ်ကို မေ့လျော့စပြုနေပြီ။ လှုပ်ရှားယိမ်းထိုးမှုကြားမှာ အလိုက်သင့် နေသားကျသွားသည်။ မော်မော်ကား သူ့စကားအရှိန်ရမှုနှင့်အတူ တက်ကြွနေသည်။ နဂိုကလည်း သူက ဒီပတ်ဝန်းကျင်တွင် ငြိမ်သက်ရဲဝင့်နေ၏။ တတိယမြောက် သံဘူးကုန်သွားတာကြာပေမယ့် သူ့စကားအရှိန်ကြောင့် အချိန်အတော်ကြာသည်အထိ စတုတ္ထမြောက်သံဘူးကို သတိမရ။ ခုမှ ဖျတ်ခနဲ သတိရလာပုံမျိုးပြင် စတုတ္ထသံဘူးကို ကောက်ကိုင်သည်။ ဘူးကို မဖွင့်သေးဘဲ ပြန်ချ၏။ အနားက စလင်းဘက် အိတ်ကို ဖွင့်သည်။ စနိုးတာဝါနှစ်ထုပ်ကို ယူသည်။ တစ်ထုပ်ကို ကျွန်တော့် ပေး၏။ သူက တစ်ထုပ်ကို ဖွင့်ဖောက်ပြီး လည်ပင်းနှင့် လက်မောင်းသား ခပ်အိအိတွေသာ သုတ်သည်။ မျက်နှာမှာ မိတ်ကပ်တစ်မျိုးကြောင့် အဆီမပြန်။

ကျွန်တော်ကတော့ မျက်နှာအနှံ့ သုတ်ပစ်ရသည်။ အခုမှ ငြီးစီစီဖြစ်မှု ပြေသွား၏၊ သူ့ကို ကျေးဇူးတင်မိသည်။ သူက အိတ်ကို ပြန်ပိတ်သည်၊ သံဘူးကို မကိုင်သေး။

"အဲဒီအချိန် မော်က မန္တလေးဆေးရုံကြီး ခွဲစိတ်ရုံ(၂) မှာလေ။

ခွဲစရာတော့ မလိုဘူး။ ကံကောင်းလို့။ ဒါပေမယ့် နာလံထစ၊ အဲဒီချိန် သတင်းကြားတော့တာပဲ။ မန္တလေးမှာ ဆံပင်ညှပ်ဆိုင်တွေပိတ်ပြီပေါ့။ ဒါနဲ့ စိတ်ပူလို့ ဆေးရုံပေါ်ကနေ ဆင်းခွင့်မရသေးဘဲ ဆိုင်ကိုပြေးရတာပေါ့။ ဆိုင်က ပိတ်ထားတယ်။ မဒိုးရော အစ်မရော မရှိတော့ဘူး။ စခန်းရောက် ကုန်ကြပြီတဲ့။ မော်လည်း စိတ်မချလို့ စခန်းထိအလိုက်မှာ မော့်ပါ ခေါ် ထားတော့တာပဲ''

''ဘယ်လောက်ကြာလဲ''

''အထဲမှာ တစ်နှစ်ခွဲလောက် ကြာတယ်''

''ပြန်ထွက်လာတော့ကော…''

''ပြန်ထွက်လာတော့ အများစုဟာ လမ်းဘေးရောက်ကုန်ကြ တာလေ''

''အများစုဆိုတာက…''

''ဩော် မော်တို့လူ သုံးဆယ်လောက်ပါသွားတာ။ ထက်ဝက်မက လမ်းဘေးရောက်ကုန်ကြတာ။ ဟုတ်တယ်လေ၊ စုန်းပြူးက တစ်ယောက် နှစ်ယောက်ရယ်။ အခုတော့ အားလုံးအမြင်မှာ ဘယ်လိုမှ အကောင်း မဟုတ်တော့ ဘာမှ လုပ်စားလို့ မရတော့ဘူလေ။ ဒါပဲ လုပ်စားကြတာပေါ့။ သွား…ဈောင်း၊ လမ်းဘေးပဲ''

''အဲဒီတော့ မော်က''

''မော်က လမ်းဘေးတော့ အရောက်မခံဘူးလေ။ မိုင်းရှူးတက် လိုက်သွားတာ၊ ဟိုမှာ လောပန်တစ်ယောက်ကို ဝင်ပူးပစ်လိုက်တာ၊ အဲဒီ ပုဂ္ဂိုလ်ကလည်း မဆိုးပါဘူး။ သူ မိုင်းရှူးမှာနေတုန်း မော်နဲ့ပဲ စွဲစွဲမြဲမြဲ တွဲတယ်။ ပိုက်ဆံလည်း စို့စို့ပို့ပို့ ရတယ်''

''မော်အစ်မနဲ့ မဒိုးရော''

''မော်အစ်မလည်း မိုင်းရှူးထိလိုက်တယ်။ ဆိုးဆိုးရွားရွားတော့ မဖြစ်ပါဘူး။ သူကလည်း လည်ပါတယ်။ မဒိုးကတော့ မန္တလေးက တည်းခို ခန်းတစ်ခုမှာ ကျန်ခဲ့တာ။ သူကတော့ အခု တည်းခိုခန်းတောင် မကပ်နိုင် တော့ဘူး၊ သွားဂြိ''

"နောက်…"

"နောက်··မိုင်းရှူးမှာ တရာဝင်စာချုပ်စာတမ်းနဲ့လည်း လုပ်မယ်ဆိုရော မော့်ကိုးတော်လည်း ပြန်ပြေးတာ မော်တို့ညီအစ်မလည်း မန္တလေးပြန်ပြီး အခုဆိုင်ခန်းလေး ဝယ်လိုက်တာ"

"အခုတော့ စားသောက်ဆိုင် ပိုင်ရှင်ကြီးတွေပေါ့"

"မထင်နဲ့ဆရာ၊ အခုလို ဣန္ဒြေရရ လုပ်စားပြန်တော့လည်း တချို့က ငွေညှစ်ချင်တဲ့လူနဲ့၊ ဆိုင်အပိတ် စောင့်ခေါ်ချင်သူနဲ့၊ အကုန်ခပ်ပြတ်ပြတ် ဆက်ဆံပစ်ရတယ်။ တစ်ခါတလေ ဒေါသဖြစ်လွန်းတော့ အဆုံးစွန် ကြမ်းပစ်ချင်တယ်၊ တကယ်"

ကျွန်တော်သည် ရောက်ကတည်းက မကုန်နိုင်သေးသော သံဘူးလေးကို ကောက်ကိုင်ပြီး အကုန်မော့ချလိုက်သည်။ သူမသည် အသားတန်းလေးပေါ် ပြန်တက်ထိုင်၏၊ ရင်စေ့အင်္ကျီကို ခါးကနေ ဆွဲချသည်။ ထိုင်ရင်းထမီကိုပြင်ဝတ်သည်။ အိတ်ထဲက မတ်စဖိုက်တာဘူးလေးဖွင့်ကာ မှန်ဝိုင်းလေးကြည့်ရင်း တို့ပတ်လေးနှင့် မျက်နှာပြင်သည်။ မှန်ဝိုင်းလေးပိတ်၊ အိတ်ထဲပြန်ထည့်ပြီး ကျွန်တော့်ကို စွေကြည့်သည်။ ဟက်ခနဲ ရယ်၏။ ပြီးတော့…

"ဘယ့်နှယ်လဲ ဝတ္ထုရေးလို့ရလား" ဟု ပြောသည်။ တစ်ဆက်တည်း" ပြန်ကြရအောင်၊ ငှားထာတဲ့ကားလည်း ရာသီဥတုကောင်းကောင်းနဲ့ အိပ်ပျော်ရောပေါ့" ဟု ပြော၏။

ရေပြင်ကျယ်ကြီးအလယ်မှာ ပင်စည်မြုပ်နေသော မယ်စယ်ပင်ကြီး၏ အကိုင်းတစ်ကိုင်းတွင် ချည်ထားသောကြိုးကို ကျွမ်းကျင်စွာ လှမ်းဖြုတ်သည်။ "ငှက်" က ယိမ်းထိုးသွား၏။ သူသည် ငှက်ခတ်တက်ကို လှေဝမ်းထဲမှ ရေပြင်ဆီသို့ချသည်။ ထိုနောက် တအိအိဖြင့် ငှက်ခတ်ကာ အပင်ကြားမှ နောက်ပြန်ထွက်ပြီး ကျွမ်းကျင်စွာ တံတားဖက်ဆီ ဦးတည်လိုက်သည်။

"မော်တို့က ဒီရေသေမှာလောက်တော့ အပျော့ပေါ့။ မြစ်ထဲတောင် ဝဲလွတ်အောင် လှော်လာတာ"

သူသည် ငှက်ကို တကျိုကျိုခတ်သည်။ နေလုံးနီသည် မင်းဝံတောင်

ရိုးမှာ ငုတ်သွား၏။ ရေပြင်ကျယ်လှိုင်းများကြားမှ ပတ္တမြားရည်များ ဖျော့တော့ကုန်ပြီ။ ကမ်း၏မယ်စယ်ပင်တန်းသည် ရေပြင်ကျယ်အစပ် မတ်တတ်ရပ်ရင်း အမှောင်ဝတ်ရုံကို ဆွဲခြုံ၏။

တံတားပေါ်မှာ လှမ်းမြင်ရသည့် လူစလူနများက မပီပြင်တော့။ ငှက်ဝမ်းထဲတွင် ကမ်းစပ်ဆိုင်ကလေးက သေချာထည့်ပေးလိုက်သည့် စားပွဲခုံလေးပေါ်၌ အားလူးကြော်ထုပ်တချို့ အရာမယွင်း။ ဟင်နီကယ်ဘူးခွံတချို့ ငှက်ဝမ်းထဲ ဘယ်ညာလိမ့်နေ၏။ ကျွန်တော့်လက်ထဲမှာက တစ်ဘူးတည်းသော သောက်လက်စ ပေါ်ကာအချိုရည်ဘူးမှာ အချိုရည်ကုန်သော်လည်း လွှတ်မချမိ။ လက်တစ်ဖက်က ငှက်နံကို အသေဆုပ်ကိုင်ထားမိသည်။ ရေပြင်ကျယ်ကို ကျွန်တော် ကြောက်နေသည်။ ထို့အပြင် ရေပြင်ကျယ်ကိုလည်း မခံစားတတ်။

မြင်မြင်လေရာ ရေပြင်ဖွေးဖွေး လှိုင်းတလှုပ်လှုပ် တောင်သမန်ကို ကျွန်တော် ကြင်နာလို့မရ။ ရေပြင်ကျယ်ထဲက ဦးပိန်တံတားကိုလည်း မအံ့သြ။ မယ်စယ်ပင်တန်းအောက် ရေလှိုင်းတွေမှာ 'ဘော'စီးကြသူများကိုလည်း ကြည့်လို့မရ။ ထိုကြောင့် ရေတွေပြည့်လျှံနေတတ်သည့် သည်အချိန်တွင် တောင်သမန်ကို ကျွန်တော် ရှောင်ရှားခဲ့တာ ကြာပါပကော။

ကျွန်တော်သည် မော်မော်လော့်ခတ်သော ငှက်ထက်တွင် ထိုင်ရင်း အချိုရည်သောက်ကာ တရိပ်ရိပ်ဖြစ်သည်။

ကျွန်တော့်ခေါင်းထဲ တောင်သမန်ရေပြင်ကို မုန်းတီးစိတ်၊ မော်မော့်ဓာတ်လမ်း၊ လှိုင်းကြောက်ခြင်း ရေထွေးလှုပ်ခတ်နေ၏။

မူးလိုက်တာလေ။

**ဆုံးငှက်**

# မန္တလေးရဲ့ ကြေးမုံ

မြို့သာ မရာထို

မန္တလေးမှာ ကျောင်းတက်ရမယ်ဆိုတော့ သမီး သိပ်ကို ပျော်ပါတယ်။

ရွာက ဆယ်တန်းအောင်သူတိုင်း မုံရွာ ဒီဂရီကောလိပ်ကို သွားကြရတယ် မဟုတ်လား။

မန္တလေးနဲ့ ရွာနဲ့ဆိုတာက နီးလည်းနီး၊ လမ်းကလည်း သာပေမယ့် သမီးတို့ရွာက စစ်ကိုင်းတိုင်းထဲမှာ ပါနေတာကြောင့် တစ်ကွေ့တစ်ပတ် အဝေးကြီးသွားရတဲ့ မုံရွာကောလိပ်မှာ ကျောင်းသွားတက်ရတယ်။

မေမေက သမီးကို ကျုံးနားက ဘကြီးအိမ်မှာ ပုံစံ (၁၀) ပြောင်းပြီး မန္တလေးကို ကျောင်းတက်နိုင်အောင် ကြိုးစားပေးတယ်။

မန္တလေးသူ မန္တလေးသားတွေရဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ အကြောင်းလေးတွေလည်း မေမေမကြာခဏ ပြောပြဖူးတာမို့ နားရည်ဝနေပြီ။

သမီးဘက်ကလည်း အပြောအဆို ယဉ်ကျေးအောင်၊ အနေအထိုင် အသွားအလာ သိမ်မွေ့အောင်၊ ဆက်ဆံရေး ပြေပြစ်အောင်၊ အစစရာရာကို ကျောင်းမသွားခင်ကတည်းက ပြင်ဆင်သင့်တာတွေ ကြိုတင်လေ့ကျင့်နေရတယ်။

ဖေဖေတို့ မေမေတို့က နယ်မှာနေရပေမယ့် စာလေးပေလေး ဖတ်တော့ ခေတ်မီတယ်။ သမီးတို့ညီမတစ်တွေကိုလည်း ငယ်ငယ်ကလေးတည်းက စကားပြောရင် ကိုယ့်နာမည်လေးတွေကိုယ် ထည့်ပြောဖို့ သင်ပေးတယ်။

ခုတော့လည်း ကိုယ့်နာမည် ထည့်ပြောတဲ့ခေတ်က ကုန်သွားပြီ။ နေရာတကာမှာ ခေါ်တဲ့သူကလည်း "သမီး" တဲ့။ ပြောသူကလည်း ကိုယ့်ကိုယ်ကိုယ် "သမီးတို့က၊ သမီးတို့က" လို့ ပြောကြတယ်။

အရင်တုန်းက ရွှေမန်းသူဆိုရင် "ကျွန်တော်၊ ကျွန်တော်" နဲ့ ပြောကြတာ။ ခုတော့လည်း မဟုတ်ပြန်ဘူး။

မမကြီးတို့၊ မမလေးတို့ကတော့ သူတို့နာမည်တွေ ထည့်ပြောနေကြတုန်းပဲ။ သမီးကတော့ နာမည်ထည့်မပြောတော့ဘူး။ ခေတ်မီအောင် "သမီးတို့က" လို့ပဲ ပြောဖို့ ကျင့်လိုက်တယ်။

သမီးကတော့ အပြောအဆို အတွေးအခေါ် အယူအဆ ဘာပဲဖြစ်ဖြစ် ပြောင်းသင့်ရင် ပြောင်းပစ်လိုက်ချင်တာပဲ။

မေမေက မန္တလေးမှာ ကျောင်းတက်ခဲ့ရတဲ့အကြောင်းနဲ့ ပတ်သက်ပြီး တခမ်းတနား ပြောပြဖူးတာကြောင့် သမီးကိုယ်တိုင် ကျောင်းသွားတက်ရမယ်ဆိုတော့ ဘယ်လိုတက်ကြွနေမှန်းကို မသိအောင်ဖြစ်နေတယ်။

* * *

မေမေ မန္တလေးကျောင်းသွားနေတဲ့အရွယ်က သမီးတို့အရွယ်ထက်ငယ်ပါတယ်။ ငါးနှစ်သမီး ကျောင်းစအပ်ကတည်းက မိဘနဲ့ခွဲပြီး "မစ်ရှင်" ကျောင်းမှာ ကျောင်းအိပ်ကျောင်းစားထားခဲ့ကြတာတဲ့။

ငါးနှစ်သမီး အရွယ်ကလေးက လူမျိုးခြား ဂါဝန်တွေဝတ်ထားတဲ့ စစ္စတာကြီး ခေါ်ရာကို ဘုမသိ ဘမသိ မိဘနဲ့ခွဲပြီး မငိုမယိုလိုက်သွားတာကို ပြန်စဉ်းစားပြီး သူ့ကိုယ်သူ အံ့ဩတဲ့အကြောင်းလည်း ပြောပြတယ်။

မြို့ကိုရောက်မှ ပိတ်ကားရုပ်ရှင် မကြည့်ဖူးတဲ့အကြောင်း ဘာဇာတ်ကားကြည့်ခဲ့သလဲ မေးတော့လည်း ဘုရားပန်းတွေလဲတာ စပြတဲ့ဇာတ်ကားလို့ပဲ ပြောနိုင်တယ်။

ဇာတ်ကားနာမည်ရှိတာကိုလည်း မသိဘူးတဲ့။ မင်းသမီး မင်းသားလည်း ဘယ်သူကိုမှ မသိဘူးတဲ့။

တစ်လမှာ တစ်ခါ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက် အိမ်ကိုပြန်ရင် မစ်ရှင်ကျောင်းတွေရဲ့ စည်းကမ်းတွေ မေမေ့ကို ဘွားဘွားကြီးက မေးတော့ မေမေက ပြောရတယ်။

ကျုံးကို နှစ်ယောက်တစ်တွဲ လမ်းလျှောက်ထွက်ရတဲ့အကြောင်းကိုလည်း မေမေက သူ့ဘွားဘွားကြီးကို ပြောပြတယ်။

ဘွားဘွားကြီးက မေမေ့ကို မြေးဦးမို့ အလွန်ချစ်တာလို့ ပြောပါတယ်။

မေမေတို့ကျောင်းက စစ္စတာတွေ ပြောပြတဲ့ ဂျုန်းဆိုတဲ့ အာဇာနည်အမျိုးသမီးလေးတစ်ယောက်အကြောင်းတို့၊ စင်ဒရဲလားတို့၊ စလစ်ပင်းဗျူတီအကြောင်းတို့ကို မေမေက ဘွားဘွားကြီးကို ပြန်ဖောက်သည်ချတဲ့အခါ ဘွားဘွားကြီးက တစ်လှည့် မန္တလေးက စိတ်ဝင်စရာကောင်းတဲ့ သမိုင်းတစ်စွန်းတစ်စကို မေမေ့ကျောက မိတ်ဖုလေးတွေဖောက်ပေးဖျောက်ပေးရင်း ညအိပ်ရာဝင်ချိန်မှာ မထပ်စေရအောင် ပြောပြတယ်တဲ့။

သီပေါအရှင်နှစ်ပါး ပါတော်မူနေ့မှာ ဘွားဘွားကြီးကို မွေးတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဘွားဘွားကြီးက လူကြီးသူမတွေ စုမိတိုင်း အရှင်နှစ်ပါးကို လွမ်းဆွတ်တသကြပြီး ရတနာပုံရွှေနန်းတော်ကြီးအကြောင်း အပ်ကြောင်းထပ်အောင် ပြောနေကြသံကို ကြားရဖန်များလို့ နားရည်ဝနေပါလိမ့်မယ်။

မှန်နန်းဆောင်တို့၊ သီဟာသနပလ္လင်တို့၊ အီနောင်ဇာတ်တို့၊ လှိုင်ထိပ်ခေါင်တင် အကြောင်းတို့ကို တစ်ညတစ်မျိုး မရိုးစေရအောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတယ်တဲ့။

မန်းရတနာပုံနေပြည်တော် မြို့သစ်တည်ထောင်ဖို့ အုတ်သယ်တဲ့လှည်းသမားအကြောင်းလည်း ပါတယ်။

အမရပူရအုတ်ဖိုက ဖုတ်ပေးလိုက်တဲ့ အုတ်တွေ ရတနာပုံနေပြည်တော်ကြီး အုတ်မြစ်ချဖို့ လှည်းသမားတွေကို ဆင့်ခေါ်သယ်ခိုင်းစေသတဲ့။

မင်းမှုထမ်းတွေရဲ့ သဘောထား၊ တိုင်းသူပြည်သားတွေရဲ့ သဘောထားအမှန်ကို သိနိုင်စေဖို့ အိမ်ရှေ့စံ ကနောင်မင်းကိုယ်တော်တိုင် ရုပ်ဖျက်ပြီး အုတ်သယ်တဲ့လှည်းပေါ် ခရီးကြုံဟန်လိုက်ရင်း လှည်းသမားကို စနည်းနာကြည့်သတဲ့။

အိမ်ရှေ့စံ ကနောင်မင်းက "အုတ်သယ်ရတာ တိုင်းသူပြည်သားတွေက လုပ်အားပေးရတာလား၊ အဖိုးအခများကော ရကြရဲ့လား" လို့ မေးသတဲ့။

လှည်းသမားကလည်း သူသိတာ ကြားထားတဲ့အတိုင်း ပြန်ပြောတယ်။

"အထက်တော်ကြီးကတော့ လှည်းတစ်ခေါက် ငါးမတ်ပေးတယ် ပြောပါရဲ့။ စစ်မှုထမ်းတွေက ကြားဖြတ်ပြီး တစ်မတ်အုပ်လိုက်လို့ တို့များ တစ်ကျပ်ပဲ ရသပေါ့" လို့ ဖြေတယ်။

သည်တော့ ရုပ်ဖျက်လာတဲ့ ကနောင်မင်းက "မင်းတုန်မင်းတရားကြီး နန်းတက်ရင် ဒီလိုခေါင်းပုံဖြတ်မှုမျိုးတွေ ပပျောက်ကုန်မှာပါ" လို့ မေမေတို့ဖွားဖွားရဲ့ ပါးစပ်ရာဇဝင်ထဲက လှည်းသမားကတော့ ပြောသတဲ့။

အဲသည်ထဲမှာ မေမေ ထူးထူးခြားခြားမှတ်မိနေတာလေးတစ်ခုက သီပေါအရှင်နှစ်ပါး ပါတော်မူတဲ့နေ့ပေါ့။

ရွာသားမင်းမှုထမ်းတစ်ယောက် မြင်းဒုန်းစိုင်းစီးပြီး "အရှင်နှစ်ပါး ပါတော်မူသွားပြီ" တဲ့။

သည်သတင်းကို ကြားတဲ့အချိန်ကစပြီး တစ်ရွာလုံး တိတ်ဆိတ်သွားလိုက်တာ မီးခိုးလည်း မအူဘူး။ ကလေးလည်း မဆူဘူး။ အို ကုန်ကုန်ပြောမယ် ခွေးတောင် မအူဘူးတဲ့။

တောကြို့အုံကြား ရွာလေးတောင်မှ သည်လောက် ချောက်ချားနေတယ်ဆိုတော့ ရတနာပုံရွှေမြို့တော်ကြီးက မြို့သူမြို့သားတွေ ကိုယ့်အရှင်နှစ်ပါး ပါတော်မူတာ မျက်မြင်ဒိဋ္ဌတွေ့လိုက်မြင်လိုက်ရတယ်ဆိုတော့ ဘယ်လောက်များ ပူဆွေးသောက ဖြစ်လိုက်ကြမလဲ။

ကိုယ့်ထီးကိုယ်နန်း ကိုယ့်အရှင် ကိုယ့်သခင်နဲ့ နေလာကြတဲ့

တိုင်းသူပြည်သားတွေခများမှာလည်း ဘယ်လောက်ထိ ယူကျုံးမရ ဖြစ်ကြရှာမလဲ။

မေမေသိတတ်တဲ့အချိန်မှာ ကျုံးကို လမ်းလျှောက်ထွက်တိုင်း ကြည်လင်အေးမြနေတဲ့ ကျုံးရေပြင်ကြီးနဲ့ စိမ်းလန်းစိုပြည်နေတဲ့ မြက်ခင်းပြင်ကြီးကို ကြည့်ပြီး ဟိုအရင်က သွားလာလှုပ်ရှားနေကြမယ့် နန်းတွင်းသူ နန်းတွင်းသားတွေရဲ့ လှုပ်ရှားဟန်တွေကို ရှာဖွေကြည့်နေမိသတဲ့။

နေပြောက်တောင် မထိုးနိုင်အောင် အကိုင်းချင်းယှက်ပြီး အရိပ်အာဝါသချင်း ဆက်နွယ်နေတဲ့ ပင်စည်ဖွေးဖွေး အရွက်စိမ်းစိမ်းနဲ့ ထနောင်းပင်ကြီးတွေ လူတစ်ယောက်လောက်မကတဲ့ ကုက္ကိုပင်ကြီးတွေ။

ပြီးတော့ မန်ကျည်းပင်ကြီးတွေအောက် တစ်နေရာရာမှာ တို့အရှင်နှစ်ပါးကို အနုနည်း၊ အကြမ်းနည်းလမ်း အသွယ်သွယ်နဲ့ ဖမ်းဆီးခေါ်ဆောင်သွားတဲ့ မျက်နှာဖြူမိစ္ဆာကောင်တွေကို တစ်နေ့မှာ တော်လှန်ပုံကန်နိုင်ဖို့ဆိုပြီး အုပ်စုလေးတွေအလိုက် မေးကြောလေးတွေ တင်းမာလာတဲ့ထိ အံကြိတ်ရင်းဆွေးနွေးတိုင်ပင်နေကြမယ့် အမှုတော်ထမ်းတွေရဲ့ အရိပ်ယောင်တွေကိုလည်း မြင်နေရသလို ခံစားရတယ်တဲ့။

ပစ္စင်ပြအိုးနဲ့ နန်းတော်ကြီးကို ကျော်ဖြတ်ပြီး အရှင်နှစ်ပါးစံမြန်းသွားတဲ့ ရွှေနန်းတော်ကြီးရှိရာကို မှန်းဆတမ်းတရင်း မြို့ရိုးကြီးကို ဖောက်ထွင်းပြီး စိတ်ကရောက်နေပြန်သတဲ့။

အဆက်အစပ်ကလည်းမရှိ၊ ပို့ခိုင်းကောင်းရမှန်းလည်း မသိတာကြောင့် မေမေကျောင်းသူသက်တမ်းတစ်လျှောက်မှာ နန်းတွင်းထဲကို တစ်ခေါက်တစ်ခါမှ မရောက်ခဲ့ဘူးလို့ ပြောပါတယ်။

ခုတော့လည်း မေမေက အလုပ်အကိုင်နဲ့မို့ အိမ်ဦးနဲ့ကြမ်းပြင်မန္တလေးတစ်မြို့လုံးကို ခြေရာချင်းထပ်အောင် သွားလာနေရပေမယ့် မေမေငယ်ငယ်ကတည်းက စွဲလမ်းနေခဲ့တဲ့ နန်းတွင်းထဲကို မရောက်ဖူးသေးဘူးလို့ ပြောတယ်။

မေမေ့ကို ဘာဖြစ်လို့ ရောက်ဖူးအောင် မသွားတာလဲ မေးကြည့်တော့ ငယ်ငယ်ကလို သွားချင်စိတ်မရှိတာကြောင့်လို့ပဲ ဖြေတတ်တယ်။

အံ့သြစရာပေါ့။

* * *

သမီးတို့ကျတော့ မေမေတို့လို ကျောင်းအိပ်ကျောင်းစား လက်ခံတဲ့ မစ်ရှင်ကျောင်းတွေလည်း မရှိတော့ဘူး။

ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်တဲ့ ဆွေမျိုးတွေအိမ်မှာ နေရတယ်၊ သည်လိုမှမရှိရင် ကိုယ့်ကိုယ်ကိုယ်ထိန်းပြီး အဆောင်ငှားနေရုံပေါ့။

မေမေတို့ ခေတ်တုန်းကနဲ့တော့ လုံးဝ မတူတော့ဘူး။ အားလုံးပြောင်းလဲကုန်ပြီ။

ဈေးချိုတော်ကြီးကအစ အဆင့်မြင့်ဈေးရုံကြီး။ ဘယ်လောက်သားနားထားသလဲ။ ရွှေလျားလှေကားကြီးတွေနဲ့။

ဈေးချိုတော်ကြီးထဲမှာလည်း မပီမသစကားသံတွေနဲ့ လက်ကားကြီး ဖောက်သည်ပေးနေကြတဲ့ ခေတ်ပေါ်မန္တလေးသူတွေ ဟိုနားတစ်စု သည်နား တစ်စု အရောင်းအဝယ်ဖြစ်နေကြတယ်။

ဆော့လစ်မန်းနီးလို့ ခေါ်တဲ့ ရွှေပေါ့။ သည်ဆိုင်တွေကလည်း စိန့်တိုင်းသားတွေမို့ အလုပ်ဖြစ်ကြတယ်။

အကွက်အကွင်းကောင်းကောင်း အဆုံးကျကျနေရာတွေမှာ သူတို့ပဲ မင်းမူနေလေတော့ ဝယ်သူများလွန်းလို့ အလကား ပေးနေသလား မှတ်ရတယ်။

အရောင်းအဝယ်ဖြစ်နေပုံများ အားကျစရာကြီး။

တိုက်ခန်းက ကျယ်ကျယ်၊ ကောင်းတာတွေက များများ၊ ပစ္စည်း ခင်းထားတာက စုံစုံဆိုတော့ ဈေးဝယ်တွေအကြိုက်။ ပြီးတော့ ဝင်လွယ် ထွက်လွယ် လမ်းဘေးမေးတင်ဆိုင်ကြီးတွေ။

သမီးတို့မြန်မာဆိုင်တွေကတော့ အဆင့်မြင့် ဈေးရုံကြီးထဲမှာ အဆင့် မြင့်မြင့် အပေါ်ထပ်တွေမှာ နေရာရထားတာကြောင့် ဆိုင်ကိုရောက်ချင်ရင် လှေကားဖြစ်ဖြစ် ရွှေလျားဖြစ်ဖြစ် အားကိုးမှ ရောက်တော့တာ။

အတက်အဆင်း တာဝန်ကြောင့်တစ်မျိုး၊ ချောင်ကျတာကြောင့်

တစ်မျိုး တော်ရုံစေတနာမေတ္တာနဲ့ မရောက်ဖြစ်ဘူး။

အရင်က ရွှေဆိုင်တန်းသူတွေလို့ နာမည်ကြီးခဲ့တဲ့ ရွှေမန်းသူတွေဟာ ခုများဖြင့် ဖောက်သည်အလာကို ရေတကောင်းဖြစ်လုမတတ် လည်ဆန့်မျှော်နေရတယ်။

မိဘဘိုးဘွားလက်ထက်က ဆိုင်လေးတွေ ပျောက်သွားအောင် ရှိစုမဲ့စု ကုန်လေး ဆိုင်ပေါ်တင်ရောင်းရင်း စိပ်ပုတီးအားကိုးစိပ်နေရတဲ့ ဈေးချိုသူအချို့ကိုလည်း တွေ့ရပါတယ်။

ဈေးချိုတော်တစ်ဝိုက် မိုးထိလုနေတဲ့ တိုက်တာအဆောက်အအုံပေါ်မှာ ဂန္ဓာလရာဇ်စာတန်းတွေထိုးပြီး အဖိုးတန်ပစ္စည်းတွေနဲ့ သားသားနားနား စည်ကားသိုက်မြိုက်လို့။

အဆင့်မြင့် ဈေးချိုတော်ကြီးအပြင်ဘက် ပလက်ဖောင်းပေါ်မှာတော့ ရေကြည်ရာမြက်နုရာ ရှာလာကြတဲ့ နယ်ကတက်လာတဲ့ ဖားတစ်ပိုင်း ငါးတစ်ပိုင်း၊ မန္တလေးရဲ့ မွေးစားသမီးတွေဟာ ရေခဲရေတို့၊ ချိုတ်တွဲ၊ အပ်ချည်၊ ပရုပ်လုံး၊ ကြွက်ဆေး၊ ကြမ်းပိုးဆေး၊ ဆေးလိပ်၊ ကွမ်းယာကအစ ဗျက်ထိုးဈေးသည်တွေ မကြောက်မရွံ့ အော်ဟစ်ရောင်းချနေကြတာတွေလည်း သမီး တွေ့ရတယ်။

ပါးကွက်ဘေးကျားနဲ့ ပျံကျဈေးသည်တွေကလည်း စည်ကားလို့။ မန္တလေးမုန့်တီ၊ မုန့်ဟင်းခါးခေတ် မှိန်ပြီး မြီးရှည်ခေါက်ဆွဲဆိုင်တွေ ရောင်းကောင်းနေတာလည်း တွေ့ရတယ်။

စားသောက်ဆိုင်ကြီးတွေမှာ တူနှစ်ချောင်းကို ကျင်လည်စွာကိုင်တွယ်စားသောက်နေသူတွေက ဒုနဲ့ဒေးပဲ။

မှန်အမည်းကြီးတွေ အလုံပိတ်ထားတဲ့ ကားတွေက သမီးတို့ စီးလာတဲ့ စက်ဘီးလေးတွေကို ပွတ်တိုက်လုနီးပါး ကျော်တက်မောင်းနှင်သွားကြတာကလည်း အသည်းယားစရာပါပဲ။

တစ်ခါမှ မမြင်ဖူးတဲ့ ငွေကြေးပမာဏနဲ့ တစ်ခါမှ မကြားဖူးတဲ့ ကိန်းဂဏန်းတွေသုံးပြီး သမီးတို့အမျိုးတွေရဲ့ သမာဓိအားကို ရိုက်ချိုးကာ တစ်နေ့ရာပြီးတစ်နေ့ရာ နယ်ချဲ့နေသူတွေကလည်း အံ့သြစရာကောင်းအောင်

များပြားနေပြီ။

မေမေ့မိတ်ဆွေတွေက မြို့ပြင်တွေမှာ၊ လိုင်းကားအကြာကြီးစီးပြီး တစ်နေရာနဲ့တစ်နေရာ အဝေးကြီးသွားရတာကြောင့် မရောက်ဖြစ်တာကြာပြီလို့ ပြောတယ်။

ဘုရားကျောင်းကန် ကမ္ဘည်းတွေဟာ နာမည်ဆန်းဆန်းတွေ ဖြစ်နေတာကိုလည်း သမီး ဖတ်ခဲ့ရတယ်။

"ရွှေမန်းသူ ညို့ပြာညက် နန်းတော်ထက် ဖွား"

ဆိုပေတဲ့ မန္တလေးတောင်ပေါ်မှာရော ဘုရားကြီးမျက်နှာတော်ရင်ပြင်မှာပါ မျက်ပေါက်မှေးမှေးနဲ့ အဖြူရောင်မျက်နှာတွေပဲ သမီး ခပ်များများ တွေ့နေရတယ်။

နံနက်ဘက် ဘကြီးတို့အိမ်ကနေ ကျုံးဘေး လမ်းလျှောက်ထွက်တော့လည်း မေမေပြောတဲ့ သစ်ပင်ကြီးဝါးပင်ကြီးတွေ မရှိတော့ဘူး။ စိမ်းနေတဲ့ မြက်ခင်းဆိုတာလည်း မမြင်ရတော့ဘူး။

အများပြည်သူရဲ့ လုပ်အားနဲ့ တစ်ယောက်တစ်လက် ဝိုင်းဝန်းပြုပြင်မွမ်းမံထားလို့မို့ ပလက်ဖောင်းကျယ်ကြီးတွေက ရှင်းသန့်လို့ တစ်မျှော်တစ်ခေါ်ကြီးပဲ။

ပစ္စင်ပြအိုးတွေနဲ့ နန်းမြို့ရိုးကြီးကတော့ လွမ်းစရာကောင်းလောက်အောင်ပဲ ထီးထီးမားမား ရှိနေတုန်းပဲ။

နန်းမြို့ရိုးကြီးကိုမြင်တော့ သမီးလည်း သမီးစိတ်ကူးနဲ့ မင်းတုန်းမင်းတရားကြီးကို နှုတ်ခမ်းမွေးကားကားကြီးနဲ့ မြင်ယောင်လာတယ်။

မေမေပြောတဲ့ မင်းတုန်းမင်းတရားကြီးဟာ ပဥ္စမသင်္ဂါယနာတင်တဲ့မင်း။ ဘာသာရေးကိုင်းရှိုင်းတဲ့မင်းဖြစ်တာကြောင့် သတ္တဝါတွေ သေကျေပျက်စီးမှာ မလိုလားလို့မို့ ညီတော် ကနောင်မင်း စမ်းသပ်ခဲ့လိုက်တဲ့ ဗုံးကိုတားမြစ်ခဲ့တယ်တဲ့။

သည်အယူအဆတွေက ခေတ်နောက်ကိုကျန်ခဲ့တာကြောင့် ဘဝင်မကျမိလို့ သမီးစိတ်ကူးထဲမှာ အသစ်ပြောင်းပစ်လိုက်တယ်။

အတွေးအခေါ်ဆိုတာလည်း ပြောင်းသင့်ရင် ပြောင်းပစ်ရမှာပဲလို့

သမီးကတော့ ယုံကြည်တယ်။

ကျုံးဘေးပလက်ဖောင်းကြီးပေါ်မှာ ဘောင်းဘီ အတို၊ အရှည်တွေနဲ့ ကာလပေါ် မန္တလေးသူတွေက သံစဉ်တီးလုံးတွေဖွင့်။ မြန်မာလူမျိုးတွေ နားမလည်နိုင်တဲ့ ဝေါဟာရစကားတွေနဲ့ရွတ်ပြီး သူတို့ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်နေကြတယ်။

သူတို့လုပ်နေတဲ့ လေ့ကျင့်ခန်းက လက်ဝှေ့သမားတစ်ယောက် လက်ဝှေ့ထိုးဖို့ ဟန်ရေးပြနေသလို။ ဒါမှမဟုတ် သိုင်းသမားတစ်ယောက် သိုင်းကစားဖို့ ဟန်ရေးပြနေသလိုမျိုး။

မြို့သာ မရာထို

(တောရထားဝတ္ထုတိုပေါင်းချုပ်ထဲမှ)

# ဆူးများ

**ရဲသျှမ်း**

(၁)

လွန်ခဲ့သော နှစ် ၃၀ ဝန်းကျင်က ဖြစ်ပါသည်။

ဟိုတုန်းက အခေါ် မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် MASU (Mandalay Arts and Science University) မှာ ဘူမိဗေဒဘာသာရပ် အထူးပြုယူခဲ့သော ကျွန်တော်တို့ နယ်ကျောင်းသားအများစုက ရွှေပြည်အေး အဆောင်တွင် နေရာရပါသည်။ MASU မှာ ရွှေပြည်အေး၊ အောင်မင်္ဂလာ တို့က အဆောင်ကြီးများဖြစ်ပြီး (၂)ယောက်ခန်းများနှင့် ဖွဲ့စည်းထားပါသည်။ နန္ဒီ၊ ရတနာပုံ၊ စပါးဝါ၊ ဇေယျာ အဆောင်တို့က အခန်းဖွဲ့မရှိ (Hall type) ဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ် ကျောင်းသားအများစု နေရသော အဆောင်များဖြစ်ပါသည်။ အောင်မင်္ဂလာ၊ ရွှေပြည်အေးတို့ကတော့ တတိယ နှစ်နှင့် နောက်ဆုံးနှစ် ဖိုင်နယ်ကျောင်းသားများအတွက် ဖြစ်သွားပါသည်။

ကျွန်တော်က ရွှေပြည်အေးဆောင်အောက်ထပ် ရေးချိုးခန်းတွေ ဖက်ကအခန်းကို ရွေးချယ်လိုက်ပါသည်။ ကျွန်တော်တို့က ဒေသကောလိပ် ကနေ ဒုတိယနှစ်အောင်ပြီး တတိယနှစ်မှ MASU ကို ပြောင်းလာရသည်

ဆိုတော့ ကျွန်တော်တို့လည်း စတုတ္ထနှစ်ရောက်ရော၊ တက္ကသိုလ်ကြီးမှာက တတိယနှစ်၊ စတုတ္ထနှစ် (၂)တန်းနှင့် မာစတာကျောင်းသား၊ ကျောင်းသူ တချို့သာ ကျန်ရှိပါတော့သည်။ ပျားပန်းခတ်မျှ စည်ကားလှသော ကျောင်းတော်ကြီးကား ကျောင်းသားဦးရေ ထက်ဝက်လျော့ကျသွားခြင်းပဲ ဖြစ်ပါသည်။ သည်တော့ ရွှေပြည်အေး၊ အောင်မင်္ဂလာ အဆောင်ကြီးများမှာ ကျွန်တော်တို့ နောက်ဆုံးနှစ်ကျောင်းသားများသာရှိပြီး ကျွန်တော်တို့အခေါ် တဲဆောင်များဖြစ်သည့် နဒီ၊ စပါးဝါနှင့် ရတနာပုံ၊ ဇေယျာဆောင်တို့မှာ တတိယနှစ်ကျောင်းသားများ ထားရှိလိုက်ပါသည်။ ပထမနှစ်၊ ဒုတိယနှစ် ကျောင်းသားများကတော့ ဒေသကောလိပ်အသီးသီးမှာ တက်ရတာပဲဖြစ်သည်။ ကျောင်းသားတွေနည်းသွားတော့ ရွှေပြည်အေးနှင့် အောင်မင်္ဂလာမှာ အခန်းတွေပေါ်များပြီး ကျွန်တော်တို့တတွေ တစ်ယောက်တစ်ခန်း နေခွင့်ရသွားခဲ့ပါသည်။ ရေချိုးခန်း၊ ရေအိမ်သာတွေဘက်မှာ ညညကျ "ကျောပေါက်"ကြီးဆိုသည့် သရဲရှိသည်ဟု လက်ဆင့်ကမ်းပြောခဲ့သော နောင်တော် ကျောင်းသားများ၏စကားကို ပြက်ရယ်ပြုခဲ့သည့် ဘယ်သူမှမနေချင် မနှစ်မြို့သောအခန်းကိုမှ ကျွန်တော် ရွေးချယ်ခဲ့ပါသည်။ ကျွန်တော့်လိုပဲ ကိုဇင်မော်၊ ကိုဝင်းတင့်၊ ကိုစိုးမြင့် စသည့် စာပေအနုပညာခုံမင်သူတို့ကလည်း အေးအေးဆေးဆေးနေရသည့် ချောင်ကျကျ ကျွန်တော့်အခန်းနှင့်ကပ်လျက် အခန်းတွေကိုပဲ ရွေးချယ်ခဲ့ကြပါသည်။ ဒေးကျောင်းသားတွေဖြစ်ကြသော ကိုကိုထွေး၊ အောင်ကြီး၊ အောင်နိုင်မြင့်၊ တိုညို၊ ကျော်စိုးဝင်း၊ မောင်မောင် စသည့် စာသမားများကလည်း ကျွန်တော်တို့အခန်းမှာ လာစုကြသည်။ သည်တော့ ကျွန်တော်တို့၏ ရွှေပြည်အေးဆောင် ရေချိုးခန်းဘက်အခန်း တစ်ဝိုက်ကတော့ ကဗျာရေးဖွဲ့သူ၊ ဝတ္ထုတို/ရှည် ရေးဖို့ ကြိုးစားနေသူ၊ ပန်းချီကားတွေ အမြောက်အများဆွဲ လေ့ကျင့်နေသူတို့၏ ရိပ်မြုံလေးတွေ ဖြစ်မှန်းမသိဖြစ်လာပါသည်။

ကျွန်တော်တို့ကျောင်းသားဆောင်တွေတင်မဟုတ်ဘဲ ကျောင်းသူဆောင်များဖြစ်သော မြတမာ၊ သစ္စာ၊ ရွှေမန်းဆောင်တို့မှာလည်း ကျောင်းသူများ အနည်းအကျဉ်းသာ ရှိပါတော့သည်။ မန္တလေးနှင့် အလွန်နီးသော

ကျောက်ဆည်၊ စဉ့်ကိုင်တို့မှ ကျောင်းသူများပင် အဆောင်နေခွင့်ရသည်အထိ ကျောင်းသားကျောင်းသူအင်အား နည်းသွားခဲ့ပါသည်။

ဆရာတင်မိုး၊ ဆရာမောင်စွမ်းရည်၊ ဆရာကြည်အောင်၊ ဆရာကိုလေး (အင်းဝဂုဏ်ရည်)တို့ ကဗျာချိုချိုလေးများ ဖွဲ့ခဲ့သော ရေနီမြောင်းလည်း မစည်ကားတော့။ ရာဇာတ်စာကြည့်တိုက်မှာလည်း စာဖတ်သူတွေ သိပ်မရှိ၊ အင်းဝဟောမှာလည်း စာတမ်းဖတ်ပွဲ၊ စာပေဟောပြောပွဲတွေ ဆိတ်သုဉ်းခဲ့လေသည်။ သို့ပေမယ့်လည်း ဘူမိကျောင်းသားတို့၏ ကျောက်ရိုင်း၊ ရူပဗေဒကျောင်းသားကျောင်းသူများ၏ ဟင်းလင်းပြင် နံရံကပ်စာစောင်များကတော့ ကျောင်းမဂ္ဂဇင်းတစ်အုပ်အလား အရောင်အသွေးစုံ၊ ကဏ္ဍစုံဖြင့် ထင်ရှားခဲ့ပါသည်။ နံရံကပ်စာစောင်ကို လနှင့်ချီ ပြသနိုင်ခဲ့ခြင်းကိုက အနုပညာအရည်အသွေး၊ စာအဆင့်အတန်း မနိမ့်ကျခဲ့တာကြောင့်ဟု အားပြည့်အင်ပြည့်ဖြင့် ရဲတင်းစွာ ပြောရမှာပဲဖြစ်သည်။

× × × × ×

ရွှေပြည်အေးဆောင် အခန်း(၃၄)မှာ ကျွန်တော် ရှိနေသည်။ ကျွန်တော့်အခန်းမှာ စာအုပ်တွေအများကြီး ရှိပါသည်။ ကျွန်တော် နောက်ဆုံးနှစ်ကျောင်းသားဖြစ်တော့ အဖေက တစ်လ ၄၀၀ ကျပ် ပို့ပေးပါသည်။ အဆောင်လခ ၁၂၀ ကျပ်၊ ကျောင်းလခ ၃၀ ကျပ်၊ မေဂျာကြေးအသင်းအဖွဲ့ကြေးက ၁၀ ကျပ်လောက်ဆိုတော့ ကျွန်တော် သက်ဆိုင်ရာအလိုက် ငွေသွင်းပြီးချိန်မှာ ၂၄၀ ကျပ် အပိုထွက်နေပါသည်။ လစဉ်ထုတ်မဂ္ဂဇင်းထဲက မိုးဝေနှင့် ရှုမဝ ဝယ်လိုက်တာက ၁၃ ကျပ်ပဲ ကျသည်။ ဘာပဲဖြစ်ဖြစ် လစဉ် ၄၀ ကျပ် ဖိုးခန့်တော့ စာအုပ်ဝယ်ဖြစ်ပါသည်။ ကိုစိန်မိုး၊ ဥတ္တရလွင်ပြင်၊ ကိုသန်းဌေး၊ ဒေါင်းအိုးဝေ၊ ကိုထွန်းထွန်းတို့၏ စာအုပ်ဆိုင်များမှာ အဟောင်း၊ အကောင်းလေးတွေအများကြီးမို့ ကျွန်တော့်မှာ စာအုပ်အများကြီး စုဆောင်းလိုက်နိုင်ပါသည်။ ကျွန်တော်က စာအုပ်တွေကို ဝယ်စုရတာ ဝါသနာပါပြီး စာအုပ်များကို ငှားရမ်းဖို့မှာလည်း မတွန့်တိုတတ်ပါ။ သည်တော့ ကျွန်တော့်အခန်းလေးထဲမှာ ဆရာဒဂုန်တာရာရှိသည်။

လူထုဦးလှ၊ လူထုဒေါ်အမာ **ဇနီးခင်ပွန်း** ရှိသည်။ ဒေါက်တာသန်းထွန်း ရှိသည်။ ဒေါ်ခင်ဆွေဦး **ရှိသည်။** မိုးမိုး(အင်းလျား) ရှိသည်။ မစန္ဒာ ရှိသည်။ သိန်းသန်းထွန်း **ရှိသည်။** ချစ်ဦးညို ရှိသည်။ နိုင်ဝင်းဆွေ ရှိသည်။ ....ရှိသည်။ **စားပွဲပေါ်မှာ၊ စာအုပ်စင်လေးမှာ၊** ကုတင်ဘေးမှာ စာအုပ်တွေ အထပ်လိုက် ရှိနေခဲ့**သည်။ နောက်ဆုံး**နှစ်စာမေးပွဲဖြေဆိုပြီးမှ မိဘရပ်ထံ ပြန်သယ်ရမည့် **စာအုပ်တွေပဲဖြစ်**ပါသည်။ ကျွန်တော်က ကျွန်တော့်အခန်းကို စာကြည့်တိုက်အငယ်စားလေးတစ်ခုအဖြစ် ရည်ရွယ်ခဲ့ပါသည်။ ဤသည်က ပင် **ကျွန်တော်၏ မိုက်မဲမှုဖြစ်**သည်ဟု ထင်ပါသည်။

× × × × ×

တစ်ရက်မှာတော့ ကျွန်တော့်အခန်းထဲသို့ တစ်ခြားမေဂျာမှ ကျောင်းသားတစ်ယောက်ဝင်လာပြီး စာအုပ်ငှားပါသည်။ ကျွန်တော် ကြည်ဖြူစွာပဲ ကြိုက်တဲ့စာအုပ် ငှားသွားဖို့ ခွင့်ပြုပေးခဲ့ရာ ထိုကျောင်းသားက ရှုမဝမဂ္ဂဇင်း ငှားသွားပါသည်။ တစ်ဆောင်တည်းနေသော်လည်း မေဂျာမတူ သည့်အပြင် အပေါ်ထပ်အခန်းမှဖြစ်တာကြောင့် ရင်းရင်းနှီးနှီးရှိလှသည်း မရှိလှ ပါ။ သို့သော် စာအုပ်ငှားသည့်ကိစ္စအပေါ်မှာတော့ ကျွန်တော် အနှမျော မရှိခဲ့ပါ။ စာဖတ်လိုသူအတွက် ဖတ်လိုသော စာအုပ်တစ်အုပ် ငှားရမ်းပေး နိုင်သောပီတိကို ကျွန်တော် ခံမင်ခဲ့ပါသည်။ သို့သော် ၎င်းပီတိကား ခါးသက် သော၊ အော့နှလုံးနာစရာဖြစ်သော အစိုင်အခဲ ဖြစ်သွားခဲ့ပါသည်။

ရှုမဝမဂ္ဂဇင်း စာအုပ်ငှားသွားပြီး နောက်ရက်မှာပဲဖြစ်သည်။ ကျွန်တော့်အဆောင် ရေအိမ်ဝင်တော့ အညစ်အကြေးသုတ်သင်ပြီး ထည့်သည့် စက္ကူခြင်းထဲမှာ ရှုမဝမဂ္ဂဇင်း၏ စာမျက်နှာ ၂-၃ ရွက်ကို တွေ့လိုက်ရခြင်း ပဲဖြစ်သည်။ ရေအိမ်အခန်း ၂၀ လောက်မှာမှ ကျွန်တော်ဝင်သောအခန်းတွင် တိုက်ဆိုင်စွာ လာတွေ့တာပါပဲ။ တက္ကသိုလ်ကျောင်းသားဖြစ်သော်လည်း ရေအိမ်ဝင်တာကအစ သန့်ရှင်းစင်ကြယ်အောင် ရေမသုံးဘဲ စက္ကူသုံးသော ကျောင်းသားတွေ အများကြီးထဲမှာမှ ၎င်းကတော့ အနိမ့်ကျတကာ့ **အနိမ့်ကျဆုံးသူ** ဖြစ်နေပြီကော။ ကျွန်တော့်ဒေါသဒီဂရီကတော့ အထွတ်

အထိပ်ရောက်နေပါပြီ။ ရှမဝမဂ္ဂဇင်းငှားသွားသော ကျောင်းသားအခန်းဆီ ကမူးရှူးထိုး ထွက်သွားလိုက်သည်။ ရွှေပြည့်အဆောင်အပေါ်ထပ် အောင်မင်္ဂလာဆောင်ဘက်အခြမ်းကအခန်းကို ရောက်တော့ အခန်းတံခါး ပိတ်ထားပါသည်။ အိပ်နေဟန်တူသည်။ အပြင်က သော့ခတ်မထားတာမို့ အတွင်းမှာ လူရှိနေကြောင်း ထင်ရှားပါသည်။ ကျွန်တော် အခန်းတံခါးကို ၃-၄ ချက် ဆောင့်ကန်ပစ်လိုက်သည်။ ကျွန်တော့်ကန်ချက်က ထိုစဉ်က ကမ္ဘာကျော် နာမည်ကြီးဘောလုံးသမား မာရာဒိုနာထက်တောင် ပြင်းသွားသလားမသိပါ။ အခန်းထဲက သကောင့်သား တံခါးကို ဝုန်းကနဲဖွင့်ပြီး ကျွန်တော့်အား စားမတတ်ဝါးမတတ် စူးစူးရဲရဲ ကြည့်နေပါသည်။

"ဘာဖြစ်တာလဲကွ... ဘယ်လောက်များ သေရေးရှင်ရေးဖြစ်နေလို့ အခန်းတံခါးကို လာပြီး ခြေထောက်နဲ့ ကန်ရတာလဲ... မင်း လူမှုရေးနားမလည်ဘူးလား"

ဟောဗျာ၊ ငပြူးကပြဲ။ ကျွန်တော် သူ့ရဲ့ ဒေါသအငွေ့တွေ ထွက်နေသည့် မျက်လုံးကို သူ့ထက်ပိုသော အလျှံညီးညီး ဒေါသမီးတောက်မီးလျှံတို့ဖြင့် ပြန်ကြည့်လိုက်သည်။

"ဘယ်မလဲ...မင်းငါ့ဆီက ငှားသွားတဲ့ မဂ္ဂဇင်း"

သူ ကျွန်တော့်အပြောကြောင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

" မင်းစာအုပ်ပြန်မပေးဘဲ နေမှာမို့လား...မင်းက အရေးတကြီး ပြန်လာတောင်းရအောင်"

"ငါ့ပစ္စည်းငါပြန်တောင်းတာကွာ...မင်းအပိုတွေပြောမနေနဲ့"

ကျွန်တော့်ဒေါသက ခေါင်းဖျားထိနေပြီဆိုတော့ အသံကလဲ တုန်ခါလှိုင်းထပြီး လိုသည်ထက် ပိုကျယ်နေသည်။

သူက ကုတင်ခြေရင်းရှိ သေတ္တာပေါ်ကနေ ရှမဝမဂ္ဂဇင်းစာအုပ်ကို ပစ်ပေးတော့ ကျွန်တော်က ဖမ်းယူပြီး ဒရောသောပါးပဲ စာမျက်နှာတွေကို လှန်လှောလိုက်သည်။ တွေ့ပြီ။ စုတ်ဖြဲထားသောနေရာ။

" ဟော့ဒီမှာ မင်းစာရွက်တွေ စုတ်ဖြဲထားတယ်... အဲ့ဒီစာရွက်တွေ ငါဘယ်မှာ တွေ့ခဲ့တယ်မှတ်လဲ... အိမ်သာထဲမှာကွ...အိမ်သာထဲမှာ

…တောက် အောက်တန်းကျတဲ့ကောင်”

“ဘာကွ… မင်း စာအုပ်တစ်အုပ်နဲ့ ပေါက်ကွဲနေရအောင် မင့်စာအုပ်က ဘယ်လောက်တန်လို့လဲ”

“စာအုပ်တန်ကြေးကို ပိုက်ဆံနဲ့ လာဖြတ်မနေနဲ့။ သူများဆီက စာအုပ်ကို အလွယ်တကူငှားပြီး အိမ်သာသုံးစက္ကူလုပ်သွားတဲ့ မင်းရဲ့ အောက်တန်းကျတဲ့လုပ်ရပ်။ တက္ကသိုလ်ကျောင်းသားဖြစ်ပြီး လမ်းဘေးကလေကချေလိုပြုမူတဲ့ မင်းလုပ်ရပ်တွေကို ရွံလွန်းလို့ လာပြောတာ… မင်းလိုကောင်မျိုးနဲ့ ငါ တက္ကသိုလ်မှာ အတူတက်ခဲ့ဖူးတယ်ဆိုတာ နောင်တစ်ချိန်ပြောရမှာ တောင်ပါးစပ်သနတယ်။ ရှက်တယ်။ ဒါပဲ မင်း ငါ့စာအုပ် ပြန်လျော်ပေး။ နောက် ဘယ်တော့မှ ငါနဲ့ လာမဆက်ဆံနဲ့။”

ကျွန်တော် မီးကုန်ယမ်းကုန်ပေါက်ကွဲပြီး ပြန်ထွက်လာလိုက်သည်။

“ တောက်… စာအုပ်များ သူ့အမေလင်ကျနေတာပဲ ဖြစ်နေလိုက်တာ”

ကျွန်တော်ကြားလိုက်ရပေမယ့် ပြန်ပြီးချဲမနေတော့ပါ။

“ဟုတ်တယ်ကွာ စာအုပ်ကို အဖေလိုချစ်တာ” စိတ်ထဲက ပြောသည့်စကား။ သည်မောင်ကြားလဲ ခံစားတတ်မယ် မထင်ပါဘူး။

× × × × ×

လွန်ခဲ့သောနှစ် ၃၀ ခန့်က စာအုပ်တစ်အုပ်နှင့်ပတ်သက်ပြီး မမေ့နိုင်သော ဖြစ်ရပ်ပဲဖြစ်သည်။ မဂ္ဂဇင်းစာမျက်နှာများကို အိပ်သာသုံးစက္ကူအဖြစ် အသုံးပြုခဲ့သည့် စိတ်ဓာတ်ရေးရာ ဖိနပ်အောက်ခြေသို့ရောက်ခဲ့သော သူ့ကို ကျွန်တော် စဉ်းစားပုံဖော်ကြည့်တော့ ပါးပါးလေးတောင် ဖော်လို့မရ။ ဘယ်မေဂျာ၊ နာမည် ဘယ်သူ၊ ဘယ်မြို့က၊ ပုံပန်း ဘယ်လို… ရေးရေးမျှ ပေါ်မလာတော့။

သေချာပါသည်။ အဲ့သည်အချိန်ကတည်းက စာအုပ်တွေအပေါ် ယုတ်ညံ့သောစိတ်ထားခဲ့သော သူသည် ကျွန်တော့်ဒေါသစက်ကွင်းထဲမှာ အရည်ပျော်ကျပြီး ကျွန်တော့်အာရုံထဲမှ လွတ်ထွက်သွားခဲ့တာပဲဖြစ်ပါမည်။

(၂)

ကျွန်တော်တို့ ကုမ္ပဏီသို့ CEO အသစ်ရောက်လာပြီး တစ်ပတ်လောက်မှာ ကျွန်တော့်ကို ခေါ်တွေ့သည်။ ကျွန်တော် CEO ရုံးခန်းထဲရောက်၊ ဆက်တီခုံလေးမှာ ထိုင်တော့ ပုဂ္ဂိုလ်က ဆုံလည်ကုလားထိုင်မှထကာ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ခုံတွင် လာထိုင်သည်

"ကျွန်တော့်ကို မှတ်မိလား၊ ကျွန်တော်တို့ မန္တလေးတက္ကသိုလ်မှာ အတူတက်ခဲ့ဖူးတယ်လေ"

ကျွန်တော် သူ့မိတ်ဆက်ပြောစကားအရ ကျောင်းနေဖက် သူငယ်ချင်းတွေထဲက ဘယ်သူဖြစ်မလဲ၊ အပြေးအလွှားစဉ်းစားသည်။ သို့သော် ဘယ်လိုမှ အမှတ်မရ။

"ဆောရီး ..ကျွန်တော်မမှတ်မိဘူး ဖြစ်နေတယ်... ဘယ်မေဂျာကလဲဗျာ၊ အဆောင်နေခဲ့သေးလား"

ဟက်ကနဲ သူရယ်တော့ သူ့ရယ်သံက ခြောက်သွေ့သလိုပါပဲ။ အသက်မပါဟု ခံစားမိသည်။

"အေးဗျာ··· ကျွန်တော်ကလည်း ကျောင်းပြီးကတည်းက သင်တန်းပါသွားတာဆိုတော့··· အင်း·· နှစ် ၃၀ လောက် ကြာရောပေါ့။ ကုမ္ပဏီမှာ ရှယ်ယာထည့်ထားတာကြာပြီ။ အခုမှ ကုမ္ပဏီကို ဝင်လာတာ။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ။ ဒီမှာ ခင်ဗျားနဲ့ လာတွေ့ရတယ်"

သူပြောနေသည့်အချိန်မှ ကျွန်တော့်မှတ်ဉာဏ်ရှိ သိမ်းဆည်းထားသော ရုပ်ပုံများကို ဖော်ကြည့်နေမိသည်။ ကျွန်တော့်မှတ်ဉာဏ်တွေ ချို့ယွင်းနေပါပြီ။

"ကျွန်တော်တို့နှစ်က ကျောင်းသားနည်းတယ်။ ကျွန်တော်နဲ့ Same Batch ဆိုရင် CEO ကို မှတ်မိဖို့ ကောင်းတယ်။ အခု ကျွန်တော် ဘယ်လိုမှ ပုံဖော်လို့ မရဘူးဗျာ"

"အဟင်း·· ခင်ဗျားမမှတ်မိပေမယ့် ကျွန်တော်ကတော့ ခင်ဗျားကို အမြဲတမ်း သတိရမှတ်မိနေတယ်။ ခင်ဗျားသတိရအောင် ကျွန်တော် အစဖော်ပေးမယ်။ ကျွန်တော် ရွှေပြည်အေးဆောင်အပေါ်ထပ်မှာ နေခဲ့တယ်။

ခင်ဗျားဆီကနေ မဂ္ဂဇင်းတစ်အုပ် ငှားဖတ်ခဲ့ဖူးတယ်လေ''

× × × × ×

လွန်ခဲ့သော နှစ် ၃၀ က ကျွန်တော် ပြောခဲ့သည့်··

''မင်းလိုကောင်မျိုးနဲ့ ငါ တက္ကသိုလ်မှာ အတူတက်ခဲ့ဖူးတယ်ဆိုတာ နောင်တစ်ချိန်ပြောရမှာတောင် ပါးစပ်သနတယ်၊ ရှက်တယ်'' ဆိုသော စကားကို အတိအကျ ပြန်မှတ်မိနေသည့်အတွက် ကိုယ့်မှတ်ဉာဏ်ကို အံ့သြလို့နေသည်။

အခုတော့ အခန်းထဲရှိ လေအေးစက်က အအေးလှိုင်း ထုတ်တာလား၊ အပူလှိုင်း ထုတ်တာလား၊ ဝေခွဲရခက်လောက်အောင် ကျွန်တော့်မှာ ချွေးစို့လို့နေပါသည်လေ။

ရဲသျှမ်း

# ကုန်းပေါ်ကငါးများ

**နှင်းဆီအောင်**

"မင့်သား…အကြော်သွားဝယ်တာ ကြာလိုက်တာ ခုနှစ်နာရီရှိခဲ့တော့မယ်။ သွားရမှာက မိုးနဲ့လေနဲ့ကို…"

ယောကျ်ားဖြစ်သူ ကိုထွန်းတင်စကားကို ပြန်မဖြေမိ၊ ဖိုခွင်ပေါ်မှာ တဗွက်ဗွက်ဆူနေသည့် ချဉ်ပေါင်စပ်ချဉ်ဟင်းကိုသာ အလေးအပေါ့မြည်းကြည့်နေခဲ့၏။ အိမ်ဆိုင်ငါးပိတစ်ရာဖိုးက မတန်သဖြင့် ရှိသည့်ငါးပိနှင့်ချက်ရသည့် ချဉ်ပေါင်ဟင်းက ချဉ်မဆုံး။ ဟင်းကို အစပ်ကလေးထည့်ကာ အကြော်နှစ်ခုလောက်နဲ့ဆို စားလို့ရသည်ပင်။

မနေ့က ဥပုသ်နေ့မို့ ကိုထွန်းတင် အလုပ်နားရသည်။ နေ့စားဆိုတော့ ပိတ်ရက်ဆို ဝင်ငွေမရှိ။ အဖိတ်နေ့ညနေက ပါလာသည့် နေ့တွက်ကလေးနှင့် နှစ်ရက်စားရအောင် မနည်းလုပ်ရသည်။ အခု မနက်စာ ဆန်လေးလုံးကို မနေ့ညကတည်းက အိမ်ဆိုင်က ကြိုယူထားရတာဖြစ်သည်။ ညနေ ကိုထွန်းတင်ပြန်လာမှ အဟောင်းပေး အသစ်ယူရသည်။ အလုပ်သွားမည့်အလုပ်သမားမီအောင် မရှိရှိတာလေးနဲ့ ကြံဖန်ကျွေးရမြဲဖြစ်၏။ သူသွားမှ ကျန်တာလေးတွေကို အမေနှင့်အတူ သားမိလေးယောက် ဝေငှစားရသည်။

မနက်စောစော စားပြီးတာနှင့် မသန်းခင်က ဟိုအိမ်ဒီအိမ်သွား၊ ဟိုလူဒီလူခိုင်းတာလေး လုပ်ကိုင်ပေး၊ ရလာသည့် ဟိုဟာဒီဟာလေးတွေနှင့် နေ့လည်စာဖန်တီးရသည်။ အိမ်မှာ ရင်ကြပ်ပန်းနာသည့် အမေ့ကို သမီးအကြီးလေးနှင့်အတူ ထားခဲ့ရလို့ တော်သေးသည်။ အကြီးလေးက မွေးရာပါ မသန်မစွမ်းဆိုပေမယ့် အိမ်မှာ ကူဖော်လောင်ဖက်တော့ရသည်။ အဘွားကို ချုးခပ်ကျွေးမွေး သိမ်းဆည်းရင်း မောင်အငယ်လေးကို ထိန်းသည်။

အလတ်ကောင်က အဲဒီလိုမဟုတ်။

အိမ်က ဟိုပြောင်းဒီပြောင်းမို့ ကျောင်းရယ်လို့ ပီပီသသ မအပ်ရသေးဘူး။ ရှေ့နှစ်တော့ ဖြစ်အောင် အပ်ရမည်။ ခုတိုင်းလွှတ်ထားလို့ သူက မလွယ်။ လူတကာခိုင်းသမျှ ဖင်ပေါ့ပေါ့နှင့် လုပ်ပေးတာ ကိစ္စမရှိ။ ကလေးဆိုတော့ မလွှတ်တာ မကောင်းတာတွေ ဘုမသိဘမသိ လုပ်မိမှာ စိုးရသည်။ စပ်စပ်စုစု ငေးငေးမောမော အကျင့်ရှိတာလဲအမှန်ပင်။ ထိုအကျင့်ကြောင့်ပင် ဘယ်မှာ ဘာကျွေးတယ်၊ ဘုန်းကြီးကျောင်းမှာ ဘာရှိတယ်၊ အကုန်သိတာ။ အငယ်ကောင်ကိုပါ လက်ဆွဲလျက် ရောက်သွားတတ်သည်။ သူ့ဝမ်းသူသာ မက အိမ်ကလူတွေဖို့ပါ ရလာလျှင် ဆွဲလာတတ်ခဲ့၏။ ဘာမှအကြောင်း မရှိလျှင် လက်ဖက်ရည်ဆိုင်မှာ မီးမပျက်မချင်း တီဗွီထိုင်ကြည့်နေတော့သည်။ ခုလည်း ဘယ်မှာ ရပ်ငေးနေသလဲမသိ။ ထမင်းချုးပေးပြီး အိမ်ပေါက်ကို လှမ်းကြည့်နေရသည်။ ဟော…လာပါပြီ။ အပြေးအလွှား အမောတကောနှင့်။

"အမေရေ အရှေ့မြို့သစ်မှာ ရေတွေကြီးလို့တဲ့။ လူတွေပြေးလာကြတယ်တဲ့" ဟု သတင်းပေးသည်။

မနေ့ညက မိုးတွေတအားရွာတာတော့ အမှန်ဖြစ်သည်။ ခုလည်း မိုးရိပ်ဆင်နေဆဲ။ မသန်းခင်တို့ အိမ်ကလေးထဲမှာတောင် ရေက ခြေသလုံး လောက်ဝင်နေပြီဖြစ်သည်။ အိမ်ရှေ့ ကျောက်ခင်းလမ်းကလေးမှာတော့ ရေမတင်။ မသန်းခင်တို့ငှားနေသည့် အိမ်ကလေးမှာ အိမ်ရှင်က လာမနေနိုင်၊ မကြည့်နိုင်လို့ ဈေးနှုန်းချိုသာစွာ ငှားရမ်းပေးထားသဖြင့် သိပ်ပြီး ပြုပြင်ဖြည့်ဆည်းပေးခြင်း မရှိတာကြောင့် အနည်းငယ်နိမ့်ကာ ရေဝင်ခြင်းဖြစ်သည်။ ဒီအရပ်ထဲမှာ နှစ်အိမ်သုံးအိမ်လောက်သာ ရေတင်ပြီး ကျန်သည့်အိမ်တွေက

တင်လေ့မရှိပါ။

"ဒါဆို ငါ အလုပ်အခြေအနေ သွားကြည့်ဦးမယ် သန်းခင်"

ကိုထွန်းတင် ထမင်းအမြန်စားပြီး စက်ဘီးအပြေးနှင်း ထွက်သွားသည်။ သူမလည်း ဒီစက်ဘီးလေးရှိနေလို့သာ အလုပ်မှန်မှန် ဆင်းနေနိုင်ခြင်းဖြစ်၏။ ဒါတောင် အပိုင်မဟုတ်။ ငွေ၁ တစ်လငါးထောင်နှင့် ငှားထားရသည်။ အသေးအဖွဲ့ပြုပြင်စရာ ကိစ္စများရှိပါက ကိုယ့်ဘာသာပြင်ရသည်။ ပစ္စည်းလဲရမယ်ဆိုမှ ပိုင်ရှင်နှင့် ညှိရသည်။

မန္တလေး၏ အခြေခံအကျဆုံးလူတွေမှာ စက်ဘီးက အရေးကြီးသည်။ မရှိလို့မဖြစ်။ စက်ဘီးရှိနေပါက ကမ္ဘာပတ်ပြီး အလုပ်ဆင်းရဦးတော့ မန္တလေးသားတွေ မပျင်းမရိ မနိမကပ် သွားကြမည်ဖြစ်သည်။

ကိုထွန်းတင် ထွက်သွားတာနှင့် မခင်သန်းတို့သားမိတစ်တွေ ထမင်းစားကြသည်။ အမေ့ကို ရင်ကြပ်မှာစိုးလို့ ချဉ်ပေါင်ဟင်း မကျွေးဝံ့။ ဆီဆမ်းကာ ကြက်သွန်ကြော်နှစ်ခုနှင့် ကျွေးရသည်။ စားပြီးတာနှင့်…။

"အကြီးလေးရေ… အဝတ်လျှော်စရာရှိတယ်လို့ ဆရာမက မှာထားတာ အမေ သွားလိုက်ဦးမယ်။ အလတ်ကောင်နဲ့ အငယ်ကောင်… မိုးက ရွာချင်ရွာဦးမှာ၊ လျှောက်သွားမနေကြနဲ့ဦး။ အဘွားကို ကွမ်းရွက်ပုံလျှက်ဆား ဝယ်ပေးဖို့ မမေ့နဲ့"

ပြောပြောမှာမှာနှင့်ပင် မသန်းခင် ဂျုံရိုးဦးထုပ်ကလေးဆောင်းကာ ထွက်လာခဲ့သည်။ မှာလို့သာမှာခဲ့ရသည်။ အလတ်ကောင်က မလွယ်။ အကြောင်းထူးတစ်ခုခုရှိပြီဆို ဒီကလေး ခြေမငြိမ်တော့။ ကိုယ်ကလည်း မျက်စိဒေါက်ထောက် မကြည့်အား။ သူများခိုင်းတာလေးတွေလုပ်ရင်း သားအမိ လမ်းမှာဆုံမှသာ။

"ဟဲ့ကောင်လေး… နေပူတယ်သွား… အိမ်ပြန်စမ်း" လို့ လုပ်ရသည်။

ဆရာမတို့အိမ်ရောက်တော့ ဧည့်သည်တွေပါ ရှိနေသည်။

အရှေ့မြို့သစ်ကနေ ရေလာရှောင်ကြတဲ့ သူတို့အပြောအရ လူတောင် အသေအပျောက်ရှိတယ်တဲ့။ အခု ကယ်ဆယ်ရွှေ့ပြောင်းရေးတွေ

ဝိုင်းလုပ်နေကြပြီတဲ့။ ရေလွှတ်ရာမှာ စခန်းတွေဖွင့်ထားရတယ်တဲ့။

မြစ်ဆိပ်က ငှက်တွေ၊ လှေတွေရော မီးသတ်ကားတွေရော၊ နာရေးယာဉ်တွေကိုရော ရောက်နေပြီတဲ့။

ရေတိုးတာ မမြင်ဘူးလို့ လာကြည့်ကြသူတွေလည်း အများကြီးတဲ့။ သက်ဆိုင်ရာက မဝင်ဖို့တားတာ ဖွတ်ဝင်ကြည့်ကြလို့ ထိခိုက်မိကြသတဲ့။

ဘုရား…၊ မသန်းခင် ရင်တုန်သွားသည်။ အလတ်ကောင်က သိချင်၊ ကြည့်ချင်တာက အလွန်။ ဆရာမကြီး ဝယ်ခိုင်းတဲ့ လက်ဖက်ရည် ဝယ်ပေးပြီးတာနဲ့ အိမ်ကို အပြေးပြန်လာရသည်။ ထင်သည့်အတိုင်း အလတ်ကောင် အိမ်မှာမရှိ။ အကြီးလေးက…

"၁၁ နာရီမှာ ထမင်းထုပ်လာကောက်မှာတဲ့ အမေ၊ အဲဒါ အမေ့ကို လိုက်ခေါ်မယ်ဆိုပြီး မောင်လေး ထွက်သွားတာ"

"ဟင်… ဟုတ်လား။ ထမင်းထုပ်ပို့ရမှာလား"

မသန်းခင် အလတ်ကောင်ကို မေ့သွားသည်။ မဖြစ်မနေ လှူကိုလှူရမှာဖြစ်၏။ ကိုယ်က ဘယ်လိုစားစား ထမင်းထုပ်ကတော့ ဖွယ်ဖွယ်ရာရာလေးဖြစ်မှ ကောင်းလိမ့်မည်။ ဒီလိုမှန်းသိရင် ခုနက ဆရာမဆီက ပိုက်ဆံယူခဲ့တာပေါ့။ ခုတော့ ဘယ်လိုလုပ်ရမှန်းမသိ။

စိတ်ပျက်လက်ပျက်နှင့် အိမ်ထဲက ရေညစ်ညစ်တွေကို ငေးကြည့်နေမိသည်။ မြောင်းထဲက ငဖလောင်း(ဖါးလောင်း)တွေ မည်းမည်း မည်းမည်းနှင့် ရေစပ်မှာ လုံးထွေးနေကြသည်။ ငါးပြေမတစ်ကောင်က ဘယ်လိုဖြစ်သည်မသိ။ ကုန်းပေါ်မှာ ဖျတ်ဖျတ်ခါနေသည်။ ပါးဟက်တွေ ဖွင့်လိုက်ပိတ်လိုက်နှင့် ကြည့်ရတာ မသန်းခင်ပါ မောလာသည်။ ကြာကြာကြည့်တော့ အမေ ပန်းနာထတာနဲ့ တူလာလို့။

"အငယ်ကောင်ရေ… ကုန်းပေါ်ကငါးကို ရေထဲပြန်လွှတ်လိုက်စမ်း" ဟု လှမ်းပြောရင်း ကိုယ့်ခေါင်းကိုယ် ဗျင်းဗျင်းပါအောင် ကုတ်နေမိသည်။ ဆန်က ထပ်ယူလို့ ရနိုင်ပေမယ့် ဟင်းစားကတော့ ကိုယ်တိုင်ချက်တာလောက် အဆင်မပြေနိုင်။ စက်ဘီးတွန်းဝင်လာသည့် ယောကျ်ားဖြစ်သူက…

"ဒီနေ့တော့ အလုပ်က နားပြီ သန်းခင်ရေ"

"ဘာရယ်တော်… ဒီမှာ ထမင်းထုပ် ကူရမှာပါဆို"

"ငါတို့ ရေပိုက်ဆင်နေတဲ့တိုက်က ဝင်လို့မှမရတော့တာ။ သွားကြည့်ပါဦး။ ရေတွေကဖြင့် ကြောက်စရာကြီးဗျား"

"ရေကို နောက်မှကြောက် ခု… ဘယ်လိုလုပ်မလဲ"

"မသိဘူးလေကွာ… ငါ့လက်ထဲရှိတာလည်း မင့်ပေးလိုက်ရတဲ့ဥစ္စာ"

မသန်းခင် စိတ်ညစ်သွားသည်။ သူပြောတာ မမှားပါ။ ရှိသလောက် ပေးပါသည်။ ပေးတာနှင့် မလောက်တာသာ စိတ်ရှုပ်ရသည်။

"ဘယ်လောက်တောင် နားရမှာတဲ့လဲ"

"မသိနိုင်သေးပါဘူးကွာ၊ ရေကျမှလုပ်လို့ဖြစ်မယ် ထင်ပါရဲ့"

ကိုထွန်းတင်က စိတ်ပျက်လက်ပျက်နှင့် သက်ပျင်းချနေသည်။ မသန်းခင်က အိမ်ထဲ မျက်လုံးဝေ့ကြည့်မိသည်။ ပေါင်စရာနှံစရာ ထည်ထည်ဝါဝါ ဘာမှမရှိ။ ပုတီးစိတ်နေသည့် အမေက…

"တစ်နေ့က အမေ့ကို ညည်းအစ်မ မုန့်ဖိုးပေးသွားတဲ့ ပိုက်ဆံသုံးထောင် ရှိတယ်။ အဲဒါလေးနဲ့ ဝယ်ခြမ်းပြီး ထမင်းထုပ်ကလေး၊ ကောင်းကောင်း ကူလိုက်ပါအေ… ကုသိုလ်ရပါတယ်"

မသန်းခင် မငြင်းနိုင်။

"ကျုပ် အဆင်ပြေတော့ ပြန်ပေးပါမယ် အမေရယ်"

"မလိုပါဘူးအေ၊ အမေ့ကုသိုလ် ညည်းကုသိုလ်ပေါ့။ သွား… သွား‥ ၁၁နာရီမီအောင် ဈေးပြေးဦး။ ဒီလိုရေမျိုးက ကြောက်ဖို့ကောင်းတယ်"

ဈေးထဲမှာ သတင်းစကားတွေက အစုံအလင်။

အရေးပေါ်အကူအညီတွေ ဝိုင်းလုပ်နေကြပြီတဲ့။ အစားအသောက်နဲ့ အဝတ်အထည်တွေ ဝေငှမယ့် အဖွဲ့အစည်းတွေ အလှူရှင်တွေ ရောက်ကြပြီတဲ့။

မသန်းခင် ထမင်းထုပ်ကို နောက်ရက်အတွက်ပါ ဟင်းစားရအောင် ငါးပိကြော်တစ်ခွက်၊ သရက်သီးနှပ်တစ်ခွက်နှင့်အတူ အထားခံအောင်

ကြက်ဥသုံးလုံး ပြုတ်ပေးလိုက်သည်။ ဆားထုပ်ကလေးလည်း ထည့်ပေးလိုက်သေးတယ်။ လက်ထဲ ပိုက်ဆံပိုကလေးရှိရင် ငါးရာတန်ကလေးတစ်ရွက်လောက် ဆီစိမ်စက္ကူနှင့်ပတ်ကာ ထမင်းထဲ မြှုပ်ပေးလိုက်ချင်မိသည်။ ထမင်းထုပ်ရတဲ့သူ လက်ဖက်ရည်ဖိုးလေးပါရလို့ ကြည်နူးသွားမှာကိုတွေးကာ ထည့်မပေးနိုင်တာကို မချင့်မရဲဖြစ်နေမိသည်။

အိမ်ကမိသားစုအတွက် စွန်တာနီပဲဟင်းချိုတစ်ခွက် ထည့်ချက်ကာ ငါးပိကြော်နှင့် ခူးခပ်ကျွေးပြီး ပြန်ထွက်ဖို့ပြင်ရသည်။ မထွက်လို့မဖြစ်။

“ငါလည်း ရပေါက်ရလမ်းလေး ဖန်ဦးမှ သန်းခင်ရေ… ကိုယ့်လူတွေ ဘယ်သူ ဘာဖြစ်သေးလဲဆိုတာလဲ စုံစမ်းလိုက်ဦးမယ်” ဟု ဆိုကာ ကိုထွန်းတင်က အရင်ထွက်သွားသည်။

“နှင့်မောင် အလတ်ကောင် ပြန်လာရင် ထမင်းကျွေးလိုက်တော့။ ထပ်မထွက်စေနဲ့နော်။ အမေက ဘာလေးရရ လုပ်ချည်ဦးမယ်”

ဘယ်အိမ်သွားရမလဲ စဉ်းစားလိုက်တော့ ဈေးထဲက အထည်သည် အပျိုကြီးဆီသွားဖို့ စိတ်ကူးရသည်။ မနက်က ဆိုင်ခင်းတာ မမြင်မိ၊ အပျိုကြီးက အိမ်မှာ ရှိနေခဲ့သည်။

“ဒီကနေ့ ဆိုင်မဖွင့်ဘူးလား အစ်မ”

“မဖွင့်နိုင်သေးဘူး မသန်းခင်ရေ.. ရှင်လာတာနဲ့ အတော်ပဲ။ ပိုက်ကျုံးက အဒေါ်တွေ ရေများနေလို့ ဒီကိုလာနေကြမှာမို့ အိမ်ရှင်းနေရတာ။ ခုလောလောဆယ် ထမင်းထုပ်ပို့ဖို့ အရင်လုပ်ပေးပါလား”

အကွင်းလိုက်ကြော်ထားသည့် ငါးကြော်၊ ချဉ်ပေါင်နှင့် မှျစ်ကို ဆီတွေနစ်နေအောင် ကြော်ထားသည့် အချဉ်စပ်၊ ကြက်ဥပြုတ်တို့အပြင် ဇလေမုန့်နှင့် တီးမစ်ထုပ်ပါ ပါသေးသည်။ ကောင်းလိုက်တာ။ ရမယ့်သူအစားမသန်းခင် ဝမ်းသာနေမိသည်။

ထမင်းထုပ်ပို့ပြီးတာနှင့် ရေရှောင်လာကြမည့် ဧည့်သည်တွေအတွက် အိပ်ရာခင်းကျင်းပြင်ဆင် ချက်ပြုတ်ပေးနှင့် ညနေ ၅ နာရီလောက်မှ အိမ်ပြန်ရတော့သည်။ အပျိုကြီးက ပိုက်ဆံတစ်ထောင်နှင့် ဆန်တစ်ပြည် ပေးလိုက်သည်။

မသန်းခင်က အိမ်ဆိုင်မှာ ပိုက်ဆံအဝင် တစ်ထောင်သွင်းပြီး အခြားလိုတာလေးတွေ ဝယ်ပြီးမှ အိမ်ပြန်ရသည်။ မြေးအဘွားတွေ ဆာနေတော့မည်မို့ ခြေလှမ်းသုတ်သုတ် လှမ်းရသည်။ ခုမှ အလတ်ကောင် ပြန်ရောက်ပြီလား၊ ကိုထွန်းတင်ကော ရောက်နေပြီလား တွေးမိသည်။ အိမ်ရောက်တာနှင့် အကြီးလေးကိုသာ ထမင်းထည့်ခိုင်းရတော့မည်။ မသန်းခင်တော်တော် မောနေပြီ။

"အဖေရော မောင်လေးရော ပြန်မလာသေးဘူး အမေ။ မနက်ဖန်မနက်လည်း ထမင်းထုပ်ကူရမယ်လို့ ခုနကပဲ လာပြောသွားတယ်" ဟု အကြီးလေးက သတင်းပေးသည်။

"ခက်ပြီ…" ဟု စိတ်ထဲက ရေရွတ်ရင်း မသန်းခင် ပိုမောသွားသည်။ မောပေမယ့် ကောင်လေးနောက်ကို လိုက်ဦးမှဖြစ်မည်။ တော်ကြာ ရေထဲမိုးထဲ ကျော်မကောင်းကြားမကောင်းဖြစ်မှာ စိုးရသည်။

"ထမင်းလေး မြန်မြန်ချက်လိုက်တော့ အကြီးလေးရေ။ အမေညည်းမောင်လေးကို လိုက်ရှာရင်း မုန့်လာချဉ်လေး ဝယ်ချည်မယ်။ အဘွားကိုတော့ ကြက်ဥလေး ကြော်ပေးနော်"

မသန်းခင်ပြောလို့မှ မဆုံးသေး…

"အမေရေ..ဗျို့ အမေရေ…ဟောဒီမှာကြည့်စမ်း ဘာတွေလဲလို့"

အလတ်ကောင်လက်ထဲမှာ ထမင်းထုပ်တွေနှင့်။

"ဟဲ့…နင် ဘာတွေလုပ်လာပြန်ပြီလဲ ကောင်လေး"

"ရေဘေးကယ်ဆယ်ရေးစခန်းမှာ ထမင်းထုပ်တွေ လာဝေတာ အမေရေ၊ သိလား။ ကျုပ်တန်းစီပြီး တိုးတောင်းလာတာ။ ဟောဒီမှာကြည့်…အငယ်ကောင်နဲ့ အဘွားဖို့ သဇင်ဘီစကွတ်တွေလဲ ရလာတယ်။ ရေသန့်ဘူးလဲရသေးတယ်။ ကျုပ်သောက်ပစ်လိုက်တာ"

နောက်နေ့တွေလဲ ဝေဦးမှာတဲ့ သိလား၊ အမေ..ဘာမှမပူနဲ့ ကျုပ်နေ့တိုင်း သွားတိုးပေးမယ်။ မနက်ဖန်ကျ အငယ်ကောင်ကိုပါ ခေါ်သွားမယ်။ တချို့က ကလေးတွေကိုမှ ပိုပေးတာဗျ…"

ချွေးတွေသံတွေနဲ့ သူ့ခင်များ မမောနိုင်မပန်းနိုင် ပြောပြနေရှာသည်။

မသန်းခင်က သားလုပ်သူကို ငိုင်တွေပြီး စိုက်ကြည့်နေမိသည်။ အောက်ပိုင်းမှာ ရေတွေရွှဲစိုနေသည်။ ဒါပေမယ့် အလတ်ကောင်ကိုကြည့်ရတာ စိုမှန်းခြောက်မှန်း သတိထားမိပုံမရ။ အိမ်ကလူတွေဖို့ ထမင်းရခဲ့တာကို ဝမ်းသာလုံးဆို့နေပုံမျိုး။ အရေးပါသည့်ထမင်းကို ရလာလို့ အကြီးအကျယ် ကြည်နူးနေပုံမျိုး။

ထမင်းတွေက တော်တော်များပါသည်။ မသန်းခင်တို့မိသားစု တစ်နပ်စာ ကောင်းကောင်းရသည့်အနေအထား ဖြစ်သည်။ ဒါပေမယ့် မသန်းခင် ရင်ထဲမကောင်း။ နင့်တင့်ကြီးဖြစ်နေသည်။

"ထမင်းတွေ ခူးထားလိုက်မယ်နော် အမေ။ နို့မို့ရင် ချဉ်ကုန်မှာစိုးရတယ်။ အဖေယူလာတဲ့ဆန်က မနက်စာရတာပေါ့"

အကြီးလေးက ပန်းကန်ပြားတွေ စီချရင်း မအေကို လှမ်းပြောတယ်။

"အမေရေ··ကြက်သားဟင်းတွေဗျ ကြည့်စမ်းပါဦး။ ဒီမှာ ပုဇွန်ခြောက်ကြော်တွေလဲ ပါတယ်"

အငယ်ကောင်အသံက ရွှင်လို့ပင်။

"နောက်တစ်ထုပ်က ငါးဟင်းဗျ။ အသွားကို ကျွေးရအောင်။ အမေကော လာလေဗျာ···"

အလတ်ကောင်အသံကလည်း အားရပါးရ။ ဒါပေမယ့် မသန်းခင် နေရာမရွေ့ အသံမထွက် ငေးနေကြည့်မိသည်။

ကလေးတွေခမျာ ထမင်းရယ် ဟင်းရယ် ကောင်းမွန်ဝလင်စွာ စားခွင့်ရတာကိုပင် ကြီးမားသည့် နှစ်သိမ့်ကျေနပ်မှုအပြည့်ရတာ ပျော်နေကြရှာသည်။ အခြား ဘာမှမသိ၊ နားမလည်၊ စားသင့်သည်လား၊ မစားသင့်သည်လား၊ သူတို့ကလေးတွေ မသိ။

"အမေရာ··· နောက်တစ်ခါ အိမ်ငှားရင် အဲဒီရေနစ်တဲ့ဘက်ကို ငှားစမ်းပါ။ ကျုပ်တို့ နေ့တိုင်း ထမင်းထုပ်ရမှာဗျ··· သိလား"

အလတ်ကောင်ကို အော်ငေါက်ထုရိုက်ပစ်လိုက်ချင်ပေမယ့် မလုပ်မိ။ ထူးထူးကဲကဲ ပေါ်ပေါက်လာသည့် ကြင်နာဝမ်းနည်းစိတ်ဖြင့် ကြည့်နေမိ

သည်။ ဘွားအေကြီးက ထမင်းလေးလက်တစ်ဆုပ် ဦးချဆုပ်ကိုင်ရင်း တိုးတိုး တွတ်တွတ် ရွတ်ဖတ်နေခဲ့သည်။ ဒီကနေ့မှာ တော်တော်ကြာသည်။ မသန်းခင် ရင်ထဲ ငိုချလိုက်ချင်စိတ်တွေ တလိပ်လိပ်တက်လာကာ ငှငှကြီး ထိုင်ငိုင်နေ ခဲ့တာ မိုးကြီးချုပ်လို့ ကိုထွန်းတင်ပြန်လာသည်အထိ နေရာမရွေ့။

အဖေကလည်း သားလိုပင် ချွေးတွေသံတွေနှင့် လက်ထဲမှာ အထုပ် တစ်ထုပ် ဆွဲလာသည်။ မသန်းခင်လက်ထဲ အထုပ်လှမ်းပေးလိုက်၍ ဖြည် ကြည့်တော့ ဆန်တချို့ ဆပ်ပြာခဲနှင့် ဖယောင်းတိုင်တစ်ထုပ် မြင်လိုက်ရသဖြင့် စိတ်က မသိုးမသန့်ဖြစ်သွားသည်။

"တော်… ဒါတွေက ဘယ်ကရလာတာတုန်း"

"ဘယ်ကရရမှာလဲဟ၊ ကျွဲဆည်ကန်က သူငယ်ချင်း ဆန်အိတ်တွေ ဂိုဒေါင်ပြောင်းဖို့ အရေးပေါ်လုပ်အားလိုတယ်ဆိုတာနဲ့ လိုက်လုပ်ပေးတာ။ နေ့တွက် နှစ်ထောင်အပြင် သူတို့သူဌေးက ရေဘေးမှာ လိုက်ဝေတဲ့ အလှူ ထုပ်ထဲကနေ ဆန်သယ်တဲ့လူတိုင်းကို တစ်ထုပ်စီ ပေးလိုက်တာလေ။ မနက် ဖန်လည်း လာခဲ့ဦးလို့ မှာလိုက်တယ်။ တော်သေးကွာ… ရေမကျခင်တော့ အဲဒီလိုပဲ သွားကူရင်း နေ့တွက်ရှာရမယ်။"

ကိုထွန်းတင် ရေသွားသောက်တော့မှ မသန်းခင်ရင်ထဲ အလုံးက လျှော့ကျသွားခဲ့သည်။ တော်ပါသေးရဲ့။ ဒါဆို မနက်ဖန်တစ်ရက် အသက်ရှူ ချောင်သွားပြီ။ မသန်းခင်ကိုကြည့်နေခဲ့သည့် အမေက…

"သန်းခင်ရယ်.. မနက်ဖန် ကိုယ့်အိမ်က ထမင်းထုပ်ပို့တော့သာ ရှိတာလေး စေတနာပါပါနဲ့ ထည့်ပေးလိုက်စမ်းပါအေ။ တခြား ဘာမှ ဥပဒ်မနေနဲ့။ စိတ်ကိုသာ ထားတတ်အောင်ထားရတယ်။…ခေတ်ကာလကြီး ဖန်တီးတဲ့အတိုင်း မဖြစ်ဖြစ်အောင် နေကြရတာ၊ လူတိုင်း…လူတိုင်းပဲ။ ကိုယ်တစ်ယောက်တည်းမှ မဟုတ်တာ"

အမေ ဘယ်လိုပဲပြောပြော အဲဒီနေ့ညက မသန်းခင် ညစာ မစားဖြစ်။

ရေမဝင်သည့် ရပ်ကွက်ထဲက ရေဝင်နေသည့် အိမ်ကလေးထဲမှာ မသန်းခင်တစ်ယောက် တရားဓာပရိတ်တော်ကို အထပ်ထပ် ရွတ်ဖတ်ပူဇော်

ရင်း ခုနှစ်ရက်သားသမီးများကို မေတ္တာပို့နေသည်မှာ တစ်ညလုံးနည်းပါး ဖြစ်သည်။

နှင်းဆီအောင်
မြန်မာသစ်မဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၁ ခုနှစ်)

# သီတင်းကျွတ်တဲ့ည

ညီပုလေး

ဖြူ ပြာ နီ ဝါ ရောင်စုံ ခေါင်းလျှော်ရည်ထုပ်ကလေးတွေဟာ မနက်စောစောမှာ ဆိုင်ခင်းနေတဲ့ အိအိမို့ရဲ့စိတ်ကို လန်းဆန်းတက်ကြွစေတယ်။ ကော်ဖီမစ်အထုပ်တွေ ကွေကာအုပ်အထုပ်တွေကိုလည်း ဈေးဝယ်တွေကို ဝယ်ချင့်စဖွယ် လက်ယပ်ခေါ်နေသလိုဖြစ်အောင် အစီအရီဖြစ်အောင် ချိတ်လိုက်တယ်။

မောင်အောင်ဝန်းကလည်း ဆပ်ပြာခဲသေတ္တာကို မ၊ ဆပ်ပြာမှုန့်ဂျပ်ဖာတွေကို သယ်၊ ဆပ်ပြာချောင်းတွေကို စီ၊ သူနေရာနှင့်သူ သပ်သပ်ရပ်ရပ် တည်ခင်းနေတယ်။ ရွှေတစ်ချောင်းမေးတင်ထားတဲ့ အိမ်ရှေ့ကကွက်လပ်လေးထဲမှာ ဆိုင်လေးတစ်ဆိုင် ခင်းနေတာနဲ့ မတူဘူး။ အများပြည်သူတွေ လာပြီး အနားယူအပန်းဖြေစရာ ပန်းဥယျာဉ်လေးတစ်ခု တည်ဆောက်နေကြသလိုမျိုး။ သူတို့ဆိုင်လေးကို မြင်လိုက်ရရင် မြင်သူတိုင်း တစ်ခုခုတော့ ဝယ်ချင်စိတ်ပေါ်အောင် ကြိုးစားပြီး ခင်းကျင်းနေကြတာလေ။

စေ့စပ်ကြောင်းလမ်းတဲ့ ချစ်သူဘဝတုန်းကတော့ မောင်အောင်ဝန်း က လက်ထပ်ပြီးရင် လက်ဖက်ရည်ဆိုင်ဖွင့်ရရင်ကောင်းမလား၊ သူ့စိတ်ကူးကို အိအိမို့ ဖွင့်တိုင်ပင်ကြည့်တယ်။ သူက လက်ဖက်ရည်အကြိုက်သမားကိုး။ ဒါပေမဲ့ သူတို့ စိတ်ကူးတိုင်ပင်နေကြတုန်းမှာ ဆောင်းဘောက်ကြီးကြီး ကက်ဆက်ကောင်းကောင်း၊ ကြိုဟ်တုစလောင်းပါ ပါတဲ့ လက်ဖက်ရည်ဆိုင် ကြီးတစ်ဆိုင် သူတို့အနားမှာ လာဖွင့်ပါလေရော။

အိအိမို့ကတော့ စာအုပ်တွေ ငှားဖတ်သူဆိုတော့ စာအုပ်အငှားဆိုင် လေး ပထမဖွင့်၊ နောက်တော့ ဂျာနယ်နှင့် မဂ္ဂဇင်းတချို့ တင်ရောင်းမယ်။ အိမ်ထောင်ဦး ငွေရင်းမများသူတွေ စဉ်စားကြသလိုမျိုး သူတို့ စဉ်းစားစိတ်ကူး ယဉ်ခဲ့ကြဖူးတယ်။

ဒါပေမဲ့ တကယ်လက်တွေ့ ဖွင့်ဖြစ်တာကတော့ နေ့စဉ်သုံး ပစ္စည်းအမျိုးမျိုး ရောင်းတဲ့ဆိုင်လေးတစ်ဆိုင်ပါပဲ။

ဈေးဝယ်တွေရဲ့ လိုအင်ကို အလှမ်းမီသမျှ လိုက်ဖြည့်ဆည်းရင်း ကြွပ်ကြွပ်အိပ်လည်း အရွယ်အတော်စုံခဲ့ပြီ။ ခြင်ဆေးဘူး၊ ခြင်ဆေးခွေလည်း တံဆိပ်စုံသလောက်နီးနီး ရှိလာပြီ။ ခြစ်လိုက်ရင် ချက်ချင်းတောက်ပတဲ့ ဂက်စ်မီးခြစ်။ လေထိုးလေအောင့်၊ ချောင်းဆိုးရင်ကျပ် သလိပ်ကပ်၊ မူးရင်ရှူ မောရင်သောက် တိုင်းရင်းဆေးတွေလည်း အမည်များလာပြီ။

မောင်အောင်ဝန်း အိအိမို့တို့ရဲ့ ဈေးဝယ်တွေအပေါ် ချေချေငံငံ ပြောဆိုဆက်ဆံမှု၊ မလှမ်းမကမ်းက ဆိုင်တွေထက် ငါးမူးတစ်ကျပ် ဈေး သက်သာမှု၊ မနက်စောစော ခင်း၊ ညနေမိုးချုပ်မှ သိမ်း၊ ဝန်ဆောင်ချိန် ရှည်ကြာတာတွေကြောင့် သူတို့ရဲ့ဆိုင်ကလေးက ကောင်းသတင်းဟာ သင်းကြိုင်နေတယ်။

ကြင်စဦးဇနီးမောင်နှံ မယုံရဲယုံရဲ ခြေစမ်း ခရမ်းပိုးတဲ့ဆိုင်လေးဟာ နောင်ပွားစီးလာမယ့် မိသားစုတစ်စုအတွက် အားထားနိုင်လုလု ဆိုင်လေး ဖြစ်လာခဲ့ပြီ။ တဖြည်းဖြည်း ရောင်းအားမြင့်လာတဲ့ ဆိုင်လေးမို့ မနက်စောစော ဆိုင်ဖွင့်ရတာကို သူတို့နှစ်ယောက် ပင်ပန်းတယ်လို့ မထင်ကြဘဲ ပျော်လို့ မော်လို့။ မောင်အောင်ဝန်းခမျာ ဆိုင်ခင်းရင်း ထွက်တဲ့ချွေး ပါးစပ်ထဲ ဝင်

တာတောင် ငန်တယ်မထင်ဘူး၊ ချိုတယ်ထင်နေတာ။ ညနေပိုင်း ဆိုင်သိမ်းလို့ ရောင်းရငွေရေတွက်တော့လည်း အနည်းဆုံး နှစ်ကြိမ်လောက် ပြန်ရေကြည့်မိပြီး ခေါင်းချင်းဆိုင် ပြုံးပျော်မိကြတယ်။

ဒီဆိုင်လေးဖွင့်ဖြစ်ဖို့ တိုက်တွန်းအကြံပေးတဲ့ ဦးသန့်ဇော်ရဲ့ကျေးဇူးကို သူတို့ ဘယ်တော့မှ မမေ့ကြဘူး။ သူကိုယ်တိုင်လည်း ဒီလိုဆိုင်လေးကနေ တဖြည်းဖြည်း ဆိုင်ကြီးဖြစ်လာတဲ့ ဦးသန့်ဇော်က ဈေးချိုထဲက သူ့ဖောက်သည်တွေဆီ ခေါ်သွားပြီး မိတ်ဆက်ပေးတယ်။ ကာတွန်းဈေး၊ တစ်ဂရွတ်ဈေးနဲ့ ဒါဇင်ဈေး၊ ဆယ်ဘူးဈေး၊ မကွာတဲ့ ဆိုင်ကြီးတွေလေ။ ဒီဆိုင်တွေက ဦးသန့်ဇော်ကို ယုံကြည်လို့ တချို့ကုန်တွေကို အကြွေးပေးသည့်အထိ။ ခုလည်း ဦးသန့်ဇော်က ဟင်းစားရော ကွန်ချက်ပါ ပြတဲ့သဘောပါပဲ။ ပြီးတော့ နှုတ်ကနေလည်း ဈေးသည်တို့ တတ်သိအပ်တာတွေ သင်တယ်။

ပတ်ဝန်းကျင်မှာရှိတဲ့ ဆိုင်တွေထက် ဈေးသက်သာပါစေ၊ မသက်သာတောင် ဈေးမပိုစေနဲ့။ လူလိမ်လူကောက် မသမာတဲ့လူတွေလည်း လာတတ်တယ်၊ သတိထား။

"ငါ့ဆိုင်တော့ လူဖြူဝဝကြီးတစ်ယောက် တီးသွားဖူးတယ်။ ငါ သူ့ကို ကောင်းကောင်း မှတ်မိတယ်။ သူက ဖွင့်ခါစ ဆိုင်သစ်လေးတွေကို ခြေဦးလှည့်တတ်တယ် ထင်ပါရဲ့"

တော်တော်လေးရောင်းကောင်းတာမို့ ဒီနေ့တော့ ဂဏန်းပေါင်းစက် ခပ်သေးသေးလေးတစ်လုံးလောက် ဝယ်မလားလို့ အိအိမို့က တိုင်ပင်ပူဆာတယ်။ မောင်အောင်ဝန်းကလည်း ဂဏန်းပေါင်းစက်ဝယ်တာ ဖြုန်းတာ မဟုတ်ဘူး။ သုံးတာဆိုပြီး ဝယ်ဖို့ သဘောတူတယ်။

ခါတိုင်းနေ့တွေလိုပဲ ဆိုင်ကို သူတို့ ပျော်ပျော်ပါးပါး ခင်းနေကြတယ်။ တက်ညီလက်ညီရှိလှတဲ့ သူတို့စုံတွဲကို လူငယ်ချင်း အားကျလောက်တယ်လေ။

အဲဒီ မနက်စောစော ဈေးဦးလာဖောက်သူကတော့ လူဝဝကြီးတစ်ယောက်။ အသားက ခပ်ဖြူဖြူ။ သူ့စက်ဘီး ထောက်ထောက်တာ နေရာမကျလို့ စက်ဘီးလဲမလိုဖြစ်သွားလို့တောင် မောင်အောင်ဝန်းက လှမ်း

ထိန်းပေးလိုက်ရသေးတယ်။ ဒီလူကြီးရဲ့ ခြေတစ်ဖက်က သိပ်သန်စွမ်းပုံ မပေါ်ဘူး။ ခြေတစ်ဖက်က ဆာနေလိုက်သေးတယ်။ သူက လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းထားပြီး လက်ကြားမှာလည်း စီးကရက်တစ်လိပ် ပါတယ်။

မောင်အောင်ဝန်းက သူ့အကျင့်အတိုင်း ဖော်ရွေပျူငှာတဲ့အပြုံးနဲ့ ဆီးကြိုရင်း··

"ဘာများ အလိုရှိပါသလဲခင်ဗျာ"

လူကြီးက ဆိုင်လေးအပေါ် မျက်လုံးနဲ့ တစ်ချက်ဝေ့ကြည့်ရင်း စီးကရက်ကို တစ်ဖွာဖွာလိုက်တယ်။ ပြီးမှ ငါးသုံးလုံးတစ်ဘူးပေးဖို့ ပြောလိုက်တယ်။ ဈေးဦးပေါက်ဆိုတော့ မောင်အောင်ဝန်းရဲ့လက်တွေ သွက်နေတာပေါ့။ လူကြီးက စီကရက်ဘူးရဲ့ဈေးကို မမေးဘဲ ငါးရာတန်တစ်ချပ် လွယ်အိတ်ထဲက ထုတ်ပေးလိုက်တယ်။ အိအိမို့ကလည်း ကျသင့်ငွေကို စိတ်နဲ့တွက်တာ စက်နဲ့တွက်တာထက်တောင် မြန်လိုက်သေးတယ်။ အမ်းငွေကို သူ့လက်ကလေးနှစ်ဖက်နဲ့ လေးလေးစားစား ပြန်အမ်းလိုက်တယ်။

အဲဒီအချိန်ထိ သူတို့လင်မယား ဦးသန့်ဇော် မှာသွားတာ သတိပေးသွားတာကို သတိမရကြသေးဘူး။ ဟိုလူကြီး စီးကရက်မီးခိုးတွေ မှုတ်ထုတ်ရင်း··

"ငါ့နမ ငါးသုံးလုံက ဘယ်လောက်တုံး"

အိအိမို့က စီးကရက်ရဲ့ ရောင်းဈေးမှန်ကို ပြောပြတယ်။

"ဟ-များတာပေါ့။ ဒူးယားကရော ဘယ်လောက်လဲ"

ဒီတစ်ခါ ဒူးယားဈေးကို မောင်အောင်ဝန်း ဖြေတယ်။

"အေးကွာ ဒူးယားတစ်ဘူးပဲ ပေးတော့"

လူဖြူဖြူဝဝကြီးက လွယ်အိတ်ထဲက ငါးသုံးလုံး ပြန်ထုတ်ပေးပြီး ဒူယားဘူးကို လှမ်းယူသည်။ အိအိမို့က ပိုက်ဆံနည်းနည်း ဖြည့်အမ်းလိုက်ရတယ်။ ဒူးယားဘူးကို လတ် မလတ် သိချင်တာနဲ့ ဘူးရဲ့အပြင်က တစ်ချက် နမ်းကြည့်နေသေးတယ်။ ပြီးမှ ပုံ့နင်း ပုံ့နင်းနဲ့ ထွက်သွားတယ်။ စက်ဘီးကို ဖြည်းဖြည်းစီးရင်း ရွှေတစ်ချောင်းရဲ့ အနောက်ဘက်ပိုင်းကို နင်းသွားလေရဲ့။

အိအိမို့က ဈေးဦးပေါက်လိုက်ရတဲ့ ငါးရာတန်နဲ့ နှီးမှုန့်ထုပ်တွေ၊ ခေါက်ဆွဲထုပ်တွေ၊ ခွန်အားဖြည့်အချိုရည်တွေကို လိုက်တို့ထိနေတယ်။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့။ အဲဒီထိလည်း မောင်အောင်ဝန်းက သတိမထားမိသေးဘူး။ ခင်းလက်စဆိုင်ကို ဆက်ခင်းနိုင်ဖို့ အိမ်ထဲကိုပြန်ဝင်သွားရင်း ဖျတ်ခနဲ သတိပြန်ဝင်လာတယ်။ လက်ထဲမှာ ဘာမှမပါဘဲ ခပ်သုတ်သုတ်ပြန်ဝင်လာတာကို ဇနီးက လှမ်းမြင်လိုက်တယ်။ စီးကရက်ဘူးအထပ်ထဲက အပေါ်ဆုံး ငါးသုံးလုံးဘူးကို ယူကြည့်လိုက်တယ်။ ရုတ်တရက်ကြည့်ရင် တော့ စီးကရက်ဘူး အသစ်တစ်ဘူးပါပဲ။ ဘာမှ အရာမယွင်းဘူး။ ဒါပေမယ့် စီကရက်ဘူးကို လှပ်ကြည့်လိုက်တော့ မသိမသာ ခလောက်ဆန်နေတယ်လေ။ တကယ်တော့ သပ်သပ်ရပ်ရပ် ပြုပြင်ထားတဲ့ စီးကရက်ဘူး ဖြစ်နေတယ်။

သူ့ခင်ပွန်းလုပ်နေတာကိုကြည့်ရင်း လျှောက်လာနေတဲ့ အိအိမို့လည်း ဦးသန့်ဇော်ရဲ့ အမှာစကားကို ပြန်ကြားယောင်လာတယ်။

တစ်ယောက်က မျက်လုံးတွေ ဝိုင်းစက်သွားပြီး တစ်ယောက်ကတော့ အောက်နှုတ်ခမ်းထော်ပြီး ငွေးကျသွားပါရော။ သူတို့အတွက် ပထမဆုံး သင်ခန်းစာကတော့ စီးကရက်ဘူးထဲမှာ ဆေးပေါ့လိပ်တိုတွေ စီးကရက်တိုတွေ ပြန်ဖြည့်ထားပြီး လာလိမ်တတ်တယ်ဆိုတာပါပဲ။

အဲဒီနေ့တစ်နေ့လုံး သူတို့လင်မယား တန့်နေ့ ခံစားနေရှာတယ်။ ဖောက်သည်တချို့ကတောင် သူတို့ရဲ့ မချိုပုံကို ရိပ်စားမိကြတယ်။ အတတ်နိုင်ဆုံး ဟန်လုပ်ပြုံးနေကြရပေမယ့် စိတ်ကတော့ နောက်ကျိလေးလံနေတော့တယ်လေ။

နောက်နေ့တွေမှာတော့ သူတို့မောင်နှံ ဈေးဝယ်တွေရဲ့ အခြေအနေကို ပိုပြီး သတိထား လေ့လာအကဲခတ်ကြရပြီလေ။ တီရှပ်ပြာမွဲမွဲနဲ့လူက ဟန်ပါ့မလား။ ကျန်ကျောင်းအိတ်ဆွဲဝင်လာတဲ့ အဒေါ်ကြီး တကယ်ဝယ်မှာလား။ မျက်လုံးကလည်း ကျီးကန်းတောင်မှောက်နဲ့။

တစ်နေ့လည်မှာ အမျိုးသမီးတစ်သိုက် ပေါက်ချလာကြတယ်။ တောင်းတွေ ခါးစောင်းတင်လာသူက တင်လာသလို လက်ဆွဲခြင်းတွေလည်း

ပါတယ်။ နေကျဲကျဲပူနေချိန် ဈေးရောင်းပါးနေတဲ့အချိန် ရောက်လာတာ။ အသက်လေးငါးဆယ်အရွယ်တွေမှာရော အစိတ်သုံးဆယ်လောက်တွေလည်း ပါကြတယ်။ အဒေါ်ကြီးတစ်ယောက်က ဆိုင်ထဲရောက်မဆိုက် သောက်ရေ တစ်ခွက် တောင်းသောက်လို့ အိအိမို့က အိမ်ထဲဝင်ပြီး ရေသွားခပ်သေးတယ်။

အမျိုးသမီးတစ်သိုက် အဲဒီချိန်မှာ မောင်အောင်ဝန်းကို ဘောလ်ပင် ဈေး မေးသူမေး၊ ခေါက်ဆွဲဈေး မေးသူမေး၊ ဆပ်ပြာမှုန့်ထုပ် ကောက်နမ်းသူ ကနမ်း၊ တစ်ရှူးလိပ် ဟိုတံဆိပ် ပြပါဦး။ ဒီတံဆိပ် ပြပါဦးနဲ့ အောင်ဝန်း ဗျာများနေပြီး မနားရဘူး။

အဒေါ်ကြီးတစ်ယောက်က ငွေနှစ်ရာတန်ပေးပြီး သုံးဆယ့်ငါးကျပ် တန် လက်ဝါးလောက် မှတ်စုစာအုပ်လေး ဝယ်တယ်။ ကြွပ်ကြွပ်အိတ် ဝယ်သူက ဝယ်နေတယ်။ ခုနက မှတ်စုစာအုပ်ဝယ်တဲ့ အဒေါ်ကြီးက အမ်းငွေ မပြည့်ဘူး။ သူပေးတာ ငါးရာတန်မို့ ငွေဖြည့်ပေးဖို့ ပြောလာတယ်။ မောင် အောင်ဝန်းက ငါးရာတန်မဟုတ်ဘူး အဒေါ်၊ နှစ်ရာတန်ပါလို့ ဖြေရင်းနဲ့။ အသံဆာဆာနဲ့ အငြင်းအခုံတစ်ခု ဖြစ်နေရတယ်။

နောက်ဆုံး သောက်ရေခပ်ပြီး ပြန်လာတဲ့ အိအိမို့ရှင်းမှ လင်းသွား တော့တယ်။ အဲဒါကတော့ ရောင်းရတဲ့ငွေတွေထည့်တဲ့ အံဆွဲကို ဖွင့်ပြတော့မှ အံဆွဲထဲမှာ ငါးရာတန်တစ်ရွက်မှ မတွေ့ရဘဲ နှစ်ရာတန်တွေပဲ တွေ့ကြရတော့ မှ ဒီကိစ္စ အေးသွားတော့တယ်။ ဒါပေမယ့် သူတို့ကတော့ သိပ်ကျေနပ်ပုံ မရကြဘဲ သူတို့နှစ်ရာတန် ပြန်ပေး၊ သူတို့က မှတ်စုစာအုပ် ပြန်ပေးမယ်၊ ဒီဆိုင်က နောက်မဝယ်ဘူး စတဲ့ စကားရင့်ရင့်သီးသီး ဆိုမြည်ကြပြီး မှတ်စု စာအုပ်ကို အိအိမို့လက်ထဲ ဆောင့်ဆောင့်အောင့်အောင့် ပြန်ပေးခဲ့ပြီး လှည့်ပြန် သွားကြတယ်။ မောင်အောင်ဝန်းကလည်း သူတို့နှစ်ရာတန်ကို ပြန်ပေးလိုက် တယ်။

နောက်ဆုံးမှာတော့ မောင်အောင်ဝန်းက ပထမအမ်းထားတဲ့ငွေ တစ်ရာခြောက်ဆယ့်ငါးကျပ်အပြင် ဘယ်သူက ဘယ်အချိန်က ဗုက်ယူသွား မှန်းမသိတဲ့ နို့မှုန့်တစ်ထုပ် ပျောက်သွားတာပါပဲ။ ဒီလောက်တောင် ဂရုစိုက်နေတဲ့ကြားထဲက မိန်းမတစ်သိုက် နှပ်ပစ်တာကို သူတို့ခံခဲ့ရပြီ။

သူတို့လင်မယားမှာ ဈေးရောင်းအတွေ့အကြုံတွေက တဖြည်းဖြည်း များလို့လာနေပါပြီ။

* * *

အိအိမို့စိတ်ကူးသစ်ကို သူ့ခင်ပွန်းက ချီးကျူးမိတယ်။ ဆိုင်မှာ ရာသီကုန်လေးတွေ တင်ရောင်းချင်တဲ့ စိတ်ကူးပါ။ အိအိမို့က တစ်နေ့ ဈေးကအပြန်မှာ သကြန်ပစ္စည်းတွေ ဝယ်လာခဲ့တယ်။ ပလတ်စတစ် ရေဖလား၊ သတ္တုဖလား၊ ရေသေနတ်၊ ရေပြွတ်၊ သကြန်ပလတ်စတစ် ပန်းကုံးတွေ ပါလာတယ်။ နောက်နေ့ကျတော့ မျောက်ရုပ်မျက်နှာဖုံး၊ သရဲပုံ၊ ဖူမန်းချူးပုံ၊ ရော်ဘာမျက်နှာဖုံးတွေ ထပ်ဝယ်လာပြန်တယ်။

တချို့ ဈေးဝယ်တွေက ကလေးလက်ဆွဲပြီး ဈေးလာဝယ်တာဆိုတော့ ကလေးတွေက သကြန်ပစ္စည်းတွေမြင်တော့ ပူဆာတော့တာပေါ့။ သူတို့ စမ်းပြီး ပက်ကြည့်ရအောင် ပလတ်စတစ်ဇလုံတစ်လုံးနဲ့ ရေတွေ ထည့်ထားပေးရတယ်။ ဂစ်စ်မီးခြစ် လာဝယ်ရင်း၊ ရေပြွတ်လေးပါ ရောင်းချင် ရောင်းလိုက်ရတော့ မောင်အောင်ဝန်းက အစ်ကိုကတော့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်လို့ ရယ်စရာပြောလိုက်သေးတယ်။

ခါတော်မီ ရာသီကုန်လေးတွေ ရောင်းရတဲ့ အရသာကို သိထားကြတော့ သကြန်ပြီးခါစရှိသေးတယ်။ သူတို့ ပြက္ခဒိန်တကြည့်ကြည့်နဲ့။ ဝါဆိုတောင်မှ ပြာသိုနားတောင် ထားလိုက်ချင်ရဲ့ဆိုတဲ့အထဲမှာ သူတို့လည်း ပါကြတယ်။ ဝါမဝင်ခင် စေ့စပ်ကြောင်းလမ်းထားကြတဲ့ ချစ်သူတွေလို သီတင်းဝါလ အမြန်ကျွတ်ချင်နေကြပြီ။

ရိုးရာအစဉ်အလာအတိုင်း လူကြီးသူမတွေကို ကန်တော့ကြမှာမို့ ထင်ပါရဲ့။ သူတို့ဆိုင်လေး ရောင်းအားမြင့်လာတယ်။ တချို့ပစ္စည်းတွေဆိုရင် ဈေးချိုကို တစ်နေ့တည်း သုံးခေါက်တောင်မှ သွားပြန်ဝယ်ရတယ်။ များများစားစားလည်း မရင်းနှီးမမြှုပ်နှံနိုင်ကြဘဲကိုး။ မောင်အောင်ဝန်းချည်း ပင်ပန်းမှာစိုးလို့ တစ်ခါတလေ အိအိမို့က အဒေါ်တစ်ယောက် အဖော်ခေါ်ပြီး ရောင်းကုန်တာတွေ ပြေးဝယ်လိုက်သေးတယ်။

မောင်အောင်ဝန်းကတော့ မီးလုံးတွေ၊ ဘီလူးမမျက်ကွင်း၊ သဘော်လေးတွေ၊ မော်တော်ကားရုပ်၊ ဒေါင်းရုပ်၊ ယုန်ရုပ်ကလေးတွေကိုပါ တွဲဖက်ရောင်းနေလေတော့ နှစ်ကိုယ်ခွဲလို့ရရင် ခွဲလိုက်ချင်သတဲ့။

ကျောက်တော်ကြီးဘုရားပွဲ၊ ကုသိုလ်တော်ဘုရားပွဲရက်ကလည်းနီးလာလေတော့ ဘုရားပွဲဈေးထွက်ကြမယ့် ဈေးသည်တွေ၊ ကုန်တင်ကားတွေ သူတို့ဆိုင်ရှေ့က ဖြတ်သွားကြတယ်။ သီတင်းကျွတ်မီးပူဇော်ပွဲ ဘုရားပွဲရက်တွေမှာ မီးထွန်းပွဲဖျက်မယ့် မုတ်သုန်ရဲ့ နှုတ်ဆက်မိုး မရွာစေချင်သူတွေထဲမှာ သူတို့လည်း စာရင်းတို့ထားရလိမ့်မယ်။

အထွန်းခံ ဖရောင်းတိုင်တွေနည်းတူ လေယာဉ်ပျံလေးတွေ၊ ဒေါင်းရုပ်လေးတွေလည်း ရောင်းရတယ်။ မော်တော်ကား၊ မီးရထားတို့ထက် လက်ရာလည်းပိုမြောက်ပြီး ဈေးလည်းပိုမြင့်တဲ့ မြင်းလှည်းလေးတွေတောင်မှ ရောင်းရတာ ငါးစီးရှိသွားပြီ။ မောင်အောင်ဝန်းခမျာ အသက်ကြီးသွားလို့။ သူသာ ဒီလိုအရုပ်ကလေးတွေနဲ့ ကစားတဲ့ အရွယ်ဆိုရင် မြင့်လှည်းရုပ်လေး ပူဆာမိမှာပဲ။ မှန်ရောင်စက္ကူရောင်စုံနဲ့ နို့စိမ်းဘူး၊ နို့ဆီဘူးကို ပြုပြင်ထားတဲ့ သံဖြူသားက ခပ်များများ၊ အချိုးအစားကလည်းကျကျနဲ့ လိုချင်စရာလေး။

ညနေနေဝင်ရိုးရီအချိန်ကျရင် လူငယ်တစ်ယောက် စက်ဘီးနဲ့ ရောက်လာတတ်တယ်။ စက်ဘီးလက်ကိုင်မှာ သတ္တုနှစ်ဆင့်ချိုင့် ချိတ်လို့။ စက်ဘီးမှာ ခွထောက်တပ်ထားပြီး ချိန်းဖုံးမပါတဲ့ စက်ဘီးမို့ ချိန်းလျှော့လျဲလျဲကို အတိုင်းသားမြင်နေရတယ်။ ခဲ ခဏခဏ မှန်ဖူးတဲ့ သူတို့ဇနီးမောင်နှံကလည်း ဒီလူငယ်လာပြီဆိုရင် မေးဆတ်ပြလို့ တစ်နည်း၊ ဘာမှမရှိတဲ့ လည်ချောင်းကို အသံအုပ်အုပ်နဲ့ရှင်းရင်း အသံပေးတတ်ကြတယ်။ ဒီလူငယ်ကြည့်ရတာ အသက်အရွယ်ကတော့ မောင်အောင်ဝန်းထက် ငယ်ဦးမှာပါ။ ဆီဝေးနေတဲ့ ဆံပင်၊ နေလောင်ထားတဲ့ အသားအရေ၊ အင်္ကျီခပ်ပွပွထဲက သေးလှီလှီခန္ဓာကြောင့် ဒီလူငယ်က ပင်ကိုယ်ထက် ရင့်ရော်နေတာလေ။

တစ်ညနေတော့ ခါတိုင်းလို ယုန်ရုပ်လေးတွေ၊ မော်တော်ကားလေးတွေ ကြည့်ရုံမဟုတ်ဘဲ မော်တော်ကားလေး ဘယ်လောက်ရောင်းပါသလဲ၊ မြင့်လှည်းလေးကရော၊ လေယာဉ်ပျံလေးကရောနဲ့ မေးတယ်၊ တစ်ခုစီ

ကိုင်ကြည့်ပြီး ပြန်ချထားခဲ့တယ်။ ပြီးတော့ စက်ဘီးကိုကောက်နင်းပြီး ပြန်သွားရော။ ဒီလူငယ် ဒီလိုလုပ်လုပ်နေတာ နှစ်ကြိမ်ရှိသွားတော့ သူတို့က လည်း ကောင်းကောင်းမှတ်မိနေကြပြီ။

လဆန်း ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်တွေဟာ တော်တော်ကို ရောင်းကောင်းတဲ့ရက်တွေပါ။ ကောင်းကင်မှာ မီးပုံးပျံတွေက မီးပလုပ်တွေ တဲလွဲချိတ်လို့ ဟိုမှာတစ်တွဲ ဒီမှာတစ်တွဲ။ မီးရှူးမီးပန်းတွေလည်း ကောင်းကင် ပေါ်ကို တစ်ရှိန်ထိုး တိုးတက်သွားလိုက်ကြတာ တာဝတိံသာရောက်ရောလို့ ထင်ရတယ်။ လက်ထပ်ကြတော့မယ့် ချစ်သူတွေလည်း ရွှေလက်တွဲလို့ သီတင်းကျွတ် မီးထွန်းပွဲကြည့် လည်ကြတယ်လေ။

သီတင်းကျွတ်လပြည့်ည မိုးချုပ်ချုပ်မှာတော့ ရောင်းမကုန်တဲ့ ပစ္စည်းလေးတွေကို ကျကျနန သိမ်းရတော့တယ်။ ဒီပစ္စည်းတွေက တန်ဆောင်မုန်းလပြည့်ခါနီးတော့ ရောင်းလို့ကုန်ရင်ကုန် မကုန်ခဲ့ရင် နောင်နှစ် ကျတော့မှ ရောင်းရမယ့်ပစ္စည်းတွေ။ မောင်အောင်ဝန်းက ခပ်မြင့်မြင့် တစ် နေရာမှာ သိမ်းလိုက်တယ်။ များများစားစားတော့ မဟုတ်ပါဘူး။ သယ်ရင်း ပြုရင်း မှန်ရောင်စက္ကူ ပေါက်ပြဲသွားတာ လေးငါးခုပါ။ စာရင်းချုပ်လိုက် တော့ အဲဒီပစ္စည်းတွေ တန်ဆောင်တိုင်ပွဲမှာ တစ်ခုမှ မရောင်းရစေဦးတော့ သူတို့မှာ အမြတ်ငွေလေး ပိုက်မိကြပြီလေ။

အများပြည်သူ ဝတ်ကောင်းစားလှနဲ့ လူကြီးသူမတွေကို လှည့်လည် ကန်တော့ကြ၊ မီးထွန်းညှိပူဇော်ကြတဲ့ မီးထွန်းပွဲက တစ်နှစ်ပြီးသွားပြီ။

* * *

သီတင်းကျွတ်လပြည့်ကျော် ၄ ရက် ညနေစောင်းမှာ စက်ဘီး လက်ကိုင်မှာ ထမင်းချိုင့်ချိတ်ထားတဲ့လူငယ် ရောက်လာပြန်တယ်။ သူ့ စက်ဘီးခွဒေါက်ကို ကျကျနနထောက်လိုက်ပြီး ရှေ့တိုးမရအောင် ထပ်ဆင့် ဒေါက်ကို ရှေ့ကန်ထားလိုက်တယ်။ သူကြည့်ရတာ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာရယ်လို့ မောင်အောင်ဝန်းတို့ အကဲမခတ်တတ်ဘူး။

"အစ်ကိုတို့ဆီမှာ မီးပုံးတွေ ကျန်သေးလား"

သူတို့ မမျှော်လင့်တဲ့ အမေး။

"အကောင်းတွေတော့ မကျန်တော့ဘူးဗျာ။ အပေါက်အပြဲလေးတွေတော့ ပါလိမ့်မယ်။ လိုချင်ရင်တော့ ဈေးလျှော့ပေးမယ်"

"ဟို မြင်းလှည်း…အဲ မြင်းလှည်းလေး ကျန်သေးလား"

"ကျန်တယ်။ တစ်စီးပဲ။ ဝမ်းဗိုက်မှာ နည်းနည်းပြဲနေတယ်။ ဒါပေမဲ့ ကျွန်တော့်ဆီမှာ မှန်ရောင်စက္ကူအပိုလေးတွေ ရှိသေးတယ်"

လူငယ်လေးရဲ့မျက်လုံးထဲမှာ အရောင်တွေ ဝင်းလက်သွားသလိုပဲ။

"ဒါဆိုရင် ကျွန်တော် ကြည့်ပါရစေ အစ်ကို"

အိအိမို့ကတော့ ဒီလူကို မျက်ခြည်အပြတ်မခံဘူး။ မောင်အောင်ဝန်းကတော့ အိမ်ထဲကနေယူလာတဲ့ ရောင်စုံမြင်းလှည်းလေးကို လက်ပြောင်းပေးလိုက်တယ်။ လူငယ်က ဒီမြင်းလှည်းလေး ဖယောင်းတိုင်ထွန်းပြီး သူကိုယ်တိုင်ကစားတော့မလိုပဲ။ မြင်းလှည်းကို ထောင့်စေ့အောင်လှည့်ပြီး စေ့စေ့စပ်စပ်ကြည့်နေတယ်။ မောင်အောင်ဝန်းလည်း အပြစ်အနာအဆာလေးတွေကို ပြင်ပေးလိုက်တယ်။ ရောင်းဈေးမေးတဲ့အခါ ထက်ဝက်ဈေးထက်တောင် လျှော့တဲ့ဈေးမို့ ဒီလူငယ်ရဲ့မျက်နှာ ကျေနပ်သွားသလိုပဲ။

ဘယ်ဘက်အိတ်ထောင်ထဲက မည်းညစ်ညစ် လက်ကိုင်ပဝါနဲ့ ထုပ်ထားတဲ့ ငွေစက္ကူတွေကို တစ်ရွက်ချင်းရေရင်း အိအိမို့လက်ထဲ လှမ်းပေးလိုက်တယ်။

"ရှင်က…။ ခင်ဗျား ဘာလို့"

သူတို့လင်မယား မေးခွန်းတစ်ခုကို လုပြီးမေးသလိုဖြစ်သွားလို့ မောင်အောင်ဝန်းက ဆက်မမေးဘဲ ရပ်လိုက်တယ်။

"ဘာဖြစ်လို့ သီတင်းကျွတ်ပြီးမှ လာဝယ်တာတုံး"

အဆီပြန်ဝေ့နေတဲ့ လူငယ်မျက်နှာမှာ ရှက်ပြုံးလေးတစ်ခု ရုပ်ခြည်းပေါ်လာပြီး ချက်ချင်းပျောက်သွားတယ်။ ဒါပေမဲ့ ခပ်ညှိုညှိုမျက်နှာမှာ သွေးရောင်စွက်သွားသလိုမျိုး။

"အစ်ကို့ဆိုင်ကို ကျွန်တော် အလုပ်ကပြန်တိုင်း ဝင်လာတတ်တာ သတိထားမိရင်လည်း ထားမိကြလိမ့်မယ်။ ကျွန်တော့်မှာ သားတစ်ယောက်ရှိ

တယ်။ သားလေးက သီတင်းကျွတ်မှာ ကစားဖို့ မီးပုံးလေးပူဆာနေတာ ကြာလှပြီ။ သူ့ကို တစ်ခါခေါ်လာတော့ မြင်းလှည်းလေး လိုချင်တာတဲ့။ ဒိပြင် မပူဆာဘူး။ သူ့ခမျာ ညအိပ်ရင်းနဲ့တောင်မှ ဒီမြင်းလှည်းလေးကို ယောင်ရှာတယ်''

''ကျွန်တော့်ဇနီးက ပန်းနာသည်ပါ။ ပန်းနာသည်ဆိုတာ ဈေးသည် မဟုတ်တော့ ဝင်ငွေမရှိဘူး။ ထွက်စရာချည်းပဲ။ အခုလို ဥတုပြောင်းချိန်မှာ သူ့ရောဂါ ပိုဆိုးတယ်။ သားကြီးအတွက် စုထားတဲ့ မြင်းလှည်းဖိုးက မိန်းမ အတွက် ဆေးဖိုးဖြစ်လိုက်၊ ထမင်းဖိုးဟင်းဖိုး ဖြစ်သွားလိုက်နဲ့''

ဒီလူငယ်က စကားပြောရင်း သူ့စက်ဘီးလေးကို စိတ်မချဖြစ်ပြီး နောက်ပြန်ပြန် လှည့်ကြည့်နေသေးတယ်။

''ကျွန်တော့်မှာ အစ်ကိုတို့ဆိုင်ရှေ့ရောက်ရင် သားဆန္ဒနဲ့ မိန်းမ ကျန်းမာရေး လွန်ပွဲနွှဲနေရပြီ။ သားကြီးက ကျွန်တော် အလုပ်ပြန်ကိုပဲ မျှော်နေရှာတာ''

အစက သံသယစိတ်ကြီးကြီးရှိနေကြတဲ့ ဇနီးမောင်နှံလည်း သူတို့ဈေးရောင်း နေတဲ့ ဆိုင်လေးကို လှည့်လို့ကို မကြည့်ဖြစ်ကြတော့ဘူး။

''ဒိပြင်ကလေးတွေ ကစားကြတာမြင်တော့ သူလည်း ကစားချင် ရှာမှာပေါ့။ သားရာ အစောကြီးဝယ်ရင် စုတ်ပြဲကုန်မှာပေါ့။ သီတင်းကျွတ် တော့ အဖေဝယ်ပေးပါ့မယ်နဲ့ ချော့မော့ပြောထားရတယ်။ အဖေ့သီတင်းက မကျွတ်သေးဘူးလားဗျလို့ သားကြီးက အော်မေးရင် ကျွန်တော့်မှာ အသက်ရှု ရပ်သွားသလို ဖြစ်ဖြစ်သွားလို့ အနားခေါ်ပြီး ခပ်တိုးတိုး ပြောထားရတယ်။ ငါ့သား အဖေ ကတိပေးပါတယ်။ သီတင်းကျွတ်ရင် မင်းလိုချင်တဲ့မြင်းလှည်း ဝယ်ပေးမယ် စိတ်ချနေဆိုပြီး ကလေးကို မညာချင်ဘဲ ညာထားရတယ်။ သားကြီးခင်မျာ ဒိပြင်ကလေးတွေ သီတင်းကျွတ် ဝါလကျွတ်ပေမယ့် သူ့ခမျာ မကျွတ်ရရှာဘူး''

''အင်း ဒီညတော့ သီတင်းကျွတ်ပြီလေ''

ဈေးသည်လင်မယား အသက်ရှူဖို့ မေ့သွားကြတယ်။

လူငယ်က မြင်းလှည်းရုပ်ကလေးတစ်ဘက်နဲ့ စက်ဘီးယိုင်ထိုးထိုး

နင်းသွားတာကို သူတို့လင်မယား မျက်စိတဆုံး ငေးကြည့်ကျန်ရစ်ခဲ့ကြတယ်။ တော်တော်ကြာမှ အိအိမို့က -

"ကျွန်မတို့ ဖယောင်းတိုင်ထုပ်လေးတစ်ထုပ်လောက်ပါ ပေးလိုက်ဖို့ ကောင်းတယ်နော်"

(ပန်းချီရေးကြတဲ့ ဇနီးမောင်နှံအသစ်သို့)
ညီပုလေး

မဟေသီရုပ်စုံမဂ္ဂဇင်း (အမှတ် ၂၁၂၊ ဩဂုတ်လ၊ ၂၀၀၂ ခုနှစ်)

# ရင်တွင်းဖြစ် ဝေဒနာသစ်

**စိုးလှိုင်တင့်**

ဒီနေ့မနက် သူ အိပ်ရာနိုးစချိန် အိပ်ခန်းနံရံက တိုင်ကပ်နာရီကို ကြည့်လိုက်မိတယ်။ ၅ နာရီတိတိ၊ ချိန်ကိုက်ကွက်တိပဲ။ သူ ညက အိပ်ရာဝင်ချိန်မှာ 'မနက် ၅ နာရီ အိပ်ရာထမယ်' လို့ သူ့စိတ်ကို သတိပေးပြီး အိပ်ခဲ့တာလေ။ အခု အချိန်ကိုက်နိုးလို့ သူ့ကိုယ်သူ ကျေကျေနပ်နပ်ဖြစ်မိတယ်။

မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်ပြီး ရုံးဝတ်စုံဝတ်၊ ရုံးစာရွက်များ၊ ကလျာ၊ မဟောသီ မဂ္ဂဇင်းနှစ်အုပ်ထည့်၊ ရုံးအိတ်ကို စီးတော်မြင်းလော့ဂျားဆိုင်ကယ်ခြင်းထဲထည့်၊ အိမ်ထဲက ဆိုင်ကယ်ထုတ်ပြီးချိန် သူ မန္တလေးဘူတာသွားဖို့ အသင့်ဖြစ်ပြီလေ။ ရောင်နီလာစ နှင်းမှုန်မှုန်မှာ သူ့လက်ပတ်နာရီကြည့်မိတော့ ၅ နာခွဲတိတိ။ ဒါဆို သူ ၆ နာရီမှာ စာရေးဆရာမောင်သာပိုအိမ်ကို ရောက်နိုင်တယ်။ ထုံးစံအတိုင်း ဆရာမောင်သာပို အိမ်နားက 'စိမ်းလဲ့လဲ့'ကဖေးကို သူတို့နှစ်ယောက် သွားကြမယ်။ ပဲနံပြားနဲ့ လက်ဖက်ရည်သောက်ကြမယ်။ သူရေးပြီးသား 'အချစ်တွေသိတ္တာ' ဝတ္ထုတို လေးပြောပြ၊ ဝေဖန်ခိုင်းမယ်။ လေကန်၊ လေထန်ကြမယ်၊ ကလောင်အို

ဆရာမောင်သာပိုက သက်တော် ၇၀ နှစ် တော်တော်ကျော်နေပြီ။ နဂိုမွဲမွဲ မျက်စိကို ခွဲစိတ်ထားတာ မကြာသေး၊ စာဖတ်၊ စာရေး မလုပ်နိုင်ရှာ။ အားမလိုအားမရ ပါးစပ်နှင့်သာ ဗျစ်တောက်ဗျစ်တောက် ပြောနေရသူ။ သူလည်း ၅၀ ကျော်၊ ၆၀ နှစ်အတွင်း ရောက်နေပြီ။ ဝန်ထမ်းတစ်ပိုင်း ဝါသနာတစ်ပိုင်းနဲ့ ဖားတစ်ပိုင်း ငါးတစ်ပိုင်း၊ ပြောက်ကျားစာရေးနေသူ။ စာကြည့်မျက်မှန် ပါဝါ အပေါင်း ၂၅၀၊ အဝေးကြည့် အရှင်း။ ပါဝါမဲ့မို့ သူ့ကိုယ်သူ ကံကောင်းသူလို့ ထင်မိရဲ့။

စိမ်းလဲ့လဲ့ကဖေးက ပြန်ရင် ဆရာမောင်သာပိုရဲ့ ကြက်တူရွေး လှောင်အိမ်လို အိမ်ကျဉ်းလေးရဲ့ 'စာပေလေထန်ကုန်း' ဧည့်ခန်းလေးမှာ ရသမျှ အချိန်ပိုကို စာရေးဆရာအိုနှစ်ဦး စာပေမျှော်လင့်ချက်စကားတွေ အိမ်လေးပတ်လည် လျှံထွက်အောင် စကားဖောင်ဖွဲ့ကြမယ်။ သူ့စိတ်ကူး ဖဲဝိုင်းလေးမှာ သူ့ဘာသာ ကုလားဖန်ထိုး၊ သူ့ဘာသာချိုး၊ ဖဲဝေကစားနေမိတယ်။

ဆောင်းနှင်းကြွင်းရဲ့ နှင်းမှုန်ဝေဝေကြား သူဆိုင်ကယ်မောင်းထွက်လိုက်တယ်။ ဇာခြည်ဖြူလွှလွှကာထားသလို ရှေ့မြင်ကွင်း မှုန်ဝါးဝါးမို့ ဆိုင်ကယ်ရှေ့မီးထိုးမောင်းရတာပေါ့။ နှင်းဇာလွှာအထပ်ထပ်ကို ရှေ့မီးအလင်းတန်းနဲ့ ဖောက်ထွင်းပြီး မန္တလေး- ရန်ကုန် လမ်းမကြီးရဲ့ ကမ္ဘာလိပ်ကျောကုန်း ကတ္တရာနက်မှောင်မှောင်ဟာ နှင်းစိုစိုနဲ့ မီးရောင်ပေါင်းပြီး ပြောင်လက်နေတယ်။ နှစ်ဖက်လမ်းဘေးက အိမ်တွေ၊ ဆိုင်တွေ၊ သစ်ပင်တွေ တရိပ်ရိပ် လှုပ်ရှား နောက်ဆုတ်ကျန်ရစ်ခဲ့တာကို ဂရုမပြုအား။ ရှေ့မြင်ကွင်း လမ်းရှင်းမရှင်း ရှေ့တည့်တည့်သာ စူးစိုက်ကြည့် သတိထားမောင်းနေတာပါ။

တော်သေးတယ်။ လူသူ၊ ကား၊ ဆိုင်ကယ် ရှင်းနေတဲ့ အချိန်ပေမို့ စိတ်အေးလက်အေးပဲ သူ့ဆိုင်ကယ်ကို ကီလိုမီတာ(၄၀)ကျော်ထိ တင်မောင်းလိုက်တယ်။ သူက စိတ်မြန်ကိုယ်မြန် လူဗလံလေးမို့ သူ့သမီးတွေက သူ ဆိုင်ကယ်စီးတာကို စိတ်မချကြ။ သူ့အန္တရာယ်ဖြစ်မှာကို စိုးရိမ်ကြတယ်လေ။

"အဖေရယ်၊ ဆိုင်ကယ်ကို ဖြေးဖြေးစီးပါ။ သမီးတို့မှာ အဖေ တစ်ယောက်တည်း ရှိတာနော်"

ဆိုင်ကယ်အက်ဆီးဒင့်တွေကလည်း တရစပ် ကြားနေရ၊ မြင်နေရ ဆဲကိုး။

ဒီစကားကို သမီးတွေပြောတိုင်း ထိမထင်ဟန်နဲ့ သူ့ပခုံးကို တွန့်ပြမြဲ။ ''ရပါတယ် သမီးတို့ရာ'' လို့ ပြောမြဲ။

ခက်တာက (၇) မိုင်ခရီးကို နေ့စဉ် ရုံးအသွား၊ အပြန်ကိစ္စမို့ စက်ဘီးစီးရင်လည်း လူက မသက်သာ၊ လိုင်းကားတွေစီးပြန်ရင်လည်း ရုံးချိန်အမီရောက်နိုင်ဖို့ မှန်းဆရအခက်သား။ အချိန်ကို ငွေကုန် လူပင်ပန်း ခရီးပေပဲ။ မန္တလေးလိုင်းကားတွေကလည်း မှတ်တိုင် တိတိကျကျ မရပ်။ ပလက်ဖောင်းဘေး လူရိပ်မြင်ရင် ညာကပ် ထိုးရပ်လိုက်ရမလား၊ လိုက်မလား တကြော်ကြော်အော်မေး၊ ခရီးသည်ခေါ်တင်ကြတာလေ။ မောင်းပြီ ဟေ့ဆိုပြန်ရင်လည်း လီဗာကုန်နင်း၊ တရကြမ်းမောင်းကြ၊ အခြားလိုင်းကား များရှိရင် ကျော်တက်ကြ ခရီးသည်လုဖို့ ပြိုင်မောင်းကြတာ။ ခရီးသည်များ ကတော့ သူတို့တစ်တွေရဲ့ အသက်တွေကို ဒရိုင်ဘာလက်ထဲ ဝကွက်အပ်ထား ကြရတာကိုး။ လူနည်းရင် လမ်းဆုံးလမ်းခွမှတ်တိုင်တွေမှာ ပင့်ကူအိမ်တက် လောက်အောင် ကျောက်ချရပ် စောင့်တင်တတ်ကြတာ။ ဟိုမိုးကုတ်စက်ဝိုင်း ခြေက လူလှုပ်လှုပ်တစ်စု လာနေတာမြင်ရရင် အရောက်စောင့်တင်ဖို့ ကတွတ်ပေါက် ဗျိုင်းစောင့်သလို စောင့်တင်ကြတယ်။ ဒါကြောင့် လိုင်းကား စီးပြီး ရုံးတက်ဖို့ အဆင်မချောလှပါ။ ဒီတော့ သူ့ဆိုင်ကယ်ကို သူနဲ့တစ်စိတ် တည်း တစ်သားတည်း ဖြစ်နေအောင် အာရုံစူးနစ် လေ့ကျင့်ပြီး ရုံးတက်နေ တာ ကျင့်သားရနေပြီလေ။

မနက် ၉ နာရီနဲ့ ည ၉ နာရီအကြား မန္တလေးမြို့ဝေဟင်က ကြည့်မယ်ဆိုရင် မန္တလေး-ရန်ကုန် လမ်းမကြီးနဲ့ လမ်းအသွယ်သွယ်တွေမှာ ကားတွေ၊ ဆိုင်ကယ်တွေဟာ လမ်းလုံးပြည့် စုန်၊ ဆန် စီးမျောနေကြတာကို ချောင်းတွေ၊ မြစ်တွေမှာ ဒိုက်သရော၊ အမှိုက်ဗေဒါတွေ မျောနေကြသလိုပါပဲ။ အရင်ဆယ်စုနှစ်တုန်းက စက်ဘီးမြို့တော်ကို အခုအချိန် တရုတ်ဆိုင်ကယ်မြို့ တော်လို့ မန္တလေးက နာမည်ပြောင်းလိုက်ပြီလေ။

အခုလို ဝေလီဝေလင်းချိန်ဆိုတော့ တောင်မြင့်သုသာန်လမ်းမှာ

တောင် ကားတွေ ဈေးဦးမပေါက်သေး။ သူ့ဆိုင်ကယ်ဟာ တောင်မြင့်ကို ကျော် တံခွန်တိုင်ဈေးကိုဖြတ်ပြီး တမာတန်းကွေ့လွန်တာနဲ့ ဆိုင်ကယ်အရှိန် တရိပ်ရိပ် တင်နိုင်ပြီ။ ကီလိုမီတာ ၅၀-၆၀ ထိ တက်သွားတယ်။ နီလာရိုးမ ဆီဆိုင်ရှေ့ဖြတ်တော့ သူ့ဆိုင်ကယ်ဘယ်ဘက်ဘေးက ဆိုင်ကယ်နှစ်စီး ကျော်တက်သွားတယ်။ ခပ်ခွာခွာကပါ။ ရှေ့တည့်တည့် ကိုက် ၂၀၀ ကျော် လောက်က ကျွဲဆည်ကန်မီးပွိုင့်က စိမ်းနေတာ မြင်နေရတယ်။ သူ့ဆိုင်ကယ် ဟာ ကီလိုမီတာ ၅၅ လောက်နဲ့ ငြိမ်ငြိမ်သက်သက် တရိပ်ရိပ် ပြေးနေဆဲ။ မီးပွိုင့်နားနီးရင်တော့ အရှိန်လျှော့ရမယ်လို့ စိတ်ကူးမိနေဆဲ လမ်းရဲ့ဝဲဘက် ဆီက ဖြတ်ကူးလာတဲ့ အဝါရောင်တစ်စုံတစ်ခုကို ရုတ်ခနဲ မြင်လိုက်ရချိန် သူ ခြေနင်းဘရိတ်ကိုနင်းဖို့ ကြိုးစားလိုက်တယ်။ သူခြေတောက်ဆီ ဘရိတ် နင်းဖို့ အားထည့်စအချိန် အဝါကောင် လွှားခနဲ ဆိုင်ကယ်ရှေ့ဘီး ထိပ် တည့်တည့်မှာ ပေါ်လာတယ်။ အဝါကောင်ကို ရှေ့ဘီးထိပ်နဲ့ တန်းဂျင့်မျဉ်း ဆုံမှတ်တစ်ခုလို အရှိန်ပြင်းတိုက်ချလိုက်တော့ အဝါကောင် ဆိုင်ကယ်ရှေ့ လွင့်စင်ကျသွားတယ်။ ၅ ပေ ကျော်ကျော် လွင့်ပြီး ကတ္တရာလမ်းမပေါ် သူ့ဆိုင်ကယ်ရှေ့ဘီးတည့်တည့် ကန့်လန့်ဖြတ် ကျသွားတယ်။ သူ ဆိုင်ကယ် ဘရိတ်ခြေနင်း နင်းနေဆဲ ရှေ့ဘီးက အဝါကောင်ကို တက်ကြိတ်မိတယ်။ ဆိုင်ကယ်ရှေ့ဘီး 'တုံ့ခနဲ' ဖြစ်ပြီး ဘယ်ဘက်ခေါက်သွားလို့ သူ့ဆိုင်ကယ် ဟာ အရှိန်နဲ့ ဘယ်စောင်းငန်းငန်း ပြေးပြီး လဲကျသွားတယ်။ သူလည်း ကတ္တရာလမ်းပေါ် မှောက်လျက် ပြုတ်ကျသွားပြီး သူ့ဆိုင်ကယ်ကတော့ ဘယ်ဘက်လဲကျကာ ရှေ့ဘက်ကို ၁၀ ပေလောက် လျှောတိုက်ရွေ့သွားပြီး သူ့ခန္ဓာကိုယ်လည်း ကတ္တရာလမ်းပေါ် လျှောတိုက်ရွေ့သွားတာပါပဲ။

သူ့ရဲ့ မေးစေ့၊ ဘယ်လက်၊ ညာဒူး၊ ညာခြေချင်းဝတ်ဆီက နာကျင် တဲ့ ဝေဒနာတွေ တစ်ပြိုင်တည်း ခံစားမိပြီး ခဏာယ်လေးလောက် သတိမေ့ သွားတယ်။ သူသတိရတဲ့အချိန် သူ့ခေါင်းက ညာဘက်စောင်းလျက်၊ ခန္ဓာ ကိုယ်က စန့်စန့်ရန့်ရန့် မှောက်လျက်၊ သူ့မျက်စိမြင်ကွင်း လမ်းအရှေ့ဘက် ကတ္တရာလမ်း ပခုံးသားပေါ်မှာ ကြောင်ဝါကြီးတစ်ကောင် ငြိမ်သက်အသက် ကင်းမဲ့လျက် မြင်ရတယ်။ ဒီကြောင်ဝါကြီး တော်တော်ကံဆိုးတာပဲ။ သူ

လည်း ကံဆိုးတာပဲ။ ရှေ့ဆိုင်ကယ်နှစ်စီးနဲ့ မတိုက်မိဘဲ တိုက်တိုက်ဆိုင်ဆိုင် သူ့ဆိုင်ကယ်နဲ့ တိုက်ရတယ်လို့။ သူ့တစ်ကိုယ်လုံး ထူထူပူပူ နာကျင်တဲ့ ဝေဒနာတွေ လှျံတက်နေတယ်။ သူ့ကိုယ်ကို လှုပ်ကြည့်တယ်။ အား အား နာလိုက်တာ။

နီလာရိုးမဆီဆိုင်ဘက်က ကားမီးရောင်စူးစူး အလင်းရောင်နှစ်ခုကို သူလှမ်းမြင်လိုက်မိတယ်။ သူ တော်တော်ကြောက်သွားတယ်။ နာကျင်လွန်းလို့ သူမှာ လှုပ်မရ ထမရ။ ကားလမ်းအလယ်တည့်တည့် မှောက်လျက် စင်းစင်း။ သွားပြီ သွားပြီ ကြောင်ဝါကြီးရေ ငါလည်း မင်းလိုပဲ ကံဆိုးပြီထင် ပါရဲ့။ လမ်းမပေါ်မျက်နှာအပ်လျက် သူ့အတွေးတွေ ယောက်ယက်ခတ် တွေးနေမိတယ်။ စာရေးဆရာ မောင်သာပို၊ လက်ဖက်ရည်နဲ့ ပဲနံပြား၊ ကြက်တူရွေးလှောင်အိမ်ရဲ့ ဧည့်ခန်းကျဉ်းလေး၊ စာပေလေထန်ကုန်း၊ မီးရထား ရုံးခန်း၊ ရထားစီးခရီးသည်တွေ ရှူးရှူးရှရှ ကျယ်ကျယ်လောင်လောင် ရထား စက်ခေါင်း ဥသြဆွဲသံတွေ၊ ရထားတွေ ဝင်လိုက် ထွက်လိုက် မြင်ကွင်း၊ အိမ်က သမီး လေးယောက်၊ စကားတတ်စ မြေးဦးမလေး 'ယွန်းယွန်း'။ သူ့စာအုပ်တွေ၊ သူရေးထားတဲ့ စာမူတွေ၊ အားလုံးအားလုံး သူ့ရဲ့မယ်မိုရီ ဦးနှောက်မှာ စက္ကန့်ပိုင်းအတွင်း ပေါ်နေတယ်။ လာနေတဲ့ကားကလည်း အရှိန်ပြင်းလှတယ်။ သူ့နားနဲ့ကပ်လျက် ကတ္တရာလမ်းတောင် ငလျင်တော်လဲ လှုပ်ခါနေသလို ထင်မိရဲ့။ သွားပြီ သွားပြီ အားလုံး စွန့်ခွာပြီး သွားရတော့ မယ်။ သွားရတော့မယ်။ လာနေတဲ့ကားဟာ သူ့ကိုမြင်လို့ ရှောင်ကွေ့သွားနိုင် ရင်တော့ သူကံကောင်းမှာပဲ။

ဟော ဟော နီးလာပြီ။ ကားနက်ကြီးပဲ။ လမ်းမပေါ်မှာ မျက်နှာအပ် လို့ ပြားပြားဝပ်နေလိုက်တယ်။ သူလှုပ်မရတော့။ ငြိမ်နေတာ အကောင်းဆုံး ပဲလို့ ရွေးချယ်လိုက်တာပါ။ ကားနက်ကြီးဟာ 'တဝါဝေါ' အရှိန်ပြင်းနဲ့ သူ့ဆီ ချဉ်းကပ်လာနေပြီ။ သူ့ခန္ဓာကိုယ်အရိုးတွေ ကျိုးကြေသွားအောင် ကြိတ်ခြေတော့မှာလား။ သူ ဘဝပြောင်းရတော့မယ် ထင်ပါရဲ့။

ကျွီ...အိ...အိ...။

ကားဘီးတာယာနဲ့ ကတ္တရာလမ်းတို့ ပွတ်ကြိတ်ဆွဲသွားသံ ဆူဆူညံ

သွားတယ်။ အလို ကားနက်ကြီး သူ့နံဘေးကပ်လျက်သား ရပ်သွားပါလား။ ဘုရားမတာပဲ။ ရပ်သွားတဲ့ 'ဆတ်' (SURF) ကားရဲ့ ရှေ့မှန်တံခါးပွင့်လာပြီ။ အသားနီစပ်စပ် ပါးဖောင်းဖောင်း၊ မျက်ပေါက်ကျဉ်း ရှည်မျှားမျှားနဲ့ ဝအစ်အစ် မျက်နှာကြီး ပေါ်လာတယ်။ မျက်နှာကြီးငှ့ကာ ခပ်တွေတွေငေးငေးနဲ့ ပါးစပ်ကို ဂငယ်ကွေးကွေးကာ သူ့ကို အကဲခတ်ကြည့်နေတယ်။ သူ တော်တော် ကံကောင်းတာပဲ။ သတိရှိတဲ့ကားသမား အရှိန်သတ် သူ့ဘေးကားရပ်နေပြီး သူ့ကိုကူညီဖို့ ကြည့်နေပြီ။ တံခါးဆင်းဖွင့်လာ၊ သူ့ကိုထူမ၊ သူ့ဒဏ်ရာ တွေကြည့်၊ ဆေးရုံဆီပို့ပေးတော့မှာလို့ ထင်လိုက်မိတယ်။ သူ့ကိုစီးမိုးကြည့်တဲ့ ကားသမားရဲ့မျက်နှာမှာ အန္တရာယ်ရှိတဲ့ ပစ္စည်းကို သတိထားကြည့်နေမိသလို တည်တည်ကြီး ဖြစ်သွားတယ်။ အဲဒီ ကားသမားမျက်နှာဝဝကြီးဟာ လမ်းမ ဘက်လှည့်လိုက်ကာ ကားစက်နိုးသံ ပေါ်လာတယ်။ နံပါတ်(၁) ဂီယာထိုး က ကားနက်ကြီးဟာ ဆောင့်ကြီးအောင့်ကြီး ပြန့်ထွက်သွားတယ်။ ကားနက် ကြီးနောက်ပိုင်းကို သူငေးကြည့်နေမိတယ်။ ကိုယ်ပိုင်ကားနံပါတ်အနက်ရဲ့ အပေါ်မှာ TIGER လို့ရေးထားတဲ့ စတေကာရောင်စုံစာတန်းလေးက သူ့ကို မျက်စပစ်နေသလို ထင်လိုက်မိပါရဲ့။ ကားနောက်ဘက်ထွက်လာတဲ့ အိတ် ဇောမီးငွေ့ ဖြူဖြူအမျှင်တန်းလေးက တရုတ်နဂါးတစ်ကောင်လို အမောက် တထောင်ထောင်နဲ့ ကားနက်ကြီးနောက်ဆီ အပြေးလိုက်သွားလေရဲ့။

လက်ဖဝါးကြမ်းကြမ်း နှစ်စုံက သူ့လက်မောင်းကို ဆုပ်ကိုင်ထူမ ပေးလာချိန်မှာ သူ့ရဲ့လက်ရှိ ရထားတဲ့ ဒဏ်ရာအနာတွေထက် ခံခက်လှတဲ့ သူ့ရင်တွင်းဒဏ်ရာက ပိုနာလာတာကို သူ သတိထားလိုက်မိတယ်။

သေချာပြီ။ သူ လမ်းဘေးရောက်သွားပြီ။ ကားကြိတ်မခံရတော့ဘူး ဆိုတဲ့ အသိနဲ့ နှစ်လုံးသားလှသူ လူတချို့ကြောင့် သူမသေနိုင်တော့ ပါဘူးလေ။ ။

စိုးလှိုင်တင့်

ပိတောက်နွယ်မဂ္ဂဇင်း (အမှတ် ၆၁၊ အောက်တိုဘာလ၊ ၂၀၁၁ ခုနှစ်)

# တစ်ခုခုပေါ့ဟယ်

ဝင်းဝင်းမြင့် (နန်းတော်ရှေ့)

(၁)

အဝါရောင်အင်္ကျီကိုပဲ ဝတ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်ကြောင့်ပင် "ဖြူရုံး" လှသည်ထက်လှရန် အမှန်ပင် လိုအပ်လာလေသည်။

အင်္ကျီအဝါဆိုတော့ လုံချည်ကလည်း အင်္ကျီနှင့်လိုက်ဖက်ညီမည့် ရွှေရောင်တောက်တောက်ပေါ်မှာ အနက်ရောင်စပေါ့ပြောက်ကလေးများ ပါသည့် လုံချည်ကို ရွေးလိုက်သည်။

နားထင်ဘေးမှ ဆံပင်အနည်းငယ်ကိုယူကာ ကလစ်အဝါရောင်ဖြင့် ပင့်ပြီးတွယ်လိုက်သည်။ နောက်ဘက်ကဆံပင်တို ကွေးကွေးကောက်ကောက် ကလေးကိုတော့ ပွသွားအောင် ဘီးနှင့်နာနာခြစ်ပြီး ရှေ့ဆံပင်ကို အမောက် လုပ်၊ နဖူးပေါ်က ဆံယဉ်အနည်းငယ်ကို အုန်းဆီနှင့်ပွတ်ပြီး အချောင်းလိုက်ချ မျက်နှာမှာလည်း သနပ်ခါးဝါဝါကို သစ်ရွက်ပုံနှင့် ပါးကွက်ကွက်လိုက်သည်။

ဖြူလုံးတစ်ကိုယ်လုံးမှာ အလှအပအတွက် ပွပင်စရာဆိုလို့ မျက်လုံး

တစ်နေရာပဲ ကျန်တော့သည်။ ညက ငိုထားသည့်အရှိန်နှင့် မျက်ခွံများ အနည်းငယ်အမ်းမို့ပြီး နီချင်နေသေးသည်။

ရီဝေဝေပေါ့လေ။ ကျန်နေရာတွေမှာ ဘယ်လောက်ပင် ဖုံးကွယ် ခြယ်လှယ်ထားပေမယ့် ဟန်ဆောင်ရန် ခက်ခဲလှသော မျက်ဝန်းအစုံနှင့် အသက်မပါသော အပြုံးတုကြောင့် ဖြူလုံး အလှပျက်မခံနိုင်ပါ။

ဖြူလုံး၏ ဆုံးဖြတ်ချက်သည် ဖြူလုံးလျှောက်မည့် အစခရီးအတွက် တလှူလှူလွင့်နေသော အလံကလေးဖြစ်နေစေရမည်။

"တာဝတိံသာနတ်တို့ စစ်ထွက်တဲ့အခါ သိကြားမင်းက မှာထားသတဲ့၊ စစ်တိုက်ရင်း နတ်စစ်သည်တို့ ကြောက်လန့်စိတ်ဖြစ်လာခဲ့ရင် ငါတို့ စီးနင်းလိုက်ပါကြတဲ့ ဝေဇယန္တာရဲ့ တံခွန်အလံဖျားကို မော့ကြည့်ပြီး...

ငါတို့အရှင် သိကြားမင်းလည်း ငါတို့နဲ့အတူရှိနေတယ်လို့ အာရုံပြု လိုက်။ ကြောက်လန့်စိတ်တွေပျောက်ပြီး သတ္တိတွေ ဝင်လာလိမ့်မယ်။ ပြီးတော့ ဆက်တိုက်ကြ၊ အောင်မြင်လိမ့်မယ်။

ပုံပြောကောင်းသော အဖေ့အသံများကို အလိုလိုကြားနေမိသည်။

ကြောက်စိတ်တွေ၊ စိုးရိမ်စိတ်တွေ ဝင်လာလျှင် ဖြူလုံး၏ ဆုံးဖြတ်ချက် အလံကလေးကို မော့၍မော့၍ ကြည့်ရမှာပေါ့။ ဖြူလုံး အလုပ်တစ်ခုခု အမြန်ဆုံးလုပ်မည်။

ဘာမှတွေဝေစရာမလို၊ ကြောက်စရာလည်းမရှိ၊ ဖြူလုံးက တစ်ယောက်တည်းမှ မဟုတ်တော့တာ၊ အို... ရှက်စရာကြီး။

ရင်ထဲမှာ လှုပ်လှုပ် လှုပ်လှုပ်နှင့်။ ရှက်ပြီးပြီးချင်း အဲသည် တစ်ယောက်ကို ဖြူလုံး သတိရသွားသည်။ "မျောက်နီ" ပေါ့။

သည်ကနေ့အတွက်တော့ မန္တလေးတောင်ပေါ်မှာ အရှက်သည်းဆုံး မိန်းကလေးသည် "ဖြူလုံး" ဖြစ်ပြီး ပျော်ရွှင်ဆုံးသော ကောင်လေးမှာ 'မျောက်နီ' ကလွဲပြီး ဘယ်သူမှ ဖြစ်နိုင်မည် မထင်ပါ။

* * *

(၂)

အသားမစားသော ခြင်္သေ့ကြီးနှစ်ကောင်သည် ဖြူလုံးကို ကြင်နာစွာ

စာပေခရီးသွားများ

ငေးကြည့်နေကြသည်။ ဟိုတစ်ချိန်ကတော့ အမြို့မြို့အနယ်နယ်မှလာကြသော ခုနှစ်ရက်သားသမီးများသည် ခြသေ့ံကြီးများ၏ ရှေ့မှာ ခေါင်းတွေမှုးနောက်ပြီး မျက်စိရှုပ်လောက်အောင် စည်ကားခဲ့သည်။

ဖြူလုံးတို့ ငယ်ငယ်တုန်းကပေါ့။ ခုချိန်မှာတော့ ခြသေ့ံကြီးများ၏ ရှေ့မှာ ရှင်းလင်းနေကြသည်။

လှေကားထစ်များကို ဖြူလုံး၏ဖိနပ်မပါသော ခြေထောက် သန့်သန့် မာမာများက ဝါးမျိုပစ်လိုက်သည်။ "တောင်ကြီး ဖဝါးအောက်" မဟုတ် လား။

ဖြူလုံး၏ အတွေးထဲမှာ မျောက်နီ ဘွားခနဲ ပေါ်လာပြန်သည်။ ထုံးစံအတိုင်း ပြောင်ချော်ချော် မျက်နှာပေးနှင့်ပေါ့။ ပြီးတော့ ပြောဦးမှာ…

"ဘာ တောင်ကြီး ဖဝါးအောက်လဲ။ တောင်ကြီး ကားအောက်" လို့။

အဲသည်တစ်ယောက်ကို ဖြူလုံး စကားအနိုင်မလုချင်တော့ပါ။ ဖြူလုံး၏မျက်စိအောက်မှာပင် ဖြူဖြူ နီနီ ဝါဝါ ကားကလေးများ တောင်ပေါ်သို့ တက်လာနေကြပြီ။

ဖြူလုံးတို့ကတော့ ယခုထက်တိုင် လှေကားတွေပေါ်ကို ခြေထောက်နှင့် ကြိုးစားပမ်းစား တက်နေရဆဲဖြစ်သည်။ တခြားသူတွေက တောင်ပေါ်ကို ကားနှင့် အလွယ်တကူ တက်နိုင်ကြပြီ။ မြွေကြီးနှစ်ကောင်အထိရောက်အောင် ဓာတ်လှေကားနှင့် အစွင့်သားတက်နိုင်ကြပြီ။

ဖြူလုံးတို့ တစ်သက်မဟုတ်၊ အဖေတို့ အမေတို့ တစ်သက်ပင် တစ်ခါမှ မကြုံဖူးသော အလွန်လျှင်မြန်သည့် အပြောင်းအလဲများသည် အံ့ဩဖွယ်ကောင်းလှ၏။

"စားနောက်က သွားနောက်က၊ ဒုက္ခဖြစ်တော့ သူများအရင်" ဟု အဖေက ဖြူလုံးတို့မောင်နှမတွေကို ခဏခဏ ကြိမ်းမောင်းသည်။ အမေ့ကို စိတ်တိုင်းမကျလျှင်လည်း အဖေက သည်အတိုင်းပင် ဗျစ်တောက် ဗျစ်တောက် ပြောလေ့ရှိသည်။ ထိုအခါ အမေက အဖေ့ကို…။

"အဲဒီထဲမှာ ရှင်ထိပ်ဆုံးက"

ဟု ပြန်၍ အငေါ်တူးသည်။

အို… ဘာများထူးခြားလို့လဲ။ ဖြူလုံးတို့ မိသားစုတစ်စုသည် အဖေ့စကားအတိုင်း "ဒုက္ခဖြစ်တော့ သူများအရင်" ထဲမှာ ချာချာလည်နေဆဲဖြစ်သည်။

မျောက်နီရဲ့ ကျေးဇူးကြောင့်ပါပဲ။ ဒါတောင် ဖြူလုံးမှာ စဉ်းစားလိုက်ရတာ အကြာကြီး။

"နင် သိထားဖို့က မလိုအပ်ဘဲနဲ့တော့ နေရာတကာ မာနတွေ သိပ်ကြီးမနေနဲ့။ မလုပ်ချင်ပေမယ့် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို လုပ်ရတာလည်း သတ္တိပဲ" တဲ့။

မျောက်နီက ဖြူလုံးကို ပြတ်ပြတ်သားသားပြော၍ ရဲဆေးတင်ပေးသည်။

* * *

(၃)

ဖြူလုံး၏နောက်မှာ လှေကားထစ်များ ကျန်ရစ်ခဲ့သောအခါ ဖြူလုံးသည် ပို၍မြင့်သောနေရာမှ လောကကို မြင်ခွင့်ရလေသည်။

မြူငွေ့တွေလား၊ ဖုန်တွေလား မသိ၊ ဝေဝါးနေသော မြင်ကွင်းတွင် ဘာကိုမှ သဲသဲကွဲကွဲ မတွေ့ရ။

နေရောင်ခြည်ကလည်း ပီပီသသ ကြည်ကြည်မြမြ ထွက်မလာသေး။ လေကတော့ သုန်သုန်ဖြူးဖြူး တိုက်နေသည်။ စောင်းတန်းအနီးမှ သစ်ပင်များ၏ အရောင်မှာ ခပ်မွဲမွဲအဖြူရောင် ဖြစ်သည်။

စိမ်းတချို့ ဝါတချို့ ခပ်အိုအိုအပင်များကြားမှာ တမာပင်ပျိုလေးတစ်ပင်က ရှားရှားပါးပါး ရွက်နုကလေးတွေ ထွက်နေသည်။

အစိမ်းရောင်ပေါ်မှာ အဖြူရောင်နှင့် ရေးထားသော "တောမှဲ့မြေသား ရေတိုက်စား၏" ဆောင်ပုဒ်ကို ဖတ်ရင်း ဖြူလုံး တွေးမိသည်။

"မြေပေါ်မှာ ရေမတိုက်စားအောင် အပင်တွေလိုသလို ပတ်ဝန်းကျင်ရဲ့ဒဏ်ကို ခံနိုင်ဖို့ လူတွေမှာ ငွေလိုတယ်"

ကုသိနာရုံအင်ကြင်းတော၊ ခြေတော်ရာပါဒ စေတီနှစ်ဆူ၊ သဗ္ဗညုဒွေ

ရပ်တော်မူဘုရား၊ ပြည်လုံးအေးဘုရားတို့ကို ဖြတ်ကျော်လာခဲ့ပြီးနောက် "ပြည်လုံးချမ်းသာဘုရား"ကို ရောက်သည်။

သည်ဘုရားကို ဖြူလုံး မဖူးဘဲ မနေနိုင်။ ဘုရားရှိခိုးရင်း ရင်ထဲ၌ ဝမ်းနည်းမှုတို့ လှိုက်ဆူလာသည်။

အမေ ဈေးထိုင်ရောင်းနေကျ ကွပ်ပျစ်ကလေးကို ဖြူလုံး မကြည့်ချင်။ နောက်ပြီး အဖေထိုင်နေကျ အုတ်ခုံကလေးကိုလည်း တမင် အကြည့်လွှဲထားသည်။

ငြိမ်သက်ခြောက်သွေ့နေပေမယ့် ဖြူလုံးတို့ သက်တမ်းတစ်လျှောက် နေလာခဲ့သော နေရာကလေးကတော့ ဖြူလုံးကို ဆွဲဆောင်မှုတွေ ပြုနေသည်။

သည်နေရာကလေးအတွက် ညက မျက်ရည်ကျခဲ့သည်။

"အသက်ကလေးရယ်တဲ့ ရှည်စေလို၊ မြနန္ဒာနေညိုသမ်း၊ မန်းတောင်ရိပ်ခို" ဆိုသော ကဗျာကလေးကို အမည်မသိသော ရှေးစာဆိုတစ်ဦးက ပေးခဲ့သည်ဟု ဖြူလုံးတို့ ခုနစ်တန်းကဗျာစာအုပ်တွင် သင်ခဲ့ရဖူးသည်။

တခြားသူတွေအတွက် ကဗျာသဘောနှင့် အလင်္ကာတွေသုံးပြီး "မန်းတောင်ရိပ်ခို" ဘာညာနှင့် ရေးခဲ့ဆိုခဲ့ကြပေမယ့် ဖြူလုံးတို့ကတော့ တကယ့်ကိုပင် မန္တလေးတောင်တော်၏ အရိပ်ကိုခိုကာ စားဝတ်နေရေးအတွက် အသက်ရှူနေကြသူများပင်ဖြစ်သည်။

ဘုရားဖူးတွေ များများလာလေ၊ ဖြူလုံးတို့ ဝဝစား လှလှဝတ် ပျော်ပျော်နေနိုင်လေဖြစ်သည်။

အဖေတို့ အမေတို့ တစ်သက်၊ ဖြူလုံးတို့တစ်သက်မှာ မန်းတောင်ခြေမှာ မွေး၊ မန်းတောင်ပေါ်မှာ ကြီးဆိုသော်လည်း ဘုန်းတော်တိုးရပ်ကွက်မှာ ဖြူလုံးတို့အိမ်ကလေးကို ကိုယ့်အိမ်ကိုယ့်ရာဟု သဘောမထားကြ။

"ပြည်လုံးချမ်းသာ"တန်စောင်းမှ ဖြူလုံးတို့၏ စိတ်ပုတီးဆိုင်ကလေးကိုသာ ကိုယ့်အိမ်ကိုယ့်ရာဟု မှတ်ထင်ခဲ့ကြသည်။

ခုတော့ သည်နေရာကလေးကို ဖြူလုံးတို့ စွန့်ခွာကြရတော့မည်။

* * *

(၄)

ဖြူလုံးသည် စိုင်တမော့ဘုရားကိုရောက်ရန် အလွန်မတ်စောက်သော လှေကားကြီးကို တက်ခဲ့ရသည်။

သံလက်ရန်းများကို အားပြုပြီး အားနှင့်မာန်နှင့် တက်ခဲ့သည်။ မျှော်လင့်ချက်တို့ဖြင့် တက်ခဲ့သည်။

သို့သော် လှေကားထစ်ပေါင်းများစွာက ဖြူလုံး၏ အင်အားများကို စုပ်ယူစားသုံးလိုက်ကြသည်။

ခြေသလုံးကြွက်သားတွေတင်းပြီး ခြေဖဝါးများကလည်း ကျိန်းလာသည်။

နဖူးမှ ချွေးတို့သည်လည်း လှေကားထစ်များပေါ်သို့ ပိုးပိုးပေါက်ပေါက် ခုန်ဆင်းလာကြရသည်။

အပေါ်ဆုံးလှေကားထစ်ကိုခြေချပြီးသောအခါ လမ်းဆက်မလျှောက်နိုင်လောက်အောင်ပင် မောပန်းသွားသည်။

အနီးဆုံး အုတ်ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်လိုက်တော့သည်။

အမိုးစောင်းတန်းလှူတဲ့ အလှူရှင်တွေ အုတ်ကုလားထိုင်လှူတဲ့ အလှူရှင်တွေကို ဖြူလုံး ကျေးဇူးတင်နေသည်။

စောင်းတန်းအမိုးပေါ်သို့ မော့၍ အလှူရှင်အမည်များကို ဖတ်ကြည့်လိုက်သည်။

ဦးကျော်စိုး ဒေါ်တင်သန္တာ ရန်ကုန်တဲ့။ ရန်ကုန်က သူဌေးတွေဖြစ်မယ်။

အုတ်ကုလားထိုင်က ကဗ္ဗည်းကို ဆက်၍ ဖတ်ကြည့်သည်။ ကိုကျောက်ခဲ၊ မသံ သားသမီးမြေးမြစ်တစ်စုကောင်းမှု မြင်းမူ တဲ့။

ဟင်… ဘယ်လောက်များ ခေါင်းမာလိုက်မယ့် မိသားစုလည်း မသိဘူးဟု တွေးပြီး သဘောကျသွားသည်။

ကောင်းပါတယ်။ လင်က“ကျောက်ခဲ”။ မယားက “သံ” ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံ အရှုံးမပေးပေါ့။ အင်း··

သည်လိုလည်း မဟုတ်သေးဘူး ထင်ပါရဲ့လေ။

သားသမီးမြေးမြစ်တစ်စုကောင်းမှုဆိုတော့ သူတို့ အိုအောင်မင်းအောင် ပေါင်းနိုင်တာ တစ်ယောက်နဲ့တစ်ယောက် ညီညီနိုင်းနိုင်း ရှိကြလို့နေမှာပါ။ အဖေနှင့် အမေလိုပေါ့။

ဖြူလုံးတို့ ငယ်ငယ်တုန်းကတော့ အဖေက အေးအေး၊ အမေက ပူပူဖြစ်သည်။

အဖေက နံ့သာပုတီး၊ ယတြာအသားပုတီးများကို လုပ်သူဖြစ်သည်။

ခုနှစ်ရက်သားသမီးများက မိမိတို့၏မွေးနေ့ မွေးနံနှင့်သက်ဆိုင်သော အသားကို အဆောင်ပုတီးလုပ်လိုလျှင် အဖေ့ထံ လာကြသည်။

ဗေဒင်ဆရာများနှင့် အဖေတို့က ဆက်သွယ်ထားသည်။ ထို့ကြောင့် အဖေ့ဆိုင်က နာမည်ကြီးလေသည်။

အမေကတော့ အဖေပြုလုပ်သော ပုတီးများ၊ ဘုရားပုံတော်များနှင့် ဆံတိုးလေးစ၊ ရင်တိုးလေးစ လက်ဆောင်ပစ္စည်းကလေးများကို ပြည်လုံးချမ်းသာ ဘုရားတန်ဆောင်းမှာပင် ဆိုင်ကလေးဖွင့်ထားသည်။

ထိုအချိန်က အဖေ့စီးပွားရေးသည် အနီးအနားက ဆိုင်များထက် ပို၍ကောင်းသည်။ ဖြူလုံးတို့ မောင်နှမလေးယောက်ကို မညှိုးငယ်ရအောင် ကျွေးမွေး ကျောင်းထားပေးနိုင်ခဲ့သည်။ အမေက အဖေ့အရှိန်အဝါနှင့် ဘေးပတ်ဝန်းကျင်ဆိုင်ကလေးများပေါ်မှာ ဩဇာရှိခဲ့သည်။

အဖေကတော့ အမေ့လိုမဟုတ်။ အလွန်အေးပြီး သဘောကောင်းလှသူဖြစ်သည်။ စကားသိပ်မပြောဘဲ အလုပ်ကိုသာ တွင်တွင်လုပ်သူ ဖြစ်သည်။

အမြဲတမ်း ပြုံးပြုံးပြုံးပြုံးနှင့် သူတစ်ပါးကိုလည်း အားနာတတ်သည်။

ဒါပေမယ့် အဖေ့ကို "အပြင်အေးပြီး အတွင်းပူတဲ့ မီးတောင်" ဟု အမေက ခဏခဏပြောသည်။

အလွန်အေးအေးသော အဖေ့ရင်ထဲမှာ မာနတရားရှိသည်။

ပြီးတော့ အမှန်တရားလည်းရှိသည်။

အပြောအဆိုနည်းပါးပေမယ့် တစ်ခွန်းပြောလျှင် ပြောသလောက်မှန်သည်။

အဖေနှင့်ပတ်သက်၍ အသက်အရွယ်၊ အချိန်ကာလနှင့် အကြောင်းအရာအားလုံးသည် ဘယ်သောအခါမှ တသမတ်တည်းရှိမနေသည့် အကြောင်းကို ဖြူလုံးကတော့ လက်တွေ့ကျကျ ယုံကြည်လိုက်ရလေပြီ။

အဖေ အရက်သမားကြီးဖြစ်သွားသည့်အချိန်မှစ၍ ဖြူလုံးသည် လူ့လောကအကြောင်းကို ဝိုးတဝါး စမ်းသပ် အဓိပ္ပာယ်ဖော်ကြည့်မိတော့သည်။

အပြိုင်အဆိုင်ကိစ္စ အားလုံးထဲတွင် ''စီးပွားပြိုင်'' သည် ကြောက်စရာအကောင်းဆုံး ဖြစ်မည်ထင်ပါသည်။

သမုဒ္ဒရာရေကို အတူတူမျှဝေသောက်တာမျိုး မဟုတ်ဘဲ လက်ဖွေ့ကြိုးဝိုင်းထဲမှာ အလဲထိုးသလို တစ်ဖက်ကို သတ်ချင်သော စီးပွားတူတွေ ပေါ်လာတာတစ်မျိုး၊ မိန်းမက ပူညံပူညံလုပ်တာတစ်မျိုး၊ ဖြူလုံးတို့မောင်နှမတွေ မလိမ္မာတာတစ်မျိုးနှင့် အကြောင်းအမျိုးမျိုးကြောင့် အဖေ အရက်သောက်သည်။

နည်းနည်းသောက်၍ များများမူးပြီး ကြမ်းကြမ်းရမ်းသည်။

နောက်တော့ အဖေက ရမ်းချင်လျှင် မူးတော့သည်။

မူးလျှင် ရမ်းတော့သည်။

ပတ်ဝန်းကျင်က အနည်းငယ်တော့ ငြိမ်ကျသွားသည်။

တည်ငြိမ်သောအခြေအနေမှ လှုပ်ခတ်လာသည်ကတော့ ဖြူလုံးတို့မိသားစု၏ စီးပွားရေးပင်ဖြစ်သည်။

စီးပွားရေးကျလေလေ လူမှုရေးရှုပ်လေလေ ဖြစ်လာသည်။

အစာဆာသူတို့၏ ဒေါသမုန်တိုင်းကား ပြင်းထန်လှသည်။

ထိုအချိန်မှာ အဖေက ပူပူ၊ အမေက အေးအေးဖြစ်လာသည်။

မျောက်နီနှင့် ဖြူလုံးတို့ကတော့ အဲဒီလိုမျိုး အပူအအေးမျှမျှတတ ပေါင်းဖက်နိုင်ကြပါ့မလား။

မျောက်နီနှင့်ပတ်သက်၍ ဖြူလုံးမှာ အချိန်ကြာကြာ စဉ်းစားခဲ့ရ

သည်။

ခုချိန်မှာတော့ တောင်ပေါ်ဆိုင်တန်းတစ်လျှောက်မှာ မျောက်နီက မင်းသားဖြစ်နေပြီ။

ရှုံးကလည်း အလွန်များသည်။

ဂျင်းဘောင်းဘီနှင့် တီရှပ်နှင့်။

တစ်ခါတလေ ဘောင်ဘီပွပွကြီးနှင့်။

ဘောင်းဘီတိုကြီး ဝတ်လာလျှင်တော့ ဖြူလုံးက အလွန်မုန်းပြီး…

"ဘောင်းဘီတိုကြီးနဲ့ဆို ငါ့နားမလာနဲ့"

ဟု ဆူပူမာန်မဲရသည်။

ဖြူလုံးကသာ သူ့ကို ပောက်လားဟန်းလား လုပ်ပေမယ့် သူ့ကို "ကိုနီ ကိုနီ" နှင့် မျက်နှာသာပေးသူတွေက ရှိသေး။

မျောက်နီ၏ နာမည်ရင်းက "မြတ်နီ" ဖြစ်သည်။

မျောက်နီတို့အဖေက ဓာတ်ပုံဆရာဖြစ်ပြီး ဖြူလုံးတို့ဆိုင်ကလေးနှင့် မျက်နှာချင်းဆိုင်မှာ "မင်းမြတ်နီလာ" ဓာတ်ပုံဆိုင်ကို ဖွင့်ထားသည်။

ဖြူလုံးတို့ မျောက်နီတို့က ငယ်သူငယ်ချင်းတွေပေါ့။

အဖေက ကြာသပတေးသမီးမို့ "ဖြူဖြူသက်" ဟု မှည့်ပေးထားသော်လည်း ဝဝကစ်ကစ် ဖြူဖြူဖွေးဖွေး သမီးဦးလေးကို "ဖြူလုံး" ဟု ချစ်စနိုး ခေါ်ကြသည်။

"ဖြူလုံးဆိုတာ ခွေးနာမည်။ ဖြူလုံး…ဖြူလုံး…အိုး…အိုး…"

ဟု မျောက်နီက စလျှင်…

"ပိန်ပိန်လှီလှီ မည်းခြောက်ခြောက် စုတ်ချွန်းချွန်းနဲ့ ပုံစံကိုက လူနဲ့မတူဘူး။ မျောက်နဲ့တူတယ်။ နင့်နာမည် မြတ်နီမဟုတ်ဘူး။ မျောက်နီ"

အဲသည်လို ရန်တွေဖြစ်ခဲ့ကြရင်း ခုတော့ မျောက်နီက ဖြူလုံးကို "မိဖြူ·· ဖြူလေး" ဟု ပြောင်းခေါ်သည်။

ပြီးတော့ သံလိုက်ဓာတ်ပါသော မျက်လုံးကြီးတွေနှင့် လူလစ်လျှင် စိုက်ကြည့်သည်။

ချိုချဉ်တွေလည်း ခဏခဏ ကျွေးသည်။

ပြီးတော့…ပြီးတော့ ချစ်တယ်၊ ကြိုက်တယ်နှင့် စကားဆန်းတွေ ပြောလာတော့သည်။

ဖြူလုံးကလည်း သူ့ကို ပန်းဆိုင်က ကောင်မလေးနှင့် သဝန်တို၊ ဓာတ်ပုံလာရိုက်တဲ့ ကောင်မလေးတွေနဲ့ သဝန်တိုပြီး ခဏခဏ ရန်လုပ်ရ စိတ်ကောက်ရသည်။

"ငါ ဘယ်သူ့ကိုမှ စိတ်မဝင်စားပါဘူး၊ ဖြူလေးရယ်၊ တကယ်ပါ။ နင်မှနင်၊ နင်မယုံမှာစိုးလို့ ငါ ပန်းဆိုင်တွေဘက်ကိုတောင် မသွားဘူး။ ငါ့ကို ဘယ်အချိန်ထိ စောင့်ကြည့်နေမှာလဲ။ စဉ်းစားရင်း စဉ်းစာရင်း ကြာရင် ဟိုရောက်သွားလိမ့်မယ်"

မျောက်နီ ဘိုးဘွားရိပ်သာဘက်သို့ လမ်းညွှန်ပြသည်။

မျောက်နီက အဲသလိုအပြောကောင်းလေလေ တွေဝေစဉ်းစားရ လေပင် ဖြစ်တော့သည်။

မျောက်နီနှင့် ဖြူလုံးတို့ဘဝ၏ အစက တူကြမလိုလိုနှင့် တဖြည်းဖြည်း ကွာခြားမှုတွေ များလာသည်။

ဖြူလုံးက မျောက်နီကို လိုက်မမီတာတွေ ရှိနေသည်။

မန္တလေးတောင်ပေါ်မှာ စီးပွားရှာတဲ့လူချင်းတူပေမယ့် ဖြူလုံးတို့ မသိတာတွေကို မျောက်နီက သိသည်။

စီးပွားရေးမှာ လာဘ်မြင်သည်။

သူ၏ တောင်ပေါ်ဓာတ်ပုံဆရာကလေးဘဝကို တောင်ပေါ်မှာ မပြီးဆုံးစေရဘဲ ဈေးချို၊ တရုတ်တန်းမှာရှိသည့် ဓာတ်ပုံဆိုင်ကြီးများနှင့် အဆက်အသွယ်ရှာကာ ဓာတ်ပုံပြိုင်ပွဲဝင်တာတွေ၊ မျက်နှာဖုံးဓာတ်ပုံရိုက်တာတွေ၊ ပြီးတော့ ဗီဒီယိုရိုက်တာတွေ လုပ်နေသည်။

စမ်းသပ်ကြိုးစားနေသည်။

ဖြူလုံးကို သူကပဲ အကြံပေးသည်။

"အရင်းအနှီးမရှိလို့ ထိုင်နေတယ်ဆိုတာကတော့ အဓိပ္ပာယ်မရှိဘူး။ ဒီခေတ်မှာ သိပ်လှတဲ့ ကောင်မလေးတွေရဲ့ အရင်းအနှီးက သူတို့ရဲ့ အလှအပပဲ"

"ဘာ…ဘာပြောတယ်။ ငါ့ကို နင်က…"

"နင် သိပ်လောကြီးတာပဲ ဖြူလေးရယ်။ ထစ်ဆို ဒေါသကြီးဖို့ပဲ။ ငါပြောတာ ဆုံးအောင်နားထောင်ပါဦး။ နောက်ပြီး မန္တလေးမြို့ကြီးမှာ ဘာတွေဖြစ်နေသလဲ။ နည်းနည်းပါးပါး နားစွင့်စမ်းပါဟဲ့။ ကုန်တိုက်ကြီးတွေ၊ စတိုးဆိုင်ကြီးတွေ၊ ရွှေဆိုင်ကြီးတွေမှာ အရောင်းကူလေးတွေ၊ နင်တို့အရွယ် လေးတွေပဲ။ နင်လည်း ဟိုအဝေးကြီးမသွားနိုင်ဘူးထား။ တောင်ပေါ်က အစားအသောက်အစုံ ဆိုင်ကြီးတွေမှာ ဧည့်ကြိုတွေလိုနေတယ် လုပ်ကြည့် ပါလား"

"အင်း…ပြောတော့ လွယ်တယ်၊ ငါ့မှာ ဝတ်စရာ ဘာမှမရှိဘူး"

"ဟဲ့…နောက်တော့ ဖြစ်လာမှာပေါ့။ ဟိုက အဝတ်အစား ဆင်တာရှိတယ်။ နေ့တွက်ရှင်းတာရှိတယ်။ ဥပုသ်တစ်ပတ် ရှင်းတာရှိတယ်။ ညစာ၊ မနက်စာလည်း ဟိုက ကျွေးမှာ။ နင်က လှတယ်ဟာ။ ဒီအတိုင်း အိမ်ထဲမှာထိုင်ပြီး ညည်းနေလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ နင့်အလှအပကို လူမြင်တော့လည်း နောက် နင်ဖြစ်ချင်တဲ့ မျက်နှာဖုံးတို့ ဘာတို့လဲ ဓာတ်ပုံရိုက် ရတာပေါ့" တဲ့။

အဖေသာ အနားမှာရှိမည်ဆိုလျှင်တော့ သည်အလုပ်မျိုးကို သဘောတူနိုင်မည် မထင်ပါ။

အဖေ၏စိတ်သည် အနေအေးသလောက် အလွန်မာပြီး ဟိုတစ်ချိန် က ဖြူးဖြူးဖြောင့်ဖြောင့်နေခဲ့ဖူးသည့် အရှိန်ဖြင့် သမီးကို လုပသော ရုပ်ရည် ဖြင့်လုပ်ရမည့် အလုပ်မျိုး ဘယ်နည်းနှင့်မှ လုပ်စေချင်မည် မဟုတ်ပါ။

ခုချိန်မှာတော့ အဖေသည် ဖြူလုံးတို့နှင့် အတော်လေးအလုပ်ဝေး သော ရွာကလေးတစ်ရွာမှာ ရောက်နေသည်။ အဖေ့အမျိုးများရှိသော ရွာ ကလေးမှာ အဖေ သွားနေရရှာသည်။

ထိုတစ်နေ့ကတော့ ဖြူလုံးရင်ထဲမှာ စွဲနေအောင် မှတ်မိနေသောနေ့ ဖြစ်သည်။

ဖြူလုံးတို့ စောင်းတန်းဘက်ကို တဖြည်းဖြည်းနှင့် ဘုရားဖူးတွေ အလာနည်းပါးတော့ တောင်တော်၏ အမြင့်ပိုင်းကို ပြောင်းရွှေ့ကြရန်

ဆိုင်တိုင်းလိုလို ကြိုးစားကြသည်။

ဖြူလုံးတို့လည်း ဗျာဒိတ်ပေးဆင်းတုတော် အထက်နားမှာ နေရာရရန် ကြိုးစားခဲ့ကြသည်။

ရှိစုမဲ့စု စုဆောင်းထားတာကလေးတွေ ထုခွဲ၊ ဆိုင်အတွက် သစ်သစ်လွင်လွင် ပြင်ဆင်ဖို့ အားကြိုးမာန်တက်ပေါ့။

ဆိုင်နေရာကလေးရရန် အဖေ့ဘက်ကလည်း အစွမ်းကုန်အောင် ပြောတန်တဲ့လူ ပြော။

နေရာသစ်မှာ ဆိုင်သစ်ကလေးနှင့် စီးပွားပြိုင်တွေကို ပြန်၍ အနိုင်ရရန် ကြိုးစားခဲ့ကြသည်။

တစ်နေ့ရနိုး၊ တစ်နေ့ရနိုးနှင့် မျှော်ကိုးခဲ့သော်လည်း နေရာသစ်မှာ ဆိုင်သစ်တွေ ခင်းပြီးကြပြီ။

ရောင်းနေပြီဆိုမှ ဖြူလုံးတို့နောက်ကျခဲ့ပြီဖြစ်ကြောင်း သိခဲ့တော့သည်။

ထိုနေ့က အဖေသည် အပြင်းထန်ဆုံး မူးခဲ့ ရမ်းခဲ့သည်။

အရူးတစ်ယောက်လို အော်ချင်ရာအော်၊ ပြောချင်ရာပြောနှင့် ဖြူလုံးတို့မိသားစုမှာ လောင်မီးကျခဲ့ရသည်။

မှတ်မှတ်ရရ ထိုတစ်နေ့သည် အဖေ့အတွက် တံ့ပြန်လောင်ကျွမ်းနိုင်သည့် အစွမ်းကုန်ဆုံးခဲ့သည့်နေ့ပင် ဖြစ်တော့သည်။

ထိုနေ့၏ နောက်မနက်မှစ၍ အဖေ ငြိမ်သက်သွားခဲ့သည်။

ဘယ်သူ့ကိုမှ စကားမပြော။

အစာလည်း မစား၊ အရက်လည်း မသောက်။

တွေဝေ မှိုင်ငေးနေတော့သည်။

တဖြည်းဖြည်းနှင့် အဖေသည် လူနာဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။

နောက် တဖြည်းဖြည်းနှင့် ငိုလား ရယ်လားတွေ ဖြစ်လာသည်။

အမေ့မှာတော့ ဆရာဝန်ဆီပြေးရ၊ မြန်မာဆရာဆီပြေးရ၊ ပယောဂဆရာဆီပြေးရ၊ ဆိုင်သစ်အတွက် စုထားသောငွေများ အဖေ့အတွက် ဖြစ်သွားသည်။

နောက်တော့ အဖေ အိမ်က ပျောက်သွားပြန်သည်။

အပူတပြင်းနှင့် ဟိုဟိုသည်သည် လိုက်ရှာသော်လည်း မတွေ့။

တွေ့မယ့်တွေ့တော့ အဖေက သူစျေးရောင်းနေကျ စောင်းတန်းကလေးမှာ ပုတီးလေးငါးကုံးနှင့် ကြေးစည်သေးသေးလေးကို ထုကာထုကာ ပြောချင်ရာတွေ ပြောနေတော့သည်။

အိပ်ရာပေါ်မှာ လဲနေသော လူမမာအတွက် ပူပင်ရသော သောကထက် ဘုရားတန်စောင်းမှာ ကြေးစည်ထု၍ ဗျက်လုံးအကြောင်းသားနှင့် သတိလွတ်နေသော လူမမာအတွက် ပူပင်ရသော သောကသည် ပို၍ ပူလောင်လှ၏။

ငယ်စဉ်က ဆိုးခဲ့ နွဲ့ခဲ့ ဆူခဲ့ ပူခဲ့သော အမေသည် အသက်ကြီးသောအခါ အဖေ့ကို သားတစ်ယောက်ကိုထိန်းသလို ထိန်းကျောင်းနေရရှာသည်။

အဖေ့ဒုက္ခမှန်သမျှကို အကုန်သိမ်းကျုံးယူသူက အမေပင်ဖြစ်သည်။

အမေ့ကြိုးစားမှုနှင့် အဖေ့ကို ဆေးရုံတင်ရသည်။

ပြီးတော့ ရန်ကုန် စိတ်ရောဂါအထူးကုဆေးရုံကြီးသို့ ပို့ရသည်။

အဖေ နေကောင်း၍ ဆေးရုံကဆင်းပြီးသောအခါ စိတ်ပြောင်း စိတ်လွဲဖြစ်စေရန် အဖေ့ကို ရွာသို့ပို့၍ ပြုစုရသည်။ အဖေသည် သူ့အမျိုးတွေရှိသော ရွာကလေးမှာ စိတ်အေးချမ်းသာ နေနိုင်ရှာပါ့မလား။ အမေက ဖြူလုံးတို့မောင်နှမဆီမှာ တစ်လှည့်၊ အဖေ့ ဆီမှာတစ်လှည့် ကူးနေရသည်။

ဖြူလုံး အလုပ်လုပ်မည့်အကြောင်း အမေနှင့် တိုင်ပင်သောအခါ အမေ့မှာ ကန့်ကွက်နိုင်စွမ်း ကုန်နေပြီဖြစ်သည်။

"ကောင်းမယ်ထင်ရင် လုပ်ပါအေ။ မဟုတ်တာတွေဖြစ်ကုန်မှာ စိုးတယ်" ဟု စိတ်ညစ်ညစ်နှင့် ပြောသည်။

မျောက်နီက အပြောကောင်းကောင်းနှင့် အမေ့ကို ကပ်ချွဲသည်။ အမေက မျောက်နီကို သားရင်းလို ချစ်ခင်အားကိုးသည်။

မျောက်နီတို့အမေက မျောက်နီကိုမွေးပြီး နောက်တစ်ရက်မှာ

ဆုံးသွားတော့ ဆိုင်နီးနားချင်းဖြစ်သော အမေကပင် မျောက်နီကို ဖြူလုံးတို့နှင့် အတူ ကျွေးမွေးပြုစုခဲ့ရသည်။

မျောက်နီကလည်း အဖေနှင့် အမေအပေါ်မှာ ဖြူလုံး၏ မောင်လေးတွေထက်ပင် သိတတ်လိမ္မာသူဆိုတော့ မျောက်နီစကားကို အမေက လက်ခံသည်။

ဖြူလုံးကသာ အဖေ့သမီးပီသစွာ မာနကြီးချင်စိတ်က ဖျောက်ပစ်ရန် ခက်ခဲနေသည်။ ကိုယ့်ဆိုင်ကို ကူရောင်းရတာတောင်...

"ဘာအလိုရှိပါသလဲရှင်"

မမေးချင်ခဲ့သော ဖြူလုံးက သူများဆိုင်မှာသွားပြီး ဧည့်ကြိုလုပ်ရမှာတဲ့လား။ ပြီးတော့ လာမည့်သူတွေက ယောကျ်ား၊ မိန်းမ အဆင့်အတန်းအမျိုးမျိုး။

အဖေ၊ မောင်လေးများနှင့် မျောက်နီတို့သားအဖ၏ အရိပ်အောက်မှာလုံလုံခြုံခြုံနေခဲ့သော ဖြူလုံးသည် လူတကာနှင့် စကားများများပြောပြီး မျက်နှာချိုရမှာလည်း မဝံ့မရဲဖြစ်နေသေးသည်။

အလုပ်လုပ်မည်ဆိုတော့ လုပ်ဖူးလုပ်စရှိသူတွေကို စုံစမ်းရသည်။ ပျော်စရာကောင်းတာလဲ ရှိ၊ စိတ်ညစ်စရာလည်း ရှိပေါ့။

"ဆိုင်သိမ်းလို့ပြန်ရင် နောက်ကလိုက်လာတဲ့ရန်ကို ရှင်းရတာ စိတ်ညစ်စရာ အကောင်းဆုံးပဲ"

ဟု ဆိုင်ကူတချို့က ပြောပြသောအခါ ဖြူလုံးက ကြောက်နေမိပြန်သည်။

"ဘာကြောက်စရာရှိလဲ ဖြူလုံးရဲ့။ သူတို့မှာ စောင့်ရှောက်မယ့်လူမရှိလို့ နင်အတွက် ငါ အမြဲစောင့်ရှောက်နေမှာ"

ဖြူလုံးသည် မျောက်နီကို အားကိုးသင့်မကိုးသင့် အကြာကြီးစဉ်းစားနိုင်ခွင့်ရှိသော်လည်း အလုပ်လုပ်ဖို့ မလုပ်ဖို့အတွက်တော့ အကြာကြီးစဉ်းစားနိုင်ခွင့် မရှိပါ။

အဖေ့ဆေးဖိုး၊ မောင်လေးတွေ ကျောင်းစရိတ်၊ အိမ်စရိတ်အတွက် အလုပ်လုပ်ရန် ပထမဆုံး ဆုံးဖြတ်လိုက်သည်။

ဖြူလုံး အလုပ်လုပ်မည်ဆိုတော့ မျောက်နီက ဖြူလုံးအတွက် အင်္ကျီနှစ်စ ဝယ်ပေးသည်။ တစ်စက အဝါရောင်၊ တစ်စက အစိမ်းရောင် ဖြစ်သည်။

ဖြူလုံး၏ အကြိုက်ဆုံးအရောင်သည် အစိမ်းရောင်ဖြစ်ပြီး မျောက်နီ အကြိုက်ဆုံး အရောင်က အဝါရောင်ဖြစ်သည်။

သူများတွေသတ်မှတ်သလို အပြာရောင်က သစ္စာတရားရဲ့ အရောင်၊ ပန်းရောင်က အချစ်ရဲ့အရောင်ပဲ။ ဒီလိုမျိုးတွေကိုလည်း ငါမသိပါဘူး မိဖြူရယ်။ နင့်အကြိုက်နဲ့ ငါ့အကြိုက် နှစ်မျိုးစဉ်းစားပြီး ဝယ်လာခဲ့တာ။ နင် အလုပ်ဝင်တဲ့နေ့မှာ ဝတ်ဖို့ပေါ့။ အဲဒီနေ့မှာ ငါ့ကို တစ်ခါတည်း အဖြေပေးချင်ရင်တော့ အဝါရောင်လေး ဝတ်လာခဲ့ပေါ့ ဟယ်…နော်။ ငါ တကယ်ပြောတာ ဖြူလေး၊ ပြောင်တာမဟုတ်ဘူး သိလား။

အခုတော့"အဝါရောင်" သည် ဖြူလုံး၏ ဘဝအကွေ့အပြောင်း တစ်ခုအတွက် အချက်ပြသည့် အရောင်ဖြစ်တော့မည်ထင်ရဲ့။

* * *

(၅)

"မိဖြူ… ဗျာဒိတ်ပေးက စောင့်ဆိုလို့ စောင့်လိုက်ရတာဟာ။ တော်တော်နဲ့ ရောက်မလာလို့ စိတ်ပူပြီး ဆင်းလိုက်လာတာ"

"ငါလည်း မောမောနဲ့ ထိုင်ရင်း အတွေးလွန်သွားလို့ဟာ"

"ဟယ်…ဖြူလေး နင်…နင် သိပ်လှပါလား။ ငါ့ကို အဖြေပေးတယ်ပေါ့။ နင် ငါ့ကိုချစ်တယ်ပေါ့ ဟုတ်လား။ ဟယ်…ငါ အရမ်းဝမ်းသာပဲ မိဖြူရယ်"

မျောက်နီက လှေကားထစ်တွေပေါ် ခုန်ပေါက်ပြေးလွှား ဆင်းလာပြီး ဖြူလုံး၏လက်ကို ဖွဖွဆုပ်ကိုင်၍…

"မိဖြူ…နင် အဝါရောင်လေး ဝတ်လာတယ်နော်။ နင် ငါ့ကို ချစ်တယ်ပေါ့။ ဟုတ်လား မိဖြူ"

"ဖယ်စမ်းပါဦးဟယ်…နင်ကလည်း ပျာနောက်နေတာပဲ။ နင် ဝတ်ခဲ့ဆိုလို့ ငါဝတ်လာတာပေါ့"

"အို…ငါက ငါ့ကိုချစ်ရင် အဝါရောင်ကလေးကို ဝတ်လာခဲ့လို့ပဲ ပြောတာ။ ဝတ်ကိုဝတ်ရမယ်လို့ အမိန့်ပေးတာမှ မဟုတ်ဘဲ"

ဖြူလုံးက မျက်စောင်းဝင့်လျှက်…

"ဖယ်…ဒါဆို အစိမ်းရောင် ပြန်လဲဦးမယ်"

"ခုမှတော့ ဘယ်ရမလဲ၊ နင်ညာလို့မရတော့ဘူး၊ ကဲ··ပြော"

"နေစမ်းပါဦးဟာ။ အဲဒီ နောက် ဘယ်တော့မှ ပြောပြော ပြောပါလေ့။ အဘိုးကြီး အဘွားကြီးဖြစ်တဲ့အထိ ပြောလို့ရတယ်။ အရေးကြီးတာ အရင်မေးစမ်းပါရစေဦး။ ငါ ဒီကနေ့ အလုပ်စဝင်ရမှာ သေချာရဲ့လား"

"အေးလေ… အဲဒီကို အခုသွားကြမှာပေါ့။ ဆိုင်ဖွင့်ဖြစ်ရင်တော့ လုပ်ရမှာ အသေအချာပဲ။ ငါ့ကို သူတို့က ကတိပေးပြီးသား။ လာဟာ… ငါတို့ ကားလမ်းဘက်ကိုဆင်းပြီး တောင်ပြတ်လမ်းအတိုင်း လျှောက်ရင်းနဲ့ ဓာတ်လှေကားဘက်ကို သွားကြရအောင်။ ဆိုင်တွေက အဲဒီဘက်မှာ ဆောက်ရမှာဆိုလား"

နံနက်ခင်း နေခြည်နုက ဖျပျကလေး ပူလာသည်။

မှုန်ဝါးဝါးမြူတို့လည်း ပြယ်စပြုလာ၏။

စိမ်းပြာပြာနှင့် ခရမ်းရောင်သမ်းသော ရှမ်းတောင်တန်းကြီးပေါ်မှာတော့ မိုးသားတွေ ညို့နေသည်။

တဖြည်းဖြည်းနှင့် ဓာတ်လှေကားဘက်သို့ ရောက်လာ၏။

ကားရောင်စုံရပ်သောနေရာ အနီးတဝိုက်မှာတော့ ဘာဆိုင်ခန်းမှ မတွေ့ရပါ။ တောင်စောင်းမှာတော့ ကြော်ငြာဆိုင်းဘုတ်ကြီးများကို ခမ်းနားစွာ တွေ့ရသည်။

မော်ဒန်ဟိုတယ်၊ ဝသန်ဦး၊ တိမ်ဖြူ မန်းဧရာ၊ ဗီးနပ်၊ လပ်ကီး ဟိုတယ်၊ ဟိုတယ်ကြော်ငြာများကို ကြည့်ပြီး မျောက်နီက…

"တွေ့လား… မိဖြူ ငါတို့ငယ်ငယ်တုန်းကဆိုရင် ဘုရားဖူးတွေဟာ အသိမရှိရင် ဘုန်းကြီးကျောင်းရှာပြီး တည်းရတာ။ ခုတော့ ပိုက်ဆံရှိရင် ဟိုတယ်ကြီးတွေမှာ စတိုင်နဲ့တည်းရုံပဲ။ နင်နဲ့ ငါနဲ့ ဟန်းနီးမွန်းထွက်ရင် အဲဒီဟိုတယ်ကြီးတွေမျိုးမှာ တည်းနိုင်အောင် ခုကတည်းက ဆုတောင်း

ရမယ်''

''နင်ကလည်း သိပ်စိတ်ကူးယဉ်တာပဲ''

''စိတ်ကူးယဉ်ရတာ တန်တယ်ဟ။ ပိုက်ဆံ မပေးရဘူး။ နောက်ပြီး ကိုယ်စဉ်းစားနိုင်ရင် စဉ်းစားနိုင်သလောက် အပျံစားနေလို့ရတယ်''

''စိတ်ကူးတိုင်း ဖြစ်မလာတော့ စိတ်မပျက်ဘူးလား''

''ပျက်ပါဘူး။ ငါ့နားမှာ နင်ရှိနေရင် ဘာဖြစ်ဖြစ် စိတ်မပျက်ဘူး''

ဖြူလုံးက မျောက်နီလက်မောင်းကို ဆွဲဆိတ်ပြီး…

''အကောင်းပြောရင် ဖောက်မလာနဲ့နော်။ အင်္ကျီအဝါရောင် ဝတ်ပြ ရုံနဲ့ သိပ်ဆန်းဆန်းပြားပြားတွေလည်း စိတ်ကူးယဉ်မနေနဲ့ဦး။ ငါ့မှာ ယောကျ်ားယူဖို့ ဘာမှ အဆင်သင့်မဖြစ်သေးဘူး။ အရေးကြီးဆုံးက အဖေပဲ''

''ခက်လိုက်တာ ဖြူလုံးရယ်၊ နင်ကလည်း ဘာမှတွေးပြီး မပူပါနဲ့။ နင်နဲ့ ငါက ထွေထွေထူးထူး ပြောနေကြရမယ့်သူတွေမှ မဟုတ်တာ။ နောက် ပြီး ငါက နင့်ကို တကယ်ချစ်ပြီး တကယ်တန်ဖိုးထားတာပါ။ ခုလို အဖြေ ပေးတာကိုပဲ နင့်ကို ကျေးဇူးတင်သေးတယ်''

''ဖြစ်ရပြန်ပြီ။ ဘာဖြစ်လို့ ကျေးဇူးတင်တာလဲ''

''စိတ်အေးရလို့ပေါ့။ နင်က အရမ်းလှတယ်လေ။ ပြီးတော့ စီးပွား ရေးကလည်း သိပ်ကျပ်တည်းနေတယ်။ မပြောကောင်းပြောကောင်း အလုပ် လုပ်ရင်း နင် တစ်ခုခုမှားသွားရင် ငါ ရင်ကျိုးရမှာ''

''ဩ…ပူတတ်တယ်။ အဖေတို့ အမေတို့ ပူဖို့များ ချန်ပါဦး… တကတည်း။ ငါ့မှာ အဲဒီလောက်အထိ မိုက်မဲတဲ့သွေး တစ်စက်မှမပါဘူး ကောင်စုတ်ရဲ့။ နင့်ကို မြန်မြန် အဖြေပေးတာ ငါ့အတွက် အုပ်ထိန်းသူ လိုအပ်နေပြီလို့ ယူဆလို့ သိရဲ့လား''

''ဒါဆို မချစ်ဘူးပေါ့''

''ချစ်လည်း ချစ်လို့ပေါ့ အနီရဲ့''

''ဘာ…ဘာ…ဘယ်လိုခေါ်လိုက်တယ်။ ပြန်ခေါ်ပါဦး''

''ယောင်လို့ဟ…ယောင်လို့။ မျောက်နီခေါ်ရမှာ မှားသွားလို့''

* * *

(၆)

ဓာတ်လှေကားကြီးက ငြိမ့်ခနဲ တက်သွားတော့ လှိုက်ခနဲ ရင်တွေ ခုန်သွားသည်။

ဖြူလုံးက မျောက်နီလက်မောင်းကို တင်းတင်းဆုပ်ကိုင်ထားသည်။ ငြိမ့်ကနဲ ရပ်လိုက်တော့လည်း ရင်တွေတုန်သွား၏။

ဓာတ်လှေကား တံခါးဖွင့်လိုက်သောအခါ ဖြူလုံး၏ပခုံးကို ဖက်ထားသော မျောက်နီ၏လက်ကို အသာတွန်းချလိုက်သည်။

အလင်းရောင်တွေ ဝင်းဝင်းထိန်လျက် စကြံ့ပတ်လမ်းနှင့် တန်စောင်းကြီးမှာ ခမ်းနားထည်ဝါလှသည်။

မြွေကြီးနှစ်ကောင်အထိ မရောက်ဖြစ်တာ ကြာပြီဖြစ်သော ဖြူလုံး အတွက် မြင်သမျှ တွေ့သမျှ ထူးဆန်းနေသည်။

''ဘယ်မှာလဲ ဆိုင်တွေ။ အောက်မှာလဲ မတွေ့ခဲ့ဘူး။ ခုလည်း မတွေ့ဖြင့် မတွေ့တော့ဘူး။

အရင်က အအေးဆိုင်ကြီးတွေ၊ အသုပ်ဆိုင်ကြီးတွေ မရှိတော့ပါ။

ဆုတောင်းပြည့်ဘုရား အဆင်းနားမှာတော့ ခေါင်းရွက်ပန်းသည် တစ်ဦးစနှစ်ဦးစသာ တွေ့ရသည်။ မျောက်နီလည်း ဟိုဟိုသည်သည်ကြည့်ပြီး ငိုင်ကျသွားသည်။

''ဒေါ်ကြီးမြက ဒီနေ့ခေါ်ခဲ့လို့ မှာတာ။ ပြီးခဲ့တဲ့ ဆယ်ရက်လောက်က တွေ့ကြတာလေ။ ငါလည်း ကိုဇော်တို့နဲ့ အလှူတစ်ခုကို ဗီဒီယိုရိုက်နေရတာနဲ့ ထပ်ပြီးမရောက်ဖြစ်တော့ဘူး။ နင် ခဏနေခဲ့ပါလား။ မောနေမှာစိုးလို့။ ငါ ဟိုဘက်ဆင်းပြီး မေးလိုက်မယ်။ ပြီး ချက်ချင်းလာခေါ်မယ်''

''မြန်မြန်လာနော်''

ပြောသာပြောလိုက်မိသော်လည်း မျောက်နီကို သနားသွားသည်။

ဦးစီးဦးဆောင်လုပ်ပြီး ခေါ်လာသူ၏ မျက်နှာက မန်ကျည်းရွက်ကလေးလောက်ကျန်တော့ ဖြူလုံးက ပို၍ပင် အားငယ်တော့သည်။

ဖြူလုံးကို ကျောင်းနေတုန်းက စာမေးပွဲဖြေခါနီးတိုင်း စာမရလျှင် မျောက်နီ၏မျက်နှာသည် နဂိုက ပိန်ပိန်ချောင်ချောင်ကလေးမှာ ပို၍

သေးသွားသလိုပဲ။

ထိုအခါများတွင် "ဆုတောင်းပြည့်ဘုရား"ဆီကို ပြေးတတ်လာပြီး လိုသောဆုတွေ တသီကြီး တောင်းကြသည်။

ဖြူလုံးက ဘုရားရှိခိုးပြီး ဆုတောင်းရန် ကကုသံဘုရားဆီသို့ လှမ်းလာခဲ့သည်။ ရေအိုးစင်ကလေးကိုမြင်တော့ ရေဆာလာသည်။

ဖြူလုံးတို့ ငယ်ငယ်ကလည်း သည်နေရာမှာ ရေအိုးစင်ကလေး ရှိသည်။ စစ်ကိုင်းအိုးကြီးကြီးတွေက အမြဲရေပြည့်နေသဖြင့် စိုနေသည်။

တောင်၏ ထိပ်ဆုံးအရပ်ဆိုတော့ လေကလည်း အမြဲတိုက်နေသည်။

ရေအိုးကြားမှာ စပါးပင်ပေါက် စိမ်းစိမ်းကလေးတွေနှင့် ရေအိုး၏ အောက်မှာလည်း သဲစိုစိုကလေးကို ခင်းထားသည်။

သောက်ရေခွက်တော့ အမှန်မရှိ။ တစ်ခါတစ်ခါ ဝါဝါဝင်းဝင်း ကြေးဖလားဖြစ်သည်။

တစ်ခါတစ်ခါ ယွန်းရေခွက်ဖြစ်ပြီး၊ တစ်ခါတလေတော့ ရိုးတံ ရှည်ရှည်နှင့် အုန်းမှုတ်ခွက်ဖြစ်နေသည်။

ယခုအချိန်မှာ ရေအိုးစင်ဟူ၍ အတော်ရှားပါးနေပြီဖြစ်သော်လည်း ကကုသံတန်စောင်းမှ ရေအိုးစင်ကတော့ အတော်ကို ခေတ်မီနေသည်။

ရေပိုက်ခေါင်းကလေးတွေနှင့် သံကြိုးတန်းလန်း ပလပ်စတစ် ရေခွက်နှင့် ရေပိုက်ခေါင်း၏ အထက်မှာတော့ မှန်တစ်ချပ်ရှိသည်။

မှန်ကလေး၏ဘေးမှာ အပြာရောင် စာတန်းကလေးရှိသည်။ "မှန်ကြည့်ပြီး ရန်သူမိအောင် ဖမ်းပါတဲ့" တဲ့။

"အတော်စိတ်ကူးကောင်းကြတာပဲ" ဟု တွေးပြီး မှန်ကြည့်ချင် စိတ် ကုန်သွားသည်။

ရေပိုက်ခေါင်းကိုဖွင့်ပြီး ရေခွက်ကလေးကို အောက်က ခံထားလိုက် သော်လည်း ရေက တစ်စက်မှကျမလာ၊ ရေပိုက်ခေါင်းအားလုံး ပျက်နေ လေသည်။

ဖြူလုံးက ဆုတောင်းပြည့်ဘုရားထဲသို့ ဝင်ပြီး နည်းနည်းရှိခိုး၍

များများဆုတောင်းသည်။ ပြီးတော့ မျောက်နီကိုပဲ ထိုင်၍ မျှော်နေလိုက်သည်။

* * *

(၇)

မျောက်နီမျက်နှာမှာ ချွေးတွေစို့နေသည်။ ခြေလှမ်းတွေ နှေးနေပြီဆို ကတည်းက ဖြူလုံး မကြိုက်ချင်တော့ပေ။

အေးစက်လေးကန်သော အမူအရာသည် ဖြူလုံးအတွက် မကောင်း သတင်းကိုသာ သယ်ဆောင်လာမည့် အရိပ်အယောင်ဖြစ်သည်။

"အချိန်ကတော့ နည်းနည်းစောင့်ရဦးမယ်တဲ့ ဖြူလုံးရယ်။ ဆိုင်နေရာတွေကို ဘယ်နေရာပေးရမလဲလို့ ရွေးနေပါပြီတဲ့။ နေရာရွေးပြီး ဆိုင်ခန်း ရဖို့လည်း ကြိုးစားထားတယ်တဲ့။ ဆိုင်ခန်းရတာနဲ့ ဖွင့်ဖြစ်ရင် နင် အလုပ်ဆင်း ရပြီတဲ့"

မျောက်နီက မရေရာသော ကိစ္စများကို နားဝင်ချို၍ အားမငယ် အောင် ကြိုးစားပြီး ပြောနေပေမယ့်…

"ဟင်…ငါကဖြင့် ခုတောင် အလုပ်လုပ်ရတော့မှာလားလို့။ ဒါဖြင့် အကြာကြီး စောင့်ရဦးမှာပေါ့။ ဒုက္ခပါပဲဟယ်"

"စိတ်မညစ်ပါနဲ့ဟာ၊ ငါ တခြားအလုပ်တစ်ခုခုကိုလည်း မေးခဲ့ပါ သေးတယ်"

"ဟယ်…ဟုတ်လား၊ ဘယ်မှာလဲ၊ ဘာလုပ်ရမှာလဲ"

"ဒေါ်ကြီးမြတို့လည်း စဉ်းစားနေကြတယ်ဟ။ ဆိုင်မဖွင့်ရခင် အချိန်အတွင်း စီးပွားရေးတစ်ခုခု ပြောင်းလုပ်ကြည့်မလို့တဲ့။ တရုတ်တန်းဈေး မှာ မနက်ပိုင်း မုန့်သွားရောင်းမလို့ ဆိုလား။ အထည်တွေယူပြီး တောဆင်းမှာ ဆိုလား၊ သူ့ အဖော်လိုရင် နင် လိုက်ပေးမလား။ ဟင်းဖိုးလေး ဘာလေးတော့ ရမှာပေါ့"

"လုပ်မယ်လေ၊ သူက သွားမှာ သေချာလို့လား။ နင်ကလည်းဟာ၊ ဈေးချိုတို့၊ တရုတ်တန်းတို့၊ မြို့ထဲက စတိုးဆိုင်ကြီးတွေမှာကော ပြောမပေး နိုင်ဘူးလား"

"အေး…တစ်ခုခုပေါ့ဟယ်"

“နေပါဦးဟဲ့။ နင့်ဆရာက ငါ့ကို မျက်နှာဖုံးပုံရိုက်မယ်ဆို၊ အဲဒါက ကော ပိုက်ဆံမရဘူးလား။ နောက်ပြီး နန်းရှေ့ဈေးမှာ ဈေးရောင်းရမလား ဟင်”

“အင်းလေ…စဉ်းစားရမှာပေါ့၊ တစ်ခုခုတော့ ဖြစ်လာမှာပါ”

“နင့်မှာ ပိုက်ဆံဘယ်လောက်ရှိလဲဟင်၊ ပန်းဖိုးအရင်းရှိရင် ငါ ဒီမှာပဲ ဗန်းရွက်နဲ့ ပန်းရောင်းရမလား”

“ဖြူလုံးရယ်…စိတ်အေးအေးထားပါ။ သိပ်လည်း စိတ်ပူမနေပါနဲ့၊ ငါ နင့်အတွက် သင့်လျော်ဆုံးအလုပ်ရအောင် ရှာပေးမယ်။ တစ်ခုခုပေါ့ဟယ်။ သင့်တော်တာ တစ်ခုခုပေါ့”

ဖြူလုံးနှင့် မျောက်နီတို့ တောင်ပေါ်မှပြန်ဆင်းမည့်အချိန်တွင် မီးပျက်သွား၍ ဓာတ်လှေကားကြီးလည်း အနားယူနေပြီ။ ကိုယ့်ခြေထောက်ကိုယ် အားကိုး၍ ပြန်ဆင်းခဲ့ကြ၏။

အဆင်းလမ်းက လိမ့်ကျမည်စိုးသောကြောင့် စကားမပြောဖြစ်ကြတော့ဘဲ တစ်ယောက်ကိုတစ်ယောက်ထိန်း၍ ဆင်းခဲ့ကြရသည်။ ခြသေ့်ကြီးနှစ်ကောင်၏ ခြေရင်းသို့ ရောက်သည်အထိပေါ့။

**ဝင်းဝင်းမြင့်(နန်းတော်ရှေ့)**

**(အပါရောင်ပွင့်လေး ဝတ္ထုတိုမျာ၊ ၁၉၉၅)**

# စျေးချိုသူ

**သိုက်ထွန်းသက်**

**ခတ်တိုင်မှာ ပတ်ထားသည့် ပန်းနုရောင်ခြင်ထောင်ဇာစနှင့် ဘက် ကို ခပ်တင်းတင်း ဆွဲဆန့်နေသော စိမ်းစိမ်းအား အငှားကားပေါ်ကနေ လက်ခုပ်တီး အားပေးသံကြားရသည်။**

စိမ်းစိမ်းကတော့ ကားပေါ်က နှာခေါင်းပွပွကို လျှာထုတ်ပြရဲ လေ၏။ ကျွန်တော်သာ စိမ်းစိမ်းကို လှည့်ကြည့်လိုက်လျှင် မျက်လုံးချင်းဆုံ သွားမည့်ဒဏ် မခံရဲသဖြင့် မျက်နှာလွှဲထားရသည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ဆောင့်ဆောင့် ဆွဲနေရတာလဲ၊ ခြင်ထောင်ဇာပေါက်တွေ ကျယ်ကုန်ပြီလေ"

နှာခေါင်းပွပွပြောသမျှ နောက်သမျှ နားမထောင်ချင်လို့မရ။

"မင်းရော ငါရော၊ ခလေးတွေရော ခြင်ကိုက်ကုန်တော့မှာပဲ"

အခြားအခြားသော နှာခေါင်းအသေးအကြီးတွေ ဝေါကနဲဖြစ်အောင် နှာခေါင်းပွပွ လူပြက်လုပ်တတ်၏။

နိုင်လွန်ခြင်ထောင်ဇာစ ဘယ်ပြန်ညာပြန် ထပ်နေရင်းကနေ ရင်ဘတ်မှာ ပွေ့ကပ်ပြီး "အငှားကားတွေကြား တိုးဝင်သွားလေသော စိမ်းစိမ်းဆီသို့ မျက်လုံးရောက်သွားပြီး ကျွန်တော့်ပါးစပ် လှုပ်သွားသည်။ မှုချောင်မှုချောင် လုပ်ပြောနေသော ကောင်မလေး၏ စကားတစ်ခွန်းကလည်း လွတ်ခနဲ ဆဲပစ်လိုက်ချင်စရာ။

"ဖာပေါက်တွေ ကျယ်ကုန်ရင်လဲ ဖာပေးပါ့မယ်ရှင်" တဲ့။

သေနာမ၊ ခွက်ထိုးခွက်လှန် ပက်လက်လှန် ရယ်မောကျန်ရစ်ကြသော အငှားကားသမားတစ်သိုက်ကို ဆုတော်လာဘ်တော်အဖြစ် လှုပ်ရမ်းလှုပ်ရမ်း လျှောက်ပြသွားသော စိမ်းစိမ်းကို မောလျှစွာ ကြည့်နေမိတော့သည်။

"ဒီမှာ ဒီမှာ၊ မှတ်ပုံတင်ကဒ်ပြားကလေး ပလပ်စတစ်ဖုံးချင်လို့ ဘယ်လောက်ပေးရမလဲ။ ဒီဘက်လဲ လှည့်ကြည့်ပါဦး ဆရာကြီး" ဟု ငေါ့လိုက်သော ပူတူးမအသံလေးကိုတော့ ဂရုန်သုတ်သွားတောင် မမှတ်မိစရာ မရှိ။ စိမ်းစိမ်းကို အငေးလွန်နေသည်ဟု ပူတူးမ အထင်ရောက်သွားမှာစိုးသဖြင့် "ခြင်ထောင်စကြီး နှမြောစရာ" ဟု စကားလမ်းကြောင်း ပြောင်းကြည့်သည်။

"ဒါများ အဆန်းလားဟ။ အပေါ်ထပ်က ကိုက်တံနဲ့ ရုံထဲက ကိုက်တံ နှစ်ခု ညီသွားအောင် ညှိလိုက်တဲ့သဘောမျိုးပဲဟာ။ တို့က မခိုးဘဲ မဖြတ်ဘဲနဲ့ ရုံထဲသွားသွင်းတဲ့အခါကျမှ ငါးကိုက်ကနေ ငါးကိုက်မိုက်ရှော ဖြစ်သွားမှာစိုးလို့ အဲသလိုပဲ နည်းနည်းချင်း ဆွဲဆွဲပေးရတာပဲ"

ပူတူးမက ဘဝတူချင်းဘက်ကနေ ရှေ့နေလိုက်နေပြန်သည်။

"အောင်မယ်လေး‥ နည်းနည်းချင်းဆွဲပေလို့ပေါ့။ ဓာတ်တိုင်ကြီးတောင် ဒီဘက် ယိုင်နေပြီ"

ကျွန်တော့်စကားကြောင့် ပူတူးမရယ်မောသောအခါ သွားတက်လေး လက်ခနဲ မြင်ရသည်။

"နင်ကော စျေးဦးပေါက်ပလား"

ဆောင့်ကြောင့်ထိုင်နေသော ပူတူးမလေး၏ ထဘီအနားစလေးက ဘက်ထရီအိုးပေါ်မှာ ဝဲနေသည်။

"မပေါက်သေးပါဘူးဟာ။ ဘက်ထရီအိုးက ထဘီအောက်ရောက်ပြီး ဘုန်းနိမ့်နေတဲ့ဥစ္စာ"

ပူတူးမ နှုတ်ခမ်းချွန်ချွန်စူပြီး မတ်တတ်ထ၏။

"အလကား ပြောတာပါဟာ။ ငါအလုပ်မဖြစ်တာ ကိစ္စမရှိပါဘူး။ နင့်ထဘီလေး အက်ဆစ်စားကုန်မှာစိုးလို့ ပြောရတာပါ"

လေပြေထိုးသော်လည်း ခြင်းတောင်းလေးဆွဲကာ ဆောင့်ကြီးအောင့်ကြီး ထွက်သွားသည်။ စိမ်းစိမ်းသည် ပန်းနုရောင် နိုင်လွန်ဇာခြင်ထောင်စကို ဓာတ်တိုင်ပတ်ပြီး ဆွဲပြီးပြီ။ ပူတူးမရဲ့ခြင်းတောင်းလေးထဲမှာတော့ ဘာပစ္စည်းမှ ရောက်မလာသေး။ ကျွန်တော့်ဘေးက လက်ဆွဲအိတ်လေးထဲကိုတော့ သူမကြိမ်ခြင်းထဲက ထမင်းချိုင့်သေးသေးလေး နေရာရွှေ့ပြောင်းထားခဲ့ပြီ။ လက်ဆွဲအိတ်ကလေးထဲမှာ ကျွန်တော့်ထမင်းဘူးလေး ရှိသည်။ ပူတူးမ၏ ထမင်းချိုင့်လေးက ကျွန်တော့်ထမင်းဘူးပေါ်မှာ ထောင်ပြီး အုတ်နံရံကို မှီနေလေသည်။

ကျွန်တော်ရှေ့မှောက်ကို ဈေးဦးပေါက် မိတ်ဆွေကြီးတစ်ယောက် ရပ်လာချိန်မှာ ပြေးသံလွှားသံ ဝေါခနဲ ညံသွား၏။ သံလိုက်တုံးကြီးတစ်တုံးကို သံမှုန့်သံစလေးတွေ ပြေးကပ်သွားသလိုမျိုး။ ကုန်တိုက်ကြီးထဲ ပြေးဝင်သွားသော လူအုပ်ကြီးထဲမှာ ကျွန်တော့် ပူတူးမလေးလည်း တွန်းကာတိုက်ကာ ပါသွားရှာလိမ့်မည်။ ပြီးတော့ ဟို…စိမ်းစိမ်းဆိုသည့် ကောင်မလေးလည်း လူအုပ်ထဲမှာ ပါသွားပါလိမ့်မည်။

"ရော့ ငါ မကုန်နိုင်ဘူး။ နင့်ထဲ ထည့်ဦး"

ပြောပြောဆိုဆိုနှင့်ပင် ထမင်းချိုင့်ထဲက ဝါကျင့်ကျင့်ပွစိစိထမင်းသုံးလေးလုတ်စာကို ကျွန်တော့်ထမင်းဘူးထဲ စွတ်ထည့်နေသော ပူတူးမကို မော့ကြည့်မိ၏။

ကျွန်တော့်မျက်လုံးများကို ခပ်ရှောင်ရှောင် လုပ်နေသည့် ပူတူးမ၏ မျက်ဝန်းရိပ်မှာ ကရုဏာငွေ့ သီဖွဲ့နေမလား။ ကျွန်တော် မခန့်မှန်းတတ်။ ကျွန်တော့်ထမင်းဘူးထဲက ဒညင်းသီးတစ်လုံးကို တစ်ဝက်တိတိ ပါးစပ်နှင့် ကိုက်လိုက်ရမလား၊ ဟိုဘက် သည်ဘက် ထက်ခြမ်းခွဲလိုက်ရမလား၊ အစဉ်းစားလွန်နေတာနှင့်ပဲ ပူတူးမချိုင့်ထဲ မထည့်လိုက်ရတော့။ ပူတူးမ ထမင်းလက်စသပ်သွားပြီ။ ဒီကောင်မလေး ထမင်းစားတာကိုကလည်း သုတ်သီးသုတ်ပျာ နိုင်လွန်းသည်။ ကျွန်တော့်အဖွားတို့ ခေတ်က ဗုံးကြဲလေယာဉ်ပျံလာခါနီး ညစာစားသလိုမျိုး။ ကျိုးလန့်စာစား။ အဲ…ကားလာပြီဆိုလျှင်တော့ ကျွန်တော်တို့လက်ညှိုးထောင် ကိုယ်ရောင်ဖျောက်ကြရလိမ့်မည်။ ပလပ်စတစ်

ဖုံးစက်လေးနှင့် ဘက်ထရီအိုးလေး လက်ကဆွဲပြီး ဟိုနားသည်နား ကပ်လိုက်တာနှင့် ကိစ္စပြီးပါသည်။

ခန်းမ(၂)လေ့ကားက ပြေးတက်မလား၊ သောက်ရေအိုးတွေ အများကြီးနှင့် ရေကုသိုလ်ပြုထားသည့် ကုန်ပဒေသာဆိုင်ထဲ ပြေးဝင်ပုန်းမလား။ ဘယ်သူမျှ မောင်းမထုတ်။ ကုန်ပဒေသာဆိုင်က ပုဂ္ဂိုလ်ကြီးကိုယ်တိုင်က ဒုက္ခသည်တွေအပေါ် စာစာနာနာရှိသည်။ ပူတူးမအတွက်ကတော့ ပိုတောင်လွယ်သေး။ ခြင်းတောင်းကလေး လက်မှာချိတ်၊ ခပ်ငြိမ်ငြိမ်လေးထွက်သွားရုံ။ ကုန်ပဒေသာဆိုင်ဘေး၊ ပန်းရိုးမဘေး၊ စာနယ်ဇင်းအရောင်းဆိုင်ဘေးမှာ ခင်းခင်းကျင်းကျင်း လုပ်ထားသူတွေသာ အထိုင်နေး အထနေးစရာအကြောင်းရှိသည်။ သူတို့လည်း အထုပ်အပိုးတွေ လည်ပင်းမှာလွယ်ရင်း၊ ခွေးပြေး ကြောင်ပြေး မပြေးနိုင်တောင် ဝက်ပြေး၊ ကျွဲပြေး ပြေးကြမည်သာ။

ကြောက်ပြီး ထမင်းစားမြန်တာ မဟုတ်လျှင်တော့ ကုန်တိုက်ကြီးထဲက သံလိုက်ကောင်တွေဆီ စိတ်ရောက်နေတာဖြစ်လိမ့်မည်။ ဘယ်အရောင်းကောင်တာက ခလုပ်နှိပ်လိုက်မလဲ တွေးတွေးတောတောနှင့် လောကြီးနေတာ ဖြစ်နိုင်သည်။ ကြွေထည်၊ မြေထည်လား၊ အထည်အလိပ်လားလျှပ်စစ်ပစ္စည်းလား၊ တချို့ကတော့ အပေါ်ထပ်ဆို အပေါ်ထပ်၊ အလယ်ထပ်ဆို အလယ်ထပ်၊ အောက်ဆုံးထပ်ဆို အောက်ဆုံးထပ်၊ သူ့အထပ်နှင့်သူ၊ သူ့အကပ်နှင့်သူ။ ပူတူးမခမျာကတော့ ဖတ်သီဖတ်သီ။ ဟိုခုန်လိုက် သည်ကူးလိုက်။ တစ်ခါတစ်ခါတော့လည်း မျောက်သစ်ကိုင်းလွတ်၊ သူ့မျက်နှာလေးရှုံ့မဲ့ရှုံ့မဲ့။

စိမ်းစိမ်းတို့ကျတော့ ပူတူးမထက် အပုံကြီးသာသည်။ သည်ပတ်ဝန်းကျင်က ဟိုလူကြီး သည်လူကြီးတွေနှင့်လည်း အလိုက်အထိုက်ပေါင်းတတ်သည်။ ယုတ်စွအဆုံး၊ မီးပွိုင့်က ယာဉ်ထိန်းရဲကြီးတွေနှင့်တောင် ရောရောဝင်ဝင်ဖြစ်နေပြီ။ စိမ်းစိမ်းက မိတ်ဆွေတချို့ကို အပေါ်တက်ဝယ်ခိုင်းလျှင် အရောင်းထိုင်းပစ္စည်း အတွဲမပါပဲနှင့် လိုချင်တာလေးတွေတောင်ရတတ်သည်။ ဟိုတုန်းကဆို မန္တလေးရမ်တို့၊ လေးပေမီးချောင်းတို့ အမြဲရခဲ့ဖူးသည်။

မန္တလေးရမ်လည်း ကုန်တိုက်ပေါ် မပျော်တာ ကြာချေပေါ့။ ပလက်ဖောင်းပေါ်မှာတော့ မန္တလေးရမ်ရှိသည်။ ဒါးတံဆိပ်ပေါင်ဒါ ယူမလား၊ ဘာလီဖျော်ရည်ဝယ်မလား၊ အားလုံးရှိသည်။

ကျွန်တော့်ရှေ့မှာ အလုပ်လာအပ်သည့် နှုတ်ခမ်းမွေး ကားကားကြီးကတော့ စပ်စပ်စုစုနိုင်လှသည်။ ပလပ်စတစ်ဖုံးခ နှစ်ကျပ် သုံးကျပ်နှင့် မတန်အောင် အမေးအမြန်းထူမဆုံး။ သူမေးသမျှ ဖြေမိလျှင် သည်နေရာက လေးဘက်ထောက် ပြေးရလိမ့်မည်။ ပြီးတော့ တိုးတိုးတိတ်တိတ်လည်း မဟုတ်။

"အဲဒီအရက်က စစ်ရဲ့လားကွ"

"ဘာလီပုလင်းက ရေတွေများလား"

"ကုန်တိုက်ဘေးမှာ ရောင်းတဲ့အသည်တွေကတော့ စိတ်ချရတယ်ဆို။ လမ်းကျော်လိုက်တာနဲ့ ပစ္စည်းမမှန်တော့ဘူး ကြားဖူးတယ် ဟုတ်ရဲ့လား"

ဈေးသည်အချင်းချင်းလည်း ခွဲခြမ်းခွဲခြမ်း လုပ်သေးသည်။

ကျွန်တော်ဖုံးပေးလိုက်သည့် ပလပ်စတစ်ကဒ်လေး ရေလုံမိုးလုံ ရှိမရှိတော့ မမေး။ မျက်လုံးကလည်း အငှားကားပေါ် တက်ထိုင်နေသည့် စိမ်းစိမ်းဆီ ရောက်နေသေးသည်။ သည်လူကြီးလည်း နှာခေါင်းပွတတ။

တကယ်ဆို နာရီစင်ရှေ့ကပ်ပြီး နေပူကျက်ကျက်ကြီးထဲ လက်သီးလက်မောင်းတန်း အော်နေသည့် အသက်ငါးဆယ်ကျော်လောက်ရှိသည့် စိတ်ရောဂါသည်အဖွားကြီးကို စိတ်ဝင်စားဖို့ ကောင်းသည်။ ပူတူးမကတော့ "ဟဲ့ ဝေလင်း နင့်နှာမည် ခေါ်နေတယ်။ မှတ်ပုံတင်ကဒ် ဖုံးခိုင်းမလို့နဲ့ တူတယ်။ သွားလိုက်ဦး" ဟု စတတ်သည်။ အရူးဆိုတာကတော့ နေရာတကာ ရှိနိုင်တာပါပဲ။ အငှားကားပေါ်ထိုင်နေသည့် နှာခေါင်းပွပွလည်း ရူးနိုင်သည်။ မှတ်ပုံတင်ကဒ်၊ ကျောင်းသားကဒ်၊ ဘာကဒ်၊ ညာကဒ် ပလပ်စတစ်ဖုံးသည့်ကျွန်တော်လည်း ရူးနိုင်သည်။ ကုန်တိုက်တိုးသည့် လူ့ပုံကျတွေကို အရင်းအနှီးထုတ်ထုတ်ပေးပြီး အတိုးနှင့်ချေးသည့် ကုန်ပဒေသာဆိုင်ပေါက်က ချာလီထီးနှင့် ပုကွကွအမျိုးသမီးလည်း ပိုက်ဆံတွေ ဆုံးသွားလျှင်

ရှုးသွားနိုင်ပါသည်။ စိတ်ရောဂါသည် အဘွားကြီးက နာမည်ခေါ်ပြီး ကလော်တုတ်နေသည်။ ကျွန်တော့်နာမည်ခေါ်နေသည်ဟု ပူတူးမက စနေသည်။

ကျွန်တော့်အလုပ်လေးတွေ လေးချိုး ငါးချိုး ပြီးသွားချိန်မှာ ပူတူးမ ပြန်လာသည်။ ခြင်းတောင်းထဲမှာ ကြွေရည်သုတ်မတ်ခွက်လေးတွေ ပါလာသည်။ မတ်ခွက်တွေအောက်က ကြွေရည်သုတ်ပန်းကန်ပြားတွေကတော့ လိန်တိန်ပိန်တိန်။ အပဲ့အရွဲ့တော့ သိပ်မပါ။ ဟိုတစ်ခါက ထမင်းအုပ်တို့၊ နောက်ဖေးအိုးတို့လောက်တော့ မဆိုး။ ဆိုဗီယက်နှင့် အမေရိကန် အာကာသယာဉ်နှစ်စင်း၊ ဟင်းလင်းပြင်မှာ ဂွတ်ကနဲ အံကျကပ်မိချိန်လောက်မှာ ထမင်းအုပ်လေးက အဖုံးနှင့် အုပ် အလွဲလွဲအချော်ချော်။

ပူတူးမလေးကတော့ ကြွေရည်သုတ်ပန်းကန်ပြားဖင်ကို လက်ညှိုးနှင့် ခေါက်ခေါက်ပြီး အတော်လေး အူမြူးနေချေသည်။ သည်ယနေ့အဖို့ ပူတူးမအတွက် ကြွေရည်သုပ် ပန်းကန်ပြားလေး ဖင်က အသံထွက်သလိုမျိုး တိန်တိန်မြည်ဦးမည်ကတော့ သေချာပြီ။

မနေ့က တိန်တိန်မြည်ခဲ့သော ပူတူးမလေးကို သည်နေ့ပြန်တွေ့သောအခါ မျက်နှာပေါ်မှာ မိုးရိပ်တိမ်မဲဆင်လျက်။

''ဘာဖြစ်တာလဲ'' ဟု မျက်နှာကဲခတ်မိသူက မေးသော်လည်း မဖြေ။ နှစ်ခါသုံးခါမေးလေမှ လမ်းတစ်ဘက်က စိမ်းစိမ်းဆို ဈာတ်စောင်းတစ်ချက်ပစ်ပြီး 'နင့်ကောင်မပေါ့' ဟု စကားချီသည်။

''နင်တို့ ရန်ဖြစ်လာကြလို့လား''

ကျွန်တော် တိုးတိုးလေးမေးမှ ပူတူးမ အသံကျယ်သည်။

''သူနဲ့တုပြီး ရန်မဖြစ်ပါဘူး။ မခံနိုင်တဲ့တစ်နေ့သာ ဝါးခွဲရိုက်ထည့်လိုက်မယ်။ ဘာဖြစ်လို့ ရန်ဖြစ်ကြတာလဲ မေးရင်တော့ အဖြေရှိပါတယ်။ အမှန်အတိုင်းပြောရရင် သူပဲ နစ်နာမယ်''

ဆယ်တန်းအထိ ကျွန်တော်နှင့်အတူ ကျောင်းနေခဲ့ဖူးသော ပူတူးမ အနေနှင့်ကတော့ စကားကို ချိန်ချိန်ဆဆ ပြောချင်ပုံရသည်။ ရောမခန်းလုံးပြည့် ကော်ဇောလိပ်ကြီးတစ်လိပ်ကို မနိုင်မနင်းရွက်ပြီး လမ်းတစ်ဖက်ကူး

လာသော အမျိုးသမီးကြီးတစ်ယောက်နှင့် စိမ်းစိမ်း ဘာစကားပြော မတည့် လိုက်သည် မသိ။ အမျိုးသမီးကြီးက တွတ်ပွတ္တတ်ပွ လုပ်သွားသည်ကို လှမ်းမြင်ရ၏။

''မနေ့က ရုံထဲပို့ချိန်မရလို့ ပါသွားတဲ့ပစ္စည်းတွေ အရပ်ထဲ ပြန်ရောင်းတယ်လေ သိလား။ ငါရောင်းသလိုပဲ စိမ်းစိမ်းလဲ အရပ်ထဲ လှည့်ရောင်းတယ်။ သူက ရှေ့က ငါက နောက်က၊ သူက ငါရောင်းတဲ့ ဈေးထက် နှစ်ကျပ်သုံးကျပ် လျှော့ရောင်းတယ်''

ကျွန်တော်က ပူတူးမကို စချင်သဖြင့် ရယ်ကျဲကျဲ ဖြစ်သွားသည်။

''ကောင်းတာပေါ့ဟ၊ ကိုယ့်အရပ်သူ အရပ်သားတွေ သက်သာ ချောင်ချိရေးဖြစ်တာပေါ့''

ပူတူးမ သွားတက်လေးက အစွယ်လေးနှင့် တူသွားပြီ။

''မချောင်ချိနိုင်ပေါင်။ အဲသလို အရှုံးခံရောင်းဖို့အတွက် ပင်ပင် ပန်းပန်း တိုးဝှေ့ဝယ်ခဲ့တာမှ မဟုတ်ပဲ။ အဲဒီကောင်မကတော့ ညနေပြန်ချိန် ကျမှ တခြားဈေးသည်တွေဆီက နည်းနည်းဟန်ပြဝယ်ထားပြီး အရပ်ထဲကျ ကုန်တိုက်က ပြန်လာသလိုလို အယောင်ဆောင်တာ။ အလုပ်ပြကောင်းရုံ''

ပူတူးမက စကားကို လက်စမသပ်။ ကုန်တိုက်ဘက်ဆီ ကူးသွား ပြန်ပြီ။ ကျွန်တော်သာ အလုပ်ပေးမည့်သူ မရှိရသည့်အထဲ ခေါင်းရှုပ်ပြီးရင်း ရှုပ်ကျန်ရစ်၏။ ကိုယ့်အရပ်သူအချင်းချင်း အတွင်းသိအပြင်သိကိစ္စကို လူထဲချ ပြပြီး ဆဲရေးတိုင်းထွာခြင်းမပြုသည့် ပူတူးမလေးကို ကျွန်တော် ကြိတ်ပြီး ချီးကျူးမိနေသည်။ စိမ်းစိမ်းကို သည်အမျိုးအစားဟု နားလည်သွားကြသူ တွေက ပူတူးမကိုရော သည်ပုတ်ထဲကသည်ပဲဟု မသမုတ်ကြဘူးလို့ကော ပြောနိုင်ပါ့မလား။

မျက်စိထဲမှာတော့ ခန်းမအောက်က သေးပင်လယ်ထနေသည့် အများသုံးအိမ်သာထဲ ဝင်ဝင်သွားပြီး နှုတ်ခမ်းနီဆိုးဆိုးထွက်လာသော စိမ်းစိမ်း ရုပ်ပုံလွှာ ရစ်ဝဲနေလေပြီ။

× × ×

သူ့အမေ အတော်နေမကောင်းလို့ဆိုပြီး သည်ကနေ့ ပူတူးမ

ထမင်းချိုင့်လေးတောင် ယူမလာတော့။

ကျွန်တော့်ထမင်းဘူးလေးထဲက တစ်ဝက်ခွဲကျွေးပေမယ့် တစ်ခါနှစ်ခါပဲ စားသည်။ စိမ်းစိမ်းနှင့် လက်သုတ်စားထားတယ်၊ မုန့်တီ စားတယ် ပြောပြောပြီး အနားမကပ်။ စစ်ကိုင်းတစ်ဖက်ကမ်းက မြန်မာဆရာ သွားသွားပင့်ရတာနှင့်ပဲ ကောင်မလေး မောနေပြီ ထင်သည်။ ပူတူးမ အလုပ်အကိုင်မမှန်လေမှ စိမ်းစိမ်းကို သတိရမိသည်။

သူတို့ သူငယ်ချင်းချင်း အခေါ်အပြောမပျက် ပြန်ဖြစ်နေကြပြီဆိုတော့ ဝမ်းသာရသည်။ ကုန်တိုက်ကလည်း ဘတ်ဂျက်ပြီးကာစဆိုတော့ ကျိုးတိုးကျဲတဲ။

ကျွန်တော် ထမင်းနှစ်လုတ်သုံးလုတ်စားပြီး မျိုမကျဖြစ်နေချိန်မှာ ပူတူးမ အနားလာရပ်သည်။ အဖြူသဲကြိုးနှင့် ပလပ်စတစ်ဖိနပ်ပါးပါးလေး စီးထားသော ခြေထောက်ဝင်းဝင်းလေးမှာ ခြေသည်းပန်းရဲလေး ဆိုးထားတာ မြင်ရ၏။

"သူတို့များကျတော့ ပွဲတော်တည်ချိန်ကို မှန်လို့"

သွားတက်လေး အလက်လိုက် ငေါ့သံချိုချို ကြားရသည်။ မျက်နှာပေါ်မှာတော့ အခြယ်အသ မပြယ့်တပြယ်။

"ဘယ်လျှောက်သွားနေတာလဲ"

ကျွန်တော့်ကို ပိုင်ဆိုးပိုင်နင်း ငေါက်သည်။

"ထမင်းစားမှာလား" ဟုလည်း မေးသည်။

ဆံမျှင်လေးတွေ ဖွဖွလွင့်သွားအောင် ခေါင်းကိုရမ်းပြီးမှ မင်္ဂလာဆောင်က ပြန်လာတာဟု ပြောသည်။

ယခုတလော ပူတူးမလည်း ကိစ္စတွေ များလွန်းနေပြန်သည်။

မုန့်တီခေါက်ဆွဲဆိုင်ဖွင့်ဖို့ရာ စီမံကိန်းဆွဲနေသော အခေါက ကြွေဇလုံ သုံးလေးလုံးကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး အားရဝမ်းသာ လာပြသည်။

"ဟန်ကျတယ်ဟော့၊ စိမ်းစိမ်းဆီက သုံးလုံး၊ ပူတူးမဆီက လေးလုံး၊ ခုနှစ်လုံးတောင် ဝယ်ဖြစ်သွားပြီ" ဟု ပြောပြော ပြပြလုပ်သည်။ အဒေါ်လက်ထဲက ကြွေရည်သုတ်ဇလုံ ဝါဝါလေးတွေကို လှမ်းယူကာ အသာ

လေးပွတ်သပ်ပြီး အပွန်းအရှရှာတာ မဟုတ်ပါဘဲ အကြာကြီးကြည့်နေမိ၏။

သည်ကြွေစလုံလေးတွေ ဘယ်လောက်ဝယ်ရသလဲ၊ ဘယ်သူက ဈေးပိုချိုသလဲ။ အဲသလိုစပ်စပ်စုစု လုပ်ချင်စိတ်လေးကိုတော့ တံတွေးနှင့်အတူ မျိုချလိုက်ပါသည်။

သိုက်ထွန်းသက်

သာရမဂ္ဂဇင်း (ဧပြီလ၊ ၁၉၇၉ ခုနှစ်)

# ရွှေကြာပင်တိုက်ခန်းက မန္တလေးအလွမ်း

မောင်သာဝို

ဟီးနိုးကားအိုကြီးပေါ်က မအေးသူကို ကြည့်ပါဦး။

ဟုတ်ပါတယ်။ ဟီးနိုးကားအိုကြီးပေါ်မှာ မအေးသူက နောက်ပြန်ထိုင်လိုက်လာခဲ့တာပါ။ ကျန်ရစ်တဲ့ မြို့တွင်းမြင်ကွင်းများကို ငေးမောကြည့်ရင်း လိုက်ပါလာခဲ့တာမို့ သူ့မျက်လုံးတွေက ရီဝေနေသလိုပဲ။ သမီးအကြီးမနဲ့ သားငယ်တို့ကလဲ သူတို့အမေရဲ့ ရီဝေနေတဲ့မျက်နှာကို မော်ကြည့်ရင်း လိုက်ပါလာခဲ့ကြတယ်။ ကားနောက်မြီးမှာ သူတို့နဲ့ ကျွန်တော်က မားလွှယ်ခုတ်မကျတကျ ခပ်စောင်းစောင်း လိုက်ပါလာခဲ့ရတာဆိုတော့ သူတို့မျက်နှာတွေကို အကုန်မြင်နေရတာပေါ့လေ။

ကြည့်လေ။ သမီးကြီးရဲ့ရင်ခွင်မှာ သူ့အချစ်တော် ကြောင်မလေး "ပူစီ"ကို ပွေ့ထားသလို သားတော်မောင်က သူကစားဖော် "ဝိုင်းလုံ"ကြီးကို ပွေ့ဖက်ထားလေရဲ့။ ဝိုင်းလုံကြီးက သားတော်မောင်ရဲ့ မျက်နှာကို လျှာနဲ့လျက်လို့ပေါ့လေ။

ကျွန်တော်တို့မိသားစုဟာ မန္တလေးမြို့ကြီးရဲ့ အလယ်ဗဟိုလမ်းမကြီးပေါ်မှာ မြောက်အရပ်ဆီကနေ တောင်ဘက်အရပ်ဆီကို သွားနေကြပါ

တယ်။ ကျွန်တော်က ကားပေါ်မှာ မတ်တက်ရပ်လိုက်ရတာဆိုတော့ ကျွန်တော်တို့မင်္ဂလာဦးတုန်းက အဝတ်အစားထည့်တဲ့ ဗီရိုကြီးကိုမှီပြီး ထောင်ထားတဲ့ (ကာဝါစကီ)ဆိုင်ကယ်ကြီးကို ကိုင်ထားရပါတယ်။ လက်တစ်ဖက်က မအေးသူ အပျိုတုန်းက သုံးခဲ့တဲ့ (ဆင်းကား) အပ်ချုပ်စက်ကလေးကို ကိုင်လို့ပေါ့လေ။

ဒီအပ်ချုပ်စက်ကလေးကို ကျွန်တော်တို့ မင်္ဂလာဆောင်တုန်းက လက်ဖွဲ့စာရင်းထဲကို အဘွားက သွင်းပေးလိုက်တာပါ။ မအေးသူဟာ အဘွားရဲ့အချစ်တော်မို့ မအေးသူအပေါ်မှာ အဘွားက ဘာမဆို ရက်ရောပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မင်္ဂလာဆောင်တုန်းက လက်ဖွဲ့စာရင်း မသွင်းဘဲ မင်္ဂလာဦးညမှာ အဘွားကို ကန်တော့ကြတော့ အဘွားက ကျွန်တော့်ကို (ရိုးမား) နာရီတစ်လုံး သူကိုယ်တိုင် ပတ်ပေးလိုက်သလို မအေးသူကိုလဲ စိန်နားကပ်လေးတစ်ရံ သူကိုယ်တိုင် ပန်ပေးလိုက်ပါတယ်။

ကျွန်တော်နဲ့ မအေးသူမင်္ဂလာဆောင်တုန်းက အဘွားက အရွယ်ကောင်းတုန်းပါ။ ပြီးတော့ ဈေးချိုမှာ အထည်ဆိုင်ကြီးနှစ်ဆိုင်ရှိသလို အရပ်ထဲမှာလဲ အမျိုးသမီးသီးသန့် အပ်ချုပ်ဆိုင်ကြီးနဲ့ဆိုတော့ မိတ်သင်္ဂဟ အလွန်ပေါတာပေါ့။ ဒါကြောင့်လဲ ကျွန်တော့်ကို သူ့အချစ်ဆုံးတပည့်မလေး မအေးသူနဲ့ ထိမ်းမြားလက်ထပ်ပေးတဲ့မင်္ဂလာပွဲမှာ ပရိသတ်တွေ အတော်စည်ကားခဲ့ပါတယ်။

အဘွားက မန္တလေးဈေးချိုသူပီပီ အပြောအဆိုယဉ်ကျေးသလောက် အနေအထိုင်က သပ်သပ်ရပ်ရပ် ပိပိရိရိ နေထိုင်တတ်သလို ဆင်ယင်ထုံးဖွဲ့မှုကလဲ ပြင်တာနဲ့ မန္တလေးသူမှန်း သိလောက်တယ်ဆိုတဲ့ အစားမျိုးထဲကရယ်။ အဘွားရဲ့ ဈေးချိုသူ ဟန်ပန်အမူအရာနဲ့ အနုအကြွအလှ စကားသံလေးတွေကို ဒီနေ့အထိ မန္တလေးသူမန္တလေးသားများ ပြောလို့မဆုံးကြသေးတာ။ ကျွန်တော်ကိုယ်တိုင် ကြားနေရတုန်းပါ။ အဘွားကိုယ်တိုင် ဆိုင်ပေါ်မှာထိုင် ဈေးရောင်းစဉ်က ဈေးဝယ်နဲ့များ အချီအချစကားပြောကြပြီဆိုရင် ဆိုင်နားနီးချင်းတွေ တောင် ငေးနားထောင်ကြရတာဆိုတော့ ကမ်းကုန်ပါတယ်။ ဟုတ်တယ်။ အဘွားက ဈေးဝယ်သူကို မေတ္တာအခင်းအကျင်းတွေနဲ့ ကြိုဆိုဧည့်ခံပြီး

ဈေးရောင်းသူရယ်။

အဘွားက အဲဒီလို အရည်အချင်းတွေပြည့်စုံသူမို့ ကျိုကျိုတက် ချမ်းသာသူကြီးမဟုတ်ပေမယ့် အလယ်အလတ် ကြေးရည်တတ်တန်းဝင် ဖြစ်နေပါတယ်။ ဒါကြောင့်လဲ ကျွန်တော်နဲ့ မအေးသူရဲ့ မင်္ဂလာဆွေ့ခံပွဲမှာ ပရိသတ်စည်ကားတာဖြစ်ပါတယ်။ စည်ကားတာပဲ မပြောနဲ့။ မန္တလေး ပရိသတ်ရဲ့ အသည်းစွဲ မြို့မတူရိယာတီးဝိုင်းကြီးကလဲ ပါလိုက်သေးတာကိုး။ အဲဒီတုန်းက မြို့မအဆိုတော် "ကြွယ်ကြွယ်"က "မောင် ရှေ့သို့ တည့်တည့် လျှောက်မယ်လေ။ မေလဲ နောက်ကလိုက်မယ် မောင်ရေ.." ဆိုတဲ့ ဆရာ မြို့မငြိမ်းရဲ့ လက်ရာတေးကို သီဆိုနေတော့ ကျွန်တော်က မအေးသူမျက်နှာ လေးကို အလိုလို ငုံ့ကြည့်မိလိုက်ပါတယ်။ မအေးသူက သူ့ရဲ့ရှက်သွေးဖျန်းပြီး ပန်းနုရောင်သန်းနေတဲ့ မျက်နှာလေးကို ငုံ့ထားပါတယ်။ ပြီးတော့ ကျွန်တော့် လက်ကို ကျစ်ကျစ်ခိုင်ခိုင် ဆုပ်ကိုင်ထားပါတယ်။ မအေးသူရဲ့လက်ကလေး ဟာ အဲဒီအချိန်မှာ ချစ်သွေးများ ကြွနေလို့လား မပြောတတ်။ နွေးနွေးလေး ဖြစ်နေတာ သတိထားမိလိုက်တယ်။

× × ×

ကျွန်တော်က မအေးသူရဲ့ ဆင်းကားအပ်ချုပ်စက်ကလေးကနေ အတွေးနယ်ချဲ့ရင်း လိုက်ပါလာခဲ့တာကြောင့် မဟာမြတ်မုနိဘုရားကြီး အရှေ့ မုခ်ကနေ ရှမ်းစုဘူတာကျော်ဖြတ်ခဲ့တာတောင် သတိမထားမိလိုက်ဘူး။ မအေးသူကိုကြည့်လိုက်တော့ သူက မှုန်ရီမှေးပြီး ခပ်ငေးငေးလေး လိုက်ပါ လာတယ်။ ရှမ်းစုဘူတာကျော်ခဲ့တော့ ရွှေရောင်တဝင်းဝင်းနဲ့ မဟာမြတ်မုနိ ပြသာဒ်တော်ကြီးကို လက်အုပ်ကလေးချီပြီး ဦးခိုက်ရင်း နှုတ်ခမ်းလေးတွေ ရွရွလှုပ်လို့၊ ဘာတွေဆုတောင်းမေတ္တာပို့နေတယ်မသိ။ သူ့နှုတ်ခမ်းလေးတွေ ကတော့ တော်တော်ကြာအောင် လှုပ်နေတာပဲ။

ကျွန်တော်နဲ့ မအေးသူတို့သားအမိသုံးယောက် ထိုင်နေတာဟာ ဓားလွယ်ခုတ်မကျတကျမို့၊ မအေးသူရဲ့မျက်နှာကို ဘေးတိုက်မြင်နေရပါ တယ်။ မအေးသူရဲ့မျက်နှာပေါ်မှာ ညနေဆည်းဆာ နေခြည်နုလေး ဖိတ်စင် ကျထားလို့ ဝါဝါညက်ညက်ကလေး ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်

သတိထားပြီး နှစ်ခါပြန် ကြည့်မိတယ်။ ပြီးတော့ ကျွန်တော် ကောက်ချက်ချလိုက်တယ်။

ဟုတ်တယ်။ ဖျက်မိန့်နဲ့အတူ မိမိတို့အိမ်လေးကို ဖျက်ပြီး ကားပေါ်တင်နေကတည်းက မအေးသူမျက်နှာလေး ညှိုးနွမ်းနေရှာတာပါ။ ဒီတော့ အခု သင်းမျက်နှာပေါ်မှာ ညနေဆည်းဆာနေခြည်နုကျနေလေတော့ အနွမ်းပန်းတစ်ပွင့်နဲ့ ဘာမှမခြားတော့ဘူး။ ဒါက အပြစ်မရှိသူဟူသမျှ ပန်းနဲ့နှိုင်းဆကြည့်ပြီး ပြောတာပါ။ မအေးသူက သာမန်ရိုးရိုးအေးအေးနဲ့ သူ့ကိုယ်သူ အပြစ်ကင်းအောင်နေထိုင်တဲ့ မိန်းမသားတစ်ဦးမဟုတ်လား။ ဒါကြောင့် ကျွန်တော် မအေးသူကို အနွမ်းပန်းတစ်ပွင့်နဲ့ ပမာပြုလိုက်တာပါ။

နွမ်းပေမှာပဲ။ မနက်တုန်းက အိမ်ကလေးဖျက်ပြီး ကားပေါ်တင်နေစဉ်ကတည်းက ညှိုးနွမ်းနေတဲ့ ဒီမျက်နှာဟာ အခုလို သူ့အိမ်နေရာလေးနဲ့ သူချစ်တဲ့ မန္တလေးမြို့ကြီးကို သစ်စိမ်းချိုးချိုးပြီး ထွက်ခွာလာခဲ့ရတော့ ဘယ်မိန်းမသားများ ရွှင်ရွှင်ပျပျ ရှိနိုင်မှာတဲ့လဲ။ ကျွန်တော် ထပ်တူထပ်မျှ ခံစားရပါတယ်။

ကျွန်တော်တို့ မိသားစု အခုသိပ္ပံလမ်းမကြီးပေါ်ကနေ ညာဘက်ကို ချိုးပြီး ပထမမြို့သစ်ကို ကျော်ဖြတ်နေပါတယ်။ ကြည့်စမ်း။ ပထမမြို့သစ်တောင် တော်တော်စည်ကားနေပြီ။ တို့လဲ နောက်တော့ ဒီလိုစည်ကားလာမှာပါ။ ကျွန်တော် ဘာရယ်မဟုတ်ပါဘူး။ ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ရင်းလိုက်လာမိတာပါ။ အဲဒီလို ကိုယ့်စိတ်ကိုယ်ဖြေသိမ့်ရင်း လိုက်ပါလာစဉ်မှာ စက်မှုမြို့သစ်ဆီသွားရာလမ်းကနေ အင်းခရုဘုရားဘက်ကို ချိုးကွေ့လိုက်ပြန်ပါတယ်။ ကားပေါ်မှာ ကျွန်တော်တို့ မိသားစုလေးယောက်စလုံး အတွေးကိုယ်စီနဲ့ ငြိမ်ဆိတ်ပြီး လိုက်ပါလာခဲ့ကြပါတယ်။

အင်းခရုဘုရားကနေ အရှေ့ဘက်တော်တော်လေး ရောက်သွားတော့ လမ်းက တော်တော်ဆိုးလာပါတယ်။ ကားက ချိုင့်ထဲကျလိုက်၊ ကမူပေါ်တက်လိုက်နဲ့မို့ ပါလာတဲ့ ပန်းကန်ခွက်ယောက်ကလေးတွေ ကွဲရကုန်မှာစိုးရိမ်ကြောင့်ကြ ဖြစ်မိလိုက်တယ်။ ကားကလဲ "ဂလုံး၊ ဂလွမ်း" နဲ့ဆူညံနေတာပဲ။ မအေးသူကတော့ အားလုံးကို ဥပေက္ခာပြုထားတာလား

မသိဘူး။ ဘယ်သူ့မှ စကားမပြောတော့ဘဲ ဒီအတိုင်း ရေခဲတုံးပမာ ငေးငေးငေါင်ငေါင်နဲ့ လိုက်ပါလာခဲ့တယ်။

ကျွန်တော်တို့မိသားစုဟာ ကျွန်တော်ကအစ မန္တလေးကို အချစ်ကြီး ချစ်ကြသူများမို့၊ အခုလို မန္တလေးကို သစ်စိမ်းချိုးချိုးပြီး ကျောခိုင်းထွက်ခွာ လာခဲ့ကြရတာ ရင်ထဲမှာ ဘယ်သူ့မှ မချိကြပါဘူး။ ကျွန်တော်ကိုယ်တိုင် ရင်ထဲမှာဆို့နင့်ပြီး မျက်ရည်မကျမိအောင် အကြိမ်ကြိမ် ထိန်းနေရပါတယ်။ ပြီးတော့ မအေးသူတို့ သားအမိများကိုလဲ အားပေးစကားပြောပြီး နှစ်သိမ့်ရ ပါသေးတယ်။ ဒါကြောင့် တို့ဟာ မန္တလေးကနေ ဘယ်မှထွက်သွားရတာ မဟုတ်တဲ့အကြောင်း ပြောရပါတယ်။ အဲဒီလိုပြောတဲ့အခါ သမီးက ဒေါသသံလေး ငွေ့ငွေ့ပါတဲ့စကားနဲ့ ကျွန်တော့်ကို ပြန်ပြောပါတယ်။

"ဖေဖေကသာ မန္တလေးမြေပေါ်က ဘယ်မှ မထွက်ရသေးဘူး ပြောနေတယ်။ အခုကိုပဲ သမီးတို့ တောထဲရောက်နေပြီ။"

သမီးက အဲဒီလိုပြောတော့ သားက သူ့အစ်မပြောတာကို ထောက်ခံ တယ်။

"ဟုတ်တယ်ဖေဖေ၊ မမြင်ဘူးလား၊ ဟိုမှာ ငှက်တွေ ပျံသွားတာ အများကြီးပဲ။ အဲဒါ တောမဟုတ်လို့ ဘာလဲ"

သူတို့ပြောတာ တစ်စိတ်တစ်ပိုင်းတော့ မှန်ပါတယ်။ ဒါပေမယ့် သူတို့ကို အားပေးစကားပြောရင်းနဲ့ ထိုက်သင့်သလောက် ရှင်းပြရပါတယ်။

"သားတို့ပြောတာတော့ ဟုတ်တယ်။ ဒါပေမယ့် အကုန်မဟုတ် သေးဘူးကွ။ ဒါ မန္တလေးမြို့တွင်းမှ တကယ့်မန္တလေးမြို့တွင်းရယ်။ မင်းတို့ ဟောဟို အရှေ့တောင်ထဲက ခပ်မှိန်မှိန် တောင်တစ်လုံးကို မြင်ရဲ့လား။ အဲဒီတောင်ဟာ ကျွဲနှဖား (ကျွဲနှာဖား)တောင်လို့ ခေါ်တယ်။ အဲဒီတောင်ရဲ့ ဒီဘက်နားမှာ ဒုဋ္ဌဝတီမြစ် ရှိတယ်။ မန္တလေးမြို့ကြီးကို တည်သွားတဲ့ ဘဝရှင် မင်းတုန်းမင်းတရားကြီးက မန္တလေးရွှေမြို့တော်ကြီးရဲ့ တတိယ ရွှေကြိုးသတ် နယ်နမိတ်ကို အဲဒီတောင်ခြေမှာ သတ်မှတ်ထားခဲ့တာရယ်။ ဒါကြောင့် တို့က မန္တလေးမြို့တွင်းက ဘယ်မှထွက်သွားရတာ မဟုတ်ဘူးလို့ ပြောတာရယ်"

အဲဒီမှာ ကျွန်တော်ပြောတာကို ဘယ်သူမှ လက်မခံသလို မအေးသူကပါ နားကြားပျင်းကပ်လာပုံရပါတယ်''

''ကိုမွတ္တား ရှင်ပြောတာတွေဟာ အခု ကျမတို့ ကြုံတွေ့နေရတာတွေနဲ့ ဘာမှမဆိုင်ဘူး။ ကလေးတွေကို တောရမ်းမယ်ဘဲ့ လျှောက်ပြောမနေပါနဲ့။ ကျမ စိတ်မချမ်းသာလွန်းလို့ပါ။ အဲဒါတွေက ကလေးတွေ သူတို့ဖာသာစာအုပ်ထဲမှာ ရှာဖတ်လိမ့်မယ်။ ရှင်က ဒီနေ့ညစာကို ဘယ်လိုချက်ပြုတ်စားပြီး ဒီနေ့ည ဘယ်လိုအိပ်ကြရမယ်ဆိုတာသာ စဉ်းစားရမှာရယ်''

ကျွန်တော့်စကားကို မအေးသူ လက်မခံဘူးဆိုတာ ကျွန်တော်သိပါတယ်'' ဒါပေမယ့် ကျွန်တော်က မအေးသူစကားမပြောဘဲ မျက်နှာလေး မှုန်သုန်နေတာ မမြင်ရက်လို့ သူစကားပြောအောင် တမင် သူမကြိုက်တဲ့စကားများကို ပြောလိုက်တာပါ။

ဟုတ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ အခုလက်တွေ့ရင်ဆိုင်နေရတဲ့ ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲဆိုတာသာ အရေးကြီးပါတယ်။ ကြည့်လေ။ အခုကိုပဲ နေလုံးကြီး နီရဲနေပြီ။ မကြာခင် နေလုံးကြီးပျောက်ကွယ်သွားတော့မှာပါ။ ဒီတော့ ဘယ်မှာလဲ၊ ညစာအတွက် ထမင်း။ ဘယ်မှာလဲ၊ မနက်အိပ်ယာထ မျက်နှာသစ်ဖို့ရေ။ အဲဒါတွေကို အသာထားပါဦး။ အခုည မိသားစုအိပ်ဖို့နေရာ ဘယ်ပေါ်မှာ ဘာနဲ့ ဘယ်လို အိပ်ကြရမှာလဲ။

ကျွန်တော့်အတွေးစ ဒီမှာ ပြီးဆုံးသွားသလို ကျွန်တော်တို့အိမ်ထောင်ပရိဘောဂလေးများနဲ့ ကျွန်တော်တို့မိသားစုကို မန္တလေးမြို့တွင်းကနေ မြို့ပြင်လယ်ကွင်းထဲအထိ သယ်ပိုးတင်ဆောင်လာခဲ့တဲ့ ဟီးနိုးကားအိုကြီးလဲ ဒီနေရာမှာပဲ ထိုးရပ်သွားပါတော့တယ်။ ပြီးတော့ ကားရှေ့ခန်းထဲမှာ ပါလာတဲ့ မြေကွက်လိုက်ပြသူတစ်ယောက် ကားပေါ်က ဆင်းလာပြီး ''ဒါခင်ဗျားတို့ နေရမယ့်မြေကွက်ပဲ'' လို့ပြောပြီး ကျွန်တော့်ကို ''မြေစလစ်'' စာရွက်ကလေး ပေးပါတယ်။ ပြီးတော့ ဟီးနိုးကားအိုကြီး လာလမ်းအတိုင်း ပြန်လှည့်သွားပါတယ်။

အဲဒီအချိန်မှာ နေလုံးနီတျာရဲကြီးလဲ စုန်းစုန်းမြုပ်ဝင်သွားပြီဖြစ်လို့

ညအမှောင်ကလဲ တစ်စတစ်စ မှောင်မှောင်လာတော့တာပါပဲ။

× × ×

မအေးသူရဲ့ "လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ ဥပဒ်ရန်ဘေးကင်းစင်စေး ငြိမ်းအေးကြပါစေ…" ဆိုတဲ့ နံနက်အိပ်ယာထ၊ မေတ္တာပို့အမျှဝေအပြီးမှာ တီးတဲ့ ခေါင်းစည်သံလေးက ကြားကြားသမျှ သတ္တဝါအားလုံးနဲ့အတူ ကျွန်တော့်ကိုလဲ နှလုံးစိတ်ဝမ်းငြိမ်းချမ်းပြီး အိပ်ရတာ နိုးထစေပါတယ်။

အခု ကျွန်တော် အလွမ်းစားမြုံ့ပြန်နေတာဟာ မအေးသူရဲ့ စိန့်နား ကပ်ကလေးကို ထုခွဲပြီး မန္တလေးမြို့တွင်းတစ်နေရာမှာ ပြန်ဝယ်လိုက်တဲ့ တိုက်ခန်းတစ်ခုထဲက ဖြစ်ပါတယ်။ အဲဒီတိုက်ခန်းဟာ "ရွှေကြာပင်တိုက် ခန်း" ပေါ့နော်။

ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ ဝေဒနာကို ပြန်ခံစားပြီး လွမ်းနေတာပါ။

မောင်သာဝို

မန္တလေး နှစ် (၁၅၀) ပြည့် မဂ္ဂဇင်း (၂၀၁၀ ခုနှစ်)

# နေရာ

နေဝင်းမြင့်

ထိုင်ချလိုက်သည်။

တော်တော်ကြာကြာကလေး ထိုင်တော့မှ အမောပြေသွားသည်။ မလှမ်းမကမ်းမှာ ပွဲထွက်နေသော ကျောက်ချိုင့်ကြီးတစ်ခု ရှိနေသည်။

ကျင်းထဲကို ငုံ့ကြည့်လိုက်တော့ သိမ်မနက်လှသော ချိုင့်ဝှမ်းကို တွေ့သည်။ လူတစ်ရပ်စာ မရှိတရှိချိုင့်ထဲက လေတွေတိုးထွက်တာကို သတိထားမိသည်။

မျက်နှာကို အေးမြသော လေတွေ တိုးထိနေသည်။ လတ်ဆတ်သောလေသည် ကျောက်လွှာတွေကြားက စိမ့်ဝင်ကာ ထွက်ပေါက်တစ်ခုခု တိုးထွက်နေတာမျိုးဖြစ်လေသည်။

"အဲဒါ သားဖွားဂူလေ ဦးရဲ့"

ကျင်းထဲကို ငုံ့ကြည့်နေရာမှ အသံကြောင့် လန့်ဖျပ်သွားသည်။ သည်နေရာမှာ မိမိမှတစ်ပါး အခြားတစ်ဦးတလေရှိသည်ဟု မထင်ခဲ့။

အသံက သေးငယ်စူးရှသော မိန်းကလေးအသံ။ ဘုရားဖူးကျဲပါးသော သည်ရာသီမှာ စတက်လာကတည်းက မိမိနှင့် တဂိုးမျိုး နှစ်ဦးသာ

ရှိခဲ့သည်။

အလုအယက် တိုးဝှေ့ရောင်းတတ်သော ပန်းသည်၊ မျောက်စာသည် တို့ကို တွန်းရင်းဖယ်ရင်း၊ ရှောင်ရင်းတိမ်းရင်း သည်နေရာကို ရောက်လာခြင်း ဖြစ်သည်။

နတ်လမ်း အမိုးစွန်းပေါ်မှာ ထိုင်ရင်း ကျွန်တော့်ကို ကြည့်နေသော မျောက်နှစ်ကောင်မှလွဲလျှင် အခြားမည်သူမျှ မရှိ။

"မင်းနှစ်ပါးကို ဖွားမြင်တဲ့နေရာမို့ သားဖွားဂူလို့ ခေါ်ကြတာ ဦးရဲ့"

သေသေချာချာ ကြည့်တော့မှ ကျောက်လှေကားထစ်ပေါ်က ခြေထောက်လေးတွေကို အရင်တွေ့သည်။ အသက်ကိုးနှစ်ခန့် မိန်းကလေး တစ်ဦး ထောင့်ချိုးအကွယ်ကလေးက အုတ်ခုံပေါ်မှာ ထိုင်နေသည်။

သနပ်ခါး ကွက်တိကွက်ကျား လိမ်းထားသည်။ နီကြောင်ခြောက် သွေ့သော ဆံစတွေက ကုပ်ပေါ်ဝဲကျနေသည်။ လက်ထဲမှာ မျောက်စာ၊ မြေပဲစိမ်းထုပ်တွေ ထည့်ထားသည့် ဝါးခြင်းတောင်းအဟောင်းကလေးကို ကိုင်ထားသည်။

"ဟုတ်လား…ပြောပါဦး သမီးရဲ့"

"အရင်တုန်းကတဲ့၊ သည်နေရာမှာ ပန်းတောကြီးတဲ့။ ပုပ္ပားတောင် က သည်ပန်းတွေကို ဟောဟိုကမြင်ရတဲ့ ပုဂံပြည်က ရှင်ဘုရင့်ဆီ ပို့ရ တယ်တဲ့"

သူပြရာသို့ ကြည့်လိုက်တော့ ပုဂံသည် မြူရိပ်တွေကြားမှာ ဝိုးတဝါး။

"ဘယ်သူက ပို့ရတာလဲ"

"ဒီပန်းတောကြီးထဲက ပန်းခူးပေးရတာက မယ်ဝဏ္ဏတဲ့။ ပန်းလာ ယူတာက ကိုဗျတ္တတဲ့"

"ပုဂံက အဝေးကြီးပဲ သမီးရဲ့။ ဘယ်လိုလုပ် လာယူသတဲ့တုန်း"

"အို… မြင်းနဲ့ နေမှာပေါ့ ဦးရဲ့"

ကျွန်တော် သဘောကျသွားသည်။ သွက်လက်ချက်ချာသူကလေး။

"သမီးနာမည်က ဘယ်သူတဲ့တုန်း"

"မဝိုင်း"

ကျွန်တော်က ကျောက်လှေကားထစ်မှာ ထိုင်ချလိုက်သည်။ သည်တော့မှ သူကလေးကို သေချာကြည့်မိသည်။ ညိုမှောင်သောအသားမှာ တောက်လက်သော မျက်လုံးတွေက ကြည်လဲ့နေသည်။

မျက်နှာကလေးက ဝိုင်းစက်စက် ညိုညက်ညက်၊ ခြင်းတောင်းထဲမှာ မြေပဲစိမ်းထုပ် တော်တော်များများ ကျန်နေသေးသည်။

"ဝယ်ပါဦး…ဦးရဲ့၊ တစ်ကျပ်ဖိုး ခြောက်ထုပ်ပေးပါမယ်။ ရောင်းလို့မကောင်းလို့ပါ"

ကျွန်တော်က ကျပ်တန်နှစ်ရွက် ထုတ်ပေးသည်။ မြေပဲထုပ်တွေကို ကျောက်ခုံစပ်မှာ ချနေစဉ်မှာပင် မျောက်တွေ ဝိုင်းလာသည်။

မြေပဲထုပ် ပစ်ပေးတော့ ပလတ်စတစ်အိတ်ကို ပါးစပ်ဖြင့် ကိုက်ခွဲကာ မြေပဲစိမ်းတွေကို ဝါးနေကြသည်။

"မြေပဲစိမ်းတွေကို နည်းနည်းလေး သဲပူနဲ့လှော်လိုက်ရင် မျောက်တွေ ပိုကြိုက်မှာပေါ့ သမီးရဲ့"

"ဟင့်အင်း…မြေပဲလှော်ကို မျောက်တွေ မကြိုက်ဘူး။ သမီးတို့စမ်းသပ်ကြည့်ပြီးပြီ။ အစိမ်းတောင့်ကိုပဲ သူတို့ ကြိုက်တယ်။ ဆိမ့်လို့နဲ့တူပါရဲ့"

အညောင်းပြေသွားသဖြင့် အပေါ်ဆက်တက်ရန် ထလိုက်သည်။ ကျောက်လှေခါးထစ်တွေကို တစ်လှမ်းချင်း လှမ်းကာတက်လာတော့ သူပါလိုက်လာသည်။

"ဦး…တက်တော့မလို့လား။ လမ်းမှာ မျောက်တွေရှိသေးတယ်။ ဝယ်သွားပါဦး"

"တော်ပါပြီ သမီးရယ်။ နောက်တစ်ခါဝယ်ရင် သမီးဆီကပဲဝယ်မှာပါ။ သမီးလဲ အပေါ်ကို လိုက်မှာပဲ"

"ဟင့်အင်း…လိုက်လို့မရဘူး ဦးရဲ့၊ သမီးတို့က ကိုယ့်နေရာနဲ့ကိုယ်ရောင်းရတာ"

''ဘာဖြစ်လို့လဲ''

''သမီး ဒီနေ့ ခလယ်ကျတယ်။ နောက်နေ့ အပေါ်၊ နောက်တစ်ရက် ခြား အောက်''

''ဘာလဲ ခလယ် ဆိုတာ''

'ခလယ် ဆိုတာ ခလယ်ပေါ့ ဦးရဲ့။ တောင်အောက်မုခ်ဝကနေ မယ်တော်ကြီးနတ်နန်းလောက်က အောက်၊ မယ်တော်ကြီးနတ်နန်းက ပုဂံမျှော်လောက်ထိ ခလယ်၊ အပေါ်ဆိုတာက အပေါ်ပိုင်းမှာ ရောင်းရတဲ့ နေရာ''

''ပုဂံမျှော်ဆိုတာ နေရာလား''

''အင်း…ပုဂံမျှော်ဆိုတဲ့ နေရာရှိတယ်။ နည်းနည်းတက်သွားရင် တွေ့မှာပါ။ မယ်ဝဏ္ဏက ကိုဗျတ္တကို မလာနိုင်သေးရင် ပုဂံဘက်ကို လှမ်းမျှော်တဲ့ နေရာ''

''နေရာကျော်ပြီး မရောင်းရဘူးပေါ့နော်''

''ဟုတ်တယ်…ကျော် မရောင်းရဘူး''

အောက်ကို ငုံ့ကြည့်လိုက်သည်။ ပုပ္ပားတောင်ကလပ် ရင်ပြင်တော်ကို ကွေ့ပတ်တက်လာသော ကားလမ်းကို တစ်ဝက်တစ်ပျက်သာ မြင်နေရသည်။

စိမ်းညို့သော တောခြေ၊ အဝေးမှာ ကျယ်ပြန့်သော လွင်ပြင်ဒေသ၊ အရှေ့ဘက်မှာ မြင့်မားစွာ ထိုးထွက်နေသော ပုပ္ပားတောင်မကြီး ရှိသည်။ သည်နေရာကကြည့်လျှင် တောင်တစ်ခုလုံးကို မမြင်ရ။

ဘောင်ကျဉ်းသော မြင်ကွင်းထဲမှာပေမယ့် ပုပ္ပား၏ ကြီးမားခန့်ထည်မှုကို ခံစားနိုင်သည်။ တရွေ့ရွေ့တက်လာသော ကျွန်တော်နှင့်အတူ မဝိုင်း ပါလာသည်။

''အောက်ခြေမှာကျတဲ့ ဈေးသည်တွေက ပိုရောင်းရတာပေါ့ ဦးရယ်။ ဘယ်သူမဆို စတွေ့တွေ့ချင်း ဈေးသည်ကို ဝယ်ကြတာပေါ့။ ပန်းကအစ၊ မျောက်စာကအစ အောက်ကဝယ်လာကြတာ များတယ်၊ ခလယ်နဲ့ အပေါ်ကလူတွေက သိပ်မရောင်းရဘူး။ အောက်မှာကျရင်လဲ

ကိုယ့်အလှည့်မှာ ဘုရားဖူးတွေများပါမှ ဦး ရဲ့"

"အလှည့်နဲ့ မရောင်းကြဘူးလား"

"အလှည့်နဲ့တော့ ရောင်းရပါတယ်။ တစ်နေ့စီ မျှမျှတတ လုပ်ထားပါတယ်"

"ဒါဆို တစ်လှည့်စီ အဆင်ပြေတာပဲ သမီးရဲ့"

"အောက်ရောက်ရင်လဲ လုရောင်းနိုင်ပါမှ ဦးရယ်။ တချို့က စည်းကမ်းမရှိဘူး ဦးရဲ့။ ကလေးတွေကို တွန်းဖယ်ရောင်းကြတာ။ ဦးတက်လာတော့ မတွေ့ခဲ့ဘူးလား၊ သမီးဆို ဦးအခုဝယ်တဲ့ နှစ်ကျပ်ဖိုးပဲ ရောင်းရသေးတယ်။ ထပ်ဝယ်ပါဦး ဦးရဲ့"

စကားပြောပြီးတိုင်း ထပ်ဝယ်ပါဦး ဦးရဲ့ဟု ဆိုတတ်သော မပိုင်းကလေးမှာ မောပန်းနေပုံမရှိ။ သည်တောင်ကလပ်ပေါ်ကို တစ်နေ့တစ်နေ့ ဆင်းလိုက်တက်လိုက် ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ လုပ်နေရသည်မသိ။ တောင်ကလပ် ရင်ပြင်ပေါ်ကို ကုန်းကြောင်းတက်ရတာ ရှိသေးသည်။

ကျွန်တော်က ဆယ့်ငါးကျပ်တန်တစ်ရွက် ထုပ်ကာ ငါးကျပ်ဖိုး ဝယ်လိုက်သည်။ အထုပ်တော်တော်များများကို မရေမတွက်ဘဲ ပေးနေသည်။ လက်နှင့်ပင် မဆုံ့တော့။

"ယူပါ...ဦးရဲ့၊ မြေပဲတစ်ပြည်ကို အထုပ်နှစ်ရာကျော်လောက် ထွက်တယ်။ တစ်ကျပ်ဖိုး ငါးထုပ် ရောင်းတယ်။ ပလပ်စတစ်ဖိုး မြေပဲဖိုး နုတ်ရင် ကျန်ပါတယ်။ မြေပဲကလဲ အရင်ကထက် ဈေးကြီးသွားပြန်ပြီ။ တစ်နေ့တခြား တက်နေတာ။ မြေပဲတစ်ပြည်ကို သုံးလေးရက် ရောင်းရတာလဲ ရှိတယ်"

ခြင်းတောင်းထဲမှာ မြေပဲတော်တော်များများ ကျန်သေးသည်။ နောက်ထပ်ဘုရားဖူးတွေ လာပါမှ။ ကြမ်းခြောက်နီကြင်ကြင် ဆံစတွေကို လေတဖျပ်ဖျပ် တိုးနေသဖြင့် ဆံစတွေ ဝဲလွင့်နေလေသည်။

အုတ်ခုံစွန်းမှာ ထိုင်ရင်း မျောက်တွေကို အစာကျွေးနေသော ကျွန်တော့်အနားမှာထိုင်ကာ စကားတွေပြောနေသည်။ ကျွန်တော့်ကို ငွေတစ်ဆယ်ပြန်အမ်းဖို့ ခက်နေဟန် တူသည်။ စောစောက ကျွန်တော် ဝယ်ထား

သော ကျပ်တန်နှစ်ရွက်ကလွဲလျှင် ပိုက်ဆံအပို ပါလာဟန်မတူ။

'ဦးကို တစ်ဆယ် ပြန်အမ်းရမှာနော်။ ဦး ပိုက်ဆံယူသွားဦး။ အပြန်ကျမှပေး။ သမီး ဘုရားဖူးမျှော်ဦးမယ်။ အပြန်မှာ မတွေ့ရင် တောင်အောက်က မျောက်စာသည်တွေထဲက တစ်ယောက်ယောက်ကို ပေးခဲ့ပါ။ မပိုင်းဆိုရင် သိပါတယ်"

အပေါ်ကို ဆက်တက်လာခဲ့သည်။ မပိုင်းက ကျောက်ခုံပေါ်မှာ ထိုင်ရင်း ကျန်ရစ်ခဲ့သည်။

(၂)

တောင်ကလပ်၏ အမြင့်ဆုံးနေရာ။ ရင်ပြင်တော်သည် သိပ်မကျယ်ဝန်းလှ။ ရင်ပြင်တော်ပေါ်မှ ရှုခင်းသည် ကြည့်၍မဝနိုင်။ ကျွန်တော်အပေါ်သို့ ရောက်သည့်တိုင် ကိုတဂိုးမျိုး တက်မလာသေး။

အောက်မှာ ပုံတွေ တစ်ပုံပြီးတစ်ပုံ ကောက်နေဟန်တူသည်။ သည်နေရာက ကြည့်လျှင်တော့ ပုပ္ပားတောင်မကြီးတစ်ခုလုံးကို မြင်နေရသည်။ မြူခိုးတွေ တဝေ့ဝေ့ လွင့်တက်နေသော တောင်မကြီးထိပ်ပိုင်းသည် မလှပဆုံး ပန်းချီကားတစ်ချပ်ဖြစ်သည်။

ဖိုခုံလောက်ဆိုင်အလယ်မှ နက်ရှိုင်းသည့် မီးတောင်ဝ၊ အကွက်အကွက်ထနေသော ယာမြေ၊ ကွင်းပြင်၊ တန်းတောညိုမှောင်၊ အဝေးမှာ ဖဲကြိုးစတစ်ချောင်းလို တွန့်လိမ်ခွေခေါက်နေသော ရေစီးကြောင်း။ တန့်ကြည်၊ တုရင်တောင်တန်းနှင့် ပုဂံသည် အဝေးမြူထုထဲမှ မှိန်းမှုန်နေလေသည်။

တောင်ကလပ်ပေါ်မှာ ပန်းသည်တချို့နှင့် ကျွန်တော်သာ ရှိသည်။ နာရီဝက်လောက်ကြာမှ ဆင်းလာခဲ့သည်။ မပိုင်းနှင့်တွေ့သည့် နေရာကလေးမှာ ကျွန်တော် ထိုင်နေမိသေးသည်။ မပိုင်းကိုမူ မတွေ့ရတော့။ တောင်အောက်ကို ပြန်ရောက်သွားပြီလား။

× × ×

(၃)

နတ်နန်းတွေမှာ ပုံကြမ်းကောက်နေသော ပန်းချီဆရာလည်း မရှိတော့။ ပုပ္ပားထွက် ဆေးမြစ်နှင့် ပုတီးဆိုင်ကလေးများ၊ ဗေဒင်ဟောခန်း

ကလေးတွေရှေ့မှာ မျောက်စာသည်တွေ ဝိုင်းဖွဲ့စကားပြောနေသည်။ အတက်တုန်းက တွန်းထိုးလုယက်ရောင်းသောသူကလေးတွေ ပြန်ဆင်းလာတော့ လှည့်ကြည့်ဖော်ပင် မရကြတော့။

ပုံမှန် အဆင်းလမ်းက မဆင်းဘဲ တန်ဆောင်းတွေကြားက ဖြတ်လမ်းကလေးဘက်ကို လာခဲ့သည်။ မဝိုင်းကို ရှာရမည်။ မျောက်စာဖိုး ငါးကျပ် ပေးရဦးမည်။ အုတ်ခုံပေါင်ပေါ်ကို ပန်းတောင်းတွေချကာ စကားပြောနေသော အသွားအိုနှစ်ယောက်ကို ပေးခဲ့လျှင် မဝိုင်းထံ ရောက်နိုင်သည်။

"သားလေး ပန်းဝယ်မလို့လား။ ဟောဒီမှာ အောင်သပြေလဲ ပါတယ်။ ဂန္ဓမာတွေလဲ ပါတယ်။ လှကလှနဲ့ ငါးကျပ်ပဲပေး"

"ကျွန်တော် ပြန်ဆင်းလာတာပါ။ မျောက်စာရောင်းတဲ့ မဝိုင်းကလေးကို သိသလားလို့"

"ဩော်…အဝိုင်းကလေးလား။ သိတယ် သိတယ်။ ပြန်သွားလေရဲ့။ သူ့အဖေက သိပ်နေမကောင်းဘူး။ အဲဒီလိုပဲ ပြန်ပြန်ကြည့်တတ်တယ်"

"မဝိုင်းလာရင် မျောက်စာဖိုး ငါးကျပ်ရယ်၊ မုန့်ဖိုးတစ်ဆယ်ရယ်၊ ပေးခဲ့တယ်လို့ ပြောပါ"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

ကားဆီသို့ ထွက်လာခဲ့သည်။

တုရင်တောင်တန်းသည် ကားလမ်းနှင့်ယှဉ်ကာ ရှိနေသည်။ ထနောင်း၊ ကန္တာရပင်နှင့် ထန်းတော။ ကျောက်ပန်းတောင်း ညောင်ဦးလမ်းသည် မျဉ်းဖြောင့်တစ်ကြောင်းလို ဖြောင့်တန်းနေလေသည်။ ကားကလေးသည် အရှိန်နှုန်းမြင့်မားစွာ ပြေးလွှားနေသည်။

"ကိုတဂိုး လူတွေဟာ ဘဝရဲ့အမြင့်ဆုံးအပိုင်း၊ အလယ်အလတ်ပိုင်း၊ နောက် အောက်ခြေ၊ အဲဒီအပိုင်း သုံးပိုင်းမှာ ဘယ်အပိုင်းတွေမှာ နေချင်ကြသလဲဗျ"

ကိုတဂိုးမျိုးက အဆက်အစပ်မဲ့ ကောက်ကာငင်ကာ မေးလိုက်သော ကျွန်တော့်မေးခွန်းကို မဖြေသေးဘဲ ငေးကြည့်နေသည်။ ပြီးမှ ထုံးစံအတိုင်း ဟက်ခနဲရယ်ကာ ဖြေသည်။

"အမြင့်ဆုံးပေါ့ဗျ။ လူတွေဟာ အမြင့်ဆုံးဘဝမှာနေဖို့ လှုပ်ရှားရုန်းကန်နေကြတာပဲ"

ညောင်ဦးကို မရောက်နိုင်သေး။ ကားထဲကို လေတွေတအားပြေးဝင်နေသည်။ လမ်းသည် အကောက်ကွေ့မဲ့ ဖြောင့်တန်းရှင်းလင်းနေသည်။ ကျွန်တော်က မဝိုင်းအကြောင်းကို ပြောပြနေသည်။ နားထောင်ပြီးတော့ အားပါးတရရယ်သည်။

"ဒါကတော့ သူ အောက်မှာပဲ နေချင်တာက အောက်မှာရောင်းရတာကိုး"

"အင်းလေ…အဲဒါနဲ့ ဆက်စပ်ဆင်ခြင်ကြည့်ပြီး ပြောတာပါ။ အသက်ရှင်နေထိုင်ဖို့ တစ်ခါတစ်ခါ အပေါ်ရယ်၊ အောက်ရယ် မဟုတ်ဘူးဗျ။ ရောက်နေတဲ့နေရာကလေးမှာ နေသာထိုင်သာရှိမယ့်နေရာ အထိုက်အလျောက် အံဝင်ခွင်ကျဖြစ်မယ့် နေရာတွေမှာ ကျေနပ်နှစ်သက်စွာ နေနေရတာလဲ ရှိတယ်"

ကိုတဂိုးက အဝေးကို ငေးနေသည်။ မြင့်မားရှိဆဲသော ပုပ္ပားမြင်ကွင်းထဲက ပျောက်ကွယ်မသွားသေး။ မဝိုင်းကလေးကို သတိရနေမိသည်။

"သမီးတို့က အောက်မှာပဲ နေချင်တယ် ဦးရဲ့၊ အောက်မှာ အဆင်ပြေတယ်။ အလုအယက် တွန်းရထိုးရတာတော့ ရှိတာပေါ့လေ"

နေဝင်းမြင့်

(ကိုယ့်ရှာချင်းကြားတော့ကြပုံများမှ)

# ရွှေမင်းဂံ

ဂျိုဇော်

ကျွန်တော်တို့ Batch က မန္တလေးဆေးတက္ကသိုလ်မှ ၁၉၈၀ စွန်းစွန်းမှာ ကျောင်းပြီးသည်။ ဆရာဝန်ဖြစ်ပြီး ကစဥ့်ကလျား ကွဲကွာသွားလိုက်ကြသည်မှာ နှစ်ပေါင်း ၂၀ လောက် ကြာသွားလေ၏။ ထိုအနှစ် ၂၀ အတွင်း အချင်းချင်း ပြန်တွေ့သူလည်းရှိ၊ လုံးဝပြန်မတွေ့ရသည့်သူတွေလည်း ရှိလေသည်။

၂၀၀၀ မှာတော့ မန္တလေးမြို့ခံ သူငယ်ချင်းဆရာဝန်များ၏ ကြိုးပမ်းမှုကြောင့် ပထမအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ခဲ့ပါသည်။ အနှစ် ၂၀ ကွဲကွာနေသည့် သူငယ်ချင်းတွေ၊ ပြန်တွေ့ကြသောအခါ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး အတော့်ကို အံ့သြသွားကြရ၏။ ယခုအချိန်မှာ အသက် ၅၀ နားကပ်နေကြပြီဆိုတော့ ငယ်မူငယ်သွေး၊ ငယ်ရုပ်တွေပျောက်ပြီး ထိပ်ပြောင်၊ ဗိုက်ပူ၊ ဆံပင်ဖြူသူဖြူနှင့် အချိန်၏တိုက်စားမှုကို သံဝေဂရစရာ ဖြစ်နေတော့၏။

သို့သော် သံဝေဂဘေးချိတ်ပြီး အားလုံးသည် ပြုံးပြုံးပြုံးပြုံးနှင့် ဝမ်းသာပီတိတွေ ဖြစ်နေကြ၏။ တစ်ယောက်အကြောင်းတစ်ယောက်

မေးကြ၊ မြန်းကြ၊ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ ဖလှယ်ကြနှင့် အတိတ်ကို စားမြုံ့ပြန်ပြီး ငယ်ကျိုးငယ်နာတွေဖော်၊ နာမည်ပြောင်တွေခေါ်နှင့် တဝါးဝါး တဟားဟား ဖြစ်နေကြ၏။ ကန်တော့ပွဲမလာနိုင်သည့် သူငယ်ချင်းတွေ အကြောင်းကိုလည်း တစ်ယောက်နှင့်တစ်ယောက် မေးကြ၊ မြန်းကြ၊ သတင်း ဖလှယ်ကြနှင့် စကားကို မပြတ်ကြတော့ပေ။

အဲသည်ည ဒင်နာကတော့ ပျော်စရာအကောင်းဆုံးဖြစ်တော့၏။ မိသားစုတွေ မိတ်ဆက်ကြ၊ စားကြ သောက်ကြ၊ ကာရာအိုကေ သီချင်းဆို ကြ၊ ကကြခုန်ကြနှင့် ကံစမ်းမဲတွေဖောက်ပေးတော့ ကလေးတွေကလည်း ပျော်ကြသည်။

သည်လို နှစ်ကုန်ကာနီးမှာ နှစ်စဉ်ဆရာကန်တော့ပွဲလုပ်ဖို့ gathering လုပ်ဖို့ အားလုံး တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြလေသည်။

အကြောင်းအမျိုးမျိုးကြောင့် သည်နှစ်မလာနိုင်သည့် သူငယ်ချင်း တွေကိုလည်း နောင်နှစ် နောင်နှစ်တွေမှာ လာနိုင်အောင် ဖိတ်ကြားဖို့ အပါ ခေါ်ခဲ့ဖို့ ပြောဖြစ်ကြလေသည်။

"ရွှေမင်းဂံကို ဖိတ်ဖို့ကတော့ မောင်ဂျို့တာဝန်ပဲဟေ့"

"မောင်ဂျို မင်း ရွှေမင်းဂံကို တွေ့အောင်ရှာပြီး ပါအောင်ခေါ်ခဲ့ ရမယ်"

အားလုံးက ကျွန်တော့်ကို ဝိုင်းစကြလေသည်။ ခွေးမသားတွေ ခုမှ သည်စကားမျိုး ပြောနိုင်တာ။ ဟိုတုန်းကတော့ ဟစ်တလာလက်ထက်၊ အော့ဖ်ဝစ်ထဲရောက်နေတဲ့ မျက်နှာမျိုးတွေနဲ့။

ခုထက်ထိ မျက်စိထဲ မြင်ယောင်နေဆဲပါ။

× × ×

ပထမနှစ် အမ်ဘီကျောင်းစတက်တော့ တစ်ချို့ဆရာတွေက ကျောင်းခေါ်ချိန်စာရွက်ကို လက်ဆင့်ကမ်းပြီး လက်မှတ်ထိုးစေသည်။ တချို့ ဆရာတွေကတော့ ကိုယ်တိုင်နာမည်ခေါ်သည်။ တစ်ဦးစီထပြီး Present ဖြေရသည်။

"မောင်ရွှေမင်းဂံ"

ဆရာခေါ်လိုက်တော့ တစ်တန်းလုံး ဝါးခနဲ ပွဲကျသွားသည်။ အားလုံး ပြုံးစိစိဖြင့် သူ့ကို လှည့်ကြည့်ကြသည်။ ဆရာကိုယ်တိုင်က "ဟ မင်းနာမည်က နန်းတော်ရှေ့ဆရာတင် သီချင်းကြီးပါလား။ ဘာလဲ မင်းက မင်းဂံဘုတ်ရွာသားလား" ဟု အရွှန်းဖောက်ပြီး မေးယူရသည်။

ကိုယ့်လူကတော့ မရယ်မပြုံး မှုန်တေတေ မျက်နှာပေးဖြင့် "မဟုတ်ပါဘူး" ဟု သံပြတ်ဖြေလေသည်။ နောက်မှ သိရသည်မှာ သူ့ဇာတိကလည်း ခေလှတာမဟုတ်။ မြန်မာ့သမိုင်းမှာ သွေးကောင်းသူတို့ ထူထောင်ခဲ့သည့် ရာဇဝင်ထင်ရှား အညာမြို့ကြီးတစ်မြို့ ဖြစ်နေလေ၏။

ရွှေမင်းဂံ ဇာတိပုညာ၊ ဂုဏ်မာနဖြင့် လက်ရုံးအစွမ်းပြလိုက်သည်မှာလည်း အဲသည်နေ့မှပဲဖြစ်၏။

ကလပ်စ်ပြီး၍ ဆရာလည်း ထွက်အသွား၊ ကော်ရစ်ဒါမှာ ဝုန်းဒိုင်း ကြဲနေသဖြင့် ကျွန်တော် ပြေးကြည့်လိုက်သည့်အခါမှာတော့ ကျောင်းသားတစ်ယောက် စာအုပ်တွေ ဖရိုဖရဲနှင့် ကြမ်းပြင်မှာ လဲကျနေပါပြီ။ လက်သီး လက်မောင်းတန်းပြီး ဆဲဆိုရန်းကန်နေသည့် ရွှေမင်းဂံကို ကျောင်းသား လေးငါးယောက်က ဝိုင်းချုပ်ထားရသည်။ တချို့ကျောင်းသူတွေဆို ငယ်သံပါအောင်အော်ပြီး ထွက်ပြေးကုန်ကြသည်။

ရွှေမင်းဂံကသာ ဒေါသတကြီး ဆဲဆိုရန်းကန်နေတာပါ။ အထိုးခံရသည့် ကျောင်းသားက ဘာမျှပြန်မလုပ်ရှာ။ သူ့စာအုပ်တွေသူ ကုန်းကောက်နေ၏။ လွင့်စင်သွားသည့် သူ့ပါဝါမျက်မှန်ကလေးကို တစ်ယောက်က ပြေးကောက်ပေးရသည်။ မျက်နှာ ဘယ်ဘက်တစ်ခြမ်းလုံး နီရဲဖူးရောင်နေပြီး ကွဲနေသည့်နှုတ်ခမ်းမှ သွေးတွေထွက်နေသောကြောင့် ကျွန်တော်က လက်ကိုင်ပဝါကမ်းပေးလိုက်ပါသည်။

သူ့ခမျာ ရွှေမင်းဂံကို ပြန်ထိုးဖို့ နေနေသာသာ စမ်းတဝါးဝါး၊ ယိုင်တီးယိုင်တိုင် နှင့် တုန်တုန်ရီရီကို ဖြစ်နေတော့၏။ ဖြူဖြူပိန်ပိန်၊ ပုပု၊ ပါဝါမျက်မှန်အထူကြီးနှင့် လူဗလံလေးခမျာ ရွှေမင်းဂံကို လက်ရုံးရည်ဖြင့် ယှဉ်လို့လည်းမရနိုင်ပေ။

ရွှေမင်းဂံက အသားညိုညို၊ ဗလတောင့်တောင့်၊ မျက်နှာက

လေးထောင့်နှင့် အရပ်ကလည်း ခြောက်ပေနီးပါးဆိုတော့ မျက်မှန်လို ကောင်မျိုး သုံးလေးယောက် ဝိုင်းထိုးသော်မှ ဖြုံမည့်ပုံ မပေါ်ပေ။ "ငါ--မြို့သားကွ။ ဘာမှတ်တုံး" ဟုလည်း သူမြို့၊ သူ့ဇာတိက ဂုဏ်တင်ပြီး ကြိမ်းဝါးနေလိုက်သေး၏။

မျက်မှန်ကို ဆေးရုံကြီး အိုပီဒီပို့ပြီး နှုတ်ခမ်းသုံးချက် ချုပ်လိုက်ရသည်။ ဆရာတွေတိုင်ဖို့ ပြောသော်လည်း မျက်မှန်က ခေါင်းယမ်းသည်။ "ငါက သွားစမိတာကိုး" တဲ့။ ရွှေမင်းဂံအနားကပ်ပြီး မင်းဂံဘုတ်သီချင်းကို စသလို၊ နောက်သလို သွားဆိုမိတာဟု ပြောလေသည်။

သည်လို စရုံနောက်ရုံကလေးနဲ့ အတန်းသားအချင်းချင်း သည်လောက်ခြေလွန်လက်လွန် လုပ်ရပါ့မလားဆိုပြီး ကျွန်တော်အပါအဝင် အားလုံးက မကျေနပ်ကြ။ သို့သော် ပေါ်ပေါ်တင်တင်လည်း ဘယ်သူမျှ မပြောရဲ။ ဒုတိယမျက်မှန်ဖြစ်မှာလည်း ကြောက်ရသေး၏။

ကျောင်းဖွင့်ပြီး နှစ်လလောက်ကြာတော့ မျက်မှန် ရန်ကုန်ဆေး-၂ သို့ ပြောင်းသွားလေသည်။ ရွှေမင်းဂံကိုကြောက်၍ မဟုတ်ပါ။ ကျောင်းဖွင့်စကတည်းက ဆေး-၂ ကို Transfer တင်ခဲ့ခြင်းဖြစ်၏။ (ရွှေမင်းဂံလက်ချက်နှင့် နှုတ်ခမ်းကွဲခဲ့ဖူးသည့် မျက်မှန်သည် ယခုအခါမှာ မျက်နှာနှင့်မေးရိုးကို ပြုပြင်ပေးရသည့် ခွဲစိတ်ကုသမားတော်ကြီးဖြစ်နေပါပြီ။)

× × ×

ကျောင်းဖွင့်ပြီး ခြောက်လကြာသောအခါ ကျွန်တော်တို့ ပ-အမ်ဘီကျောင်းသားများ၊ အောင်ဆန်းဆောင်မှာ နေခွင့်ရပါသည်။ အောင်ဆန်းဆောင်သည် ယခုကျောင်းဆောင်သစ် မဟုတ်။ နှစ်ထပ်ကျောင်းဆောင် အဟောင်းကြီးဖြစ်၏။ double room ခေါ် နှစ်ယောက်ခန်းတွေနှင့် ဖွဲ့စည်းထားပြီး အဆင်ပြေသလို နှစ်ယောက်တွဲပြီး နေကြရလေသည်။

ဇာတ်လိုက်ကြီး ရွှေမင်းဂံနှင့်တွဲပြီး ဘယ်သူမျှ နေသူမရှိဘူးဆိုတာ အထူးပြောစရာမလိုတော့ပါ။ ရွှေမင်းဂံကလည်း ဂရုမစိုက်။ ဒုတိယအမ်ဘီက စီနီယာတစ်ယောက်နှင့်တွဲပြီး နေလေသည်။ အဆောင်ရောက်သည့်အချိန်ကစပြီး ရွှေမင်းဂံသည် ကျွန်တော်တို့တွေကို အဆိုးမြင်၊ အငြိုးထားပြီး

အနိုင်ကျင့်ပါလေတော့၏။

ကော်ရစ်ဒါ လမ်းမြောင်းကျဉ်းကျဉ်းလေးမှာ မျက်နှာချင်းဆိုင်တွေ့လျှင် ဘေးကပ်ပြီး လွတ်အောင်ရှောင်ရသည်။ နို့မို့ သူကပဲ ပခုံးလာတိုက်ပြီး သူ့ကို တိုက်ရပါ့မလားဆိုတာ ရန်ရှာတတ်၏။ ကျေနပ်လောက်အောင် လေသံပျော့ကလေးနှင့် တောင်းပန်ပါမှ သူ့လက်သီးရန်က လွတ်သည်။ သူနှင့်တွေ့လျှင် မျက်လုံးချင်းမဆုံအောင် အကြည့်ကို လွှဲထားရသည်။ ကြည့်မိလို့ သူ့စိတ်အခန့်မသင့်သည့် အခါမျိုးနှင့်ကြုံလျှင် ဂြိုလ်ကြည့်ကြည့်တာလားဟုဆိုကာ ရန်ရှာတတ်ပြန်သေး၏။

ကျွန်တော့်သူငယ်ချင်း မြင်းခြံသားအဖြစ်ကတော့ ငိုရအခက်၊ ရယ်ရအခက် ဆိုတာမျိုး။

"တစ်နေ့ကွာ၊ ငါ့မှာ ဗိုက်ကလည်းရစ်နေတော့ အိမ်သာထိုင်လို့ ကောင်းနေတုန်း၊ ရှေ့င်းဂံငှက်ဆိုးထိုးသံ ကြားရတော့တာပဲ။ အိမ်သာတွေ အကုန်လုံး တံခါးလိုက်ခေါက်ပြီး "ဟ အိမ်သာတွေကလည်း ဟောက်စ်ဖူးလ် ဖြစ်နေပါလား။ ခွေးမသား မြန်မြန်လုပ်စမ်း" ဆိုပြီး ငါထိုင်နေတဲ့တံခါးကို ခြေထောက်နဲ့ကန်တာကွ"

"မင်းက ပေပြီးထိုင်မနေဘူးလား"

"ဘယ်ထိုင်ရဲမှာတုန်း။ တစ်ဝက်တစ်ပျက်နဲ့ ရေဆေးပြီး ထွက်ပေးလိုက်ရတာပေါ့"

ကျွန်တော်တို့မှာ ငိုရအခက်၊ ရယ်ရအခက်။ မြင်းခြံသားက လူရည်ချွန်လေးထပ်ကွမ်း၊ လူလိမ္မာလေးပါ။ ရွှေမင်းဂံလက်သီး ကြောက်တာလား၊ လူရည်ချွန် စကော်လာ တစ်လ(၇၅)ကျပ် ပြုတ်မှာ ကြောက်တာလား၊ မပြောတတ်တော့ပါ။

ကျွန်တော်တို့တတွေက အကြောင်းအမျိုးမျိုးငှဲ၍ ခေါင်းငုံ့သည်းခံလေ ရွှေမင်းဂံအဖို့ ဗိုလ်ကျအနိုင်ကျင့်လို့ကောင်းလေ ဖြစ်နေတော့၏။

သူ့ဗိုလ်ကျပုံတွေက တစ်ယောက်တစ်မျိုး မရိုးစေရ ဆိုရမလောက်ပင်။ အဆောင်ရှေ့အုတ်ခုံမှာ လမ်းဘက်ထိုင်ငေးနေသည့် တစ်ယောက်ကို နားပန်း ဖြန်းခနဲအုပ်ပြီး "ဟေ့ကောင် ထိုင်ကြည့်မနေနဲ့။ သတ္တိရှိရှိ လိုက်

ပြော” ဆိုပြီး တွန်းလွှတ်တာမျိုး။ သောကြာ၊ စနေညတွေမှာ အေးအေး ဆေးဆေး ဂစ်တာတီး၊ သီးချင်းညည်းနေကြစဉ် ရုတ်တရက် ရောက်လာပြီး “နားငြီးတယ် ရပ်လိုက်စမ်း” ဆိုတာမျိုး။

စစ်တုရင်ကစားကောင်းနေစဉ် အရုပ်တွေ၊ ဟိုရွှေ့သည်ရွှေ့ ဝင် လုပ်လို့ ပွဲပျက်သွားရတာလည်း ခဏခဏပင်။ ခိုးကြောင်ခိုးဝှက် အပျင်းပြေ လက်ဖက်ရည်ကြေး၊ ဖဲကစားနေလျှင်လည်း အခန်းထဲ ရွတ်ဝင်လာကာ ဟိုဖဲဝင်လှန်၊ သည်ဖဲဆွဲချနှင့် ပွဲပျက်ကြရတာလည်း ခဏခဏ။

ကြာတော့ အားလုံးက မခံမရပ်နိုင် ဖြစ်လာကြ၏။ ခွေးတောင် ချောင်ပိတ်ပြီးကန်လျှင် ပြန်ကိုက်တတ်သေးတာပဲ။

“ရွှေမင်းဂံကို ဝိုင်းရိုက်ကြမယ်ကွာ”

“သေသွားရင် ဘယ့်နှယ်လုပ်မလဲ”

“သေလောက်အောင်တော့ မဟုတ်ဘူးပေါ့ကွာ။ မှတ်လောက်သား လောက်ဖြစ်ရုံပေါ့”

“မှတ်လောက်သားလောက်ဆို ဒီကောင်က ပြန်လုပ်မှာပေါ့။ ဒီကောင်က မြန်မာ့သိုင်းကို ကန်တော့ပွဲထိုးပြီး သင်ခဲ့တာတဲ့။ ဗမာ့လက်ဝှေ့ လည်း တက်ထိုးဖူးတယ်ဆိုလားပဲ။ သူ့အလှည့်ကျ၊ မှတ်လောက်သားလောက် မဟုတ်ဘူး။ အသေလုပ်မယ့်ကောင်။ မျက်မှန်တုန်းက ကြည့်ပါလား။ ဝိုင်း မဆွဲရင် မျက်မှန် သေမှာ။ ဒါတောင် မျက်မှန်က သီချင်းဆိုပြီး နောက်ရုံ လေးနော်”

သည်လိုနှင့် ဝိုင်းရိုက်ရေးအော်ပရေးရှင်းကြီး ပျက်သွားလေ၏။

“ညအမှောင်မှာ ချောင်းပြီး အက်ဆစ်နဲ့ ပက်မယ်ကွာ”

“ဟာ-အဲလောက်တော့ မယုတ်မာနဲ့လေကွာ။ လူတစ်ယောက် ဘဝပျက်လောက်အောင် မလုပ်ကောင်းဘူး။ တို့သင်နေတဲ့ ပညာကိုက လူ့အသက်ကယ်ဖို့ မဟုတ်လား”

အက်ဆစ်လည်း ရေဖြစ်သွားလေ၏။

“မြွေပွေးတစ်ကောင်လောက် ဖမ်းပြီး သူ့အခန်းထဲ ထည့်ပေး မယ်ကွာ”

"မြွေပွေး၊ မင်းရှာပြီး ခါးပိုက်ထ`ထည့်ယူလာမှာလား"

မြွေပွေးလည်း တီကောင်ဖြစ်သွားလေ၏။

တကယ်တမ်းကျ ကျွန်တော်တို့အားလုံး ရွှေမင်းဂံနှင့် ဖက်ပြိုင်ပြီး မည်သူမျှ ပြဿနာမဖြစ်ချင်ကြပါ။ မဖြစ်ရဲကြပါ။ ရွှေမင်းဂံ၏ ဒူး၊ တံတောင်၊ လက်သီးကို ခံနိုင်တယ်ထားဦး။ မြင်းခြံသားလို လူရည်ချွန်၊ စကော်လာ အပြုတ်မခံရဲကြပါ။ အဆောင်အထုတ်မခံရဲကြပါ။ အကြောက်ဆုံးမှာ ကျောင်းထုတ်ခံရမှာဖြစ်၏။ သည်ကျောင်းရောက်ချင်လို့မှ အနှစ်နှစ်အလလ ကြိုးပမ်းခဲ့ရတာ။ မိဘ၊ မိသားစု၏ ရည်မှန်းချက် မိမိဘဝ၏ ရည်မှန်းချက်ပန်းတိုင်ကြီး ပြိုလဲပျက်စီးသွားမှာ အကြောက်ဆုံးဖြစ်လေသည်။

ခုဟာက ဆေးတက္ကသိုလ်မဟုတ်ပါလား။ လက်ဝှေ့ကြိုးဝိုင်းလည်း မဟုတ်။ စစ်မြေပြင်လည်းမဟုတ်။ ဘာလို့ အကျိုးမဲ့ အချည်းနှီး ဖက်ပြိုင်အန်တုနေမလဲ။ ကြည့်ရှောင်ပြီး သည်းခံနေထိုင်သွားလျှင်လည်း ရတာပဲမဟုတ်လား။ သို့ကလို ရွှေပြည်အေးဒေသနာက အားကောင်းလာပြီး ပြဿနာမဖြစ်အောင် ရှောင်နိုင်သမျှ ရှောင်မယ်။ ထိပ်တိုက်တွေ့ အနိုင်ကျင့်လာလျှင်လည်း ခေါင်းငုံ့သည်းခံကြမယ်ဟု ခံယူထားလိုက်ကြလေသည်။ မဆီမဆိုင်၊ ပညာတတ်တွေဟာ တွေဝေတယ်၊ သတ္တိ နည်းတယ်၊ စွန့်လွှတ်အနစ်နာခံ၊ ဘဝကို စတေးရဲတဲ့ လူတန်းစားမဟုတ်ဘူး ဟူသော လက်ဝဲနိုင်ငံရေး အဆိုအမိန့်တစ်ခုကိုလည်း သတိရမိလိုက်ပါသေးသည်။ သည်လိုနှင့် ကျွန်တော်တို့သည် ရွှေမင်းဂံကြီးကို ဝေါဝေါင်ရှေး ဝေးဝေးရှောင်သော နည်းဗျူဟာဖြင့် တုံ့ပြန်ကြပါသည်။ သူလာနေတာမြင်လျှင် တစ်ပြလောက်ကချည်း လမ်းတစ်ဘက်ကူးသွားလိုက်ကြသည်။ သူထိုင်သည့် လက်ဖက်ရည်ဆိုင်ကို ရှောင်သည်။ သူစားနေသည့် ထမင်းစားပွဲကို ရှောင်သည်။ သူ့အခန်းထဲဝင်လာလျှင် စာကျက်ချင်ယောင်ဆောင်ကြသည်။ (တံခါး ချက်ချထားလို့မရ၊ မထင်လျှင် မထင်သလို ခြေထောက်ဖြင့် ဆောင့်ကန်ဖွင့်တတ်သောကြောင့်ဖြစ်၏။)

ရွှေမင်းဂံကြီးလည်း လူသားတစ်ယောက်ပင် မဟုတ်ပါလား။ ဉာဏ်ကောင်းပြီး လိမ်လိမ်မာမာ စာကြိုးစားခဲ့လို့သာ လေးဘာသာဂုဏ်ထူး

ဖြင့် ဆေးကျောင်းရောက်လာခြင်းပါ။ လူရည်ချွန်ပင် တစ်ခါရဖူးသေးသည် ဆို၏။ သူ့မှာလည်း လူသားဆန်သည့် မေတ္တာတရားတွေ၊ ကရုဏာတရားတွေ၊ ထောက်ထားညှာတာ၊ ကိုယ်ချင်းစာစိတ်တွေ မရှိနိုင်ဘူးလား။

သူ့ကို အားလုံးက ရှံ့ကြောက်ကြီးဖြစ်နေတာ သူလည်း သိပေမည်။ လူသားအချင်းချင်း၊ ကျောင်းသားအချင်းချင်း တစ်တန်းထဲသားအချင်းချင်း၊ ညီရင်းအစ်ကိုတမျှ ချစ်ချစ်ခင်ခင် နေသွားကြလျှင် ဘယ်လောက်ငြိမ်းအေးချမ်းမြေ့ဖွယ်ရာဖြစ်မည်ကို သူလည်း သိပေမည်။

အသိခေါက်ခက် အဝင်နက်လေရော့သလား၊ ဆေးကျောင်းရောက်မှ စိတ်ဖောက်ပြန်သွားတာလား။ ဘယ်လိုအာဃာတနှင့် အဆိုးမြင် အနိုင်ကျင့်ဗိုလ်ကျနေပါလိမ့်။ အနိုင်ကျင့်ဗိုလ်ကျရသည့်ဘဝနှင့် အခြေအနေကိုပဲ ယစ်မူးသာယာနေတာလား။ ရွှေမင်းဂံကြီးကို ဘယ်သူဆုံးမလို့ ဘယ်သူဖျောင်းဖျတရားချမည်နည်း။

''မောင်ဂျို မင်း ကြိုးစားကြည့်ကွာ''

မြတ်စွာဘုရား။ စနက်တံဆွဲရမည့်အလုပ်၊ ကျားမြီးဆွဲရမည့်အလုပ်ကို ကျွန်တော့် လာတာဝန်ပေးနေပါလား။

''မလုပ်ကြပါနဲ့ကွာ။ ငါ့ကို အမြင်ကတ်ရင် မင်းတို့ဆယ်ယောက်ဆယ်ချက်စီ ဝိုင်းထိုးပါ။ ငါခံနိုင်ပါတယ်။ ရွှေမင်းဂံကြီး လက်သီးတစ်ချက်မမြည်းပါရစေနဲ့''

ကျွန်တော်က လက်အုပ်ချီပြီး တောင်းပန်သယောင် ပြုလိုက်၏။

''တကယ်ပြောနေတာကွ။ နောက်နေတာမဟုတ်ဘူး။ မင်းက လူချစ်လူခင် များတယ်။ မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ ပီယလေးလည်းရှိတယ်။ ပြီးတော့ ကဗျာလေး၊ စာလေး ရေးနေတဲ့ကောင်ဆိုတော့ သံခင်းတမန်ခင်းစကားလုံးကို ရွေးချယ်တတ်တယ်လေ''

''ဟုတ်ပါတယ် မောင်ဂျိုရာ။ အများကောင်းစားရေးအတွက် sacrifice ပေါ့။ ခုချက်ချင်းလည်း မဟုတ်ပါဘူး။ မိုးလေဝသသာယာလို့ ကြုံကြိုက်လာတဲ့ တစ်ရက်မှာပေါ့''

''မလုပ်ကြပါနဲ့ကွာ။ ငါ့နှာခေါင်းက နဂိုကမှ ခပ်ပွပွရယ်။

ရွှေမင်းဂံလက်သီးနဲ့တွေ့မှ သဖန်းသီးကြီး ဖြစ်သွားပါဦးမယ်''

ကျွန်တော် ပျာပျာသလဲ ငြင်းလိုက်သော်လည်း အတွေးထောင့် တစ်နေရာမှာတော့ ''ငါ ဖျောင်းဖျောင်းဖျဖျ ပြောကြည့်ရင် ဘယ်လိုများ နေမလဲ'' ဟု စိတ်ကူးယဉ်ကြည့်လိုက်ပါသေးသည်။

''ကိုရွှေမင်းဂံကြီး နေကောင်းရဲ့လား''

''ကိုရွှေမင်းဂံကြီး၊ မန္တလေးဆောင်းက နေလို့ကောင်းရဲ့လေးပဲဗျ နော်''

''ဟား… ကိုရွှေမင်းဂံ ဂိုက် အပြတ်မိုက်နေပါလား။ Blue ဇာတ်ကားထဲက မင်းသားတဲရင့်စတက်ကျနေတာပဲ''

အဲသလို ပဋိသန္ထာရစကားတွေ စဉ်းစားလား စဉ်းစားမိရဲ့။

''ကိုရွှေမင်းဂံရာ၊ တကယ်တော့ ကျွန်တော်တို့တွေ မြန်မာပြည် အရပ်ရပ်ကနေ ခုလိုတက္ကသိုလ်တစ်ခုထဲမှာ၊ အတန်းတစ်ခုထဲမှာ၊ အဆောင် တစ်ခုထဲမှာ လာဆုံကြတယ်ဆိုတာ နည်းနည်းနောနော ရေးရေစက်မဟုတ် ဘူးဗျ။ အမိတစ်ဝမ်းထဲမှာ လာဆုံတဲ့ ညီအစ်ကိုတွေနဲ့ ဘာထူးသေးလဲဗျာ''

''ကိုရွှေမင်းဂံရေ၊ မြတ်စွာဘုရား ဟောထားရှိတယ်ဗျ။ မေတ္တာ၊ ကရုဏာ၊ ဥပက္ခော၊ မုဒိတာ တဲ့။ အဲဒီဗြဟ္မစိုရ်တရားလေးပါးကို ဗြဟ္မဝိဟာ ရတရား လေးပါးလို့လည်း ခေါ်တယ်။ မြင့်မြတ်သူတွေကျင့်တဲ့တရား တဲ့။ ဒီတရားလေးပါးနဲ့သာ ပြုမူနေထိုင်ကြရင် လောကကြီးဟာ အင်မတန် ငြိမ်းချမ်းပြီး သာယာဝပြောနေချင့်စဖွယ် လောကကြီးဖြစ်မှာဗျ''

အဲသည်လို နိဒါန်းစကား ဥယျာဇဉ်စကားတွေလည်း စဉ်းစားလား စဉ်းစားမိရဲ့။

တကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင် ရင်ဆိုင်တွေ့တော့ စိတ်ကူးယဉ် စဉ်းစားထားသည့် စကားတွေက ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန် တော့၏။

ကျွန်တော်တို့သူငယ်ချင်းတစ်စု ဝင်းသီတာလက်ဖက်ရည်ဆိုင်မှာ ထိုင်နေစဉ် ရွှေမင်းဂံ ဆေးကျောင်းထဲက ထွက်လာပြီး လက်ဖက်ရည်ဆိုင် ဘက် ဦးတည်လာနေ၏။ သူငယ်ချင်းတွေ ထလစ်ကုန်ကြသည်။ ''မောင်ဂျူ၊

ငြိမ်းချမ်းရေး ငြိမ်းချမ်းရေး'' ဟု ပြောသွားကြသေးသည်။

ရွှေမင်းဂံ ကျွန်တော်တစ်ယောက်တည်းထိုင်နေသည့် စားပွဲကို လာထိုင်တာပါပဲ။ ကျွန်တော့်ကို ဂရုမစိုက်။ လက်ဖက်ရည်သောက်လိုက်၊ စီးကရက်ဖွာလိုက်၊ မီးခိုးတွေကို သက်ပြင်းနှင့်ရောပြီး မှုတ်ထုတ်လိုက်နှင့် တောမိဇာတ်ခင်းနေ၏။

''ကိုရွှေမင်းဂံ''

ရွှေမင်းဂံက မလှုပ်။ ကျွန်တော့်အသံက ချုံကပ်သလိုလို တံတွေးသီးသလိုလို တိုးတိမ်နေသဖြင့် မကြားလိုက်ခြင်းဖြစ်သည်။ လေသံမြှင့်ပြီး ထပ်ခေါ်လိုက်သည်။

''ကိုရွှေမင်းဂံ''

''ဘာလဲကွ၊ မင်းပထွေးများ မှတ်နေသလား။ ပြောမှာ မပြောဘဲနဲ့။ ဒီမှာ ဂျင်ရှုံးလို့ စိတ်တိုနေရတဲ့အထဲ။ မောင်ဂျို မင်း နာချင်ပြီ ထင်တယ်''

''ဘာ ဘာမှ မဟုတ်ပါဘူးဗျာ။ ကျွန်တော် လက်ဖက်ရည်ဖိုး ရှင်းသွားမယ်လို့ ပြောမလို့ပါ''

သူငယ်ချင်းတွေ ပြန်ပြောပြတော့ ကျွန်တော့်ကို ဝိုင်းဟားကြသည်။ ခုထက်ထိ မမေ့ကြသေး။ တစ်စုံတစ်ယောက်ကို မပြောရဲပြောရဲ ပြောရမည်ဆိုလျှင် ''မောင်ဂျိုလို လက်ဖက်ရည်ဖိုး ရှင်းနေရဦးမယ်'' ဟု ပြောစမှတ်ဖြစ်နေတော့၏။

× × ×

အဆောင်ရောက်ပြီး ပထမနှစ် အမ်ဘီပြီးကာနီးလောက်မှာ ကျွန်တော်တို့ ဆုတောင်းပြည့်လေ၏။

ရွှေမင်းဂံနှင့် သူ့အခန်းဖော် စီနီယာအစ်ကိုကြီးတို့ ရန်အကြီးအကျယ်ဖြစ်ကြသည်။ အခန်းထဲမှာ ထိုးကြကြိတ်ကြနှင့် ဝုန်းဒိုင်းကြဲနေသော်လည်း မည်သူမျှ ဝင်မဆွဲရဲကြ။ အဆောင်မှူး၊ ပောကျူတာနှင့် စီနီယာကျောင်းသားကြီးတွေ ရောက်လာမှ ရန်ပွဲငြိမ်းသည်။ စီနီယာအစ်ကိုကြီး နံရိုးနှစ်ချောင်းကျိုးပြီး မေးကွဲသွား၏။ ရွှေမင်းဂံက ဒဏ်ရာကြီးကြီးကျယ်ကျယ် မရ။ ကျောင်းတွင်းစစ်ဆေးမှုတွေပြီးတော့ စီနီယာအစ်ကိုကြီးက အဆောင်

ထုတ်ခံရသည်။ ရွှေမင်းဂံကိုတော့ အဆောင်ထုတ်ပြီး ကျောင်းတစ်နှစ် နားစေလိုက်သည်။

တစ်နှစ်နားပြီးသော်လည်း ရွှေမင်းဂံ ဆေးကျောင်းပြန်ရောက်မလာတော့ပါ။ သူမြို့က ဂျူနီယာလေးတွေကို မေးကြည့်တော့လည်း ရေရေရာရာ မသိကြ။ ကျွန်တော်တို့ ကျောင်းပြီး ဘွဲ့ရသည်အထိ ရွှေမင်းဂံသတင်း မကြားရတော့ပါ။

ရွှေမင်းဂံတစ်ယောက် ဘယ်အရပ်၊ ဘယ်ဒေသမှာ ဘယ်သူတွေကို ဘယ်လို ဗိုလ်ကျအနိုင်ကျင့်နေပါလိမ့်။ ဗိုလ်ကျအနိုင်ကျင့်လွန်းတာ မခံနိုင်သူများက လက်တုံ့ပြန်၍ ဆုံးများဆုံးပါးသွားပြီလား။ တရားဥပဒေက လက်ပိုက်ကြည့်မနေ၍ ထောင်ထဲပဲ ရောက်နေပြီလား။ တရားဥပဒေနှင့် အလှမ်းဝေးရာကိုပဲ ထွက်ပြေးတိမ်းရှောင်သွားပြီလား။

အဲဒါတွေနှင့် ပြောင်းပြန်။

ဆရာဝန်မဖြစ်သော်လည်း ဆေးပညာနယ်ပယ်မှ ထွက်သွားရသော်လည်း အခြားနယ်ပယ်တစ်ခုခုမှာ ကျင်လည်ကြီးပွားနေပြီလား။ အခြားနာမည်တစ်မျိုးဖြင့် ရောမပုဂ္ဂိုလ်ကြီးများ ဖြစ်နေပြီလား။ ပဟေဠိအဖြေညှိကြသော်လည်း အဖြေက ထွက်မလာ။

နောက်နှစ် နောက်နှစ် ဆရာကန်တော့ပွဲတွေမှာလည်း ရွှေမင်းဂံသတင်းက ဘာမျှမကြားရ။

ကျွန်တော်တို့မှာ တစ်နှစ်တစ်ခါဆုံကြတိုင်း ရွှေမင်းဂံ ဘယ်ရောက်နေသလဲဟု အချင်းချင်းပဲ မေးနေရတော့၏။

ဂျူးဇော်

ပေဖူးလွှာမဂ္ဂဇင်း (အမှတ် ၂၁၊ ဇွန်လ၊ ၂၀၁၁ ခုနှစ်)

# မွေးနေ့ကိတ်

ခင်ခင်ထူး

(၁)

တောသူတောင်သား မိဘနှစ်ပါးက ပေါက်ဖွားခဲ့ရသူ ကျွန်မအဖို့ မွေးနေ့ပွဲဆိုတာကို အမှတ်တရ ကျင်းပရန် အကြောင်းမဆိုက်ခဲ့ပါ။ မွေးနေ့ပွဲ ကျင်းပကြသူတွေကိုလည်း ကျွန်မနားလည်ပါ၏။ မွေးနေ့ဆိုတာကိုက မိမိကို မွေးဖွားခဲ့သည့် နေ့ရက်မဟုတ်လား။ လူသားတစ်ယောက်အဖြစ် လူ့လောက ကို ဘွားဘွားကြီးမြင်ရသောနေ့၊ အမိဝမ်းတွင်းမှ လောကကို ရောက်လာရ သည့်နေ့ဆိုတော့ လေးနက်သော အဓိပ္ပာယ်တစ်မျိုး ရှိနေတာကိုလည်း ကျွန်မ ခံစားမိပါသည်။ သို့သော် ကျွန်မပတ်ဝန်းကျင်မှာတော့ မွေးနေ့ပွဲယဉ်ကျေးမှု မရှိသလောက် ရှားပါ၏။ အထူးသဖြင့် ကျေးလက်မှာ ကြီးပြင်းခဲ့ရသူဆို တော့ ကိုယ့်မွေးနေ့ကိုယ် သတိတရရှိခဲ့ရတာ ရှိသလို ဘာမှန်းညာမှန်းမသိ ကျော်ဖြတ်သွားတာတွေလည်း ရှိခဲ့သည်။ တစ်ခါတလေ အကြောင်းဆိုင်လို့ ဘုရားကျောင်းကန်သွားတာမျိုး၊ ဆွမ်းချိုင့်ပို့တာမျိုးတော့ ရှိသည်။ သည် လောက်ပါပဲ။ မကျင်းပလိုက်ရလေခြင်းလို့လည်း မရှိ။ ဖြစ်ရလေခြင်း လို့လည်း မတွက်မိ။ ကျွန်မနှင့် မွေးနေ့ပွဲသည် နီးချင်လည်း နီးသည်။ ဝေးချင်လည်း ဝေးသည်။

သမီးကလေး ပေါ်ပေါက်လာတော့ ကျွန်မတုန်းက အကြောင်း

မဆိုက်ခဲ့သော မွေးနေ့ဆိုတာ ကျွန်မခေါင်းထဲ ပြန်ဝင်လာခဲ့သည်။ သမီးကို မွေးနေ့ပွဲကလေး လုပ်ပေးချင်ခဲ့သည်။ ခမ်းခမ်းနားနားတော့ မဟုတ်ပါ။ သမီးမွေးနေ့ကို သမီးကလေး ခံစားစေချင်သည်။ ကျွန်မတို့ မိဘနှစ်ပါးက လည်း ခံစားချင်သည်။ သမီးမွေးနေ့ရောက်တိုင်း ကျွန်မတို့ လုပ်လက်စ အလုပ်တွေကို ပစ်ချထားကာ နှစ်စဉ် ဘုရားကြီးကို သွားဖူးကြသည်။ ဘုန်းကြီးကျောင်း ဆွမ်းချိုင့်ပို့သည်။ ပေးကမ်းစွန့်ကြဲရမည့်သူများကို တတ်စွမ်းသမျှ ပေးကမ်းစွန့်ကြဲသည်။ အထူးသဖြင့် ကျွန်မအမေ(သမီး၏ ဘွားအေ)ကို သွားကန်တော့ကြသည်။

သမီးကလေး မွေးဖွားပြီး ရက်(၁၀၀)ပြည့်သည့်နေ့က ရက်(၁၀၀) ပြည့် မွေးနေ့ပွဲကလေး ကျင်းပဖြစ်ခဲ့တာကိုလည်း ကျွန်မ သတိရမိပါ၏။ ထိုစဉ်က ကျွန်မတို့မိသားစု မန္တလေးမြို့ အနောက်ပြင် မြစ်ဆိပ်ရှိ ကန်တော်ကြီး အနောက်ခြမ်းအိမ်ရာခေါ်သည့် ရေထွန်းတိုက်တန်းမှာ နေခဲ့ကြသည်။ လေးထပ်တိုက်ခန်းမှာနေကြတာဆိုတော့ ဖိတ်ကြားထားသူများခမျာ မရောက် ရောက်အောင် ရောက်လာကြတာကိုလည်း ကျေးဇူးတင်မိရပါ၏။ အညာစာ ကလေးဖြစ်စေချင်သဖြင့် ဆီထမင်းနှင့် စားတော်ပဲပြုတ်၊ ငါးခြောက်ဖုတ် ကလေးဖုတ်ပြီး ဧည့်ခံခဲ့ကြသည်။ စာပေမောင်နှမများ၊ ဆွေမျိုးညာတိများ၊ အိမ်နီးချင်းများ စည်စည်ဝေအောင် လာရောက်ခဲ့ကြသည်။ သမီးအတွက် လက်ဆောင်တွေလည်း ပါလာကြသည့်အပြင် ရက်(၁၀၀)သမီးကလေးကို ဓာတ်ပုံတွေပါ ရိုက်ကူးပေးကြပါ၏။ သမီးကလေး သိနားလည်သည့်အရွယ် ရောက်လျှင် ဓာတ်ပုံတွေ ပြရမည်။

အခုတော့ သမီးကလေး 'လေးနှစ်'ပြည့်ပြီ။ ခံစားနိုင်သလောက် ခံစားတတ်ပြီ။ ဓာတ်ပုံအယ်လ်ဘမ်ကိုပြကာ ကျွန်မက ရှင်းပြရပြီ။

"ဒါက ဦးဇော်ဇော်(ဘို) ရိုက်ပေးတာ။ နှင်းဆီပွင့်ကြီးထဲမှာ သမီးမျက်နှာကလေး ပေါ်နေတာ တွေ့လား။ ဒါက ပါပါနဲ့ မေမေက မော့ကြည့်နေတာ တွေ့လား"

ကျွန်မက အဲသလိုပြောလျှင် သမီးက အင်မတန် ဝမ်းသာနေတတ် ပါသည်။ ပုခက်ထဲမှာ အိပ်နေသည့်ပုံ၊ မိတ်ဆွေတွေက ချီပိုးထားကြသည့်ပုံ၊

ကျွန်မနှင့်အတူ ရိုက်ထားသည့်ပုံ စသည်ဖြင့် ဓာတ်ပုံတွေကလည်း အများသား။ သမီးက စိတ်ကူးရလျှင် မွေးနေ့ဓာတ်ပုံအယ်လ်ဘမ်ကို ထုတ်ယူကာ တစ်ပုံချင်း စိတ်ဝင်တစား ကြည့်နေတတ်သည်။ သူ့ပုံတွေကိုသူ သဘောကျကာ ပြုံးနေတာလည်းရှိသည်။

"ဖွေးက ငယ်ငယ်ကလေး၊ တွေ့လား၊ ပါပါ၊ ချစ်စရာကောင်းတယ်နော်၊ သမီး သူ့ကို ချစ်တယ်"

သမီးက သူ့ကိုယ်သူ ချစ်စရာကလေးဆိုလို့ ကျွန်မပြုံးမိရသည်။ ပြီးတော့ သူ့ကိုယ်သူ ချစ်တယ်တဲ့။

ရက်(၁၀၀)ပြည့်မှစကာ တစ်နှစ်ပြည့်၊ နှစ်နှစ်ပြည့်၊ သုံးနှစ်ပြည့်။ ယခုနှစ်တော့ လေးနှစ်ပြည့်မွေးနေ့ ရောက်ခဲ့ရပြီ။ သမီးကလည်း မူကြိုကျောင်းသူကြီး ဖြစ်နေပြီဆိုတော့ အိမ်ဘေးဝန်းကျင်က ကလေးများနှင့် မူကြိုက ကလေးတွေကို အရုပ်ကလေးတွေ လက်ဆောင်ပေးမည်။ မုန့်ကျွေးမည်။ ဘုရားကြီးဖူးကြမည်။ သမီး အလွန်သွားချင်တတ်သည့် 78 Shopping Centre ကိုပို့မည်။ ဘွားအေကြီးကို ကန်တော့မည်။

အရုပ်ကလေးတွေချည်း အခုလေးဆယ်လောက် ဝယ်ရမှာဆိုတော့ ကလေးတစ်ယောက်ကို ငါးရာဖိုးစီ လျာထားကြရသည်။ ဘွားအေကြီးအတွက် ဘယ်ရွေ့ဘယ်မျှ၊ ကားခက ဘယ်ရွေ့ဘယ်မျှ၊ အစုစု ဘယ်ရွေ့ဘယ်မျှ တွက်ကြရသည်။ သိပ်များများလည်း မတတ်နိုင်တော့ ခပ်လောလော ဆုံးဖြတ်ချက်ချ။ ခပ်လောလော ဈေးဝယ်ထွက်ကြရပါ၏။

× × ×

(၂)

ကျွန်မတို့မိသားစု ဈေးချိုအရုပ်တန်းကိုရောက်တော့ လိုချင်စရာတွေများလှပါသည်။ အမယ်တွေကလည်း များလှပါ၏။ ထိုက်ထိုက်တန်တန် မေတ္တာလက်ဆောင် ကမ်းချင်စိတ်ကလည်း ကြီးမားလှပါ၏။ သို့သော် မစွမ်းသာသဖြင့် စိတ်ကလေးလျှော့ကာ မှလသတ်မှတ်ချက်အတိုင်း ဈေးတိုက်ဝယ်ကြရသည်။ ယောကျ်ားကလေး မိန်းကလေးခွဲကာ အရုပ်ကလေးတွေကို စဉ်းစားကြရသည်။ ယောကျ်ားကလေးတွေအတွက် နင်ဂျာ၊

မော်တော်ကား၊ ဘောလုံးကလေးတွေ စဉ်းစားရသည်။ မိန်းကလေးတွေကတော့ ယုန်ရုပ်ကလေးတွေ၊ ဘိုမရုပ်ကလေးတွေ ဝယ်ရသည်။ တုတ်ချိုချဉ်ကလေးတွေပါ တွဲဖက်ပေးချင်တော့ တုတ်ချိုချဉ်ထုပ်တွေလည်း ဝယ်ရပါသည်။ တရုတ်ဘက်ကလာသည့် အရုပ်ကလေးတွေဆိုတော့ ဈေးပေါပေါနှင့် လှအောင်ပေးနိုင်ပါသည်။ အရုပ်ပေါင်း လေးဆယ်ကို ဝယ်ပြီးပြန်လာတော့ သမီးက အပျော်ကြီး ပျော်နေရှာသည်။ အိမ်ရောက်တော့ စိတ်ပြောင်းသွားလေသည်။

"ဒါတွေ သူများမပေးနဲ့နော်။ သမီးပဲ ယူလိုက်တော့မယ်။ ဘယ်သူ့မှ မပေးတော့ဘူးနော် မေမေ"

မွေးနေ့ရှင်က လက်ဆောင်မပေးရခင်က တွန့်တိုနေလို့ ကျွန်မတို့မှာ ရယ်ရခက် ငိုရခက်။

"သမီးရယ်…ကိုယ့်မွေးနေ့မှာ သူတစ်ပါးကို လက်ဆောင်ပေးတာလေ။ ကုသိုလ်ရတာပေါ့ သမီးရဲ့။ မနှမြောရဘူး။ သမီးပဲ သူငယ်ချင်းတွေကို ပေးချင်လှဆို"

"ဒါဆို ကိုဇင်နဲ့ ဘေတားပဲ ပေးလိုက်"

ကျွန်မတို့အိမ်နားက သမီးနဲ့ကစားနေကျ ကလေးနှစ်ယောက်ကို ပြောနေခြင်း ဖြစ်သည်။ 'ဘေတား'က ကျွန်မတို့အိမ်နီးချင်း ဂေါ်ရခါးကလေး ဖြစ်သည်။ အရုပ်တွေအများကြီးဆိုတော့ ကလေးပီပီ နှမြောစိတ်ကလေး ဝင်လာတာကို ကျွန်မနားလည်ပါသည်။ သူ့အဖေကတော့ သမီးအမူအယာနှင့် ပြောပုံဆိုပုံ၊ နှမြောပုံကိုကြည့်ကာ "အဲဒါ မင်းတို့ဘက် သွားတူတာ" ဟု ဆိုသည်။ ကျွန်မကလည်း ပြန်မပြောသာပါ။ ကျွန်မငယ်ငယ်က နှမြောတတ်ပုံတွေ ပြောပြထားတာမဟုတ်လား။ သမီးက ဖအေဖျောင်းဖျတော့လည်း နားထောင်ရှာပါ၏။

"ပါပါ ပြောမယ်။ သမီးက မွေးနေ့ရှင်ဖြစ်သွားပြီလေ၊ မွေးနေ့ရှင်ဆိုတာ မွေးနေ့မှာသူများကို မေတ္တာလက်ဆောင်ပေးရတယ်။ ကျွေးမွေးရတယ်။ ဒါမှ သူတို့ကလည်း သမီးမွေးနေ့မှန်းသိတော့ ဆုတောင်းပေးကြမှာပေါ့။ ဘာဘီကလေးကြည့်ပါလား"

'ဘာဘီကလေး'ဆိုသည့်စကားက တော်တော်ဟုတ်သွားပါသည်။ သမီးက ဒီဗီဒီခွေတ်ပြားတွေကတစ်ဆင့်ကြည့်ရသည့် စင်ဒရဲလားတို့၊ စနိုးဝှိုက်တို့၊ ဘာဘီတို့ အဲလစ်တို့ကို သဘောကျသည်။ စိတ်ကောင်းနှလုံးကောင်းရှိသူကလေးတွေအဖြစ် နမူနာယူနိုင်ရန် အားလျှင်အားသလို ကျွန်မရှင်းပြထားတာကလည်းရှိတော့ ချက်ချင်း သဘောပေါက်သွားပါသည်။ ကျွန်မကလည်း ချက်ချင်း ဝင်ရပါ၏။

"ဒရက်ဗီလာတို့၊ အနေးတားရှားတို့က စိတ်ကောင်းမရှိဘူးလေ။ သမီး ကြည့်ရသားပဲ။ ကြောင်ကြီး လူစီဖားဆိုရင် စိတ်ကောင်းမရှိဘူး မဟုတ်လား။ သမီးက စင်ဒရဲလားလား၊ ဒရက်ဗီလာလား၊ ကဲ ပြောပါဦး"

"စင်ဒရဲလား"

"အေးပေါ့၊ စင်ဒရဲလားဆိုရင် စိတ်ကောင်းရှိရမှာပေါ့"

ဒီလိုဆိုတော့လည်း နှမြောတွန့်တိုစိတ်ကလေး ပျောက်သွားပုံပေါ်ပါသည်။

"သမီး သူငယ်ချင်းတွေကို အရုပ်ကလေးတွေ ဝေပေးလိုက်တော့ မေမေ"

စင်ဒရဲလားတို့၊ ဘာဘီတို့ ကယ်သဖြင့် ဒီကိစ္စ အောင်မြင်သွားခဲ့ရပါ၏။ စိတ်ပြောင်းသွားသော်လည်း အရုပ်လေးဆယ်စလုံးကို ဆက်တီးကုလားထိုင်ပေါ်တင်ကာ အရုပ်ဆိုင်ဖွင့်ကြေးကစားနေသဖြင့် ခွင့်ပြုထားရပါ၏။ ကစားလို့အားရတော့မှ သူ့အရုပ်နှင့် သူ့အထုပ်ပြန်ထည့်ကာ ခြင်းတစ်လုံးထဲ ထည့်ထားရသည်။ သမီးက ကစားလို့ အားရသွားလို့လား မသိပါ။ အရုပ်တွေကို လှည့်ပင်မကြည့်တော့။ တီဗီဘက်လှည့်လာကာ စင်ဒရဲလားခွေတ်ပြားကို Player ထဲထည့်ကာ ကြည့်နေတော့သည်။

ဒီတော့မှ ကျွန်မမှာ မနက်ဆွမ်းချိုင့်ကိစ္စ၊ ဘုရားသွားမည့်ကိစ္စ၊ သမီးဘွားအေကြီး နေထိုင်ရာ ချော်ဆိပ်သို့သွားကန်တော့ရမည့်ကိစ္စတွေ ခေါင်းထဲထည့်ရပါသည်။ ဒီတုန်းမှာပဲ တယ်လီဖုန်းတွေလာသည်။ ကျွန်မတို့နှင့် ခင်မင်သူများထံမှ လာသည့်ဖုန်းတွေဖြစ်သည်။ တချို့က ဖွေးဖွေးနှင့် ပြောချင်သည် ဆိုကြပါ၏။ သမီးလက်ထဲ ဖုန်းထည့်ပေးရသည်။

''မနက်ကျရင် ဖွေဖွေးတို့တီတီက ဂါဝန်နဲ့အရုပ်တွေ ယူလာမယ်။ စောင့်နေနော်၊ ဂျယ်လီဘူးလည်း ဝယ်ထားတယ်''

''ဟုတ်''

''ဟုတ်ကဲ့ပါရှင့်လို့။ ပြောရတယ် သမီးရဲ့''

သမီးကိုလည်း တစ်ပါတည်း သင်ရပါ၏။ ကျွန်မမိတ်ဆွေ 'မမီ' ကတော့ သမီးမွေးနေ့အတွက် မွေးနေ့ကိတ်မှာထားတာ ခုပဲရောက်လာလို့ လာပို့မယ် ဖုန်းဆက်သဖြင့် ကျေးဇူးတင်ပါကြောင်း ပြောရပါသည်။ မွေးနေ့ ကိတ်ဆိုတော့ ကျွန်မစိတ်ထဲ ကိတ်မုန့်ဝိုင်းဝိုင်းတစ်လုံးကိုပဲ မြင်ယောင် လိုက်သည်။ တကူးတက မှာထားသည်ဆိုသဖြင့် အားနာမိသော်လည်း မငြင်းသာသဖြင့် ကျွန်မကိုယ်တိုင်က လက်ခံရခြင်းဖြစ်ပါသည်။ ညတွင်းချင်း ကိတ်မုန့်ရောက်လာသည့်အခါမှာတော့ ကျွန်မတို့အားလုံး အံ့ဩသွားရပါ သည်။ မွေးနေ့ကိတ်မုန့်ကြီးက စက္ကူဘူးဝိုင်းဝိုင်းကြီးထဲ ထည့်ထားသည်။ ဘူးအဖုံးကို ဖွင့်ကြည့်လိုက်တော့ အတွင်းမှာ ရောမကိတ်မုန့်ကြီးတစ်လုံး Happy Birthday ဆိုသည့် စာလုံးနှင့်အတူ နှင်းဆီပွင့်ကြီးတစ်ပွင့်ကို ဖူးဖူး ကြီး မြင်နေရသည်။ လင်ဗန်းတစ်ချပ်စာလောက် ကြီးလိမ့်မည် ထင်ပါ၏။ အပေါ်မှ ပန်းနွယ်ပန်းတွန့် ပန်းခက်ကလေးတွေ ပုံဖော်ထားသော ကရင်(မ်) တွေကိုက တစ်ထွေးတစ်မကြီး။ သည်တော့မှ မမီကို ဖုန်းဆက်ရသည်။ တန်ဖိုးနည်းမှာမဟုတ်တာကို စဉ်းစားမိတော့ အလွန်အားနာပါသည်။

''မမီရယ်…မွေးနေ့ကိတ်ကြီးက ကြီးလိုက်တာ။ ကျွန်မက မုန့်သေးသေးလေး လောက် အောက်မေ့တာပါ။ တန်ဖိုးကြီးတာကို ဝယ်ပို့လို့ ကျွန်မ အားနာနေတာ''

''ရပါတယ် ဆရာမရယ်၊ ဖွေဖွေးအတွက် လက်ဆောင်၊ အားမနာ ပါနဲ့ရှင်''

ထိုညက ကျွန်မတို့မိသားစု သုံးယောက်စလုံး မွေးနေ့ကိတ်ကြီးကို ထိုင်ကြည့်ဖြစ်ကြပါသည်။ ကျွန်မတို့ မျှော်လင့်မထားသော မွေးနေ့ကိတ်မုန့် ကြီးတစ်လုံး ကိုယ့်ရှေ့မှာ မျက်ဝါးထင်ထင် မြင်နေရတာကိုပဲ အံ့ဩမိကြရ သလို ဝမ်းလည်းသာကြရပါ၏။ သမီးကတော့ ဖွဲချင်လှပြီဆိုသည့် အမူအရာ

ဖြင့် မုန့်ဘူးကြီးကို တကဲကဲ လုပ်နေတော့သည်။

ကျွန်မက မုန့်ဘူးကြီးနှင့်အတူ ပါလာသော ဖယောင်းတိုင်ကလေး များနှင့် မုန့်လှီးပလတ်စတစ်ဓားကလေးကိုကြည့်ရင်း မွေးနေ့အခမ်းအနားကို မျက်စိထဲ မြင်ယောင်နေမိသည်။ မုန့်ကြီးပေါ်မှာ သည်ဖယောင်းတိုင်ကလေး တွေထွန်း၊ မီးညှိ၊ မွေးနေ့ရှင်သမီးကလေးက ဖယောင်းတိုက်ကိုမှုတ်၊ မုန့်ကို ဓားနှင့်လှီး Happy Birthday လို့ ဝိုင်းအော်ကြ။ ဒါကလည်း ကျွန်မကြုံဖူးလို့ မဟုတ်ပါ။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာ တွေ့ဖူးတာပဲဖြစ်သည်။ နောက် ကော ဘာလုပ်ကြရသေးလဲ။

"မေမေ…ကိတ်မုန့်လှီးရအောင်၊ စနိုးဝှိုက်ကလေး မွေးနေ့ ကိတ်ကြီးကို ဓားနဲ့ခုတ်ပြီး ဖယောင်းတိုင်တွေ ဖူးဖူးနဲ့မှုတ်တာ၊ လူပုကလေး တွေကို ကျွေးတာ။ ပါပါ လူပုကလေးလုပ်"

"ဓားနဲ့ ခုတ်တယ်လို့ မပြောရဘူး။ ကိတ်မုန့်ကိုကျတော့ ဓားနဲ့ခွဲ တယ်။ လှီးတယ်လို့ ပြောရတယ် သမီးရဲ့။ မနက်ဖြန်ကျတော့ ကျောင်းမှာ ဟက်ပီဘာ့သ်ဒေးလို့ ဆုတောင်းကြမှာလေ။ ကျောင်းမှာ သမီးသူငယ်ချင်း တွေက လူပုကလေး လုပ်ကြမှာလေ"

ကျွန်မက ချော့ချော့မော့မော့ ပြောလို့သာ လက်ခံလိုက်ရပုံရသော် လည်း သမီးကတော့ ကိတ်မုန့်ကြီးကိုကြည့်ပြီး အူတွေယားနေပုံရသည်။ ကိတ်မုန့်ပေါ်က ရောင်စုံခရင်(မ်)တွေကို ထိဖို့ ဆိတ်ဖို့ လက်တပြင်ပြင်။ စနိုးဝှိုက်ကားထဲမှာ ကြည့်ဖူးသော မွေးနေ့ကိတ်မျိုး မျက်ဝါးထင်ထင်ကြီး တွေ့နေရတာကို စိတ်ဝင်စားလို့ မဆုံးတော့။

ကျွန်မတို့ နှစ်ယောက်စလုံးကလည်း သမီးကို အလွတ်မပေးဝံ့။ မုန့်ကြီးကို ဖဲ့လိုက်၊ ကုတ်လိုက်မှာစိုးတော့ ဆူလှယ်နှင့် စောင့်ကြည့်ရသည်။ စိတ်ကူးပေါက်လိုက်တာနှင့် အနားကို လာရစ်ပြန်၏။ ညဘက်မှာ မွေးနေ့လုပ် လို့ ရသလား မေးသည်။ လုပ်လို့ရသည်ဆိုလျှင် ခုချက်ချင်း သားအဖ သုံးယောက်တည်းနှင့် မွေးနေ့လုပ်ချင်လှပြီဆိုသည့်သဘော မေးခြင်းဖြစ် ကြောင်း ကျွန်မ သိပါသည်။ ဒီတော့ "သမီးမွေးနေ့က မနက်ဖြန်မှလေ၊ မနက်ကျမှ လုပ်ရမှာပေါ့ သမီးရဲ့" လို့ ဖြေလိုက်ရသည်။ ဖြစ်ချင်တော့

ထိုညက သမီးခမျာ မျက်လုံးများပင် ခိုင်လို့။ တော်တော်နှင့် မအိပ်နိုင်။ ဖအေစာရေးစားပွဲထိုင်တော့ ကျွန်မက စောင့်နေရပြီး ကျွန်မရေးမည်ပြင်တော့ ဖအေတစ်လှည့် လူလုံးပြရပါ၏။ ကျွန်မတို့မှာ အရုပ်ပေါင်းလေးဆယ်၊ မွေးနေ့ကိတ်ကြီးတစ်လုံးနှင့်အတူ မွေးနေ့ရှင်ကို တဟဲ့ဟဲ့ ခြိမ်းမောင်းနေကြရတော့သည်။ သမီးအိပ်ပြီဆိုတော့မှ စိတ်ကလေးအေးကြရကာ မနက်တော့ မုန့်ပုံစံမပျက် သယ်သွားနိုင်ကြမည် တွက်ရပါ၏။

ထိုညက သမီးကို ခြင်ထောင်တွင်းထည့်သိပ်ရင်း သမီးကို ကျွန်မ ငုံ့ကြည့်နေမိခဲ့သည်။ သမီးကလေးခမျာ အပူအပင် မရှိရှာတော့လည်း ကျားပေါက်၊ ကျွဲပေါက် ကလေးလို မက်ရေစက်ရေ အိပ်နေရှာပါ၏။ သမီးကိုကြည့်ရင်း သမီးအကြောင်းတွေ ခေါင်းထဲရောက်ရပြန်သည်။

× × ×

(၃)

သမီးက မွေးကတည်းက ကျန်းမာသန်စွမ်းသည်။ သူတကာ ကလေးတွေလို ပြေးပြေးလွှားလွှား၊ အော်ကြီးကျယ်လောင် ဆော့တာမျိုးမရှိ။ သူစိတ်ဝင်စားစရာ တစ်မျိုးမျိုးကို စိုက်မိစိုက်ရာ စိုက်၍ ဆော့တတ်ပါသည်။ ကျွန်မတို့မှာ စီစီရီရီ ပုံထပ်ထားသော မဂ္ဂဇင်းတွေကို တစ်အုပ်စီကောက်ပြီး ဆက်တီခုံတွေမှာ ထောင်လိုက် စီချင် စီနေတတ်သည်။ ဗီရိုထဲထည့်ထားသော အရုပ်တွေအားလုံး ဆွဲချကာ ကြမ်းပေါ် စီချင်လည်း စီသည်။ အလွယ်တကူထားသော ပန်းကန်ခွက်ယောက်တွေကို သွားယူကာ ကြမ်းပြင် တစ်လျှောက် ချတာမျိုးကလည်း မကြာခဏပင်။ တစ်ခါတလေတော့ စားပွဲပေါ်က Tissue ဘူးလည်း မနေသာပါ။ Tissueတွေ တစ်ရွက်ချင်းထုတ်ကာ လုံးသည်။ အလွှာလိုက် တစ်ရွက်ချင်း ကြဲထားတတ်သည်။ မုန့်ဘူးကိုဖွင့်ကာ မုန့်တွေကို တန်းစီထားတာများလည်း ရှိပါ၏။ မုန့်နှင့်ရေနံကာ အစေးပေါက် အောင်ဆုပ်ပြီး ကြဲရာမှာ လိုက်သုတ်သည်။ အိမ်ရှေ့မှာ အိုးပုတ်တောင်း ရှိသည်။ ပုဂံယွန်း ကစားစရာအရုပ်တွေ ရှိသည်။ ပလတ်စတစ် အရုပ်ကျိုး အရုပ်ပဲ့တွေရှိသည်။ ထိုအရုပ်တောင်းကို စိတ်ရောက်မိပြီးဆိုလျှင်တော့ ရှင်းပေရော့။ အိမ်ရှေ့မှာ ရေပိုက်ချထားတာ တွေ့လျှင်တော့ ကစား

လက်စကို ပစ်ချကာ ရေပိုက်ကို သွားဆွဲသည်။

"သမီး ပန်းပင်တွေ ရေလောင်းလိုက်မယ် မေမေ"

ကျွန်မကို ခွင့်တောင်းရုံ တောင်းပြီးပြီဆိုလျှင်တော့ အဝတ်အစား တစ်စုံ လှဲလှယ်ဖို့သာပြင်။ ရွှံ့စေးတွေ၊ ရေတွေ ပေပွနေတာကို အင်မတန် သဘောကျတတ်သည်။ ကျွန်မတို့မှာ စာရေးလက်စဖြစ်နေလျှင် 'အေး… အေး…သမီး'ဆိုတာလောက် အသံပြုလိုက်ရတာများသည်။ အာရုံကလေး မပျောက်ခင် သူလုပ်ချင်ရာ လုပ်ပါစေပေါ့။ ငြိမ်နေပြီးတာပဲပေါ့။ သို့သော် ကိုယ်တိုင်ခွင့်ပြုပြီးကာမှ ဒေါသဖြစ်ရတာများလည်း ရှိပါ၏။ စာရေးလက်စ ခဏချကာ အကဲခတ်တော့ တစ်ကိုယ်လုံး ရွှံ့အလူးလူး၊ ရေချိုးပေတော့။ ကိုယ်လက်သန့်စင်ပေးပေတော့။ အဝတ်အစားလဲပေးပေတော့။ နောက်ဆက် တွဲက မသက်သာ။ ဆူတော့ငေါက်တော့ ကျွန်မကို စကားနာထိုးသည်။

"မေမေပဲ အေးအေး သမီး ကစားဆို"

ခေါင်းက ကလစ်တွေ ဆံကုပ်တွေဆိုတာ ဝယ်လို့ပဲ မလောက်နိုင်။ ကြမ်းပေါ်မှာ တစ်ချောင်းချင်း ကောက်ကြရော့။ ကျွန်မရော ဖအေပါ သွားရင်းလာရင်းက ကုန်းကောက်ရတာတွေက နေ့စဉ်အလုပ်။ ကျုန်းမာရေး လေ့ကျင့်ခန်း အထူးလုပ်စရာမလို။ မြင်ရာကို ကုန်းကောက်ပြီး ခြင်းကလေး ထဲ ထည့်သွားရုံနှင့် ကိုယ်လက်လှုပ်ရှားပြီးသား ဖြစ်ရပါသည်။

သမီးက တစ်ခါတစ်ရံ ကျွန်မတို့ကို စတတ်သည်။ ကျွန်မပိုက်ဆံ အိတ်ကို ဖွင့်ပြီး အထဲက သော့တွဲကို နှိုက်ထားတတ်သည်။ ကျွန်မက သော့ဖွင့်စရာအကြောင်းရှိလာပြီဆိုလျှင် သော့တွဲမရှိတော့။ တစ်ရက်၊ နှစ်ရက် ရှာသော်လည်း မတွေ့တော့ သမီးကို မေးရပါသည်။ ချော့ကာ မော့ကာမေးမှ ကျွန်မကို ပြုံးစိစိ လှမ်းကြည့်တတ်ပါ၏။ ဖအေမျက်မှန်ကတော့ ချွတ်ပြီး မချလိုက်နှင့်။ ခဏနေလျှင် ပျောက်ပြီ။ ဖအေက ဘယ်နားချွတ်မိမှန်း မသိတော့ လိုက်ရှာ။ သမီးက ပြုံးစိစိ။ ကျွန်မက ချော့မေးသော်လည်း သမီးမှမသိတာလို့ ပြောသည်။ ရေချိုးရင်းများ ပေပါထဲ ကျသလား။ အိပ်ရာ ဘေး၊ အရုပ်ဗီရိုထဲ စသဖြင့် ရှာသော်လည်း မတွေ့။ ဒီတော့ ကျွန်မ နည်းစနစ်ပြောင်းရသည်။

“သမီးကို ရှာခိုင်းပါတော်၊ သမီးက သိပ်မျက်စိလျင်တာ၊ ကြည့်နေတွေ့လိမ့်မယ်၊ သမီး ရှာပေးလိုက်”

သမီးက ဒီတော့မှ သူ ဝှက်ထားသည့်နေရာက ထုတ်လာပြီး ဖအေ့ကို လက်ကမ်းသည်။

တကယ်တော့ သမီးက သူ့နည်းသူ့ဟန်ဖြင့် ကျွန်မတို့နှင့် ကစားနေတာများလားလို့ တွက်မိပါသည်။ အိမ်ဗာဟီရ၊ လူမှုကိစ္စ၊ စာပေကိစ္စတွေကို လှည့်ကြည့်ရတာများတော့လည်း သမီးကလေး ပျင်းပုံရသည်။ ဒီတော့ ကျွန်မတို့ပါ စာရေးစားပွဲက ထရသော အလုပ်မျိုးကို ဉာဏ်မီသလောက် လုပ်နေတာဖြစ်ပါလိမ့်မည်။ မိဘနှစ်ပါး ယောက်ယက်ခတ်နေလျှင် ပြီးရော ဆိုပြီး သူ့ဘက်အာရုံပြောင်းအောင် လုပ်နေတာပဲဖြစ်သည်။ ဖအေက ဝေါက်မိတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျကာ ကျွန်မထံ လာငိုးသည်။ ကျွန်မက ဆူမိပြန်တော့ ဖအေ့ထံပြေးသည်။ တစ်ခါတလေ ကျွန်မက ရေးလက်စစာမူတွေပေါ်မှာ အရုပ်တွေရေးကာ လက်စွမ်းပြသွားလို့ ဖျက်ရတာ၊ ပြန်ရေးရတာတွေရှိသည်။ ဖအေ့လက်ရေးစာမူတွေပေါ်မှာ တံဆိပ်ဝိုင်းတွေ အကွင်းလိုက် အကွင်းလိုက် ရိုက်ထားတတ်ရတာကလည်း သမီးအကျင့်ပင်။ ကျွန်မတို့က သမီးနှင့် မကစားဖြစ်တော့ သမီးက ကျွန်မတို့နှင့် လာကစားတာ ဖြစ်နိုင်ပါ၏။ ဒီလိုဆိုတော့လည်း သနားမိရပါ၏။ ပွေ့ရ၊ ဖက်ရ၊ ချော့ပြန်ရပါ၏။

ကျွန်မတို့ ဇနီးခင်ပွန်း အိမ်ကိစ္စ၊ လူမှုရေးကိစ္စ၊ စာပေကိစ္စ ထိုင်ပြောကြတော့လည်း ပါးစပ်တွေ လိုက်ပိတ်တတ်သည်။

“ပြောလိုက်ကြတဲ့ စကားတွေတော်၊ နားညည်းလိုက်တာ၊ မပြောကြနဲ့” တဲ့။

ကျွန်မတို့မှာ ပြောလက်စစကား ရပ်ကြရသည်။ တစ်ခါတစ်ရံ ကျွန်မတို့ မျက်နှာကို သူ့လက်ဖဝါးကလေးနှစ်ဖက်ဖြင့်ညှပ်ကာ “ဒီမှာ… သမီးကိုကြည့်” လို့ လုပ်တတ်သည်။ ကျွန်မတို့က သူ့ကို အရေးတယူရှိကြတော့မှ ကဗျာတွေရွတ်ပြ၊ မူကြိုကျောင်းက သူငယ်ချင်းတွေအကြောင်း ပြောပြလုပ်ရှာ၏။ တစ်ခါတလေ ဖအေနှင့် သမီး ရယ်ရတာတွေရှိသေးသည်။

ဖအေကို အရာဝတ္ထုအမည်မျိုးစုံ အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ မေးခြင်းဖြစ်သည်။ မေးလို့ ဖြေပြန်တော့ သမီးက ဆရာပြန်လုပ်သည်။

''ခြင်ထောင်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ ပါပါ''

''မော်စကွီးတိုးနက်''

''သမီးတို့ မူကြိုမှာတော့ ဖရက်ရွတ်လို့ သင်တာ''

''ဪ…ဟုတ်လား''

''စောင်ကျတော့ ဘယ်လိုခေါ်သလဲ''

''ဘလဲန်ကက်ပေါ့ သမီးရဲ့''

''သမီးတို့ မူကြိုက အဲသလိုမဟုတ်ဘူး။ ရှော့ဗရော့တဲ့''

မဟုတ်က ဟုတ်ကတွေ ပြောနေပေမယ့် ဖအေက အံ့သြဟန်ပြနေရသည်။ တော်လိုက်တာလို့ ချီးမွမ်းနေရသည်။ သည်လိုနှင့် မဟုတ်က ဟုတ်ကတွေ တသီကြီး ထွက်ကျလာတတ်သည်။ ဒါကိုပဲ ကျွန်မတို့မှာ ရယ်စရာဖြစ်ရပါ၏။ ဒါပေသိ သမီး အမှတ်မထားဘူး မထင်ပါနှင့်။ စိတ်ကူးရချိန်ဆိုလျှင် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးကို အင်္ဂလိပ်လို ပီပီသသ ရွတ်ပြနိုင်ပြန်သည်။ သမီးက အင်္ဂလိပ်စာ ဝါသနာပါတာ ကျွန်မ သတိထားမိသည်။ မြင်မြင်ကရာ အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲမေးတာ အကျင့်လိုဖြစ်နေပြီ။ မှတ်ဉာဏ်ကလည်း ကောင်းသည်။ တစ်ခါက အရွယ်နှင့်မမျှ ရယ်စရာပြောလိုက်သဖြင့် ကျွန်မတို့ အံ့သြရပါသည်။ လူရွှင်တော်တွေ ပြက်လုံးထုတ်ကြတာမျိုးပင်။

''ပါပါ…နွားမကြီးကို ဘယ်လိုခေါ်လဲ''

''ဂရဲန်းမားပေါ့ သမီးရဲ့''

''မှားတယ်၊ အမေကြီးကို ခေါ်မြတင်လို့ ခေါ်တာပါ၊ ပါပါကလဲ''

သမီးကလေးကို ငုံ့ကြည့်ရင်းက သမီးအကြောင်း စပါးလုံးကောက်နေမိခြင်း ဖြစ်ပါ၏။ အခုတော့ မွေးနေ့ရှင်ကလေးပေါ့။ လေးနှစ်တောင် ရှိသွားပြီလားလို့လည်း တွေးမိရပါ၏။ ရက်တွေ လတွေ နှစ်တွေကလည်း မြန်လိုက်တာ။ လေးနှစ်အရွယ် သမီးကလေးကြောင့်ပဲ ကျွန်မတို့မှာ အဓိပ္ပာယ်ရှိသော လှပသော ဘဝတစ်ခုကို ခံစားခဲ့ရသည်။ နက်နဲသော အဓိပ္ပာယ်တစ်ခု

လို လေးနက်ခဲ့ရပါသည်။ သမီးနဖူးကလေးကို ကျွန်မ နမ်းလိုက်မိသည်။

သမီးအိပ်သွားတာ သေချာတော့မှ ခြင်ထောင်ချပေးခဲ့ပြီး အပြင်ထွက်လာခဲ့ရသည်။ မွေးနေ့ကိတ်ကြီးကို ဒီအတိုင်း စားပွဲပေါ် ထားလို့ကလည်းမဖြစ်တော့ နေရာချထားရေး အစည်းအဝေး လုပ်ကြရပါသည်။ ကြွက်တွေ၊ ပုရွက်ဆိတ်တွေ တက်မှာ စားမှာကလည်း စိုးတာတစ်ကြောင်း၊ မနက်စောစော အိပ်ရာက နိုးတတ်သော သမီးက ကျွန်မတို့ မနိုးကြခင် ကိတ်မုန့်ကြီးကို နှိုက်လိုက်ဆွဲလိုက်မှာကတစ်ကြောင်းဆိုတော့ သိမ်းကို သိမ်းကြရမည်။

"ဒီကိတ်မုန့်ကြီး ဘယ်မှာထားမလဲ"

"ငါလည်း စဉ်းစားနေတာကွ"

"ရေခဲသေတ္တာထဲကော"

"ဆံ့ပါ့မလား"

စာရေးစားပွဲပေါ်က ပေတံတစ်ချောင်းကိုယူကာ အလျား၊ အနံ၊ အမြင့် တိုင်းရသည်။ ကြိုးတစ်ချောင်းဖြင့် လုံးပတ်ကိုပါ တစ်လက်စတည်း တိုင်းရသည်။ ရေခဲသေတ္တာက မကြီးတော့ ဆံ့ရုံသာရှိမည်။ သည်အတိုင်း ထည့်လိုက်လျှင် ကိတ်မုန့်ကြီး ပွန်းမှာ ပဲ့မှာစိုးသဖြင့် ရေခဲသေတ္တာတံခါးမှာ တပ်ထားသည့် ရေဘူးထည့်သည့် အကန့်တွေကို ထည့်ဖို့ကတော့ ကျွန်မတို့ ချက်ချင်း မလုပ်ဝံ့ကြပါ။ တစ်ဖက်စောင်းလိုက်သည်နှင့် မုန့်အထိုင်ပါ ပျက်သွားနိုင်သည်။ အိခနဲ ပဲ့ကျသွားနိုင်သည်။

"ကိတ်မုန့်ကြီး မ ခဲ့တော့၊ ထည့်ကြရအောင်"

ခင်ပွန်းသည်က ကိတ်မုန့်ကြီးကို တယုတယ မတိမ်းမစောင်း ပွေ့ယူလာခဲ့ပြီး ထည့်ကြည့်၏။ ရေခဲသေတ္တာတံခါးကို အသာဖွဖွ ပိတ်ကြည့်ရ၏။ ခွင်တိကွက်တိ။ သည်လိုနှင့်ပင် ရေခဲသေတ္တာထဲ ကိတ်မုန့်ကြီး ရောက်သွားတော့မှ စိတ်အေးရပါ၏။ ည ဆယ့်တစ်နာရီလည်း ထိုးပြီးနေပြီ။ ကျွန်မမှာတော့ ညအိပ်ရာထဲရောက်သည့်နောက်တောင် ကိတ်မုန့်ကြီးကို အိပ်မက်မက်နေသေးတော့၏။

× × ×

(၄)

မနက်စောစောကြီး ဆွမ်းထချက်ကာ အိမ်နားက ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ရသည်။ အစီအစဉ်က ဘုန်းကြီးကျောင်းကအပြန် ရေမိုးချိုး၊ သမီးကို အဝတ်အစားကောင်းကောင်းလဲ၊ ငှားထားသည့်ကားလာလျှင် သမီးတို့မူကြိုကို အရင်ဝင်ကြမည်။ ပြီးလျှင် မဟာမုနိဘုရားကြီးကို ဖူးကြမည်။ ပြီးတော့ သမီးအမေကြီး(အဘွား)ကို ဆေးနှင့် ကန်တော့ပစ္စည်းတွေ ကိုယ်ထိလက်ရောက် ကန်တော့စေမည်။ အပြန်မှာတော့ 78 Shopping Centre ကိုဝင်ကာ သမီးကြိုက်တာ ဝယ်ပေးမည်။

"မေမေရေ...ကားလာပြီ"

ကျွန်မတို့ ငှားထားသော ကားကလေးရောက်လာတော့ သမီးက အော်ဟစ်ခုန်ပေါက်နေပြီ။ ကျွန်မတို့လည်း အဝတ်အစား ကမန်းကတန်းလဲကြရသည်။ သမီးကို သူ့တီတီပေးသော ဂါဝန်လှလှကလေးဝတ်ကာ မိတ်ကပ်နူတ်ခမ်းနီ စသည်ဖြင့် လှလှပပလေးဖြစ်အောင် ပြင်ဆင်ပေးရသည်။ အရုပ်ကလေးတွေ ထည့်ထားသည့် ခြင်းကို ကားပေါ်တင်ပြီး သမီးကိုပါ ကားပေါ် တစ်ခါတည်း တင်ထားလိုက်ရသည်။ ရေခဲသေတ္တာထဲမှာ ကိတ်မုန့်ကြီးရှိကြောင်း သိသွားခဲ့ပြီ။ တစ်မနက်စာလုံး ရေခဲသေတ္တာကို ဖွင့်လိုက်၊ ပိတ်လိုက်။ ဖအေကလည်း တစ်ချိန်လုံး ကြည့်နေရတာမဟုတ်လား။

ပြီးမှ မွေးနေ့ကိတ်ကြီးကို ရေခဲသေတ္တာထဲက ထုတ်။ ကားပေါ် ရွှရွှကလေး တင်။ ကားဆရာကိုလည်း ဖြည်းဖြည်းပဲ မောင်းခိုင်းရပါ၏။ သည်လိုနှင့် သမီးတို့မူကြိုကျောင်းကလေးကို ရောက်လာခဲ့ပြီ။ သမီးတို့မူကြိုက ရိုမန်ကက်သလစ် သီလရှင်ကျောင်းဆိုတော့ ခရစ်ယာန်သီလရှင်ကလေးများက မွေးနေ့အတွက် ပြင်ဆင်ထားသည်။

" Happy Birthday ဖွေးဖွေး"

ကျောင်းပေါက်ဝ ရောက်သည်နှင့် သီလရှင်များက ဆုတောင်းပေးကြသည်။ ကျွန်မခင်ပွန်းနှင့် ကားဆရာက ကိတ်မုန့်ကြီးကိုပွေ့ကာ စာသင်ကျောင်းထဲက စားပွဲပေါ်မှာ သွားတင်ကြချိန်မှာ ကျွန်မက သမီးကို ကားပေါ်က ပွေ့ချပြီး မူကြိုကျောင်းထဲ ဝင်ခဲ့ကြသည်။ ကျွန်မခင်ပွန်းက မုန့်ဘူးအဖုံး

ကို ဖွင့်ထားခဲ့တော့ ကလေးပေါင်း သုံးဆယ်လောက်က ကိတ်မုန့်ကြီးကို ဝိုင်းနေကြသည်။ သီလရှင်တစ်ပါးက ကလေးတွေကို တန်းစီခိုင်းသည်။ အရုပ်တွေဝေမှာဆိုတော့ ကလေးများသဘာဝ အော်ကြ၊ ဟစ်ကြ၊ ပျော်ကြ ရွှင်ကြ။ သမီးက အရုပ်တစ်ရုပ်၊ ချိုချဉ်တစ်ချောင်းစီ ဝေပေးသည်။

"ဖွေးဖွေးက အရုပ်ပေးတဲ့အခါ သားတို့ သမီးတို့က ဟက်ပီး ဘာ့သ်ဒေး ဖွေးဖွေး၊ သိုင်းခရူးလို့ ပြောရမယ်နော်။ ကဲ··· ဟက်ပီး ဘာ့သ်ဒေးလို့ ပြောကြည့်ကြစမ်း"

"ဟက်ပီးဘာ့သ်ဒေး ဖွေးဖွေး"

မွေးနေ့ကိတ်မုန့်ကြီးပေါ် သီလရှင်တစ်ပါးက ဖယောင်းတိုင်ကလေး တွေ စိုက်သည်။ မီးထွန်းပေးသည်။ ရောမမွေးနေ့ကိတ်ကြီးပေါ်မှာ ဖယောင်း မီးတိုင်ကလေးတွေ တလှုပ်လှုပ် ထွန်းလင်းကြလို့။ သမီးကို မှုတ်ခိုင်းတော့ ကလေးတွေက လက်ခုပ်လက်ဝါးတီးကြသည်။ သီလရှင်တွေက Happy Birthday to you လုပ်ကြလေ၏။ ပြီးပြန်တော့ သီလရှင်ကြီးက မွေးနေ့ကိတ် ကို ခွဲသည်။ သမီးကို ခွဲ့သည်။ မွေးနေ့ကိတ်ကို အစိတ်စိတ်လှီးကာ ကလေးတွေကို ကျွေးသည်။ ကျွန်မတို့ပြန်လာတော့ ကျောင်းကလေးထဲမှာ ပွက်ပွက်ညံ ကျန်ခဲ့လေသည်။ သမီးကလည်း ပျော်လို့။ ကျွန်မတို့ကလည်း အရုပ်ကလေးတွေ ကိုယ်စီကိုင်ကာ ပျော်နေကြသော ကလေးတွေကို မြင်ယောင်ရင်း ဝမ်းသာနေမိခဲ့ကြပါ၏။

ကားပေါ်ရောက်ခါမှ သမီးကလေးကို ဖျက်ခနဲ ကြည့်လိုက်တော့ မျက်နှာကလေးအိုလို့။ ငိုတော့မည့်ပုံ။

"ဟဲ့ သမီး၊ ဘာဖြစ်လို့လဲ။ ဘုရားကြီးသွားမယ်။ အမေကြီးတို့အိမ် သွားမယ်။ ဆမ်ဗတီးအိတ် သွားမယ်။ မွေးနေ့ရှင်ဆိုတော့ ပျော်ပျော်နေရ တယ်လေ"

သမီးမျက်နှာကလေးမှာ မျက်ရည်တွေ ဝဲလာရာက မျက်ရည်တွေ သွန်ကျလာသည်။ အလို···သမီး ဘာဖြစ်လို့ပါလိမ့်။ ချော့မော့မေးတော့မှ မျက်ရည်ကြားက ရှိုက်ကြီးတငင် ဖြေပါ၏။

"သမီး ကိတ်မုန့်ကြီးက သမီး နည်းနည်းပဲ စားရတယ်။ ကျန်ခဲ့

တာ အကြီးကြီးပဲ။ ပြန်ယူပေး"

ကျွန်မမှာ စိတ်လည်းမကောင်း၊ ရယ်လည်း ရယ်ချင်။ သမီးအဖေကတော့ ကားခေါင်းထဲမှာ ထိုင်တာဆိုတော့ နောက်ကပြဿနာကို သိမည်မဟုတ်။ သိလျှင်လည်း "အဲဒါ မင်းတို့ဘက်က လာတာ" လို့များ ပြောနေလေမလား။ ကျွန်မက သမီးကလေးကို နမ်းလိုက်တော့ မျက်ရည်တွေ ကျွန်မပါးပြင်ကို ကူးလာခဲ့သည်။

"သမီးရယ်....သမီး ဟက်ပီးဘာ့သ်ဒေးက မေမေလည်း မဝဘူး။ ဘုရားကြီးရောက်မှ မုန့်တီသုပ်၊ ခေါက်ဆွဲသုပ် တစ်ပွဲစီနဲ့ ဟက်ပီးဘာသ်ဒေး လုပ်ကြရအောင်။ သမီးကြိုက်သလောက် စားစမ်း"

ဒီလိုဆိုတော့ သမီးက ပြုံးသည်။ ဘုရားကြီးရောက်တော့ သားအဖ တစ်တွေ ဆာဆာနင့် တွယ်လိုက်ကြပုံများ။

Happy Birthday ပါ သမီးရယ်...။

ခင်ခင်ထူး

Beauty မဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ်)